www.burmeseclassic.com

မိဖုရား
စာပေတိုက်



# လမင်းမိုမို

# တစ်ယောက်အတွက် နောက်တစ်ယောက်

www.burmeseclassic.com

**လမင်းမိုမို**
**တစ်ယောက်အတွက် နောက်တစ်ယောက်**
ပထမအကြိမ်၊ ၂၀၁၆ ဖေဖော်ဝါရီလ
**ဖြန့်ချိရေး**
မိုဟုရားစာအုပ်တိုက်
ဖုန်း – ၀၉၅၀၀၁၉၈၃
**မျက်နှာဖုံး**
NIGHTLY Design
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၂၅၀၀ ကျပ်
ဦးနေမျိုးသူရ၊ တကောင်းစာအုပ်တိုက် (မြ–၀၀၀၀၅၀)၊ အမှတ်(၅/ခ) ဓမ္မာသီရိလမ်း၊ ကမာရွတ်မြို့နယ်မှထုတ်ဝေပြီး မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက် (မြ–၀၀၁၃၅) အမှတ် (၁၄၀)၊ ၄၅–လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပုံနှိပ်သည်။

လမင်းမိုမို ၈၉၅.၈၃
တစ်ယောက်အတွက်နောက်တစ်ယောက် လမင်းမိုမို၊ ရန်ကုန်။
တကောင်းစာအုပ်တိုက်၊ ၂၀၁၅
၂၈၈–စာ၊ ၁၂ x ၁၈ စင်တီ။
တစ်ယောက်အတွက် နောက်တစ်ယောက်

# လမင်းမိုမို

# တစ်ယောက်အတွက်
# နောက်တစ်ယောက်

www.burmeseclassic.com

## မိုးပုရားစာပေတိုက်မှ စာရေးဆရာမ လမင်းမိုမို၏ ထွက်ရှိပြီးသော စာအုပ်များ

၁။ ပုလဲတစ်ကုံး ဝတ္ထုတိုများ
နှစ်(၃၀)မြောက် အထူးထုတ်
၂။ ကောင်းကင်က ကြွေကျခဲ့ပါ ...
၃။ ချစ်သူရဲ့ လက်အစုံဖြင့် ဆူးတွင်လှည့်ပါ
၄။ ကျွန်မကျော့ပြီးသောအခါ
၅။ အာခမ်များနှင့်နံရိုးများ
၆။ ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်
၇။ တသွင်သွင်
၈။ ချစ်ကြိုးနိုင်နိုင်ချည်
၉။ အသစ်သောနှောင်ကြိုး
၁၀။ ရုပ်သေးကလေးရဲ့ရာဇဝင်
၁၁။ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံစည်းသာ
၁၂။ မောင် (ဒုတိယအကြိမ်)

BURMESE CLASSIC

## (၁)

ပြဿနာက အရိပ်အငွေ့ အနံ့အသက် စလာပြီဆိုတာကို လေးညို့ရိပ်မိသည်။ နံ့သားက ထွန်းတောက်ဘက် ကိုယ်ကိုယိမ်းရင်း ...

"ဟော့ကောင် ... မိုလ်ဖော့်ကို သွားထိန်းစမ်းကွာ"

"ဘာဖြစ်လို့လဲ"

ထွန်းတောက်လေသံက ရီဝေလေးတွဲ့နေသည်။ ဒုက္ခပါပဲ၊ ဒီကောင်လေးတွေနဲ့တော့။ အမူးပေါင်းစုံ မူးနေပြီ။ ကိုယ်လိုကောင်ကတော့ ပြန်လေးစားနေရတဲ့ဘဝ။ ထွန်းတောက်ရဲ့ဟိုတစ်ဖက်က ရဲယံလည်းပဲ အိပ်မက်ကောင်းတွေ မက်နေတဲ့ပုံပင်။ ကိုယ့်ထက်ငယ်တဲ့ ကောင်တွေနဲ့ တွဲဖက်မိနေတာ တစ်ခါတစ်ရံ အာရုံတော့ အရှုပ်သား။

လေးညို့က သူ့ရဲ့ဒီဘက်မှာ သူ့ကိုလာမှီတွယ်နေသော မိန်းကလေးကို တံတောင်ဆစ်တစ်ဖက်နဲ့ မသိမသာတွန်း

www.burmeseclassic.com



ထော ခွာသစ်လိုက်သည်။ အနေရကျပ်လိုက်တာ။ အခွင့်အရေးရတာနှင့် နေသည်ကို လာကပ်နေတော့တာပဲ။ ကောင်မလေးနှင့် နည်းနည်းဝေးသွားတော့ လေးညို့က ကိုယ်ကိုပြင်ထိုင်လိုက်ပါသည်။

"ဘာလဲ... ဘာလဲ... ဘာဖြစ်လို့လဲ ကိုလေးညို့"

"ဘာဖြစ်ရမလဲ၊ မင်း ဗိုလ်ဓော်က ကောင်မလေးမြင်ရင် ဘာအရိပ်အခြည်မှ မလေ့လာတော့ဘူး၊ ဟိုမှာ ဟိုချာတိတ်တွေနဲ့ ငြိတော့မယ်"

"ဘယ်ကောင်တွေလဲ... ဘယ်သူတွေလဲ"

"ဘယ်ကောင်တွေလဲ မင်းမျက်လုံးပါတာပဲ သေချာကြည့်လေ၊ ဘယ်သူ့သားသမီးတွေလဲဆိုတာ"

"အာ... ကိုလေးညို့က ခက်တာပဲ၊ ဘယ်သူ့သားသမီးဖြစ်တော့ ဘာကို ဂရုစိုက်ရမှာလဲ၊ ဘယ်မလဲ... လာ၊ သွားဖြိုမယ်၊ ဗိုလ်ဓော့်ကို ပြဿနာရှာနေတာလား"

"ကျွတ်... ပါးစပ်ကသာ ပေါက်ကရတွေ ပြောနေတယ်၊ မျက်လုံးကဖြင့် မပွင့်ဘူး၊ မင်းတို့နဲ့ နောက်ဆို မသွားဘူး၊ တိုယ့်ကျက်သရေနဲ့ကိုယ် မနေကြဘူး၊ ငါ ဆဲချင်လာပြီ"

"အစ်ကို ဆဲချင်ရင် ဆဲလိုက်ပါ အစ်ကို၊ အစ်ကိုဆဲရင် ညီလေးတို့ ခံပါ့မယ်၊ ညီလေးတို့ကိုတော့ အတူမသွားဘူး ဘာဘူး ပစ်မထားပါနဲ့"

"ဟာ... ဖယ်စမ်းပါကွာ ထွန်းတောက်ရာ၊ မျက်ရည်ကျအောင် လုပ်နေပြန်ပြီ၊ ရဲယံကို နှိုးစမ်း၊ နတ်ပြည်ရောက်





နေပြီ ထင်တယ်၊ အခု နှိုးလိုက်၊ ဒီကပြန်မယ်ကွာ၊ ဒီမှာ ဆက်မနေတော့ဘူး"

"နှိုးလိုက်ပါ့မယ်ဗျာ၊ ဟော့ကောင်... ထ...ထ...၊ အစ်ကို သွားရင် ညီလေးတို့လည်း မနေခဲ့ဘူး... ဟော့ကောင်... ထ,ဆို"

သူ့ကိုလာဖက်နေတဲ့ ထွန်းတောက်ကို ပုတ်ထုတ်လိုက်၊ ဒီဘက်က လာမှီနေတဲ့ အမျိုးကောင်းသမီးကို တွန်းထုတ်လိုက် လေးညို့စိတ်တွေ ပျက်နေဆဲ ရှေ့ကကောင်လေးနှစ်ယောက်က သူ့ထံ တည့်တည့်လျှောက်လာလေသည်။ လေးညို့က ဝိုင်ခွက်ကို ကောက်ကိုင်လိုက်ရင်း ဣန္ဒြေရရ နေလိုက်ပါသည်။

"ဟိုင်း... အစ်ကို"

ဖက်တီးကောင်လေးက သူ့ရှေ့ရပ်ကာ လက်ဆွဲနှုတ်ဆက်ဖို့လက်တစ်ဖက် ထွက်လာ၍ လေးညို့က ဝိုင်ခွက်ပြန်ချညာလက်ထုတ် လှမ်းဆုပ်ကိုင်၍ ပြုံးကာ ခပ်တင်းတင်းဆွဲယမ်းနှုတ်ဆက်လိုက်ပါသည်။ အကြာကြီး လက်ကိုဆွဲယမ်း နှုတ်ဆက်နေတာကို ပြုံးပြုံးကြီး ခေါင်းဆတ်သည်းခံနေလိုက်ပါသည်။

"ကိုလေးညို့ လေးစားပါတယ်ဗျာ"

"အေးကွာ... သင့်ခ်ယူးကွာ၊ ညီလေးတို့ ထိုင်မလို့လား"

လေးညို့က ထ,ရပ်လိုက်ရင်း မေးလျှင်...

"မထိုင်ပါဘူး အစ်ကို၊ အစ်ကိုတို့ ထိုင်ပါ၊ ကျွန်တော်တို့ အစ်ကို့ပရိသတ်တွေပါ၊ အမြဲလေးစားပြီးသားပါ"

www.burmeseclassic.com



"ကိုယ်ကလည်း လေးစားပါတယ်ကွာ"

"တစ်ခုပဲ အစ်ကို၊ ဟိုမှာ... မိုလ်ဓော်နော်၊ သူက မိုလ်ဓော် ဟုတ်ပါတယ်နော်၊ တခြား ပြဿနာ မရှိပါဘူး၊ သူနဲ့ ကနေတာ၊ အဲဒီတစ်ယောက်က ဒီကို ကျွန်တော်တို့ ဖိတ်ထားတာပါ၊ ကျွန်တော်တို့ ခေါ်လာတာပါ၊ နည်းနည်း ပါးပါးကတော့ ပြဿနာမရှိပါဘူး၊ ဒါပေမဲ့ ထိန်းထိန်း သိမ်းသိမ်းပေါ့ အစ်ကိုရာ၊ အလွန်အကျွံတော့ မကောင်း ဘူးပေါ့"

"ဩော်... အေး... မိုလ်ဓော်က ကနေရရင် လောကကို မေ့နေတာ၊ ငါ့ညီတို့လည်း သိနေတာပဲ မဟုတ်လား၊ သူ က တခြားဘာသဘောမှ မဟုတ်ပါဘူး၊ က,မိရင် မရပ်တော့ တာ သူ့စတိုင်ပဲ... အဟက်ဟက်... ကိုယ်သွားခေါ်လိုက် မယ်၊ ကိုယ်တို့လည်း ပြန်တော့မှာ နေရာရွှေ့တော့မှာပါ"

"ကောင်းတယ် အစ်ကို"

ရုတ်တရက် ဖလက်ရှ်မီး နှစ်ချက် သုံးချက် တဖျပ် ဖျပ်ပွင့်ကာ လင်းလက်သွားတာကြောင့် လေးညို့က အလင်းလာ ရာဘက် ငဲ့ကြည့်လိုက်ပါသည်။ လက်ထဲကဖုန်းနှင့် ဓာတ်ပုံလှမ်း ရိုက်နေတာ။ အခန်းက မလင်းဘဲ မှောင်ပြာပြာမို့ ဖလက်ရှ်မီး ဖွင့်ရိုက်တာပင်။

"အဲဒါ ညီလေးတို့လူလား ဓာတ်ပုံရိုက်တာ"

"မဟုတ်ဘူး အစ်ကို၊ ကျွန်တော်တို့နဲ့ မဆိုင်ဘူး"





တစ်ယောက်ကဖြေစဉ် တစ်ယောက်က ဓာတ်ပုံ လှမ်းရိုက်တဲ့ ချာတိတ်ဆီ တလွှားလွှားလှမ်းသွားပြီ။ သူတို့လည်း ဓာတ်ပုံရိုက်တော့ ခံလိုပုံမရ။ လေးညို့ကတော့ ဒီနေရာက မြန် မြန်ထွက်သွားဖို့ပဲ ဆုံးဖြတ်ကာ ထွန်းတောက်နှင့် ရဲယံတို့ရဲ့ ငယ်ထိပ်တွေနေရာကို တဖတ်ဖတ်နှင့် လှမ်းရိုက်လိုက်ရင်း...

"ဟောကောင်တွေ... ထ,၊ နေချင်လည်းနေခဲ့ ငါဒိုးပြီ"

"မနေခဲ့ဘူး လိုက်မှာ"

လေးညို့က စောင့်မနေတော့။ ရှေ့နားက ကနေ ကြတဲ့နေရာ စပေါ့လိုက်ထိထဲ လျှောက်ဝင်လာခဲ့ရင်း မိုလ်ဓော့်ရဲ့ ဟူဒီအင်္ကျီနောက်ကျောစကို ဆွဲဆုပ်ကိုင်ကာ လူတွေကြားထဲက ဆွဲထုတ်ခဲ့ပါသည်။

"ဟာ... ဘာဖြစ်တာလဲ ကိုလေးညို့"

ဟိုးအပြင်ဘက်ထိ ဘာမှမပြောဘဲ ဆွဲခေါ်လာခဲ့ရာ မိုလ်ဓော်က ယက်ကန်ယက်ကန် ပါလာပါသည်။ အပြင်ဘက် ကားပါကင်တွေဆီရောက်မှ လေးညို့က မိုလ်ဓော့်အင်္ကျီကို လွှတ် လိုက်သည်။ မိုလ်ဓော်က ရုံ့ရွဲ့သွားတဲ့ သူ့အင်္ကျီကို ပြန်တည့်ရင်း ရှုသိုးသိုးနှင့်...

"ဘာဖြစ်တာလဲ အစ်ကိုရ"

"မင်း နာတော့မယ် မိုလ်ဓော်ရာ၊ ကောင်မလေးတစ်ယောက် ယောက်တွေ့ရင် ဘယ်သူနဲ့ပါလာတာလဲ၊ ဘယ်သူခေါ် လာတာလဲ၊ နည်းနည်းပါးပါး ကြည့်ဦးလေကွာ၊ တွဲက

www.burmeseclassic.com



လည်း ခဏတဖြုတ်ပေါ့၊ ခုဟာက မရပ်မနား၊ နာရီပေါက်အောင် ကနေတာ၊ သက်လုံတွေကလည်း ကောင်းနေလိုက်တာဆိုတာ"

"အာ... ဘယ်သူခေါ်လာလဲ ဘာလဲ ကျွန်တော်လည်း ဘယ်သိမလဲ အစ်ကိုရ၊ သူက ကျွန်တော်ကတာ သဘောကျလို့ နေမှာပေါ့၊ အနားကို သူ့စ,ကပ်လာတာလေ၊ ဒီတော့ တွဲကဖြစ်သွားတာပေါ့၊ သူလည်း သေချာသင်ထားတာပဲဗျ သိလား၊ အချဉ်တော့ မဟုတ်ဘူး"

"ချဉ်ချဉ်ရှိုရှိုကွာ နောက်က ဖယားတော့ နည်းနည်းသတိထားဦးပေါ့"

ထွန်းတောက်နှင့် ရဲယံတို့ ယိုင်တိယိုင်ထိုး ရောက်လာကြပါသည်။ လေးညို့က သူ့ထက် လေး,ငါး,ခြောက်နှစ် ဆိုသလို ငယ်ကြသော ချာတိတ်တွေကို ခါးလျှော့ရိလျှော့လျဲထောက်၍ စိတ်ပျက်လက်ပျက် တစ်ယောက်ချင်း ကြည့်မနေမိသည်။ အင်းလေ... သူလည်း အဲဒီအရွယ်ကတော့ အဲဒီလို ကမူးရှူးထိုး ဒီမိုင်းပါပဲ။ ခုချိန်မှာ သူ့ပုံစံက သုံးဆယ်ပြည့်လာသောအသက်နှင့် လိုက်ဖက်အောင် ငြိမ်ချင်ပါပြီ ဆိုသော်လည်း သူပေါင်းမိတွဲမိသမျှဟာ ကမူးရှူးထိုးကောင်တွေပဲ ဖြစ်နေလေသေးရာ ငြိမ်ချင်တဲ့ သူ့ပုံစံမှန်ဟာ မပေါ်လွင်။ အရင်အတိုင်း ဝရုန်းသုန်းကား ဟော့ဟော့ရမ်းရမ်းသာ အပေါ်ယံ မြင်သာနေပေသည်။





ဘောင်းဘီအိတ်ထဲက တုန်ခါလာသော ဖုန်းကိုထုတ်တာ လေးညို့က ကြည့်ပြီးမှ ဖွင့်ပြီး နားမှာကပ်လိုက်ပါသည်။

"ဟုတ်... ဘွား"

"သားငယ်လေး ဘယ်အချိန် ပြန်ရောက်မလဲ၊ ညဉ့်နက်မှာလား ဒီနေ့"

"မနက်ဘူး ဘွား၊ ခဏနေ ရောက်တော့မယ်"

"အေး... မင်းထားခဲ့တဲ့ နောက်ဖုန်းတစ်လုံးက တစ်ချိန်လုံး ဆက်တိုက်ခေါ်နေတာ ဆူညံနေတာပဲ၊ ဘယ်သူ ဘာအရေးကြီးနေလဲ မသိဘူး၊ ပြန်ခဲ့တော့... ပြန်ခဲ့တော့"

"အာ... အဘွားကလည်း အသံဆူညံနေရင် ပိတ်ထားလိုက်ပေါ့၊ ဒီတိုင်း ထိုင်နားထောင်ပြီး ဆူညံခံနေရလားဗျ၊ အရေးမကြီးပါဘူး အဲဒီဖုန်းကိုလာတာတွေက အာပလာတွေပါ"

"သားက အရေးမကြီးပေမယ့် သူတို့က အရေးကြီးလားမှ မသိတာလေ၊ ဘာမှန်း ညာမှန်း သေချာမသိဘဲ ကိုယ့်ဆီလာတဲ့ဖုန်းကို ပေါ့တီးပေါ့ဆ မလုပ်ရဘူးလေ၊ ကဲ...ကဲ... မြန်မြန်ပြန်လာ ဖုန်းကိုင်လိုက်"

"ဟား... အဘွားကတော့ ဖုန်းတောင် မြန်မြန်ပြန်လာကိုင်ရဦးမတဲ့၊ သား ခုပဲ ပြန်လာမှာပါ၊ ဖုန်းကိုင်ဖို့တော့ မဟုတ်ဘူး၊ ဒါပဲ... ဒါပဲ အဘွား"

လေးညို့ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်လိုက်လျှင်...

www.burmeseclassic.com



"ဟာ... အစ်ကို၊ အဲလိုတော့ မလုပ်နဲ့လေ၊ ဒါပြန်စရာအချိန်လား၊ ဆယ့်တစ်နာရီတောင် သေချာမခွဲသေးဘူး၊ '......'ကိုကူးမယ်လေ၊ ကျွန်တော်တို့ အေးဆေးထိုင်ပါ့မယ်၊ မပြန်သွားပါနဲ့ဗျ"

"ငါ ဒီည သိပ်စိတ်မကြည်လင်ဘူးကွာ၊ အိမ်ပဲပြန်တော့မယ်၊ နက်ဖြန်လည်း ငါ အလုပ်ရှိတယ်၊ မန္တလေးရှီးကလည်း လေးရက်ပဲ လိုတော့တာ၊ ဒီကြားထဲလည်း ငါ့ကိုလာမခေါ်ကြနဲ့ကွာ၊ မင်းတို့ဟာမင်းတို့ ဒိုးကြ"

"မန္တလေးရှိုးက ကျွန်တော်လည်းပါပါတယ် အစ်ကိုလေးညှို့ရာ၊ အစ်ကိုကလည်း ဖြစ်နေတာ၊ လာပါ အစ်ကိုရာ၊ လုပ်ပါ"

"တော်ပြီ... တော်ပြီ၊ ကိုယ်ပြန်နားမယ်ကွာ၊ မင်းတို့လည်းပြန်တော့၊ ရဲယံနဲ့ ထွန်းတောက် တစ်ယောက်ကို ငါလိုက်ပို့မယ်၊ မိုလ်ဖော်က နောက်တစ်ယောက်ပို့လိုက်၊ ဘယ်သူလိုက်မှာလဲ ငါနဲ့"

ထွန်းတောက်က လက်ညှိုးထောင်ပြီး လေးညှို့ကားအနား ကပ်လာသည်။

"ဒါဖြင့် မိုလ်ဖော်... မင်း ရဲယံကိုပို့လိုက်"

ရဲယံက ပြောနေတာတွေပင် ကောင်းကောင်းမကြားသလို ရီဝေယစ်ထုံနေသည်မှာ ဒူးတွေပင် ယိုင်နေသည်။ အနားက ကားကို လှမ်းမှီထားရသည်။





"ရဲယံကို မင်းတို့ ကြည့်ထိန်းဦး၊ ငါ သဘောကျဘူးနော်၊ ဒီကောင့်ပုံစံ ဒီကောင့်အခြေအနေ ကြည့်ရတာ လုံးဝမဟန်ဘူး၊ ဒီတိုင်း ဆက်လုပ်နေရင် ဒုက္ခရောက်လိမ့်မယ်၊ ငါလည်း အိုးလ်ဖက်ရှင် မဟုတ်ဘူး၊ ငါ ငယ်ငယ်ကလည်း ထင်တိုင်းကြဲတာပဲ၊ နေချင်သလိုနေ လုပ်ချင်တာလုပ်ဖူးတာပဲ၊ ဒါပေမဲ့ လူဆိုတာ ဘာပဲလုပ်လုပ် အတိုင်းအတာ လစ်မစ်တစ်ခု ရှိရတယ်၊ အချိန်မရွေး ပြန်အဖတ်ဆယ်နိုင်ရမယ်...

ငါတားတယ် အခါခါရှိပြီ၊ အေး... တားမရရင်တော့ ငါက ရှောင်ထွက်သွားမှာပဲ၊ ဆက်ပတ်သက်ရမှာလည်း စိတ်ဆင်းရဲတယ်၊ မပတ်သက်ချင်ဘူး၊ ဒီလောက်ပဲပြောမယ်ကွာ၊ ကဲ... ငါ စိတ်မချပါဘူး၊ မင်းတို့ကားကရှေ့ကသွား၊ ငါနောက်က လိုက်ထိန်းပေးမယ်၊ ဖြည်းဖြည်းမောင်း၊ ရဲယံ အိမ်အထိ ငါ နောက်ကလိုက်ခဲ့မယ်၊ မင်းအိုကေတယ် မဟုတ်လား မိုလ်ဖော်"

"ကျွန်တော် ဘာမှမသောက်ဘူး၊ ဘီယာလေး တစ်ဘူးနှစ်ဘူးလောက်တည်းရယ်၊ အစ်ကိုရော... အိုကေလို့လား"

"ငါက ဝိုင်ပဲသောက်တာပါကွာ၊ ဒီကောင်နှစ်ကောင်သာရောသမမွှေနေတာ၊ ကဲ... တက်... တက်...၊ ရှေ့ကသွားတော့ ငါ နောက်က ပါမယ်"

www.burmeseclassic.com



"အစ်ကို မိုလ်ဇော်ကို ယုံလား၊ ဘီယာတစ်ဘူးတည်းတဲ့… ဟက်"

လေညို့က စကားများနေတဲ့ ထွန်းတောက်ကို သူ့တားထဲ တွန်းထည့်လိုက်သည်။

○

"ရှေ့က ဘယ်လိုသွားနေသလဲ တွေ့လား… ကျွတ်… ဒီကောင်တော့ကွာ"

"ကျွန်တော် မပြောဘူးလားလို့ ကိုလေးညို့ကလည်း၊ မိုလ်ဇော် ဘီယာတစ်ဘူး နှစ်ဘူးတည်းဆိုတာ ယုံစရာလားလို့၊ သွားမကခင် ဒယ်ဘယ်လ်ဘလက်ခ်လည်း တူးပက်လား မှာတာတွေ့သေးတယ်၊ ကနေရင်းတန်းလန်းလည်း လက်ထဲ ဘီယာဘူး ကိုင်သောက်နေတာက ဘယ်နှစ်ဘူးမှန်း မသိဘူး၊ နောက်ပြီးတော့…"

"သူများသောက်တာချည်းပဲ မင်း ပြောမနေနဲ့၊ သူကမင်းလို ဟိုဟာ ဒီဟာတွေ မရောဘူး၊ ကိုယ့်ဟာကိုယ်သာထိန်း၊ သူများကို အပြစ်ပြောမနေနဲ့"

လေးညို့က ထွန်းတောက်ကို ခပ်တင်းတင်းပြောရင်း ရှေ့က မိုလ်ဇော် မောင်းနေပုံကို စိတ်ပျက်နေမိပါသည်။ ဒီကောင်လည်း မူးနေတာ သေချာတာပေါ့။ ကားက ဟိုယိုင်





ဒီထိုးနှင့် သရုပ်ပျက်နေသည့်အပြင် အရှိန်က မြန်သေး။ သူတို့ကားကို နောက်က အမီလိုက်ပေးနေရတာမို့ လေးညို့ရဲ့ကားကလည်း မြန်နေပါသည်။ ဒီအချိန်လောက် ကားတွေက ရှင်းလှတယ် မဟုတ်သေး။ ကားသွားကားလာ ကျဲနေပြီဖြစ်ပေမယ့် လမ်းပေါ် ကားတွေ ရှိတော့ ရှိနေသေးသည်သာ။ မိုလ်ဇော့်ကားအရှိန်နဲ့က ကန့်လန့်ဖြတ်လမ်းသွယ်တွေ တစ်ခုခုထဲက ကားတစ်စီးစီးသာ မဆင်မခြင် ထွက်လာခဲ့လျှင် တိုက်မိမှာ သေချာသည်။

လေးညို့က နောက်ကနေ ဟွန်းကိုတတီတီ ဆက်တိုက်နှိပ်သည်။ ရှေ့ကနေ ဟွန်းသံကြားပြီး နည်းနည်းပါးပါး အရှိန်လျှော့အောင်ပင်။ သူကိုယ်တိုင်လည်း ကားကို speed နှင့် မောင်းနေရတုန်း ဖုန်းလှမ်းဆက်၍ မပြောချင်။ သေးက ထွန်းတောက်ကို ဆက်ခိုင်းရအောင်ကလည်း ကျေးဇူးရှင်က ဇက်ကျိုးနေတဲ့အပြင် အဲဒီဖုန်းကို ကိုင်ရတဲ့အတွက် မိုလ်ဇော် ကားမောင်းရင်း ပိုပြီးအနှောင့်အယှက်ဖြစ်မှာ စိုးရိမ်သည်။

ဟိုးရှေ့မှာ လမ်းဆုံမီးပွိုင့်ကြီးတစ်ခု။ မီးက စိမ်းနေတာ မောင်းလာရင်း တောက်လျှောက် လှမ်းတွေ့နေရတာမို့ မကြာခင် ဝါတော့မှာ နီတော့မှာ သေချာသည်။ ဒါဆို အရှိန်လျှော့ရတော့မှာ မဟုတ်လား။ မိုလ်ဇော်က မီးဝါလွတ်အောင် Speed ကို ပိုပင်တင်လိုက်သဖြင့် လေးညို့က နောက်ကနေ ဟွန်းကိုတစ်ချက်ချင်း ဆက်ကာ ဆက်ကာ တီးသည်။

www.burmeseclassic.com



မိုလ်ဖော်က အရှိန်မလျှော့ပါ။ မီးပွိုင့်နား နီးကပ်စဉ်မှာပင် မီးပွိုင့်က ရုတ်တရက် ဖျတ်ခနဲ ဝါသွားပါသည်။ မီးဝါကို ဖြတ်လိုက်တဲ့ မိုလ်ဖော့်ကားသည် အဖြောင့်မသွားဘဲ ရုတ်တရက် ဘယ်ဝိုက် ညာဝိုက်နှင့် မြွေတစ်ကောင်လို ကွေ့ကောက်လိန်တွန့် မောင်းသွားလိုက်တာကို အံ့အားတသင့်ကြည့်ရင်း မီးဝါ၌ရပ်တန့်ဖို့ ကိုယ့်ကားကို အရှိန်လျှော့လိုက်စဉ်မှာပင် ရှေ့မလှမ်းမကမ်း၌ ကောင်မလေးတစ်ယောက်။

လေးညို့ရဲ့ကားဟာ တာယာပွတ်တိုက်သံ တကျိုကျို ကြီး ဆူညံကာ မီးပွိုင့်မရောက်တရောက်လေး၌ တုံ့ရပ်သွားချိန်၌ ကားရှေ့က ကိုးရိုးကားရား ဖြစ်သွားသော ကောင်မလေးဟာ ကားရှေ့နားမှာပဲ ခွေခနဲ ပုံကျသွားသည်။

"ဟာ... တိုက်ပြီ... တိုက်ပြီ...တိုက်ပြီ"

"ဟာ့ ဓာက်ရမ်း မောင်းတဲ့ကားတွေကွာ၊ သေပါပြီ"

လမ်းဆုံမီးပွိုင့်အဝိုင်းဖြစ်၍ အဲဒီအနားက လမ်းလယ် ကြိုဂံကျွန်းတို့ ကုန်းကျော်တံတားကြီး အောက်ဘက်တွေ ပလက်ဖောင်းတို့မှာ လူငယ်တချို့ ထွက်ထိုင်နေကြတာ၊ ဂစ်တာဝင်တီးနေကြတာ အစုလိုက် အဖွဲ့လိုက် အတော်များများ ရှိနေလေရာ ချက်ချင်းပဲ ကားပတ်လည်၌ လူတွေဝိုင်းအုံသွားပါသည်။

လေးညို့သည် မျက်စိတစ်မှိတ် အဖြစ်အပျက်၌ ခေတ္တခဏ Shock ဖြစ်ကာ ငြိမ်သက်နေမိရင်းက နားထင်နှစ်ဖက်ကို လက်ချောင်းများနှင့် ညှပ်ဖိရင်း အဖြစ်အပျက်ကို ပြန်





စဉ်းစားသည်။ သူ လူကိုတိုက်လိုက်သလား။ တိုက်လုဆဲဆဲမှာ ရပ်သွားတာလား။ သူ့ဘာသာသူ မသေချာတော့ပေ။ ရှေ့ကလူကို မိုလ်ဖော့်ကား ကွယ်နေ၍ သူ လုံးမဝမမြင်ပါ။ မိုလ်ဖော့်ကား မြွေလိမ်မြွေကောက်ဖြစ်ပြီး မောင်းသွားတာလည်း အဲဒီလူကို မရမက ရှောင်သွားတာသာ။ သိပ်မကွာတဲ့ သူ့ကားကတော့ လှမ်းမြင်ချိန်မှာ မြွေလိမ်မြွေကောက်လည်း ရှောင်ဖို့မလွယ်တော့။

သူ ဘရိတ်နင်းပစ်လိုက်သေးတာပဲ။ သို့ပေမဲ့ သိပ်နီးကပ်နေပြီဆိုတော့...။ လူကိုတိုက်မိလိုက်တယ် မတိုက်မိလိုက်ဘူး သူ တကယ်ပင် သေချာမသိပါ။ သေချာတာကတော့ တိုက်မိလျှင် ထိခတ်ရုံလေးလောက်ဖြစ်မည်။ ဒုံးခနဲ လူလွင့်စဉ်သွားလောက်အောင်တော့ မတိုက်မိတာ သေချာသည်။ ဘေးက ထွန်းတောက်ကတော့ ဘာမှတောင် သိလိုက်ပုံမရ။ ဇက်ကျိုးအောင် အိပ်ပျော်နေတာ ခုလောက်ဖြစ်တာပင်လျှင် နိုးလာဖော်မရပါ။

"ဟေ့ကောင်... ထွက်လာလေကွာ၊ ထွက်... ထွက်"

"ဒုံး... ဒုံး... ဒုံး..."

လူအုပ်ဟာ သူ့ကားကို ဘေးကနေထုကာ ရိုက်ကာ အော်ဟစ်နေကြသည်။ ကားထဲက ဘယ်သူမှ ထွက်မလာတဲ့အတွက် ဒေါသထွက်လာပုံပင်။ ခုနေ ဖွင့်ဆင်းသွားလျှင် အဲဒီလူအုပ်က ဝိုင်းသမလိုက်တာနှင့်ပင် ခန္ဓာကိုယ်က အရိုးအားလုံး ကျိုးကုန်နိုင်လောက်သည်။ သူက လော့က်ချထားတဲ့ တံခါးတွေ ထဲငြိမ်ကာ မထွက်လေ အပြင်လူတွေက အော်ဟစ်လေ။ လူတွေကလည်း အမဲဖျက်မည် ဆိုတာချည်းပင်။

www.burmeseclassic.com



"ဟော..."

ယာဉ်ထိန်းရဲနှစ်ယောက် လျှောက်လာတာ လေးညို့ တွေ့လိုက်ရပါသည်။ မီးပွိုင့်ကြီးရဲ့ ဟိုးမလှမ်းမကမ်းက ယာဉ်ထိန်းရုံလေးမှာ ရဲတွေရှိနေခဲ့ပုံရသည်။ ကိုယ် အပြစ်လုပ်မိပြီဆိုရင်တော့ အပြစ်ကို ခံရတော့မှာပင်။ ရဲရောက်လာပြီဖြစ်၍ လေးညို့ အပြင်ထွက်ဖို့ စိတ်ချသွားပါသည်။ အရာရှိ သူ့နံဘေး မှန်တံခါးကို တတောက်တောက် ခေါက်လိုက်သည် ဆိုလျှင်ပင် လေးညို့က တံခါးကိုဖွင့်ကာ ကားအပြင်ကို ထွက်လိုက်ပါသည်။

"ဟာ... လေးညို့"

"ဟာ... ကြည့်စမ်း... လေးညို့မောင်းလာတာပဲ"

"တောက်... တစ်ခုခု ဖြစ်လိုက်ရင် သူတို့ချည်းပဲလေ၊ သူတို့ကိုယ်သူတို့ ပိုက်ဆံရှိတယ် အောင်မြင်ကျော်ကြားတယ်ဆိုပြီး ထင်တိုင်းကြဲ ရမ်းကားနေကြတာ"

"ဆေးမူးလာတာ ဖြစ်မယ်ကွ၊ မျက်လုံးတွေကြည့် ပုံမှန်မဟုတ်ဘူး"

"ထောင်ထဲဆွဲထည့်ထားလိုက်၊ ဒါမှမှတ်မယ်"

တစ်ယောက်တစ်ပေါက် ပြောချင်ရာတွေ ထင်ရာမြင်ရာ လျှောက်ပြောနေကြသည်မှာ ပွစီထိုး ဆူညံနေလေသည်။ လေးညို့က ရဲကိုခေါင်းဆတ်ပြပြီး ရှေ့နှစ်လှမ်းလောက်တိုး၍ လမ်းပေါ်က မိန်းကလေးကို ကြည့်လိုက်ပါသည်။ သတိလစ်နေတာပဲ။ သူ့အနားမှာလည်း လူအချို့နှင့် ရဲတစ်ဦး ဒူးတုပ်ထိုင်





ကာ စစ်ဆေးနေသည်။ လေးညို့သည် အုံ့ခဲကိုက်လာတဲ့ ခေါင်းနှင့် အင်မတန် စိတ်ညစ်လာမိသည်။ အပေါ်ယံ သတိလစ်သွားတာမျိုးသာ ဖြစ်ပါစေ။ ပွဲချင်းပြီးတော့ သေမသွားလောက်ဘူး မဟုတ်လား။ အနားတိုးကပ်ကာ သူကြည့်မိတဲ့အထိ သွေးတော့ တစ်စက်မှ မတွေ့ပါ။

"ဘာ... ဘာဖြစ်သွားလဲခင်ဗျာ"

"မသိသေးဘူးဗျ၊ လူနာတင်ကားတော့ ဖုန်းဆက်ခေါ်ထားပြီ၊ သွေးတွေ ဘာတွေတော့ မထွက်ဘူး၊ လန့်ပြီး သတိလစ်သွားသလား မသိပါဘူး၊ သေချာ စစ်ကြည့်မှပဲသိမှာ၊ ဘယ်လိုဖြစ်တာလဲ ကိုလေးညို့၊ ကားပေါ်မှာ ဘယ်သူပါသေးလဲ၊ ဘာဖြစ်သွားကြသေးလဲခင်ဗျ"

"ကျွန်တော်တို့ ဘာမှမဖြစ်ပါဘူး၊ ကျွန်တော်လည်း ရှေ့ကားဖယ်သွားမှမြင်တော့ ဘရိတ်တော့ ရအောင်အုပ်လိုက်တာပဲဗျာ၊ ဘယ်လိုဖြစ်သွားမှန်းတောင် တကယ်ကို သေချာမသိလိုက်ပါဘူး"

"သူတို့ကားနှစ်စင်းက အမောင်းပြိုင်လာတာလေ"

လူအုပ်ထဲ အသံထွက်လာသည်။ လေးညို့က ဖျတ်ခနဲကြည့်ပြီး မျက်လွှာသာ ပြန်ချထားလိုက်ပါသည်။ သူတို့လို အနုပညာသည်တွေကို ပြည်သူတွေ ပရိသတ်တွေက ချစ်ကြ နှစ်သက်ကြပါသည်။ သို့ပေမဲ့ ပြဿနာတစ်ခုခု ပေါ်လာပြီဆိုရင်တော့ အဲဒီ သူတို့ကိုချစ်သော လူထုကပင်လျှင် ဝိုင်းဆွမ်းကြီးလောင်း

www.burmeseclassic.com



တက်ကြတော့တာ။ ဟုတ်တာရော မဟုတ်တာရော ဖွတော့တာ။ ထင်ရာမြင်ရာ ကောလာဟလတွေ တစ်ဆင့်ပြီးတစ်ဆင့် ပြန့်ကား ကြီးကျယ်ကုန်တော့တာ။

"ဟုတ်တယ်ဗျ၊ ရှေ့ကားတစ်စီးနဲ့ ဒီကား ပြိုင်လာတာလေ၊ ဒီနောက်ကားကလည်း ဟွန်းတွေတောက်လျှောက်တီးတာ ဆူညံနေတာပဲ၊ ရှေ့ကားက ဒီကောင်မလေးကို မြွေလိုလိန် တွန့်ပြီး ရှောင်သွားတယ်လေ၊ သူကတော့ ဒီလောက်လိုက် ပြိုင်မောင်းနေတာ ဘယ်ရှောင်နိုင်မလဲ တိုက်ရောပေါ့"

"ကျွန်တော် တိုက်လိုက်မိလား"

လေးညို့က တကယ်မသိ၍ မေးလိုက်မိပါသည်။

"ဟာ… ခင်ဗျား ဘယ်လိုစကား ပြောတာလဲ၊ ခင်ဗျား မတိုက်ဘဲ ဒီလိုခွေလဲပြီး သတိလစ်သွားပါ့မလား၊ ခင်ဗျား တို့တွေ နာမည်ကြီး အနုပညာရှင်တွေဆိုပြီး လုပ်ချင်ရာ ဘော်ဂရုမစိုက် လုပ်နေကျပဲ"

"အဆိုတော်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုယ်လုပ်ရင် ကိုယ်ခံ လိုက်ဗျာ၊ အပြစ်ရှိမှ အရှုံးကွက်လာနင်းမနေနဲ့၊ လူကတော့ အရက်စော်နံနေပြီ"

လေးညို့က သက်ပြင်းတစ်ချက်နှင့် လူအုပ်ကို တစ်ယောက်ချင်း စိတ်ပျက်လက်ပျက် လိုက်ကြည့်နေမိပါသည်။ လူငါးဆယ်လောက်ရှိလျှင် သုံးဆယ်လောက်ဟာ တယ်လီဖုန်း ကိုယ်စီထုတ်၍ တဖျတ်ဖျတ် ဓာတ်ပုံရိုက်ယူနေကြပါသည်။ အင်း…





မိုဘိုင်းလ်ဖုန်း ယဉ်ကျေးမှုကြီးကိုဖြစ်လို့။ ဘာလေးဖြစ်ဖြစ် ဖုန်း ထုတ် ဓာတ်ပုံရိုက် မှတ်တမ်းတင်လိုက်ရမှ။

"ကျေးဇူးပြုပြီး ဓာတ်ပုံတွေရိုက်တာ တားပေးပါခင်ဗျ"

လေးညို့က ရဲကို ခပ်တိုးတိုး တောင်းပန်လိုက်ပါ သည်။

"ကဲ… ကဲ… ဓာတ်ပုံတွေ သိပ်မရိုက်ပါနဲ့။ တိုက်တယ် မတိုက်ဘူး လူနာဘာဖြစ်တယ် မဖြစ်ဘူးက နောက်တော့ ဖြစ်မှုကြောင်းအရ ဥပဒေအရ သွားပါလိမ့်မယ်ဗျာ၊ မသေ ချာသေးဘဲ ခင်ဗျားတို့ပုံတွေရိုက်၊ ဖေ့စ်ဘွတ်တင် မဖွကြ ပါနဲ့ဦး"

"ဟာ… တကယ်ဖြစ်နေတာကို အရှိအတိုင်း ရိုက်နေတာ လေ၊ ဓာတ်လမ်းဆင်ပြီး မဟုတ်တာကို ဆင်ရိုက်နေတာမှ မဟုတ်တာ"

"အေးလေ… ရဲတွေကလည်း နာမည်ကြီးဘက်ခပ်ပင်းပင်း"

"အမှုမှန်ကို ဖုံးချင်နေကြတာလေ၊ ပြီးရင် လာဘ်ထိုးပြီး ဒီအမှုက ပျောက်ကွယ်သွားဦးမှာ ကြည့်နေလိုက်"

ယာဉ်ထိန်းရဲဟာ စိတ်တိုလာပုံနှင့်…

"ခင်ဗျားတို့ ဘယ်လိုဖြစ်နေတာလဲ၊ အခု သူလည်း ရဲစခန်း ရောက်မှာပဲ၊ သူ့ဟာသူ တရားဥပဒေအတိုင်း ဖြစ်မှာပေါ့၊ ဘာဖြစ်စေချင်နေကြတာလဲ၊ ကျွန်တော်တို့က မဖြစ်မနေပုံကြီးချဲ့မှ ကျေနပ်မှာလား"

www.burmeseclassic.com



"ထုံးစံအတိုင်းပါကွာ၊ ရဲဆိုတာကော ပြည်သူဘက်က ဘယ်တုန်းက ရှိလို့လဲ၊ လက်တစ်ဆုပ်စာ လူတန်းစားဘက် ကပဲပါတာ၊ ငွေပေးနိုင်တာကိုး"

"ဟော့လူ … ခင်ဗျား ဘာစကားပြောတာလဲ၊ ခင်ဗျား အခု ပြောဆိုနေတာက တာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော်တို့ ကို မခံချင်အောင် စွပ်စွပ်စွဲစွဲ ပြောဆိုပြီး ဝတ္တရားနှောင့် ယှက်နေတာနော်"

ဆေးရုံလူနာတင်ကားတစ်စီး ဥသြသံနှင့်ရောက်ရှိ လာခဲ့၍ စကားအချေအတင်တွေ ရပ်တန့်သွားကြရပါသည်။

○



(၂)

ယာဉ်ထိန်းရုံးကတစ်ဆင့် သက်ဆိုင်ရာ နယ်မြေရဲ စခန်းမှာ ညလုံးပေါက် ထိုင်လိုက်ရပါသည်။ တစ်ညလုံး မအိပ် နိုင်တဲ့တူတူ လေးညို့ အင်တာနက်ဖွင့်ကာ ဖေ့စ်ဘွတ်သတင်း တွေ ကြည့်နေလိုက်သည်။ အံ့သြချင်စရာ ကောင်းလောက်အောင် ပင် သန်းခေါင်ယံအချိန်လောက်မှာပင် ဖေ့စ်ဘွတ်မှာ သူ့သတင်း ဓာတ်ပုံတွေက ပျံ့နှံ့ပွထလာခဲ့သည်။

မီးပွိုင့်က ယာဉ်တိုက်မှုသတင်းက သူ့ဓာတ်ပုံတွေ ဝေဝေဆာဆာနှင့် တက်လာခဲ့ပြီး ခဏအကြာတွင် သူတို့သွားခဲ့ သော နိုက်ကလပ်ဘက်က ပုံတွေကလည်း တက်လာခဲ့ပြန်ပါသည်။ ယာဉ်တိုက်မှု မတိုင်ခင်က ကလပ်မှာ ပြဿနာတစ်ခုခု ဖြစ်သွား ခဲ့လေသယောင်ယောင်၊ ရန်ညှိုးရန်စ ဖြစ်ပွားကာ ပြန်သွားခဲ့လေ သယောင်ယောင်။ ကလပ်မှာ ရိုက်ထားခဲ့တဲ့ ပုံနှစ်ပုံလောက်မှာ သူ့မျက်နှာသာ အတည့်ဘက်က၊ သူနဲ့ စကားပြောနေတဲ့ လူကြီး

www.burmeseclassic.com



သားကလေးတွေက ကျောဘက်ကျကျ မျက်နှာမပေါ်ချေ။ ယာဉ်တိုက်မှုဓာတ်ပုံတွေ တက်လာတာ မြင်အပြီးမှာ နဂိုက မတင်သေးတဲ့ ကလပ်ကကောင်တွေကပါ တတစ်တအား ဓာတ်အိမ်ဖွင့်တင်ပြတော့တာပင်။

လူတွေကို လေးညို့စိတ်ပျက်သည်မှာ အဲဒါမျိုးတွေကြောင့်။ သူ့ဘဝသက်တမ်းတစ်လျှောက် သူဟာ လူလိမ္မာတစ်ယောက်တော့ မဖြစ်ခဲ့ပေမယ့် လူဆိုးလူမိုက် တစ်ယောက်တော့လည်း မဟုတ်ရပြန်ပါ။ သို့ပေမယ့် သူဟာ ကြီးကျယ်ခမ်းနားတဲ့ ဒက်ဒီ့အရှိန်အဝါကြောင့်ရယ်၊ သူတို့မိသားစု နောက်ခံသမိုင်းကြောင်း ဓာတ်လမ်းကြောင့်ရယ် နာမည်ဆိုးကျော်ဇော ထင်ရှားရသည်က များလေသည်။

သူလို အသက်နှစ်ဆယ်အရွယ်က စတင်ကာ အောင်မြင်ကျော်ကြားမှု ရလာပြီး အသက်သုံးဆယ်အရွယ်ထိ အောင်မြင်မှုသရဖူကို ဆက်လက်ဆောင်းနိုင်နေခဲ့သော လူလွတ်ယောက်ျားလေး တစ်ယောက်အဖို့ ချစ်ရေးချစ်ရာ စန်းပွင့်မှုဆိုတာဟာလည်း ဘာ မှအံ့သြလောက်စရာမရှိ။ ရည်းစားများခဲ့ ပြတ်ခဲ့ အတွဲတွေ အဖော်တွေ သတင်းထွက်ခဲ့တာတွေ ရှိပေမယ့် သူသည် ဘယ်အမျိုးကောင်းမိန်းမပျို တစ်ဦးတလေကိုမျှ မကျူးကျော် မစော်ကားခဲ့စဖူး။ သို့ပေမယ့် ဤအပိုင်း ဤကဏ္ဍ၌လည်း သူဟာ ပလေးဘွိုင်းတစ်ယောက်နှယ် သတင်းပျံ့နှံ့ခဲ့သူပင်။





သူ့ကို ကံကောင်းသူ တစ်ယောက်လို အများက သတ်မှတ်ကြမှာ ဖြစ်ပေမယ့် သူ့ကိုယ်သူတော့ ကံကောင်းလှတဲ့သူလို့ မထင်မိပေ။ ကံဆိုးတယ်လည်း သူက သနားအောင် မပြောချင်ပါ။ ဘယ်လိုအခြေအနေမျိုး ဖြစ်နေပါစေ ခိုင်ခိုင်မတ်ထားတဲ့ သူ့လည်တိုင်အထက်၌ မသိမသာ ပင့်ထားတဲ့ မေးရိုးနှင့် မသိမသာ မော်နေတတ်တဲ့ ဦးခေါင်းတို့ကတော့ ပုံသဏ္ဍာန်မပြောင်းလဲသည်ဖြစ်ရာ ဘယ်သူကမှလည်း ကရုဏာသက်စရာ အမြင်တစ်ချက်တလေတောင် ရှိကြမယ် မထင်ပါ။

မနက်မိုးလင်းသည် ဆိုသည်နှင့် သူ ဆက်သွယ်အကြောင်းကြားလိုက်တာမို့ ့ သူ့ရဲ့အနုပညာဆိုင်ရာ မန်နေဂျာ နေစိုးနှင့် လတ်တလော သူ့ရဲ့ထုတ်လုပ်သူ စီးပွားဖက် မမော်တို့ ရောက်လာခဲ့ကြပါသည်။ မမော်ဟာ စီးပွားရေးလုပ်ငန်း အတော်များများကို အောင်အောင်မြင်မြင် ဦးဆောင်လုပ်ကိုင်နေတဲ့ အမျိုးသမီးပီပီ စကားပြောလည်း ယဉ်ကျေးလိမ္မာ ပါးနပ်လှလေရာ စခန်းမှူးနှင့်သာ တန်း၍ စကားပြောဆိုနေလျက် နေစိုးကတော့ ကော်ဖီဘူး ခပ်နွေးနွေး ဆင်းဒဝစ်ချ်တစ်ဘူးနှင့် သူနံနက်စာ စိုက်ဖြည့်နိုင်ရန် သူ့နား ရောက်လာသည်။

"ထွန်းတောက်ရော"

နေစိုးက မေးလိုက်ပါသည်။

"မနက်လေးနာရီလောက်ကတည်းက သူ့အဖေနဲ့ သူ့အစ်ကို လိုက်လာတယ်၊ စောစောကပဲ ပြန်ခေါ်သွားပြီ"

www.burmeseclassic.com



နေစိုး အမေးကိုဖြေရင်းက လေးညို့က ဒက်ဒီ့ မျက်နှာကို တစ်ချက်တော့ မြင်ယောင်လိုက်မိသည်။ သို့ပေမယ့် ဒီကိစ္စမှမဟုတ် ဘယ်ကိစ္စအတွက်မှ ဒက်ဒီ့ကို လှမ်းခေါ်တာ အကူအညီတောင်းတာမျိုး ဘယ်တော့မှ မလုပ်ချင်ပါ။ ဒက်ဒီဟာ သူ့အဖေဆိုတဲ့ ပတ်သက်စပ်ဆိုင်မှု တစ်ခုကလွဲလျှင် သူ့ဘဝ အတွက် ဘာအဓိပ္ပာယ် ဘာမျှော်လင့်ချက်ကိုမှ ပေးစွမ်းနိုင်သူ မဟုတ်။ အဖေဖြစ်တာကလွဲပြီး သူစိမ်းပြင်ပြင်လို ခံစားချက်မျိုး သာ ပေးဝါသည်။

"ငါ ဒီမနက် အိပ်ရာထမှ ဖေ့စ်ဘွတ်မှာ ပုံတွေမြင်တယ်ကွာ၊ ပုံတွေ တွေ့တွေ့ချင်း အံ့သြနေတုန်းပဲ မင်းဆီက ဖုန်းလာတာပဲ လေးညို့၊ ညကတည်းက မင်းလှမ်းခေါ် လိုက်ဖို့ကောင်းတယ်"

နေစိုးဟာ သူနှင့် ကျောင်းနေဖက် ငယ်သူငယ်ချင်း ဖြစ်ခဲ့သည်။ ဂီတအနုပညာကို သူ့လိုပဲ ဝါသနာပါ မြတ်နိုးလှပြီး အနုပညာလောကထဲ မျက်စိသူငယ်နှင့် အရဲစွန့် ဝင်လာကြသူ ချင်းတူတူ နေစိုးမှာ အောင်မြင်ကျော်ကြားဖို့ စန်းပါလာခဲ့ပုံမရ။ သူ မအောင်မြင်ပေမယ့် အောင်မြင်လာခဲ့တဲ့ လေးညို့ကို နောက် ကနေ တစ်ချိန်လုံး support လုပ်ပေးလာခဲ့သူမို့ လေးညို့ ထိပ် ဆုံးတန်းရောက်လာချိန်မှာတော့ လေးညို့က နေစိုးကို သူ့အတွက် အချိန်ပြည့် အကြံဉာဏ်ပေး စီမံခန့်ခွဲပေးဖို့ သူ့ရဲ့မန်နေဂျာလုပ် ပေးဖို့ တောင်းဆိုခေါ်ယူခဲ့တာပင်။





လေးညို့အပေါ် ခင်လည်းခင်မင်၊ အူမချေးခါးလည်း အကုန်အစင်သိ၊ စိတ်ရင်း စေတနာလည်း ဖြူစင်စွာထားနိုင်ခဲ့တဲ့ နေစိုးလို မန်နေဂျာတစ်ယောက် ရထားတဲ့ ကံကြမ္မာကောင်းကြောင့် သာ သူဟာ ထိပ်ဆုံးမှာ အချိန်ကြာကြာ ရပ်နေနိုင်ခဲ့တာလို့ လေးညို့ ယုံကြည်ပါသည်။

"မင်းလည်း အိပ်ရာဝင်ရောပေါ့ကွာ၊ နန္ဒာကလည်း မွေး ခါနီးနေပြီ မဟုတ်လား၊ ညရေးညတာ ငါမှ မခေါ်ချင် တော့တာ"

"ဟာကွာ… ကိစ္စရှိရင်တော့ ခေါ်ရမှာပေါ့ကွာ၊ အခုကြည့်၊ မင်း ခုလိုရဲစခန်းမှာ တစ်ညအိပ် အချုပ်ခံထားရတယ်ဆို တာ ကောင်းတဲ့သတင်းလားကွ၊ စခန်းရှေ့မှာ ဂျာနယ်လစ်စ် ရိုပို့တာတွေ လေးငါးယောက် ရောက်နေတာနော်၊ ညက တည်းက အိမ်ပြန်လို့ရအောင် လုပ်ရမှာ၊ ခုတော့ သတင်း တွေက ရှဲ့ဦးကားဦးမယ်"

"ဒီလို ညအိပ်ရတာ ငါ့အတွက် ပထမဆုံး အတွေ့အကြုံ မှ မဟုတ်တာကွာ"

"ခဏ ခဏဆိုတော့ ကောင်းမလားကွ၊ မနက္ခလေးရှိုးပွဲလည်း ရှိနေတယ်၊ မင်း ငါ့ကို ညကတည်းက ဆက်ကိုဆက်ရမှာ၊ မမော်ကလည်း လမ်းမှာ ဒါပဲ တဖွဖွပြောလာတာ၊ ညက ဟိုပုံတွေတချို့ တက်ထားတော့ အွန်လိုင်းသတင်းဆိုဒ်တွေ ကလည်း အဲဒီသတင်းရော ပုံရော ယူပြီး တင်ထားတာ

www.burmeseclassic.com



နှစ်ခုလောက်ရှိပြီ၊ ဂျာနယ်ပေ့ချ်တွေမှာတော့ မတွေ့သေးဘူး၊ သတင်းစောင့်နေတုန်းပဲနေမယ်၊ အွန်လိုင်းသတင်းဆိုဒ်တွေကိုတော့ ဖြုတ်ပေးဖို့ ဖျက်ပေးဖို့ လှမ်းပိတ်ရင်ရတယ်"

ခဏအကြာမှာတော့ စခန်းမှူးက "ကိုလေးညို့ ... လာပါဦးဗျာ"ဟု လှမ်းခေါ်လိုက်၍ လေးညို့နှင့် နေစိုးပါ စခန်းမှူးစားပွဲသို့ ရောက်လာပါသည်။

"ထိုင်ပါဗျာ၊ အခု ခင်ဗျားကို အာမခံနဲ့ လက်မှတ်ထိုးပြီး ပြန်လွှတ်ပေးဖို့ ဒီကအစ်မကြီးလည်း တောင်းဆိုတယ်၊ ဒါက လုပ်ပေးလို့ရတဲ့ ဘောင်ထဲကလည်း ဖြစ်ပါတယ်၊ ခင်ဗျားဆန္ဒကရော"

"ကျွန်တော့်ဆန္ဒကတော့ အိမ်ပြန်ချင်တာပေါ့ စခန်းမှူးရယ်၊ အရင်ဆုံး ကျွန်တော် လုပ်ချင်တာက ညကကောင်မလေးကို ဆေးရုံမှာ သွားကြည့်ချင်ပါတယ်၊ လိုအပ်တာလေး လုပ်ပေးချင်ပါတယ်"

"ခင်ဗျား အမှုတော့ ရင်ဆိုင်ရမယ် ကိုလေးညို့၊ ယာဉ်ထိန်းက အမှုဖွင့်ထားတယ်ဆိုတော့၊ ကောင်မလေးဘက်ကလည်း အမှုဖွင့်မှာပဲ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် ရင်ဆိုင်ပါ့မယ်"

"အေးဗျာ၊ ဒါဆို ခင်ဗျားကို အိမ်ပြန်ဖို့ ကျွန်တော် လုပ်ပေးလိုက်မယ်၊ နောင်လည်း ဆင်ခြင်ပါဗျာ၊ ယောကျ်ား





လေးတွေ ညဘက် တစ်ခါတစ်ရံ သောက်စားတတ်တာကတော့ ထုံးစံပါပဲ၊ သိပ်မမူးဖို့၊ မူးနေရင် ကားမမောင်းတာအကောင်းဆုံးပဲဗျာ၊ မဟုတ်ဘူးလား"

"ဟုတ်ကဲ့"

သူ တိုတိုပဲ ဖြေလိုက်သည်။ သူ မူးမနေတာကို ပြောနေလည်း အပိုပင်။ လေးညို့က စကားအပို ပြောမနေတော့ပါ။ ရဲစခန်းမှာ ဆောင်ရွက်စရာရှိတာ ဆောင်ရွက်ပြီးစီးလျှင် လေးညို့က မမော်ရယ် နေစိုးရယ်နှင့်အတူ ကားနှင့်ပြန်ပါလာခဲ့ပါသည်။ သူ့ကားကိုတော့ သူ့တပည့် ကျော်ဆွေက မောင်းကာ အိမ်ကိုပြန်နှင့်ပါပြီ။ ရဲစခန်းနှင့် မလှမ်းမကမ်း လက်ဖက်ရည်ဆိုင်မှာစောင့်နေကြတဲ့ သတင်းသမားတချို့ပင် ခပ်မြန်မြန် ထွက်ခွာသွားတဲ့ လေးညို့ကို မမီလိုက်ပါ။ ကားကို မမော်က မောင်းလာကာ နေစိုးက မမော်နံဘေးထိုင်ကာ ပါလာသည်။ လေးညို့ကတော့ နောက်ခန်းမှာ ခပ်မှိုမှို ခပ်လျော့လျော့ လက်ပိုက်ငြိမ်သက်ထိုင်ကာ ကားမှန်ကိုဖြတ်၍ အပြင်ဘက်ကိုငေးရင်း ပါလာသည်။

"မင်း အိမ်ပြန်ရောက်တာနဲ့ ရေနွေးနွေးချိုးပြီး အိပ်ပျော်အောင် အိပ်လိုက် နားလိုက်တော့ လေးညို့"

"အိမ်ရောက်တော့ နားတာပေါ့၊ အခုတော့ ဆေးရုံအရင်ဝင်မယ်နော်"

"အာ ... ညနေလောက်မှ ဆေးရုံသွားကြည့်လည်း ရတာပဲလေးညို့ရာ"

www.burmeseclassic.com



"ညနေထိ မနေချင်ပါဘူး၊ အခုပဲ ကြည့်မယ်ကွာ၊ မမော်... ဆေးရုံကို မောင်းပေးနော်"

နေစိုးက မမော်ကို ငဲ့ကြည့်လိုက်လျှင် မမော်က "နေပစေ... လုပ်ချင်တာလုပ်ပစေ"ဆိုတဲ့ ပုံစံနှင့် ခေါင်းကိုတစ်ချက် ဆတ်ပြလိုက်ပါသည်။

"ငါ အရင်ဝင်မေးပြီး ရှာလိုက်ဦးမယ်၊ ငါလာခေါ်မှ မင်း လိုက်ခဲ့"

ဆေးရုံကြီးရောက်တော့ အောက်သက်ကျေလှတဲ့ နေစိုးက အရင်ဆင်းသွားကာ စုံစမ်းမေးမြန်းပြီးမှ ပြန်ရောက်လာသည်။

"ကဲ... လိုက်ခဲ့တော့၊ '......'ဝါ့ဒ်မှာ ငါ တွေ့ခဲ့ပြီ"

လေးညို့က နေစိုးနောက်က လိုက်လာခဲ့ပါသည်။ လှေကားထစ်တွေတက်ကာ အဆောင်တချို့ ကော်ရစ်ဒါတချို့ကို ဖြတ်သန်းလျှောက်ခဲ့ပြီးလျှင်တော့ နေစိုးက "ဒီဝါ့ဒ်ထဲမှာ"ဟု ညွှန်ပြလိုက်ကာ သူ့ရှေ့က လျှောက်ဝင်သွားပါသည်။ ဝါ့ဒ်ထဲမှာ ခုတင်တွေ တန်းစီကာ လူနာတွေ ပြည့်နေသည်။ အနည်းငယ် စောသေး၍ လူနာစောင့် တချို့တလေကလွဲ၍ ဧည့်သည်မရှိသေးဘဲ လူရှင်းနေတဲ့တိုင် နီးကပ်လှသော ခုတင်တွေကြောင့် ရှင်းရှင်းလင်းလင်းတော့ ဖြစ်မနေ။ နေစိုးက ခုတင်တစ်ခုရဲ့ ခြေရင်းဘက်မှာရပ်လိုက်၍ လေးညို့ကလည်း ခြေလှမ်းများ လိုက်လံရပ်တန့်လိုက်ပါသည်။





လူနာခုတင်ပေါ်မှာ လူနာက လဲလျောင်းမနေဘဲ ခုတင်စောင်းမှ ခြေတွဲလွဲချ၍ ငြိမ်ငြိမ်သက်သက် ထိုင်နေပါသည်။ သူမရဲ့ခုတင်ခြေရင်းမှာ လာရပ်လိုက်သော လူရိပ်ကြောင့် တစ်ခဏ အတွင်းမှာပဲ ကောင်မလေးက စူးစမ်းငဲ့ကြည့်လာသည်။ ဖြူဝင်းသော မျက်နှာဖျော့တော့တော့ကလေးပေါ်တွင် မျက်ခုံးကြီးတွေက ခပ်မည်းမည်းထင်းကာနေလျက် မျက်ဆန်ကြီးကြီး မျက်လုံးအိမ်ကြီးကြီးတို့တွင် အပေါ်ရော အောက်ပါ ကော့ရှုန်းမည်းခက်သော မျက်တောင်တို့က ဘောင်ခတ်ထားသည်။

ပခုံးကိုထောက်ကာကျော်ရုံ ဆံပင်ဖြောင့်ဖြောင့်ထူထူ တလေးနှင့် တီရှပ်နက်ပြာရောင် မီးခိုးနှင့် နက်ပြာကန့်လန့်စင်း ဇာမာဖြစ် ချည်ထည်ထဘီလေးနှင့် ကောင်မလေးသည် လေးညို့ ကိုမြင်လျှင် မျက်နှာက အရိပ်အကဲတစ်မျိုး ပြောင်းသွားပါသည်။ စူးစမ်းတဲ့အကြည့်မှ စိမ်းသက်တဲ့အကြည့်သို့ ရုတ်ခြည်းပြောင်းလဲ သွားသော ကောင်မလေးရဲ့ အရိပ်အခြည်က သိသာလှသည်။

လေးညို့သည် ညကတည်းက တစ်ညလုံး ဖြစ်သလို နေရ၍ အနည်းငယ်နွမ်းပေမယ့် ခန္ဓာကိုယ်ပေါ်မှာ သူ့စိတ်ကြိုက် အမြဲချုပ်ရပ်ကပ်နေတတ်တဲ့ Slim fit ရှပ်အင်္ကျီမီးခိုးရောင်လက်ရှည်ရဲ့ ရင်ဘတ်က သုံးလုံးလောက် ဖြုတ်ထားတဲ့ ကြယ်သီးတို့ အနက် တစ်လုံးကို မသိမသာ ပြန်တပ်လိုက်ပါသည်။ သူ့ပုံစံကို ညှို့ငင်ဆွဲဆောင်တဲ့ ဒီဇိုင်း ခပ်ဟော့ဟော့ထက် တည်ငြိမ်ဣန္ဒြေ ရှိတဲ့ လူကြီးဆန်ဆန် စတိုင်မျိုး ဖြစ်ချင်မိလို့ပင်။

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် ဆံပင်တိုတိုတွေ ပုံစံတကျထောင်ကာ ကိုယ်ကျပ်ရုပ်အင်္ကျီ ဖစ်တင်ဘောင်းဘီရှည်တို့နှင့် သူ့ကို နှစ်သက်သဘောကျသူတို့က ဒေးဗစ်ဘက်ခ်ဟမ်းနှင့် တူပါတယ် ရယ်လို့ ဖွတ်အတင်း နှိုင်းယှဉ်တတ်ကြပြီ အဆိုတော်လေးညို့ဟာ အနုပညာရှင်အမျိုးသားတွေထဲမှာတော့ ဆက်ဆီအကျဆုံး ဖက်ရှင်အိုင်ကွန်တစ်ခုပင်။ အဲဒီပုံရိပ်ဟာ သူက ဖြစ်ချင်လည်း ဖြစ် မဖြစ်ချင်လည်း ဖြစ်ကို ဖြစ်နေတာ။

လေးညို့က လက်နှစ်ဖက်ကို ပိုက်လိုက်လျက် လက်သီးဆုပ်ကွယ်ပြီး ချောင်းတစ်ချက် ဟန့်လိုက်ပါသည်။ ထို မိန်းကလေးကို သူ့ပုံစံအတိုင်း ခပ်စူးစူးရဲရဲ စိုက်ကြည့်မိတဲ့အခါ သူမရဲ့အကြည့်က ပိုလို့ပင် စူးစူးရဲရဲ ဖြစ်နေတာမို့ လေးညို့ပင် အနေပျက်သွားရတော့ မယောင်ယောင်။ နာမည်ကျော် လူတစ်ယောက်ကို အခုလို နီးနီးကပ်ကပ် ရင်ဆိုင်လိုက်ရပေမယ့် သူမက ရှိန်းမသွားတာ တုန်လှုပ်မသွားတာ သေချာလှလေသည်။

"လေးညို့... ဒါ ညက ဆေးရုံပို့လိုက်တဲ့ မိန်းကလေး၊ နာမည်က 'လွမ်းတစ်သက်'လို့ ပြောတယ်၊ ညီမ ဒါတော့ လေးညို့"

စကားစရခက်ပြီး ကြာနေတဲ့ လေးညို့ကိုယ်စား နေစိုးက ရှေ့ကလမ်းခင်းလိုက်ပါသည်။ "လွမ်းတစ်သက်"တဲ့။ လေးညို့က နာမည်လေးကို စိတ်ထဲထိထိခတ်ခတ် ဖြစ်သွားရစဉ် တွင်...





"မိတ်ဆက်ပေးဖို့ မလိုပါဘူး၊ သူ ဘယ်သူလဲ မြင်တာနဲ့ သိနေတာပဲ၊ ဘာကိစ္စအတွက် လာတာပါလဲ၊ ဘာလိုချင် လို့လဲ"

ဘာလိုချင်လို့လဲ ဆိုတာမျိုး တစ်သက်နဲ့တစ်ကိုယ် အမေးမခံဖူးတာကြောင့် လေးညို့ နားထဲ ခါးသက်သက်နိုင်ရ သည်။

"ဘာကိစ္စရယ် ဘာလိုချင်လို့ရယ် မဟုတ်ဘူးလေ၊ မင်းကို သတင်းမေးလာတာပါ"

"မလိုပါဘူးရှင့်... သတင်းမေးနေရအောင် မိတ်ဆွေတွေမှ မဟုတ်တာ"

"မင်းက ညကကိစ္စ ဒေါသဖြစ်နေတယ် ထင်တယ်။ သတင်းမေးတယ် ဆိုတာက မင်း ဘာဖြစ်သွားလဲ ဘယ် လိုထိခိုက်ဒဏ်ရာရသွားလဲ၊ အခြေအနေ သက်သာရဲ့လား ဒါတွေ သိဖို့လိုအပ်လို့ လာတာပါ"

"ကျွန်မ ဘာမှမဖြစ်ဘူး၊ ဘာထိခိုက်ဒဏ်ရာမှလဲ ကြီးကြီး မားမား မရဘူး၊ ခြေလက်နည်းနည်း ပွန်းပဲ့တယ် ဒီလောက် ပါပဲ၊ ညက ဆေးရုံအလာလမ်းကတည်းက သတိရပြီး ထူးထူးခြားခြားလည်း ဘာမှမခံစားရပါဘူး၊ ဒါပေမဲ့ စစ် ဆေးမယ်ဆိုပြီး ဆေးရုံတင်လိုက်တဲ့အတွက် ညအိပ်လိုက် ရတယ်၊ နေ့လယ်လောက်ကျ ကျွန်မ ဆင်းရမှာပါ"

"မင်းအတွက် ဘာများလိုအပ်တာ..."

www.burmeseclassic.com



"ဘာမှမလိုအပ်ဘူး ကျွန်မအတွက်၊ ဆေးရုံစရိတ်စက လည်း ဘာမှကျသင့်မယ် မထင်ဘူး၊ ကျသင့်ခဲ့ရင်လည်း ဆေးကုသစရိတ် ဘာညာခေါင်းစဉ်တပ်ပြီး ရှင်ဘာမှတာဝန် ယူစရာ မလိုအပ်ပါဘူး၊ ကျွန်မဘာသာ စီစဉ်ပါမယ်"

"မဟုတ်သေးဘူးလေ… ဘာပဲဖြစ်ဖြစ်"

"ဘာမှကို မဖြစ်ပါဘူး၊ ရှင် ခုလိုလာမကြည့်လို့ ရပါတယ်၊ ကျွန်မဘက်ကို အာရုံမနောက်ပါနဲ့၊ ရှင့်ဘာသာရှင် တစ်ဖက်မှာ ရှင်းလင်းဖြေရှင်းစရာ ရှိတာကိုသာ ဖြေရှင်းပါ"

လေးညို့က မိန်းကလေးကို တအံ့တသြ ကြည့်နေမိပါသည်။ အသက်နှစ်ဆယ်ကျော်ပတ်ချာလည် မိန်းကလေးတွေထဲမှာ သူနှင့်ရင်ဆိုင်တွေ့ရတာ စကားပြောရတာကို မနှစ်သက်မည့်မိန်းကလေး ရှိလိမ့်မည် မထင်ခဲ့ပါ။ စိတ်တအားဆိုးနေတာလား တွေးရအောင်လည်း သူမ မျက်နှာက အေးစက်နေတာကလွဲလို့ ရန်လိုနေပုံမရ။

"ဒါဆိုလည်း မေးခွန်းတစ်ခုလောက်တော့ မေးပါရစေ"

သူမက စိုက်ကြည့်နေသည်။

"မင်းကို ကိုယ် ကားနဲ့တိုက်မိခဲ့သလား"

လွှမ်းတစ်သက်က ပါးစပ်လေး ပွင့်ဟသွားကာ (သို့မဟုတ် တမင်ဖွင့်ဟကာ) ဟက်ခနဲ တစ်ချက် အသံသဲ့သဲ့ ရယ်မောလိုက်ပါသည်။





"ရှင် ဒါကိုတောင် မသိလောက်အောင် မူးနေခဲ့တာလား၊ အဲသလောက် မူးနေပြီး ကားကို အရှိန်နဲ့ မောင်းခဲ့တာလား"

"ကိုယ်မမူးခဲ့ဘူး၊ ညက ကိုယ်မမူးဘူး"

"ရှေ့ကားတစ်စင်းကို ကျွန်မ မနည်းရှောင်လိုက်ရတယ်၊ နောက်ကားနဲ့ကျတော့ ခုလိုဖြစ်တယ်၊ ညအချိန်ကြီးမှာ ဟွန်းသံတွေ ဆူညံအောင်တီးပြီး ကားပြိုင်မောင်းပွဲ ကျင်းပရလောက်အောင် ရှင်တို့ဘဝက ထင်တိုင်းကြဲနိုင်ပေမယ့် မိုးချုပ်မှ အလုပ်ကပြန်ရတဲ့ ကျွန်မတို့လို မိန်းကလေးတွေ ရှိသေးတယ်၊ လမ်းပေါ်မှာ လမ်းသွားလမ်းလာ ရှိသေးတယ်၊ ရှင်တို့လို လူမျိုးတွေအဖို့ ရှင်တို့ကား ခတ်တိုင်နဲ့ဝင်တိုက်လို့ စုတ်ပြတ်သတ်သွားရင် လွှင့်ပစ်လိုက်ပြီး နောက်တစ်စီး အလွယ်ဝယ်နိုင်ပေမယ့် ကျွန်မတို့အဖို့မှာ အခုလို အလုပ်တစ်ရက်ပျက်သွားရင် လကုန် လစာထုတ်တဲ့အခါ တစ်ရက်စာ အဖြတ်ခံရပါတယ်…

ရှင်မမူးပဲနဲ့ ညကလို ကားပြိုင်မောင်းခဲ့တာ ဆိုရင်တော့ ပိုဆိုးပါတယ်၊ မူးနေရင် အသိစိတ်လျော့နေလို့ အရှိန်ပြင်းသွားတယ်လို့ နားလည်ပေးရဦးမယ်၊ မူးလည်း မူးမနေရင် ရှင့်အသက်အရွယ်နဲ့ လူတစ်ယောက်က ညဘက် ကားပြိုင်မောင်းနေသေးတဲ့ ရေပေါ်ဆီ သူငယ်နှပ်စားအလုပ်မျိုး လုပ်တုန်းလို့ ဆိုလိုတာလား"

www.burmeseclassic.com



လေးညို့မေးရိုးက တင်းသွားရကာ ရင်ဘတ်ထဲမှာ အောင့်သက်သွားရပါသည်။ အသက်အရှယ်ကိုလည်း ထည့်ပြော သွားသေးကာ ရေပါဆီလေး ဘာလေး ပုတ်ခတ်ပြန်သေးသည်။ လူကိုကြည့်တော့ မျက်နှာနုနုကလေးက အသက်နှစ်ဆယ်ကျော် ဝတ်ချာလည်လောက်ရှိဦးမှာ။

"ညက ငါ မူးလည်းမမူးဘူး၊ ကားလည်းပြိုင်မမောင်းခဲ့ဘူး၊ ထင်ရာ မြင်ရာလေးနဲ့ အပေါ်ယံရှုပ်ပြီး မင်း မဝေဖန်သင့်ဘူး၊ နောက်ကွယ်က ဖြစ်ရပ်ကိုလည်း မင်း သေချာ မသိဘူးလေ၊ ဘာဖြစ်လို့ စကားကို လက်လွှတ်စပယ်ပြော ချင်တာလဲ"

"ရှင်တို့နောက်ကွယ်က ဖြစ်ရပ်တွေ ဘာတွေတော့ ဘယ်သူက ဘယ်လိုလုပ် သိမှာလဲ၊ လူတိုင်း မြင်တာ သိတာက တော့ ရှင်တို့ အများပိုင်တဲ့လမ်းမပေါ်မှာ သေချာထိန်းချုပ် ကိုင်တွယ်နိုင်ဖို့ အရေးကြီးတဲ့ အန္တရာယ်လည်းများတဲ့ စက်တပ်ယာဉ်နဲ့ ရမ်းကားကြတယ်၊ ကျွန်မလည်း ဒါပဲသိ တယ်၊ ရှင့်ဆီက အကူအညီ တစ်စုံတစ်ရာ ယူမှာမဟုတ် တဲ့အတွက် ရှင့်အပေါ် ကျွန်မ ဒီလောက်ထိတော့ ပြောပိုင် ခွင့်ရှိတယ်လို့လည်း ထင်တယ်၊ ပြောခွင့်ရအောင် ရောက် လာတဲ့အတွက်လည်း ကျေးဇူးတင်တယ်...

ကဲ... ပြောပြီးပြီဖြစ်တဲ့အတွက် ရှင်လည်း ပြန်ပါ တော့၊ ကျွန်မ ဘာမှ မလိုအပ်တဲ့အတွက် ရှင်လည်းနောက် ထပ်လာစရာ မလိုပါဘူး"





လေးညို့သည် ကောင်မလေးရဲ့ စကားအခွန်းတိုင်း ကို ရင်ထဲမှာ အောင့်ကာ ပါးပြင်နားရင်းတွေပါ ထူပူတဲ့အထိ ကသိကအောက် အဆင်မပြေ ခံစားရပါသည်။ လူပုံ နှမ်းစုတ် စုတ်နှင့် လေကမြင့်လှတဲ့အထဲ မျက်နှာထားကလည်း လေးညို့ ကို အနားမှာတောင် မရှိနေစေချင်သလို တင်းတင်းခါခါ နိုင်သေး သည်။ သူကပဲ မတူမတန်သလိုလို။ အခံရခက်လှတဲ့အတွက် လေးညို့က အသက်ရှူပြင်းကာ မျက်နှာတွေနီမြန်းလာပါသည်။

နေစိုးက လေးညို့ပုံစံကို အကဲခတ်မိကာ လေးညို့ ကို တံတောင်ဆစ်မှဆွဲ၍ နောက်ဖက်သို့ အနည်းငယ်ဖယ်လိုက် ပြီး သူက ရှေ့တိုးကာ...

"ဟုတ်ပါတယ်လေ၊ ညီမလည်း စိတ်ရှုပ်ရင် ရှုပ်နေမယ်၊ အခု ကျွန်တော်တို့ ပြန်လိုက်ပါမယ်၊ ဘာပဲဖြစ်ဖြစ် နောင် လည်း ကိစ္စတွေက ရှိဦးမှာဆိုတော့ ကျွန်တော်တို့ ဆွေး နွေးတိုင်ပင်စရာရှိလည်း ဆွေးနွေးလို့ရအောင် ဒါက ကျွန် တော့်ကတ်ပါ၊ ပြောစရာ လိုအပ်တာ ကျွန်တော့်ကို ပြော နိုင်ပါတယ်၊ ကျွန်တော့်နာမည် နေစိုးပါ၊ ညီမကို ကွန်တက် လုပ်နိုင်ဖို့လည်း ဖုန်းနံပါတ်တစ်ခုလောက်..."

လွမ်းတသက်က ကတ်ကလေး လှမ်းပေးနေတဲ့ နေစိုးလက်ကိုကြည့်ကာ ကတ်ကို လှမ်းမယူဘဲ ခေါင်းသာယမ်း လိုက်ရင်း...

www.burmeseclassic.com



"ကျွန်မ သူနဲ့ပြောဆိုစရာ မရှိသလို ရှင်နဲ့လည်း ပြောဆိုစရာမရှိပါဘူး၊ ကတ်လည်း ယူထားဖို့ မလိုသလို ကျွန်မ နံပါတ်လည်း မပေးနိုင်ပါဘူး"

"အား… ဒါကတော့ ညီမအနေနဲ့ နည်းနည်းသဘောထား တင်းမာရာ မကျဘူးလား"

"မကျပါဘူး၊ ကျွန်မ ရိုးရိုးသားသား ပြောတာပါ၊ ဆက်ဆံစရာကို အကြောင်းမရှိလို့ ဒါတွေ လုံးဝမလိုတာပါ။ ကဲ… ရှင်တို့ ပြန်သင့်ပါပြီ။ ကျွန်မ သက်တောင့်သက်သာ နေပါရစေ"

လေးညို့က မျက်မှောင်ခပ်ပါးပါးကုပ်၍ ဒီကောင်မလေးကို စိုက်ကြည့်နေမိသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာဒဏ်ရာမှလဲ ကြီးကြီးမားမား ရမသွားဘဲနှင့် ခွင့်မလွှတ်နိုင်အောင် ဖြစ်နေတာပင်။ မပတ်သက်ချင်တာဟာ ခွင့်မလွှတ်တာပဲ။ မဟုတ်ရင် လေးညို့လို လူတစ်ယောက်နှင့် မပတ်သက် မဆက်ဆံချင်စရာ အကြောင်းမရှိ။ အကြောင်းကိစ္စ ရှိနေလျက်နှင့်တောင်မှ လေ။

သူတို့ကားဆီ ပြန်လာကြတဲ့ လမ်းတစ်လျှောက် တိတ်တိတ်ဆိတ်ဆိတ် နှုတ်ဆိတ်လာကြသည်။ နှင်ထုတ်ခံရသလို ခံစားချက်က လူကို ထူထူပူပူ ဖြစ်နေစေသည်။ ကားပေါ်ရောက်လျှင် လေးညို့က သက်ပြင်းတစ်ချက်ချကာ ခပ်လျှောလျှောကြီး ထိုင်လိုက်ပါသည်။





"အဆင်ပြေလား"

မမော်စကားကို ဖြေလိုစိတ်မရှိ၍ လေးညို့ကလှည့်လည်းမကြည့်၊ ဖြေလည်းမဖြေ။ နေစိုးက မမော်ကို အသာတိတ်တိတ်နေဖို့ မျက်ရိပ်ပြလိုက်၍ မမော်က ကားမောင်းထွက်လာသည်။ လေးညို့က လက်မလက်သည်းတစ်ဖက်ကို ကိုက်ရင်း လမ်းမဘက်ကို ရှုတင်းတင်းသာ လှမ်းငေးနေလိုက်သည်။

○

www.burmeseclassic.com

## (၃)

“ဟဲ့… တစ်သက်… တစ်သက်… မြန်မြန်လာ”

လွမ်းတသက် အိမ်ရှင်အန်တီကြီးနှင့်အတူ ဈေးမှ ပြန်ရောက်လာချိန်တွင် သူမရဲ့အခန်းဖော် ပန်းနုက အခန်းထဲဝင်ဝင်ချင်း ရေးကြီးသုတ်ပျာ လှမ်းခေါ်လိုက်ပါသည်။ တကယ်တော့ လှမ်းခေါ်နေစရာ မလိုပေ။ သူတို့ရဲ့နှစ်ယောက်ခန်းလေးဟာ ကွပ်ပျစ်ခုတင်ငယ်နှစ်လုံးအကြားက စားပွဲလေးတစ်လုံး ထိုးထားတာပြီးလျှင် နေရာပိုရယ်လို့လည်း ရှိတာမဟုတ်၍ အခန်းထဲခြေချလိုက်လျှင် တစ်ယောက်နှင့်တစ်ယောက် နီးကပ်နေပြီပင်။

အိမ်ရှင်အန်တီ ဈေးဝယ်သွားလျှင် ခြင်းဆွဲ အိတ်ဆွဲ အလေးအပင်ဆွဲဖို့ အဖော်လိုက်ပေးနေကျဖြစ်သည့် လွမ်းတသက်က အန်တီကြီး သူ့အိမ်အတွက်ဝယ်ရင်း ကိုယ့်အတွက်ပါ လက်ဆောင်ဝယ်ထည့်ပေးလိုက်တဲ့ ငါးပိကြော်ဆယ့်ငါးကျပ်သား အထုပ်လေးကို စားပွဲပေါ် လှမ်းတင်ကာ ခုတင်စွန်း၌ ထိုင်လိုက်စဉ်တွင်…





“ဒီငါးပိကြော်လေးက နင့်ထမင်းဘူးထဲ ထည့်မှာလား”

“ဟင့်အင်း… မထည့်ဘူး၊ ကိုကို့ကိုပေးဖို့”

“ဩော်… ပြီးရော၊ ငါ ခရမ်းချဉ်သီးငါးပိချက် ဝယ်လာတာ၊ နှစ်ယောက်တည်း ခွဲထည့်ထားပြီးပြီ”

လွမ်းတသက်က ခြေထောက်နှစ်ဖက်လုံးကို ကုတင်ပေါ်တင်ကာ ညာဘက်ခြေကျင်းဝတ်က ပတ်တီးထူထူစီးထားတဲ့ အပေါ်က ထပ်ပတ်ကာ ခြည်ထားသော ကြွပ်ကြွပ်အိတ်ကိုဆွဲဖြည်ဖြုတ်သည်။

“ဟဲ့… ကြွပ်ကြွပ်အိတ်က ဘာတုံး၊ အကြည့်ရ ဆိုးလိုက်တာ၊ နင့်ဟာကလည်း”

“ဈေးထဲသွားတော့ ငါ့ပတ်တီး ရွှံ့ပေမှာစိုးလို့လေ… အဟီး၊ ဒါဖြုတ်လိုက်တော့ ပတ်တီးက အသန့်ပဲကျန်တယ်လေ”

အပြုံးနှင့် ဖြေရင်းက မျက်ခုံးလေးတစ်ချက် တွန့်သွားတဲ့ လွမ်းတသက်ကို ပန်းနုကကြည့်ရင်း…

“နင်ကလည်း ဒီနေ့ ဈေးခြင်းလိုက်ဆွဲပေးနေသေးတယ်၊ အခု ခြေထောက်နည်းနည်း နာနေတယ် မဟုတ်လား၊ နင့်မျက်နှာကြည့်ရင် ငါသိတယ်နော်၊ အလေးကြီးဆွဲပြီး ဈေးထဲ ဗွက်ရှောင် ခဲရှောင် လျှောက်ရတာ ခြေထောက်ပြန်နာမှာပေါ့”

“နည်းနည်းပါဟာ”

www.burmeseclassic.com



ပန်းနုက ဝယ်ထားတဲ့တမင်းက တစ်အံ၊ ခရမ်းချဉ်သီးငါးပိချက်တစ်အံ ဆင်တူထည့်ထားတဲ့ စတီးနှစ်ဆင့်ထမင်းချိုင့်လေးတွေကို ကိုင်းတပ်ကာ ဆင့်ကာ ပိတ်လိုက်ပါသည်။ စားပွဲပေါ်က မယ်လမင်းပန်းကန်လေး နှစ်ခုထဲမှာတော့ မုန့်ဟင်းခါးတစ်ထုပ်တည်းကို နှစ်ပန်းကန်ခွဲထည့်ကာ ထမင်းဖြူရောထည့်ထားတဲ့ သူတို့နှစ်ယောက်အတွက် နံနက်စာ စားသောက်ဖွယ်ရာ။ ကြွပ်ကြွပ်အိတ်ထဲက ပူနွေးသေးတဲ့ ဟင်းရည်ကို ပန်းနုက "ထည့်လိုက်မယ်နော်"ဟု ပြောကာ နှစ်ပန်းကန် ညီညီမျှမျှခွဲထည့်ပြီးလျှင် ဟင်းရည်နည်း၍ ပျစ်ထွေးထွေးလေး ဖြစ်နေသော မုန့်ဟင်းခါးထမင်းရော ပန်းကန်လေးတွေက စားချင်စဖွယ်မွှေးပျံ့နေလေပြီ။

"ရော့... စား... စား၊ မညိုမီတို့ ရေသွားချိုးနေပြီ၊ ပြီးရင် ငါတို့နှစ်ယောက် တူတူသွားချိုးမယ်"

လွှမ်းတသက်က မုန့်ဟင်းခါးပန်းကန်ကို တိတ်တိတ်ဆိတ်ဆိတ် ဆွဲယူခပ်စားလိုက်ပါသည်။

"ဟဲ့... နင့်ကို ပြောမလို့ဟာ"

"အင်း... ပြော"

"ငါ မညိုမီဆီက ခဏငှားလာတာ၊ ဒီမှာ... ဖတ်"

လွှမ်းတသက်က ပန်းနုထိုးပေးတဲ့ "......"ဂျာနယ်ရဲ့ အသင့်ဖွင့်လှန်ပြီးသော စာမျက်နှာကို ငုံ့ဖတ်လိုက်ပါသည်။





"နင့်နာမည်တော့ မပါဘူး၊ အဆောင်နာမည်တော့ ပါတယ်၊ လေးညို့ ညဘက် ကားအမြန်မောင်းရင်း လူဝင်တိုက်တာ အခု နင်က အတွင်းလူနာအဖြစ် ဆေးရုံကြီးမှာတဲ့"

"အပိုတွေရေးတယ် တွေ့လား၊ ငါကဖြင့် အိမ်မှာကို"

"လူကိုတိုက်မှု အဖြစ်နဲ့ '......'နေ့မှာ လေးညို့အမှုရင်ဆိုင်ရမယ်တဲ့"

"ဟုတ်လို့လား... ငါ အမှုမဖွင့်တဲ့ဟာကို"

"နင် မဖွင့်ပေမယ့် ယာဉ်မှုစစ်က ဖွင့်တယ်လေ၊ ဟုတ်လို့ပါလာတာပေါ့"

"လူတိုက်မှုဆိုရင် ပြစ်ဒဏ်ကြီးသွားမှာပေါ့ဟ"

"ကြီးပစေလေ၊ ဘာလို့ တိုက်သေးလဲ၊ ငါလည်း ဒီအဆိုတော် အံ့သြပါရဲ့၊ သူ့အသက်ကဖြင့် သုံးဆယ်ကျော်ပြီ ကလေးတွေနဲ့တွဲပြီး ဂေါ်လီက လုပ်ချင်တုန်း၊ ကြီးမိုက်ကြီး၊ ဟိုဟာလေးဖြစ်လိုက် ဒီဟာလေးဖြစ်လိုက် တော်တော်အမှုပွေတယ်၊ သူ နင့်ကို တိုက်မိလို့ သူ့အပြစ် သူခံမှာ ပြစ်ဒဏ်ကြီးကြီး သေးသေး နင်က ဘာဝင်ပူနေတာလဲ၊ နင့်ဘက်က အမှုမဖွင့်တာတောင် ငါက ကျေနပ်တာမဟုတ်ဘူး၊ သူတို့ သူဌေးတွေ စိတ်ထဲမှာ ဆင်းရဲသားတွေကို ကားနဲ့တိုက်မိတာလောက်ကတော့ အလွယ်ကလေး ပြေလည် ပပျောက်သွားနိုင်တဲ့ အမှုလို့ ထင်နေမှာပေါ့၊ နင်

www.burmeseclassic.com



ကလေ ဆေးရုံလာတွေ့တာတောင် ဘာမှမဖြစ်ဘူးပြော လွှတ်တယ်ဆိုတော့ လွန်လွန်းတယ်၊ ငါ လုံးဝမကျေနပ်ပါဘူး"

"ပန်းနု… နင့်ကို ငါ ပြောပြီးပြီလေ"

"ဘာလဲ"

"သူ ငါ့ကို ကားနဲ့ မတိုက်မိပါဘူးဆိုတာ"

"မယုံပါဘူး၊ အဲဒီနားရှိတဲ့ လမ်းထိပ်က အစ်ကိုကြီးတွေ ပြောတယ်လေ၊ နင် ချွေခနဲကို ကျသွားတာ"

"ချွေခနဲကျတာတိုင်း သူ့ကားနဲ့ တိုက်လို့လား၊ ငါ့ဟာငါ ချွေကျသွားတာပါဆိုနေ၊ ငါ အရမ်းလန့်သွားတာ၊ တိုက်ပြီ ထင်ပြီး သတိလက်လွတ်ကို ဖြစ်သွားတာ၊ မတိုက်မိပါဘူး ဆို၊ ငါက ဘာအတွက် သူ့ကိုကာကွယ်ပြီး မတိုက်ပါဘူး လို့ ညာပြောရမှာလဲ"

"နင်က သူ့ကို ကြိုက်တာလေ"

"… … …"

"နင့်ဆီမှာ ထည့်ဖွင့်စရာ ပစ္စည်းမရှိဘဲနဲ့တောင် သူ့စီဒီ တွေ ထွက်သမျှ ဝယ်ထားတာလေ၊ နင့်ဖုန်းထဲမှာ သူ ထွက်ထားသမျှ သီချင်းတွေ အပြည့်လေ၊ တစ်ချိန်လုံး နားကြပ်လေးနဲ့ နားထောင်ရတာ အမောလေ၊ နင် လေးညို့ ကို သိပ်ကြိုက်တယ်လေ မိတသက်ရဲ့၊ ဒီတော့ လေးညို့ ကို နင် အပြစ်ဒဏ် မခံရစေချင်ဘူးပေါ့… ဟွန်း…"





"နင်ကလည်း… သူ့သီချင်းတွေကို ကြိုက်တာနဲ့ပဲ ငါက သူ့အပြစ်ကို ကာကွယ်ပေးရမှာလား၊ တိုက်မိရက်နဲ့မတိုက် မိဘူး၊ အပြစ်ရှိရက်နဲ့ မရှိဘူး ကာကွယ်စရာလား၊ တိုက်မိ မတိုက်မိ ကာယကံရှင် ငါ အသိဆုံးပေါ့"

"သိဘူးလေ… ငါမှ မယုံတာ"

ပန်းနုက မျက်နှာလေးကို ပြောင်ချော်ချော်လုပ်ကာ စားပြီးသော ပန်းကန်တို့ကို ဆွဲယူလိုက်ရင်း…

"သွား… နင် ရေချိုးခန်းသွားနှင့်၊ ခြေထောက်ပတ်တီး မစိုအောင် တင်ချိုးဖို့ ခွေးခြေလေး ယူသွားဦး၊ ငါ ပန်း ကန်ဆေးပြီး လိုက်ခဲ့မယ်၊ နောက်ကျနေပြီ"

○

"ဟုတ်ကဲ့ ခင်ဗျ၊ ရိုက်ကူးရေးရက်ကတော့ ဒီတစ်ပတ် အတွင်းမှာ အသေအချာ ဖစ်စ် Fix ဖြစ်မှဖြစ်မယ်၊ ဒီတစ် ပတ်အတွင်း ပြန်ကွန်ဖမ်းလုပ်ပေးပါ၊ အဲဒီလမှာ တစ်လလုံး နီးပါး Europe ကို Music touring ရှိပါတယ်၊ ဟုတ်ကဲ့၊ ဟုတ်ပါတယ်၊ ရွှေ့နည်းနည်းတိုးလိုက်ရင် ပိုအဆင်ပြေ လိမ့်မယ်ဗျ… ဟာ… ဟာ… လေးညို့… ဟိုကောင်မ လေး ဘာလာလုပ်ပါလိမ့်"

နေစိုးက ဖုန်းစကားပြောနေရာမှ ဖုန်းကို လက်နှင့် အုပ်ကာ လေးညို့ဘက် တိုးတိုးလှည့်ပြောလိုက်ပါသည်။ တရား

www.burmeseclassic.com



ရုံးရှေ့ ရပ်ထားတဲ့ကားပေါ် နှစ်ဦးသား ရှိနေကြရာမှ တရားရုံးအဆောက်အအုံထဲ ဝင်သွားတဲ့ လွမ်းတသက်ကို လေးညို့လည်း လှမ်းမြင်လိုက်တာမို့ တပ်ထားတဲ့ နေကာမျက်မှန်ကို နဖူးအထက် ဆွဲပင့်တင်လိုက်ရင်း အသေအချာ လှမ်းကြည့်လိုက်မိသည်။ ယူနီဖောင်းလို ဝတ်စုံလေးတစ်မျိုးနှင့် လွမ်းတစ်သက်ဆိုတဲ့ ကောင်မလေးက ခပ်သွက်သွက် ခပ်စိုက်စိုက် ရုံးထဲလျှောက်ဝင်သွားပြီ။

ဒီနေ့ဟာ ရုံးချိန်းနေ့။ ရုံးချိန်းကြောင့် သူတို့ ဒီရှေ့ ရောက်နေကြတာပါ။ ဒီနေ့ အလုပ်ကိစ္စလေးတစ်ခု ရှိတာတောင် ရုံးချိန်းကိုရှေ့ဖို့ ဖျက်ဖို့ လေးညို့မစဉ်းစားတော့။ ဒီကိစ္စ မြန်မြန်ဖြတ် မြန်မြန်အေးရောလေ။ မပြီးသရွေ့က ဟိုလူကဖွ ဒီလူက မေးနှင့် သံသရာရှည်လှသည်။

ဂျာနယ်ကလည်း ဘေးက ကောလာဟလအကြားနှင့် ထင်ရာမြင်ရာ ရေးသည်။ မဟုတ်ပါကြောင်း သူ ပြန်ဖြေရှင်းထားတာကျတော့ ခုထိပါမလာခဲ့သေး။ တကယ်တော့ အခု လေးညို့ရဲ့ပြစ်မှုက ယာဉ်မဆင်မခြင်မောင်းနှင်မှုမျှသာ ဖြစ်သည်။ လူတိုက်မှု မဟုတ်ပါ။

အချိန်ဆယ့်ငါးမိနစ်လောက် စောနေသေးတာမို့ ကားပေါ်မှာပဲ ထိုင်နေသေးတဲ့ လေးညို့က ဖုန်းပြောနေတဲ့ နေစိုးကို မစောင့်တော့ဘဲ ကားပေါ်က ဖျတ်ခနဲဆင်းကာ တရားရုံးအဆောက်အအုံထဲ ခပ်သွက်သွက် ဝင်လာခဲ့ပါသည်။ ထိုက်သင့်တဲ့ဒဏ်ငွေ ပြစ်ဒဏ်ကို ခံယူပြီးလျှင် ဒီကိစ္စက နိဂုံးချုပ်သွားတော့မှာကို ဒီကောင်မလေး ဘာလာလုပ်ပါသလဲ။





လေးညို့ရဲ့မျက်လုံးများက သူစစ်မေးခံရမယ့် တရားရုံးခန်းငယ်လေးအဝနားမှာ ရဲဝန်ထမ်းတစ်ဦးနှင့် စကားရပ်ပြောနေတဲ့ လွမ်းတသက်ကို ကျောဘက်မှ လှမ်းတွေ့လိုက်ပါသည်။ စိတ်ရှုပ်ရှုပ်နှင့် ခပ်သွက်သွက် ခြေလှမ်းများ ရှေ့တိုးလိုက်ကာ စိတ်လောတကြီးနှင့် ကောင်မလေးရဲ့ ပခုံးတစ်ဖက်ကို ဖျတ်ခနဲ ပုတ်လိုက်မိရင်း…

"ဟေ့… မင်း ဘာလာလုပ်တာလဲ"

ပခုံးအပုတ်ခံလိုက်ရ၍ လွမ်းတသက်က ချာခနဲလှည့်ကြည့်လိုက်ပါသည်။

လေးညို့ကိုမြင်လျှင် မျက်လုံးများက ဒေါသဖြစ်သလို စူးလက်အရောင်တောက်သွားရင်းက…

"ရှင် ဘာဖြစ်လို့ ကျွန်မ ပခုံးကို ပုတ်ရတာလဲ"

"ဟား… စိတ်လောကြီးသွားလို့ မင်းလှည့်ကြည့်အောင် ထိလိုက်မိတာပါ၊ မင်း ဘာလာလုပ်တာလဲလို့"

"ရှင် ဘယ်လောက် စိတ်လောကြီးကြီး ကျွန်မက မိန်းကလေးတစ်ယောက်လေ၊ ရှင် ကျွန်မကို ကိုယ်ထိလက်ရောက် လုပ်ခွင့်မရှိဘူး"

"ဟာကွာ… ကိုယ်ထိလက်ရောက်ဆိုတဲ့ စကားလုံးက သိပ်ကြီးသွားပါပြီ၊ မင်းကို လှမ်းခေါ်လိုက်တာပါ၊ ထိလိုက်ရုံလေးပါ"

www.burmeseclassic.com



"ထိလိုက်လို့လည်း မရဘူးလေ၊ ဟော့... လို့ ခေါ်လည်း ရတယ်၊ နာမည်ခေါ်လည်း ရတယ်၊ ကိုယ်ခန္ဓာကို လာထိပြီး ခေါ်ဖို့မလိုပါဘူးလေ"

"ဟာ... မင်းနဲ့တော့ ပြဿနာပဲ၊ အမှုကြီးနေပြန်ပြီကွာ"

"ဟုတ်တယ်၊ သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ခန္ဓာပေါ်ကို သိသိနဲ့ ရည်ရွယ်ပြီး ထိတာ ကိုင်တာမျိုးဟာ ပြဿနာကြီးတယ် အမှုကြီးတယ်၊ နောင်ကို ဆင်ခြင်ဦး၊ အခုတော့ ရှင့်အမှုနဲ့ ရှင်မို့လို့ ပြဿနာမရှာချင်တော့လို့သွားပြီ"

လွမ်းတသက်က ခပ်ဆောင့်ဆောင့်ပြောပြီး ထွက်သွားပါသည်။ လေးညို့မှာ သူ့နောက်လိုက်ရမလို ရပ်ကျန်ရမလို ယောင်ဝါးဝါး ဖြစ်သွားရပြီးလျှင် ရှေ့မှာရပ်နေတဲ့ ရဲဝန်ထမ်းကို...

"သူ ဘာလာပြောတာလဲဗျ"

"ဪ... ခင်ဗျားအမှုစစ် ဒီနေ့ရှိမှန်းသိလို့လာမေးတာပါ ကိုလေးညို့"

"ဘာလာမေးတာလဲဗျ"

"ခင်ဗျားကို လူတိုက်မှုနဲ့ အမှုဖွင့်ထားတာလားတဲ့၊ သူ့ကို ကားနဲ့ လုံးဝမတိုက်မိပါဘူးတဲ့၊ လိုအပ်ရင် အခုအမှုစစ်တဲ့အထဲ သူ ထွက်ချက်ပေးနိုင်တယ်တဲ့၊ ဆေးရုံမှာ စစ်ချက်လာယူကတည်းက သူ့ကို မတိုက်မိပါဘူးလို့ သူပြောပြီးသားတဲ့၊ အဲဒါလာပြောတာပါ၊ ကျွန်တော်ကလည်း မဟုတ်ကြောင်း ပြောလိုက်ပါတယ်၊ ကိုလေးညို့အမှုက ယာဉ်မဆင်မခြင် မောင်းနှင်မှုပါပဲလို့"

"ဪ..."

လေးညို့က မသဲမကွဲ ရေရွတ်ရင်း ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်ကာ လွမ်းတသက် ထွက်သွားရာဘက် ပြန်လှည့်ကြည့်မိသည်။ သူမက မြင်ကွင်းထဲမှာတောင် မရှိတော့ပါ။ လေးညို့က ရုံးအပြင်ဘက်ဆီ အပြေးပြန်ထွက်လာခဲ့ပါသည်။ ရုံးဝင်ပေါက်ဝက ရပ်မျှော်ကြည့်လိုက်လျှင်တော့ ခပ်လှမ်းလှမ်းရောက်တရောက်လေးမှာ လွမ်းတသက် ငိုက်စိုက်စိုက်နှင့် လျှောက်သွားနေတာကို မြင်သည်။

သူ ဘာလုပ်မလို့မှန်း သူ့ကိုယ်သူပင် မသိခင် လေးညို့က လွမ်းတသက်နောက်သို့ အပြေးလိုက်သွားလိုက်ပါသည်။

"ဒီမှာ... ဒီမှာ"

ထိဖို့လည်း စိတ်မကူးတော့ပါ။ အသံပြုတာကိုလည်း လှည့်မကြည့်တာမို့ လေးညို့က သူမကိုကျော်၍ ရှေ့မှပြန်လှည့်ကာ ရပ်လိုက်ပါသည်။

"ဒီမှာ... မထိဘူးနော်... ကျွန်တော်"

"........."

www.burmeseclassic.com



လွမ်းတသက်က ဘာလုပ်တာလဲ ဆိုတဲ့ပုံနှင့် မျက်ခုံးချည်းမည်းလေးကို မျက်မှောင်ကုတ်ကာ လေးညို့ကို စိုက်ကြည့်နေသည်။

"ဟိုဟာပါ… မင်းကို… ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ အကြောင်းမရှိဘူးထင်တယ်၊ ကျွန်မရှင့်ကို ဘာကျေးဇူးမှ မပြုခဲ့ပါဘူး"

"မင်း… ဘာပဲဖြစ်ဖြစ် အမှန်အတိုင်း ထွက်ပေးခဲ့တယ်လေ"

"အမှန်အတိုင်းဆိုတာက ကျွန်မဖြစ်စေ တခြားဘယ်သူပဲဖြစ်စေ ထွက်ကိုထွက်ရမယ့် အရာပဲ မဟုတ်လား၊ ဘာဆန်းလို့လဲရှင့်"

"မဟုတ်ဘူးလေ၊ မင်းကလည်း စကားပြောရတာ တော်တော်ခွကျတာပဲ၊ မင်းကသာ ကားနဲ့တိုက်မိပါတယ်ဆိုရင် ကိုယ် အမှုတစ်မျိုး ဖြစ်မှာလေ၊ ကိုယ်ကိုယ်တိုင်လည်း မင်းကို မတိုက်မိဘူးလို့တော့ ထင်ပေမယ့် ကိုယ့်ဘာသာ ဇဝေဇဝါတော့ ဖြစ်နေမိတာပါ၊ ထူပူနေပြီး သေချာကို မပြောနိုင်တာ၊ မင်းက မတိုက်မိပါဘူးလို့ပြောတော့ ကိုယ် အမှုသေး အပြစ်လျော့တာပေါ့၊ ဒါကြောင့် ကျေးဇူးတင်တာပါ"

"ရှင့်ကို ထိုက်သင့်တဲ့အပြစ်ထက် ပိုမရစေချင်သလို လျော့ပြီးလည်း မရစေချင်ပါဘူး၊ အပြစ်မရှိတဲ့ပုဒ်မနဲ့ အပြစ်ကျ





မခံစေချင်ပေမယ့် အပြစ်ရှိသလောက်တော့ အပြစ်ကျခံစေချင်တာပဲ၊ ဒီအတွက် ကျေးဇူးတင်စရာ မလိုဘူး ထင်ပါတယ်"

"………"

လေးညို့က မျက်မှောင်တွန့်၍ သူမမျက်နှာလေးကို စိုက်ကြည့်နေမိသည်။ ဘယ်လိုမိန်းကလေးပါလိမ့်။ သူ့ကြည့်ရတာ မကျေမနပ်တော့လည်း ဖြစ်နေသေးပုံရကာ စကားတွေက ဘုဆတ်ဆတ် တိုပြတ်ပြတ် ဖြစ်နေပေမယ့် မကောင်းရာ မကောင်းကြောင်း ဖြစ်စေလိုသော စိတ်ရင်းမျိုးတော့လည်း ထားနေတာ မဟုတ်ပြန်။

"ဒါပဲ မဟုတ်လား"

"မင်း… မင်း ဘယ်ကိုပြန်မလဲ၊ လိုက်ပို့ပေးပါရစေ"

"မလိုဘူးရှင့်၊ ကျွန်မ သွားနေကျ"

"သွားနေကျတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ နေလည်းပူနေတယ်၊ မင်းခြေထောက်လည်း ခုထိ ပတ်တီးနဲ့ မြင်နေရတာ စိတ်မကောင်းလို့ပါ"

"အဟင်းဟင်း… နေပူပူ မိုးရွာရွာ ကျွန်မအတွက် အထူးအဆန်း မဖြစ်ပါဘူး၊ ခြေထောက်က ပတ်တီးကိုလည်း ရှင်စိတ်မကောင်း ဖြစ်နေဖို့ မလိုပါဘူး၊ ရှင့်စိတ်ထဲမှာ ကားနဲ့မတိုက်မိတာတောင်မှ ရှင့်ပယောဂမကင်းဘဲ ကျွန်မ

www.burmeseclassic.com



လဲပြိုသတိလစ်ပြီး ဒီဒဏ်ရာရတာဆိုပြီး တာဝန်မကင်းသလို ခံစားနေရသလား”

“ဗျာ…၊ အင်း… အဲလိုပေါ့၊ ကျွန်တော့်ဘက်က ဘာမှလဲ လုပ်မပေးရဘူး မဟုတ်လား”

“ဒါဆိုရင်တော့ ရှင့်ကို တစ်ခုပြောချင်တယ်၊ ပြောလို့ရမလား”

“အမ်…၊ အား… ပြော… ပြောလေ၊ ဘာပြောမလို့လဲ”

“ရှင်… ဒီထက် Image ကောင်းအောင်နေစေချင်တာပါ”

“ဗျာ”

လေးညို့က အလွန်တရာ အံ့အားသင့်မိပြီး ဘာပြောရမှန်းမသိအောင် အူလည်လည် ကသိကအောက် ခံစားရကာ နှုတ်ခမ်းဖျားက လေထွက်ရုံမျှလောက် ခပ်တိုးတိုး တစ်ချက်ရယ်လိုက်မိပြီး…

“ဘာကိုဆိုလိုတာလဲ မသိဘူး”

“ဘာကိုဆိုလိုတာလဲ ဆိုတော့…”

လွှမ်းတသက် မျက်နှာက တည်တည်ကလေးနှင့် ဣန္ဒြေရရပင်။ ကိုယ့်ကို စူးစူးရဲရဲ စိုက်ကြည့်နေတာကို လေးညို့က ပြန်လည်ကာ တစူးတစိုက် ကြည့်နေမိပါသည်။

“အဆိုတော် လေးညို့ဆိုတာ ရုပ်ပါအဆိုတော်ပါ၊ သီချင်းဆိုရုံမကဘူး၊ ကြော်ငြာတွေပါရိုက်ရ၊ အခမ်းအနားတွေ





တက်ရောက်ရ၊ တချို့အမှတ်တံဆိပ်တွေရဲ့ ပင်တိုင်မော်ဒယ်၊ လှူငယ်အတော်များများ အားကျနှစ်သက်တဲ့ ရိုးလ်မော်ဒယ်၊ ဆယ်နှစ်သက်တမ်း အခိုင်အမာ အောင်မြင်နေတဲ့ သက်တမ်းရင့် ဆယ်လဘရစ်တီပါ၊ ဒါပေမဲ့ ရှင့်မှာ နာမည်ဆိုးတွေ ရှိတယ်…

ရှင် တစ်ချိန်က မူးယစ်ဆေးဝါးနဲ့လည်း နာမည်ပျက်ဖူးတယ်၊ Club တက်တယ်၊ ရန်ဖြစ်တယ်၊ ကောင်မလေးတွေလည်း ရှုပ်ယှက်တယ်၊ ဘယ်သူ့မှလဲ အတည်မယူဘူး၊ ချမ်းသာတဲ့မိသားစုက ပေါက်ဖွားလာပြီး အောင်မြင်မှုသရဖူပါ ဆောင်းထားသေးတော့ မာန်မာနတစ်ခွဲသားနဲ့ ရှင်လုပ်ချင်တာတွေအကုန် ရှင်လျှောက်လုပ်တယ်၊ စည်းစိမ်နဲ့ ကျော်ကြားမှုဆိုတာ ထင်ရာလုပ် ရမ်းကားဖို့ ခုတုံးမဟုတ်ပါဘူး၊ ရှင့်ရဲ့ရှိရင်းစွဲ အရည်အသွေးတွေကိုတောင် အရိပ်မည်းထိုးပြီး မှေးမှိန်ကုန်တဲ့ အထိလောက်အောင် ထင်ရာမလုပ်ပါနဲ့…

ဘယ်လောက်ချမ်းသာသာ ဘယ်လောက်အောင်မြင်မြင် သိက္ခာရှိမှ လူလေးစားခံရမှာပါ၊ ဒါကို ဒီအသက်အရွယ်မှာ ရှင်မသိတာ မဖြစ်နိုင်ဘူးဆိုတော့ သိသိနဲ့မေ့ချင်ယောင်ဆောင်မနေပါနဲ့လို့”

“………”

www.burmeseclassic.com



ဘာ ! လို့တောင် ထွက်မလာနိုင်ဘဲ ပါးစပ်သာ အဟောင်းသား ဟမိတဲ့အခိုက် လွမ်းတသက်က သူ့ကိုကျော် ဖြတ်ကာ လျှောက်ထွက်သွားပြီ။ လေးညို့မျက်နှာက ခံပြင်းဒေါသ နှင့်မည်းမှောင်ကာ အတော်ကြီး နောက်ကျပြီးမှ "ဘာ"ဟု တစ် ယောက်တည်း ပေါက်ကွဲအော်ဟစ်လိုက်မိသည်။

○



(၄)

"သားလေး… အိပ်ရာထတော့ ဗိုက်ဆာရောပေါ့"

အသံနှင့်အတူ ရှယ်နဲလ်ရေမွှေးနံ့ သင်းသင်းကလေး တစ်ခုက လေးညို့ကို အိပ်စက်ခြင်းမှ လှုပ်နှိုးလိုက်ပါသည်။ အအိပ်ဆတ်ကာ ဖျတ်ခနဲ လန့်နိုးတတ်သလောက် အိပ်ရာကထ ဖို့ကျ သူက အထ,မဆတ်ပါ။ အအိပ်ကြီးတယ်လို့ သူ့ကို အဘွား က အမြဲသတ်မှတ်ပေမယ့် တကယ်တော့ လေးညို့က အအိပ်မ ကြီးပေ။ ဘာကြောင့်မှန်းတော့ မသိ၊ သူ့၌ ညလုံးပေါက် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်ခြင်း အင်မတန်မှ ရှားပါးလှပါပေသည်။

အဘွားက အခန်းထဲက ပြတင်းပေါက်ခန်းဆီးများ ကို ကြိုးဆွဲကာ ဆွဲဟဖွင့်လိုက်သည်။ မျက်စိမှိတ်ထားပေမယ့် နေရောင်ခြည်က ပြတင်းပေါက်မှ အလင်းရောင်က လာတိုးကာ သူ့အာရုံ ထဲ လင်းချင်းသွားတာကို သိပါသည်။

"လူက အိပ်နေပေမယ့် အစာအိမ်က အလုပ်လုပ်နေတယ် သားလေးရဲ့"

www.burmeseclassic.com



အဘွားထံမှ စကားသံလေးတွေက နုးညံ့စွာ တွတ်တွတ် တွတ်တွတ်နှင့်။

"ထ, ထ, ဆယ့်နှစ်နာရီတောင် ကျော်ပြီ၊ အစာချေရည်တွေကထွက်ပြီး ဗိုက်အောင့်လာလိမ့်မယ် သားရဲ့၊ နွားနို့လေးပဲ တစ်ခွက်သောက်တော့၊ ခဏခြားပြီး တော်ကြာထမင်းစားလိုက်၊ အခု တစ်ခုခုစားရင် မနက်စာထမင်းကလွတ်ဦးမယ်၊ လိမ္မာတယ် သားငယ်လေး... ထ... ဘွားစောင်ဆွဲဖယ်ပြီနော်"

အဲသလိုလေး ပြောပြီးမှ အဘွားက သူ့ကိုယ်ပေါ်မှစောင်ကို ဆွဲခွာယူဖယ် လိုက်ပါသည်။ လေးညို့က ဘေးစောင်းရက်ပုံစံ ခြေတစ်ဖက်ကို ကွေးခွထားတဲ့သဏ္ဍာန်နှင့် ဆက်လက်ငြိမ်သက်နေသည်။ သူ ညကဖွထားတဲ့ ဗီဒီယိုအခွေတွေ စားထားတဲ့ မုန့်အိတ်ခွံတွေကို အဘွားက ကြမ်းပြင်ပေါ်က လိုက်ကောက်သိမ်းနေပုံရသည်။

"သားလေး... ဒီနေ့ ထူးထူးခြားခြား လုပ်စရာ မရှိဘူးမဟုတ်လား၊ ဘယ်သွားရဦးမလဲ၊ သွားစရာ မရှိဘူးမို့လား"

လေးညို့က မဖြေ။ ဆက်လက်၍ အိပ်ချင်ယောင်ဆောင်နေသည်။ အဘွား အဲသလို ပွစိ ပွစိလေးတွေ တတွတ်တွတ် ပြောနေလျှင် လေးညို့ နားမငြီးပါ။ အဘွားကို လေးညို့ချစ်သည်။ ကမ္ဘာပေါ်မှာ သူ့အတွက် တစ်ဦးတည်းသော မိသားစုဝင်ဟာ အဘွားပဲမဟုတ်လား။ အဘွားကပဲ သူ့ရဲ့အဖေ၊ အဘွား





ကပဲ သူ့ရဲ့အမေ။ အဘွားကလည်း လေးညို့ကို မြေးလို့တောင်မခေါ်ပါ မသတ်မှတ်ပါ။ သားလေး၊ သားငယ်လေးရယ်လို့သာအမြဲခေါ်တတ်တာ။ သူ့ကို အင်မတန်မှလည်း ချစ်ခင်ကြင်နာစွာအလိုလိုက် ဖြည့်ဆည်းနိုင်လွန်းတဲ့ အဘွား။

"သားငယ်လေး... နိုးနေပြီ မဟုတ်လား၊ ထတော့ သားရဲ့၊ အဘွား ပြောစရာရှိသေးတယ်"

လေးညို့က မလှုပ်မယှက်။

"ညနေလောက်ကျရင်လေ သိလား သားလေး"

"........"

"မင်းဒက်ဒီဆီ သွားလိုက်နော်"

"အာ.......... အဘွားကလည်း"

ဒီစကားကိုတော့ သူ ဆက်လက် အိပ်ချင်ယောင်ဆောင် သည်းခံမနေနိုင်ပဲ ချက်ချင်းပဲ ကိုယ်ကိုတွန့်လိမ်ပစ်လိုက်ကာ ငေါက်ခနဲ ထထိုင်လိုက်သည်။ လေးညို့မျက်နှာက အီးပိတ်သွားသလို မှုန်တေစူပုပ်သွားရပါသည်။ အိပ်ရာက ထထချင်းစိတ်ပျက်စရာစကား ကြားရတာ မင်္ဂလာမရှိလိုက်တာ။

"အမယ်လေး... လန့်လိုက်တာ သားလေးရယ်"

"အဘွားကလည်း၊ အိပ်ရာနိုးနိုးချင်း ဘာလာပြောမှန်းမသိဘူး၊ ဘာကိစ္စ ဒက်ဒီဆီ သွားရမှာလဲ၊ မသွားပါဘူး၊ မသွားဘူး"

www.burmeseclassic.com



"သားငယ်လေးက လိမ္မာပါတယ်၊ ဒီနေ့ မင်းဒက်ဒီမွေးနေ့ သားရဲ့"

"အာ... ဒက်ဒီမွေးနေ့ ဖြစ်တော့ကော သားက ဘာလုပ်ရမှာလဲ၊ သူ့ဟာသူ မွေးနေ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့၊ သားနဲ့ ဘာဆိုင်လို့လဲ"

"ဘယ့်နှယ် ပြောလိုက်တာလဲ သားလေးရဲ့၊ ကိုယ့်အဖေ မွေးနေ့တော့ အသိအမှတ်ပြုပြီး သတိတရလေး wish လုပ် နှုတ်ဆက်သင့်တာပေါ့"

"အဘွားကလည်းဗျာ၊ ဒက်ဒီက သူ့မွေးနေ့ သား wish မလုပ်လည်း သတိတောင်ပြုမိမှာ မဟုတ်ပါဘူး၊ မေ့နေမှာပါ၊ ပြီးတော့ မွေးနေ့ညနေပိုင်းဆို သူ့မိန်းမတို့ သူ့ကလေးတွေတို့နဲ့ ဒင်နာတွေ ထွက်စားမှာပေါ့၊ အိမ်မှာလည်းရှိမှာ မဟုတ်ဘူး၊ အားမှာလည်း မဟုတ်ဘူး"

ဒီကိစ္စမျိုးဟာ နှစ်တိုင်း ဒီနေ့ ဒီရက်မှာ ဖြစ်နေကျ၊ ဒီစကားမျိုးတွေဟာ နှစ်တိုင်း ဒီနေ့ ဒီရက်မှာ ပြောရနေကျ။ အဘွားက ဒက်ဒီမွေးနေ့အတွက် အမှတ်တရလေးရှိဖို့ သူ့ကိုပြောမည် တိုက်တွန်းမည်။ သူက ငြင်းမည်။ အဘွားက ဖွတ်သွားနိုင်းမည် သူက ငြင်းမည်။ အဘွားက ချော့မည် မျက်နှာလေးငယ်ကာ သနားအောင် ပြောမည် သူက ငြင်းမည်။ နောက်ဆုံးမှာတော့ လေးညို့ဟာ အဘွားစိတ်တိုင်းကျ ဒက်ဒီ့ဆီကို ရောက်သွားခဲ့ရတာချည်းပါပဲ။





ဒက်ဒီ့မွေးနေ့ကို တကယ်လည်း အမှတ်မရ မေ့နေမိတတ်ပေမယ့် အဘွားသတိပေးကာ တိုက်တွန်းလိုက်တိုင်း ဘယ်လိုပဲငြင်းငြင်း နောက်ဆုံးတော့ သူ မသွားဘဲ နေလိုက်တယ်ရယ်လို့ တစ်နှစ်မှ မရှိခဲ့ပါ။ လေးညို့နှင့် ဒက်ဒီ ဆိုတာလည်း တစ်နှစ်နေလို့မှ သုံးခါလောက်ထက် ပိုတွေ့ဖြစ်ကြသူတွေ မဟုတ်။ သူက ဒက်ဒီ့မွေးနေ့ကို မမှတ်မိသလို ဒက်ဒီကလည်း လေးညို့မွေးနေ့ကို တစ်ခါမှ အမှတ်တရ မရှိခဲ့ပါ။

ငယ်ငယ်ကတော့ ဒက်ဒီ သူ့ကိုမချစ်ဘူးလားဆိုတဲ့ အတွေးက အားငယ်မှုကို ဖြစ်စေခဲ့ဖူးသည်။ ခုတော့ အောင်မြင်မှုကြောင့် သူ့မှာ confidence တွေ ရှိလာလို့လားတော့မသိ။ ဒက်ဒီ့ အချစ်မခံရခြင်းကို တွေးလိုက်လျှင် ရင်နာသလိုလို ရှိပေမယ့် အားငယ်မနေတတ်တော့ပါ။ ဒက်ဒီမရှိလည်း ဖြစ်သည်ဆိုတာ သူ့လက်တွေ့ဘဝကို ကြည့်လျှင် သေချာနိုင်သည်။

"ဒီနေ့ ဘာကိစ္စမှ မရှိရင် အပြင်ထွက်မနေနဲ့တော့၊ ညနေမှ ဒက်ဒီ့ဆီပဲသွားလိုက်။ အလကားနေ အပြင်ထွက်နေတာ အမူမပွေတယ်၊ ဘွားမှာ အားလုံးပြီးမှ သိရ သိရနဲ့ ဘာမှ မဖြစ်ပေလို့ပေါ့၊ ဟိုတလောကလည်း တစ်ခုခုဆို ရင်ကျိုးရချည်ရဲ့၊ ကိုယ်က ဒီလောက် လူသိရှင်ကြား အောင်မြင်နေတာ သားလေးရယ်၊ အနေအထိုင် ဆင်ခြင်ပါ၊ ဘွားပြောတာ ကြားရဲ့လား"

"ဟင့်အင်း"

www.burmeseclassic.com



"ဘာဟင့်အင်းလဲ၊ ဒီကလေးဟာ ပြောရဆိုရ ကျပ်ချင်တယ်၊ အသက်ပဲ အရွယ်ရနေပြီ၊ မိသားစုလေး ဘာလေး ဖန်တီးတော့ဆိုလည်း အချိန်ဆွဲနေတယ်၊ ဟိုကောင်မလေးနဲ့ရော ပြေလည်ရဲ့လား"

"ဘယ်ကောင်မလေးလဲ အဘွားကလည်း"

"ယမင်းသူဇာခင် ဆိုတာလေ"

"အာ... ပြတ်တာကြာပေါ့ အဘွားရာ၊ အဘွားကလည်း အပ်ပ်ဒိတ် မဖြစ်လိုက်တာ"

"ဟင်... ဘာလို့ ပြတ်ရပြန်တာလဲ၊ ဘယ်တုန်းက ပြတ်သွားတာလဲ"

"အာ... သားကို အရမ်းကြိုးကိုင်ချင်တာ မကြိုက်ပါဘူး၊ သူ့ကိုယ်သူ လေးညို့ရည်းစားဆိုပြီး အကြောကြီး အချေကြီးနဲ့၊ မိန်းကလေးတွေက ကြိုက်ကာစပဲ ကောင်းတာ၊ ကြာလာရင် ကုပ်ခွစီးချင်လာတာ၊ သား စင်ကာပူက ပြန်လာကတည်းက ပြတ်သွားပြီ"

လေးညို့က အိပ်ရာပေါ်မှ ဆင်းခဲ့ကာ ရေချိုးခန်းဘက် ထွက်လာလျှင် အဘွားက နောက်ကပါလာရင်း...

"ဩော်... ဟိုကောင်မလေးရော ဘယ့်နှယ်နေလဲ"

"ဘယ်ကောင်မလေးလဲ အဘွားကလည်း၊ တစ်ယောက်ပြီးတစ်ယောက်၊ ယမင်းနောက်မှာ ဘာမှမရှိဘူး၊ စိတ်ကုန်လွန်းလို့ မိန်းမတွေကို"





"ဟိုဒင်းပါ သားလေးရဲ့၊ သားကားနဲ့ တိုးမိသလိုဖြစ်တဲ့ ကောင်မ,လေး ဘယ်လိုနေသေးလဲ ရုတ်တရက် တွေးမိလို့ပါ"

"ဘယ်လိုမှ မနေဘူးလေ၊ သူ့ဟာသူ ရှိမြဲတိုင်းပေါ့၊ သားနဲ့မှ မတိုက်မိတာကို၊ ခုနေ သူ့ဟာသူ မိုက်အောင့်အောင့် ခေါင်းကိုက်ကိုက် ခါးနာနာ သားနဲ့ မဆိုင်ဘူး"

"ဟင်း ဟင်း ဟင်း"

အဘွားက တညင်းညင်းလေး ချစ်စနိုး ရယ်မောနေသည်။ အဘွားဟာ သူ့အပေါ် ကမ္ဘာကြီးတစ်ခုလို ချစ်ရှာသူဝင်။ သူ့ကိုသာ ဒက်ဒီ့ဆီ သွားခိုင်းတတ်ပေမယ့် သူကိုယ်တိုင်ကျတော့ သူ့သားထံ ဘယ်တော့မှ မသွားပေ။ တွေ့ဖြစ် ဆုံဖြစ်လျှင်တော့ ပုံမှန်ဆက်ဆံပါသည်။ ဟိုဘက်မိသားစုကို ခပ်တန်းတန်းသာ နေပြခြင်းအားဖြင့် သူ့ဘက်က ရပ်တည်ပြခဲ့ပါသည်။

"သနားလို့ပါ သားရဲ့၊ မရှိဆင်းရဲ မိန်းကလေးဆိုလို့လေ၊ ဘာလျော်ကြေးမှလဲ မတောင်းဘူး ဆိုလို့လေ၊ မောင်နေစိုးက အဲဒီကောင်မလေးကို ချီးမွမ်းတာ"

"လျော်ကြေးတောင်းရအောင် သူ့မှာ ဘာမှ ထိခိုက်ပျက်စီးချို့ယွင်းသွားတာမှ မရှိတာကို၊ အဘွား... သား သွားတိုက်နေပြီ ဘာမှ ပြောလို့မရတော့ဘူး"

"ဟင်း ဟင်း ဟင်း"

www.burmeseclassic.com



အသွားက သူ့ပခုံးကို ချစ်စနိုး တစ်ချက်နမ်းပြီး ထွက်ခွာသွားပါသည်။

○

ကားဝင်လာသံ ပေါ်တီကိုအောက် ကားဆိုက်ရပ်သံတွေ ကြားပေမယ့် သူ့ကို ဘယ်တစ်ကောင်တစ်မြီးမှ ထွက်လာကြိုဆိုခြင်း မရှိပါ။ ဂိတ်စောင့်သာ မရှိလျှင် တော်တော်နှင့်ပင် ခြံထဲဝင်ခွင့်ရမှာ မဟုတ်။ ဖွင့်ဟထားတဲ့ ကျွန်းတံခါးမ အမြင့်ကြီးနှစ်ချပ်အလယ်မှ ခြင်ဆန်ခါတံခါးကြီးကို ဘေးတွန်းကာ သူ အိမ်ထဲဝင်လိုက်သည်။

ဧည့်ခန်းမှာ လူမရှိ တိတ်ဆိတ်နေပါသည်။ အိမ်ကြီးက ကျယ်လွန်းလှတော့ တစ်ခန်းနှင့် တစ်ခန်းကလည်း အလှမ်းဝေးလှသည်။ လေးညို့က သက်ပြင်းတစ်ချက်နှင့် ဧည့်ခန်းက ဆိုဖာဖြူဖြူကြီးတွေမှာပဲ ထိုင်ချလိုက်ကာ မိထွေးတော်ရဲ့ဖုန်းကို နှိပ်လိုက်ပါသည်။

“ဟယ်လို”

“ကျွန်တော် ရောက်နေတယ်”

“ဟုတ်လား…၊ ဒါကြောင့် ကားသံကြားပါတယ်လို့”

“ကားသံကြားလည်း ထွက်ရှူးစမ်းလေဗျာ၊ အားနာရမယ့် ဧည့်သည်ဆိုရင် ဘယ်လိုလုပ်မလဲ၊ ဧည့်ခန်းထဲ သူတို့ဟာ သူတို့ ဘယ်လောက်ကြာအောင် ထိုင်စောင့်ကြရမှာလဲ”





“အခုက မင်းပဲလေ… လာမယ်… ခဏစောင့်…”

“ဟား ဟား ဟား… အေးပါဗျာ”

“ဟဲ့… အသံကျယ်ကြီးနဲ့ အော်ရယ်မနေနဲ့၊ အဲဒီနားက ဘေးခန်းမှာ ကလေးတွေ စာသင်နေတယ်”

“ဟုတ်လား… ဟား ဟား ဟား… အဲဒီတော့ အဲလိုမရယ်ရဘူးပေါ့ ဟုတ်လား၊ ဟား ဟား ဟား… ဒီလောက်ဆိုရပြီလား၊ သိပ်တိုးသွားပြီ ထင်တယ်… ဟား ဟား ဟား ဟား”

“လေးညို့… အေးဆေးနေစမ်းပါ၊ ပြဿနာမရှာစမ်းပါနဲ့၊ ဘာလဲ… အရက်မူးနေလား၊ ဆေးချထားတာလား”

“ခင်ဗျား ဘာစကားပြောတာလဲ၊ ခင်ဗျားရဲ့ အဲဒီအပြောအဆိုတွေကြောင့် ဒက်ဒီက ကျွန်တော့်ကို နှစ်ပြားမတန် အထင်သေးနေတာ၊ အတို့အထောင်လုပ်ဖို့ပဲ ချောင်းနေတယ်၊ လေပါတယ်ဗျာ ခင်ဗျားကိုတော့”

“ဟဲ့… နင့် အဖေကို ထူးခြားပြီး အတို့အထောင် လုပ်နေစရာကို မလိုတာ၊ သဘောပေါက်ထားဦး၊ တိတ်တိတ်နေ ဆင်းလာပြီ”

လေးညို့က တစ်ချက်မဲ့ပြုံးကာ ဖုန်းကိုပိတ်လိုက်ပါသည်။ လက်ထဲက ဒက်ဒီ့အတွက် ယူလာသော နက်ကတ်တိုင်ဘူးကို ရှေ့က စကျင်ကျောက်စားပွဲပေါ် ပစ်တင်လိုက်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိပါသည်။ ဂိတ်မှာ ဂိတ်စောင့်ကို

www.burmeseclassic.com



မေးခဲ့ပြီးပြီမို့ ဒက်ဒီ ပြန်မရောက်သေးဘူးဆိုတာ သူ သိပြီးပါပြီ။ မိထွေးတော်ကို အခုလောက် ဆက်ဆံနိုင်ဖို့ သူ နှစ်တွေချီကာ အားတင်းကြိုးပမ်းခဲ့ရပါသည်။ "မေတ္တာထားနိုင်အောင် ထားလိုက်သားလေး၊ အမုန်းတရားက မီးလိုပူပါတယ်၊ ငါ့သားလေး သယ်မထားပါနဲ့"ဆိုတဲ့ စကားတစ်ခွန်းကို နားလည်နှလုံးသွင်းနိုင်ဖို့ ကိုယ့်ပါရမီကို ရင့်သန်စေခဲ့ရပါသည်။

လှေကားကနေ မိထွေး ဆင်းလာတာကို လှည့်မကြည့်ဘဲသိသည်မှာ သူမက ဖုန်းပြောရင်း ဆင်းလာတာမို့ပင်။ သူ့အနား နီးကပ်မှ "ဒါပဲနော်... နောက်မှ ပြန်ဆက်လိုက်မယ်" ဆိုသည့် နိဂုံးချုပ်စကားနှင့် မိထွေးတော် ဒေါ်လင်းဝါဝါက သူ့ရှေ့ရောက်လာသည်။

"မင်းအဖေ မရောက်သေးဘူး"

"သိပါတယ်လေ၊ ဂိတ်က ပြောလိုက်ပါတယ်၊ မတွေ့လည်း ရပါတယ်၊ အရေးကြီးတာက ကိုယ့်အဖေမွေးနေ့မှာ ကိုယ့်ဘက်ကတော့ ဝတ္တရားမပျက်မကွက် ရောက်လာပါတယ် ဆိုတာပါပဲ၊ ဒါ ဒက်ဒီ့ကို ပေးပေးပါ"

လင်းဝါဝါက ခေါင်းတစ်ချက် ဆတ်လိုက်ပါသည်။

"အယ်လ်ဘမ်မ်အသစ် ထွက်တော့မယ်ဆို"

"နောက်လထဲလောက်ပါ"

"သွေးဆိုတာ စကားပြောတယ်ပဲ ပြောရမလားပဲ... အဟင်းဟင်း... အထိအတွေ့ အဆက်အဆံလည်း မရှိသလောက်





နည်းရက်နဲ့ ဘိုဘိုက မင်းသီချင်းတွေ တအားကြိုက်တာလေ၊ တစ်ချိန်လုံး ဖွင့်နေတာ၊ စစ်တီးမှာထိတဲ့မှာ မင်းအခွေကို ဘိုဘို ဝယ်နေတာကြည့်ပြီး တစ်ခါ တစ်ခါတော့လည်း စိတ်မကောင်း ဖြစ်မိသား"

လေးညို့က လင်းဝါဝါကို တကယ်ပဲလား ဆိုတဲ့ အမူအရာ ပိုပိုသာသာ လုပ်ပြကာ ကြည့်လိုက်ပါသည်။

"မင်းအဘွားကလည်း မတရားပါဘူး၊ မင်းမှ သူ့မြေးလား၊ ဒီကလေးနှစ်ယောက်က သူ့မြေးမဟုတ်တော့ဘူးလား၊ တို့မှာက အမေရှိတော့တာ မဟုတ်ဘူး၊ အဖေက မန္တလေးမှာ၊ ကလေးတွေက ရန်ကုန်မှာတင် အဖေ့ဘက်က အဘွားရင်းရှိရက်သားနဲ့ အသိအမှတ်ပြု မခံရဘူး"

"ဒီလိုပြောကြေးဆို ဒက်ဒီကရော ကျွန်တော့်ကို ခေါင်းထဲရှိလို့လား"

"ဒါ အပြန်အလှန်ပဲလေ၊ မင်းလည်း ဒီလိုခံစားရမှ ကြေမှာပေါ့"

"သြော်... တမင်တကာ ဖန်တီးယူထားတဲ့ အခြေအနေပေါ့ ? အမှန်က ကျွန်တော့်ကို ဒက်ဒီ ပစ်ထားလိုက်တာက အရင်ပါ အစ်မတော်ကြီးရာ၊ အဲသလို ဖြစ်သွားတဲ့ ချိန်ခွင်ညှာကို အဘွား ညှိထားလိုက်တာ အဆိုးမဟုတ်ပါဘူး"

"ဘာ အစ်မတော်ကြီးလဲ၊ မိထွေးလည်း အမေပဲ၊ မင်းသာတို့အပေါ် လေးစားသမှုရှိခဲ့ရင် အခြေအနေတွေက ဒီလောက်စိမ်းကားသွေးအေးနေမှာကို မဟုတ်ဘူး"

www.burmeseclassic.com



"ကျွန်တော်က ခင်ဗျားကို လေးစားရဦးမယ် ? နားရှိလို့ သာ ကြားရပါတယ်ဗျာ၊ အံ့ဩမဆုံးဘူး၊ ခင်ဗျားမို့ ပြောထွက်တယ်"

ကိုယ့်အသက်သုံးဆယ်မှာ သူက လေးဆယ်၊ ကိုယ်ဘဝပျက်ခဲ့တဲ့ ဆယ့်ငါးနှစ်သားတုန်းက သူက နှစ်ဆယ့်ငါးနှစ်။ ကမ္ဘာပျက်အောင် လုပ်ခဲ့တဲ့ ဤမိန်းမကို ခုထိ ဘယ်လိုခေါ်ရမှန်း မသိသလို အတည်တကျ ခေါ်ဝေါ်သုံးစွဲတဲ့ အသုံးအနှုန်းလည်း မရှိခဲ့။ ဘယ်တော့မဆို ဟိုဝေ့ ဒီရှောင်ပြီး ပါးစပ်ထဲက ထွက်သလို ကမောက်ကမနာမ်စားမျိုး သုံးနှုန်းခေါ်ငင်မြဲ။

"ငါက ဘာဖြစ်နေလို့လဲ၊ မြေးလုပ်သူရော အဘွားလုပ်သူရော ငါ့ကို တတန်းတစားတည်းထား မဆက်ဆံတာကို ငါက ကျေနပ်ပီတိ ဖြစ်နေရမှာလား၊ ဟိုတလောကပဲ တကယ့် နိုင်ငံတော်အဆင့်ပွဲတစ်ခု တက်စရာရှိလို့ မင်းအဘွားကို ရတီကိုက် ကရောင်းကြိုး ငှားမိပါတယ် ငှားမိတဲ့ ကိုယ့်ပါးစပ်တောင် ကိုယ်ပိတ်ရိုက်ချင်တယ်၊ မငှားချင်လည်း မငှားဘူး ပြေပြေပြစ်ပြစ် ပြောပေါ့၊ ယောကျ်ားလုပ်သူက အဲသလောက်ဟာ ဝယ်ဆင်နိုင်သားနဲ့ အဆင်မခံရဘူးဆိုတော့ သမီး ဘာမှားနေလဲ ပြန်စဉ်းစားဦးတဲ့လေ၊ ဆင်လာအောင် ကြိုးစားတဲ့လေ"

"အဘွားကလေ ? အဲလိုပြောတာ ? ဟား ဟား… အဘွားကိုတော့ လေးစားပြီးရင်း လေးစားရင်းပဲဗျာ၊ အဲလောက်





ပြောမယ်တောင် မထင်ဘူး၊ အဘွားပြောတာ ဟုတ်သားပဲ၊ ခင်ဗျားယောကျ်ားက ခရိုနီပေါက်စပဲ၊ အဘွားမှာ ရှိသလောက်တော့ ဝယ်ပေးနိုင်ပါတယ်၊ ဝတ်ချင်ရင် ကိုယ့်ဟာကိုယ် ဝယ်ဝတ်ပေါ့ဗျာ၊ သိက္ခာကျခံ ငှားနေသေးတယ်"

"ဟဲ့… လေးညို့၊ အမြဲလည်း ဝတ်ရတာ မဟုတ်ဘဲ အဲလောက် ပိုက်ဆံပမာဏကြီး မြှုပ်မနေချင်လို့ပေါ့ဟဲ့၊ မင်းအဖေကလည်း ကပ်စေးနည်းကြီးပဲ၊ သူ့အလုပ်ထဲသာ သိန်းဘယ်နှထောင် ဘယ်နှသောင်း သုံးချင်တယ်၊ မိန်းမကို သိန်းထောင်ချီတဲ့ လက်ဝတ်ရတနာမျိုး ဝယ်ပေးရမှာကျတော့ ကော်တရာကျနေတာလေ"

"ဒီမှာ မိထွေး၊ ခင်ဗျားနဲ့ သူ့သားသမီးတွေကို ဒီလောက်ထိ မိုးပျံနေတဲ့ အဆင့်နဲ့ ထားပေးထားတာတောင် ခင်ဗျားမကျေနပ်သေးဘူးလား။ လောဘလည်း လျှော့ပေါ့ဗျာ၊ သေရင် ခင်ဗျားနောက် ပါမှာလည်း မဟုတ်"

"နင်ပဲသေလေ၊ ငါက သေဖို့အဝေးကြီး၊ နင်သာ အပေအတေ ဖျတ်ပလွတ်လို နေနေတာ ကိုယ့်အသက်ကိုယ်မွေး၊ ခုခေတ်က ဂျာနယ်ထဲပါမှ မဟုတ်ဘူး၊ အင်တာနက်ပေါ်အကုန်မြင်နေရတာ၊ ဖတ်လိုက်ရ ကြားလိုက်ရရင် ကောင်းတာလည်း မပါဘူး၊ အောင်မြင်နေတာကိုချည်း ယစ်မူးသာယာမနေနဲ့"

www.burmeseclassic.com



"အတူတူပဲ... ခင်ဗျားလည်း ဒက်ဒီလက်ရှိပေါင်းဖနီးဘဝမှာ ယစ်မူးသာယာမနေနဲ့ဦး၊ ဝဋ်ဆိုတာ လည်တတ်တယ်၊ သူ့မွေးနေ့တောင် ခုချိန်ထိ ပြန်မလာသေးတဲ့ ယောက်ျားကို ဂရုစိုက်ဦးဗျ၊ ခုချိန် ဘယ်သူနဲ့ ဘယ်ဒေးဒင်နာဆွဲနေပြီလဲ မသိဘူး ... အဟက်... အဟက်"

လေးညို့က ပြောပြီး ဖျတ်ခနဲ ထရပ်လိုက်ပါသည်။ မလှမ်းမကမ်းက မှန်ဇာခန်းဆီးသာ တစ်ခြမ်းသိမ်းထားသော စာသင်တဲ့ အခန်းဝဆီ၌ လှစ်ခနဲသော လူရိပ်လူယောင် မြင်လိုက်ရ၍ ဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိပါသည်။ အကြီးကောင် ဘိုဘို ဆယ့်ငါးနှစ်၊ အငယ်မ မီမီ ဆယ့်နှစ်နှစ် ဆိုတဲ့ သွေးတစ်ခြမ်းစပ်သော ညီ့ညီမလေးတွေကို အဆက်အဆံ ကျဲပေမယ့် ဘာအပြစ်မှ မရှိကြတဲ့ကလေးတွေမို့ သူ မမုန်းပါ။

"အတိတ်တွေထဲမှာ မူးနစ်လို့ xxx အရူးဖြစ်ခဲ့တဲ့ ဒီလူကို xxx စိတ်ပြေတဲ့အခါ သူ့အချစ်နဲ့ xxx"

"ဟယ်... စာသင်တာ ပြီးပြီထင်တယ်၊ ဒီသီချင်းက ဘယ်လိုက ဘယ်လို ဖွင့်ရပြန်တာလဲ၊ စာမကျက်လို့ ရှိသမျှ ဒဓိုက်စ်တွေ အကုန်သိမ်းထားတာကို ဘယ်ကရလဲ မသိဘူး ဒီကလေးတွေ"

လေးညို့က ဖျတ်ခနဲ ထွက်ပေါ်လာတဲ့ သူ့သီချင်းကြောင့် ပြုံးမိသွားပါသည်။ သူ့ရဲ့ညီတော်မောင်ကလေးက သူ့သီချင်း ကြိုက်သတဲ့လား။ ဒေါ်လင်းဝါဝါ စာသင်ခန်းဘက် ထ





လျှောက်သွားတော့ သူ ထွက်မလာသေးဘဲ ခဏ ရပ်နေမိပါသည်။ ကလေးတွေ ထွက်လာရင် တစ်ချက်လောက်တော့ နှုတ်ဆက်လိုက်ဖို့ပေါ့။

"တီချယ်ရေ... ပြီးပြီလား၊ ဘိုဘို့ကို ဖုန်းရော တက်ဘလက်တွေရော ရှိသမျှ ဒဓိုက်စ်တွေ သိမ်းထားတာ ဘယ်ကဟာနဲ့ ဖွင့်နေကြတာလဲလို့၊ အဲဒါ ဘယ်သူ့ဖုန်းလဲ၊ တီချယ့် ဖုန်းလား"

"တီချယ့်ဖုန်း မာမီ"

အခန်းထဲက အသံတွေ ကြားနေရပါသည်။

"မသိပါဘူး မာမီ • မသိအောင် ပြန်ယူထားလားလို့၊ ပြီးကြပြီလား၊ ခုလောက်ဆို ကားလည်း ရှေ့မှာ အဆင်သင့် ထိုးထားလောက်ပြီ၊ လာပါ တီချယ်"

"ဧည့်သည်ရောက်နေတာလား မာမီ"

"အင်း... ဘယ်သူလဲ ထွက်ကြည့်ကြည့်"

အခမ်းဝနား ရောက်လာသော ကလေးနှစ်ယောက်တာ လေးညို့ကိုမြင်လျှင် ပြူတစ်လုပ်ပြီး ဆက်ထွက်မလာပေ။ မရဲတရဲ ရှိန်ကုပ်သွားသလို ခြေလှမ်းတုံ့သွားကြ၍ သူက နှုတ်ခမ်းနှစ်ခုကို စေ့ရင်း ဘေးဆွဲကားလိုက်တဲ့ ပုံစံမျိုးနှင့် ပြုံးပြလိုက်ပါသည်။

"လာ... တီချယ် လာလေ၊ ခုလောက်ဆို တီချယ့်ပို့ဖို့ကား အိမ်ရှေ့မှာ အဆင်သင့် ရှိနေပါပြီ"

www.burmeseclassic.com



မိထွေးတော် အခန်းထဲက ပြန်ထွက်လာပြီး ခဏ အကြာမှာ အခန်းထဲက "တ်ချယ်"ဆိုတဲ့ အမျိုးသမီး ထွက်လာပါသည်။ သူမကို မြင်မြင်ချင်း လေးညို့နူတ်ခမ်းများ ပွင့်ဟအောင် အံ့အားတသင့် ဖြစ်သွားခဲ့ရသည်။

○



(၅)

လွှမ်းတသက်သည် အိတ်တွေတင်ထားတဲ့ မှန်ဗီရို ကို အဝတ်စတစ်ခုနှင့် သုတ်နေပါသည်။ မှန်တွေလက်လက်ထ, ပြောင်မနေလျှင် အလုပ်ရှင်က မကြိုက်ပါ။ ဗီရိုရှည်ရှည်မြင့်မြင့် လေးတွေရဲ့ အတွင်းတစ်ကန့်စီကို ဆလိုက်မီးတစ်ပွင့်စီနှင့် အလင်းပေးထားသဖြင့် မှန်ဗီရိုထဲက Branded အိတ်တွေဟာ ရှိရင်းစွဲအလှထက်ကို ပိုပြီးအရောင်ထွက် ပြောင်လက်သားနား ရှာသည်။

Us doller ဈေးနှုန်းထားနှင့် ကပ်ထားတဲ့ Price tag တွေကို အမှတ်တမဲ့ကြည့်ရင်း လွှမ်းတသက်က ရိပ်ရိပ်ကလေး ပြုံးမိပါသည်။ သိန်းပေါင်းများစွာတန်တဲ့ ဒီအိတ်တွေဟာ လှပ သားနားလွန်းပေမယ့်လည်း ဒီအိတ်တို့နှင့် နေ့စဉ်အမျှ ထိတွေ့ ကိုင်တွယ်နေရတဲ့ လွှမ်းတသက်သည် လိုချင်မက်မော တပ်မက် စိတ်တစ်ချက်ကလေး တစ်ကြိမ်ကလေးမှပင် မပေါ်ပေါက်ဘူးပေ။

www.burmeseclassic.com



မတတ်နိုင်လို့ စပျစ်သီးချဉ်တာ မဟုတ်ဘဲ အိတ်တစ်လုံးကို ဆယ့်ငါးသိန်း၊ သိန်းနှစ်ဆယ်၊ သိန်းသုံးလေးဆယ် ပေးဝယ်သူတွေဟာ ဦးနှောက်မှ ကောင်းရဲ့လားဟုလည်း လွမ်းတသက် တွေးပါသည်။ သူ့မှာသာ သိန်းနှစ်ဆယ် သုံးဆယ်ရှိလျှင် ငွေရင်းငွေနှီးလုပ်ပြီး ဆိုင်ကလေးတစ်ဆိုင်လောက် ဖွင့်မည်။ ဒါတော့ သိန်းနှစ်ဆယ်တောင် မရှိသူတစ်ယောက်ရဲ့ အတွေးပေါ့။ သိန်းနှစ်သောင်း သိန်းနှစ်သိန်းလောက် ရှိသွားလျှင်တော့လည်း တစ်မျိုးတွေးချင် တွေးကြမှာပေါ့။

သူ့ရဲ့ပိုင်ရှင်သူဌေး မမတင်သူဇာသည် သူ့အိတ်တွေကို လက်နှင့်ပွတ်မိ ထိမိလျှင်တောင် မကြိုက်ပေ။ လွမ်းတသက်တို့လို အရောင်းဝန်ထမ်းများသည် အိတ်တွေကိုင်ဖို့ နေရာချဖို့ ဝယ်သူကိုပြဖို့ လိုအပ်လာလျှင် အဝတ်လက်အိတ်ဖြူကလေးများ ဝတ်၍ ကိုင်တွယ်ရပါသည်။ ချွေးတို့ လက်ဆီတို့ ပေမှာစိုး၍ဟု သိရသည်။ ဈေးဝယ်သူတို့ လက်တွေကျတော့ ချွေးမရှိ လက်ဆီမရှိမို့လို့လား။

အိတ်တစ်လုံးကို ဝယ်ဝယ် မဝယ်ဝယ် ပယ်ပယ်နယ်နယ် ကိုင်တွယ်ပွတ်သပ်ကြတာပဲ။ ကိုင်မကြည့်ရဘဲရော ဘယ်သူက ဝယ်ပါ့မလဲ။ ဝယ်သူပြန်လျှင် ဝယ်ယူမသွားဘဲ ကိုင်တွယ်ပွတ်သပ်သွားသော အိတ်တို့ကို ဖလန်နယ်လို စက္ကူစတစ်မျိုးနှင့် ပြန်လည်ပွတ်သပ်ရသည်။ ထိုအခါမျိုးတွင် မမတင်သူဇာသည် မျက်နှာပုပ်လျက် နှုတ်က ပွစိတောက်တီးကာ မဝယ်ဘဲ



ထွက်သွားသော ဈေးဝယ်၏နောက်ကျောကို မျက်စောင်းအထပ်ထပ် ပစ်လွှတ်တတ်လေသည်။

ဗီရိုတွေကိုဖွင့်ကာ ပိတ်ကာ အရောင်တင်နေရင်း လွမ်းတသက်ရဲ့တံတောင်ဆစ်တစ်ဖက်က မှန်ကို ဒေါက်ခနဲမြည်အောင် တိုးတိုက်မိသွား၍ လွမ်းတသက်ကလန့်ပြီး မမတင်သူဇာကို လှစ်ခနဲ ကြည့်မိသည်။ ဈေးဝယ်သူမရှိလျှင် ထိုင်နေတာမျိုး အလကား မတ်တတ်ရပ်နေတာမျိုး မကြိုက်ပဲ တစ်ခုမဟုတ်တစ်ခုကို ပွတ်သပ်သုတ်သင် အလုပ်လုပ်နေမှ သဘောကျသော မမတင်သူဇာသည် သူ့ပစ္စည်းတစ်ခုခု ထိခိုက်မိမှာလည်း အင်မတန်စိုးရိမ်တွန့်တိုတတ်သူပင်။

"လွမ်းတသက်"

"ရှင်"

သူ့ကိုယ်သူ ဒီတစ်ပတ်ထဲမှာ လေယာဉ်နှင့်ပါလာတဲ့ အိတ်သစ်တွေ ထည့်ထားတဲ့ မှန်ဗီရိုရှိုးကေ့စ်တွေ နောက်ခံပြုကာ ဆယ်လ်ဖီရိုက်နေသည့် မမတင်သူဇာက လှမ်းခေါ်လိုက်၍ လွမ်းတသက်က ခပ်သွက်သွက် သွားလိုက်ပါသည်။

"ငါ့ဟာငါ ဆယ်လ်ဖီရိုက်ရတာ အဆင်မပြေဘူး၊ နင်ရိုက်ပေးစမ်းပါ"

"ဟုတ်"

တော်ပါသေးရဲ့။ ဆူမှာမဟုတ်လို့။ လွမ်းတသက်က မမတင်သူဇာထံမှ ဖုန်းကိုလှမ်းယူကာ ဆယ်ပုံလောက် ကျကျနန ရိုက်ပေးလိုက်ပါသည်။

www.burmeseclassic.com



"ပြီး... လုလားလို့"

တင်သူဇာက ဖုန်းကို လှမ်းယူကာ ပြန်ဖွင့်ကြည့်ပြီးလျှင်...

"နင်ကလည်း ငါ့ကို ဝအောင်ရိုက်ထားတယ်"

အင်း...။ ဝတဲ့လူကို ပိန်အောင် ဘယ်လိုရိုက်ပေးရပါ့မလဲ။ တင်သူဇာ့ မျက်နှာလေးက ဖောင်းကစ်ပြီး ကော်ပတ်ရုပ်လို လှလှကလေးပါ။ တကယ်တော့ ပိန်ပိန်ဝဝ ကိုယ့်အရှိအတိုင်းနှင့် ကြည့်ကောင်းနေဖို့သာ မဟုတ်လား။

"ရော့... ပြန်ရိုက်၊ မဝစေနဲ့"

အွန်။

လွမ်းတသက်က ဖုန်းပြန်ယူပြီး ဟိုရွှေ့ဒီရွှေ့နှင့် တင်သူဇာ့ခန္ဓာကိုယ် အနေအထား ကြည့်အကောင်းဆုံးဖြစ်မည့် ရှုထောင့်ကို ရှာဖွေရွေးချယ်ပြီးတော့မှ ထပ်ရိုက်ပေးလိုက်ပါသည်။ တင်သူဇာက ထပ်ယူကြည့်ရင်း...

"အင်း... ဒါကတော်သေးတယ်"

"ဟုတ်...၊ ရပြီလား မမ"

"အင်း...၊ နေဦး... နင့်ကို ပြောရဦးမယ် လွမ်းတသက်ရေ"

"ဟုတ်ကဲ့ မမ"

"ဘယ်လိုပြောရမလဲ၊ မပြည့်စုံတာလည်း မပြည့်စုံတာပေါ့၊ ပိုက်ဆံအပို မသုံးတာလည်း မသုံးတာပေါ့၊ ဒါပေမဲ့ နင်





လေ ဒီလို Branded ဆိုင်မှာလုပ်နေပြီး အဲဒီလောက် စုတ်ပြတ်သတ်ဖတ်နေတဲ့ အိတ်မျိုးကြီး လွယ်လွယ်လာတာကတော့ ရုပ်ပျက်လွန်းတယ်လေဟယ်၊ အသင့်အတင့် အသစ်တစ်လုံးလောက်တော့ ဝယ်ဦးပေါ့။ နင်လည်း ရသမျှလခ ပေးကမ်းထောက်ပံ့ရတဲ့သူလည်း မရှိဘဲနဲ့၊ တစ်ခါတလေ ကျ ချွေတာတာလိုလိုနဲ့ ကပ်စေးနည်းနေတာက လူတော သူတော မတိုးဘူးလေ...

နင်တစ်ယောက်တည်းမှ မဟုတ်တာ၊ ဇင်ဇင်တို့ သက်မာတို့လည်း အတူတူ အနူနူ မတိမ်းမယိမ်းတွေပါပဲ ဟာ၊ သူတို့ ယိုးဒယားအိတ်လောက်တော့ လွယ်ကြတယ်လေ၊ နည်းနည်းပါးပါး ကြည့်ပါဦး၊ ငါလည်း မဖြစ်စလောက် လခပေးထားတာ မဟုတ်ဘူး၊ နင့်အိတ်ကြီးက ဂုန်နီအိတ်လိုဟာကြီး ဖြစ်ရတဲ့အထဲ ဟောင်းမြည့်စုတ်ဖွာနေပြီလေ၊ ကျိုး(ကြေး)တောင် တင်နေပြီ၊ ဆိုင်ပါသိက္ခာကျတယ်ဟာ"

လွမ်းတသက်က ငူငူလေး ရပ်နေမိပါသည်။ မျက်ဖွှာလေးကိုချရင်း ပါးစပ်လေးပိတ်ကာ ငြိမ်နေသည်။ သူ့လိုပဲ အရောင်းဝန်ထမ်း ဇင်ဇင်တို့ သက်မာတို့ဆိုတာ မိစုံဖစုံ မိဘတွေက ထမင်းကျွေးထားတုန်း။ အလုပ်လုပ်ရမယ့် အရွယ်ရောက်လာတာရယ်၊ ကိုယ့်မုန့်ဖိုး ကိုယ်ရှာသုံးနိုင်ဖို့ရယ် အလုပ်လုပ်နေကြသူမျိုးပါ။ အဆောင်တူ သူငယ်ချင်း ပန်းနုပင်လျှင် နယ်က သူ့

www.burmeseclassic.com



မိဘတွေကို ထောက်ပံ့စရာမလိုသဖြင့် လွှမ်းတစ်သက်ထက် သုံးစွဲနိုင်ပေမယ့် လွှမ်းတစ်သက်ကို ညှာတာခင်မင်ကာ သူစားသလို လိုက်စား သူနေသလို ချွေချွေတာတာလေး လိုက်နေပေးရှာသည်။

လွှမ်းတသက်ကို တစ်ကိုယ်ရေ တစ်ကောင်ကြွက် ထင်ကာ ထောက်ပံ့ရသူမရှိဘူးလို့ မမ တင်သူဇာက ထင်ပေမယ့် သူ့မှာ ကိုကို ရှိပါသေးသည်။ ကိုကို့ကို ထောင်ဝင်စာတွေ့တိုင်း ကောင်းကောင်းကန်းကန်းလေးတွေ ဝယ်သွား ကျွေးချင်ပါသေးသည်။ ဒါတောင် လွှမ်းတသက် ညနေဘက် သုံးရက်မှာ အင်္ဂလိပ်ကျောင်းတက်တဲ့ ကလေးနှစ်ယောက်ကို မြန်မာစာသင်ပေးနေတာ မမတင်သူဇာ မသိသေးပေလို့။

ကိုကို့ဖို့ ဘာလေး ညာလေး ဝယ်ပေး ဝယ်ကျွေးကာ ပိုသမျှကို မသုံးရက် မစားရက် ကျစ်ကျစ်ပါစုသည်မှာ ကိုကို အပြင်ထွက်လာလျှင် အိမ်ခန်းလေး ပြန်ငှားနေနိုင်အောင်ပင်။ အစ်ကိုရှိမှန်းပင် သိမထားတဲ့ မမတင်သူဇာကိုတော့ ဒါတွေ အကျယ်ချဲ့ ပြောပြမနေချင်ပြန်ပါ။

"ဘာတွေ စဉ်းစားနေလဲ၊ ငါပြောတာ ကြားရဲ့လား"

"ဟုတ်ကဲ့"

"ငါလည်း မပြောချင်ပါဘူးဟယ်၊ ဒါပေမဲ့ နင်စဉ်းစားကြည့်လေ၊ ဒီမှာ အိတ်တွေက အမိကထားရောင်းတာ၊ ဒီဆိုင်ဝန်ထမ်းက ဒီလောက်ပဲ့တဲ့အိတ် လွယ်နေတာက ဆိုင်ရဲ့အင်းမေ့ချ်ကိုပါ အမှန်တကယ် ထိခိုက်စေတယ်ဟာ"





ဘာဆိုင်လို့ပါလဲ မမရယ်... လို့ စိတ်ထဲကပြောနေမိပေမယ့် အပြင်မှာတော့ ထုတ်မပြောရဲပါ။ သူ ဒီအိတ်လွယ်လာတာကို ဆိုင်ကို ဝင်ချိန်တစ်ချက် ပြန်ချိန်တစ်ချက် နှစ်ကြိမ်သာ မြင်ရနိုင်တာ မဟုတ်လား။ အဲဒါကိုကော ဘယ်သူကစောင့်ကြည့်နေလို့လဲ။ လွှမ်းတသက် ဘာအိတ်လွယ်ကာ လာတယ် ပြန်တယ် သိကြသူတွေဟာ မမနှင့် ဒီဆိုင်ဝန်ထမ်းတွေပဲမဟုတ်လား။ ဆိုင်ရောက်လျှင် လွှမ်းတသက်တို့ ပစ္စည်းတွေ အိတ်တွေ ထမင်းချိုင့်တွေ အားလုံးကို လော့ကာတစ်ခုထဲ ပိတ်သိမ်းထားလိုက်တာပဲ မဟုတ်လား။

"သိလား... အိတ်တစ်လုံး လဲကိုင်လိုက်တော့"

"........"

"ကြားလား ဆိုနေ၊ ဒီလောက်ကြီးလည်း ဈေးမကြီးပါဘူး၊ သောင်းဂဏန်းပေးရင် ရပါတယ်ဟဲ့"

"ဟုတ်"

"ငါကတော့ ဝန်ထမ်းတွေ သားသားနားနား တောက်တောက်ပြောင်ပြောင်လေး ရှိစေချင်လို့ ယူနီဖောင်းဆို အကောင်းစား အပျံစား ဆင်ထားတာ၊ တော်ရိလျော်ရိ မဟုတ်ဘူး၊ ကိုယ့်အရောင် ကိုယ်တင်မှရတာ... ကြားလား၊ ဒီရှော့ပင်မောလ်ကြီးထဲမှာတင် အိတ်ဆိုင်တွေမှ အများကြီး၊ အသင့်အတင့် အိတ်တစ်လုံးတော့ ဝယ်လိုက် နမြောမနေနဲ့၊ ဟိုမှာ ဝယ်သူဝင်လာပြီ သွားတော့"

www.burmeseclassic.com



လွမ်းတစ်သက်က ခေါင်းလေးညိတ်ကာ လှည့်ထွက်လာခဲ့ပါသည်။ ဝယ်စရာ ပိုက်ဆံမရှိဘူးလားဆိုတော့ ရှိတော့ရှိတာပေါ့။ ဒါပေမဲ့ အိတ်အသစ်အတွက်မှ ပိုက်ဆံမသုံးချင်တာ။ ကိုယ့်မှာက ဒီထက်ပိုက်ဆံသုံးထိုက်သည့် အခန်းကဏ္ဍတွေကရှိနေသေးတာလေ။ ဆိုင်ခန်းထဲကို ဝင်လာသည့် မိန်းကလေးတစ်စု လွယ်လာကြသည့် အိတ်တွေကို လွမ်းတသက် အမှတ်တမဲ့ကြည့်ရှုမိသည်။

Mk, Calvir Klein, Kate Spade ဈေးကြီး Branded အိတ်တွေချည်းပင်။ ဆိုင်က အိတ်တွေဆို ပိုတောင်ဈေးများသေး။ Guess, Vince Camuto, Burberry, Celine, Saint Laurent, Gucci, Dior, Mue Mue ... အို ... စုံလို့ပင်။ အင်း... ဘယ်လိုကြောင့်များ အိတ်တစ်လုံးအတွက် အဲသလောက် ငွေသုံးနေကြပါလိမ့်နော်။

○

လမ်းမီးရောင်အောက်မှာ ရွာနေတဲ့ မိုးစက်တွေဟာ နီကျင်ကျင် ဖြစ်နေသည်။ ကားတွေ ကားတွေဟာ သုံးစီးယှဉ်သွားလို့ရတဲ့ လမ်းမတစ်ခြမ်းမှာ ကျပ်ညပ်ကာ နေရာမရွေ့။ ဟိုဘက်တစ်ခြမ်းမှာရော။ ဟိုဘက်ခြမ်းလည်း ဘာထူးလဲ ပိုဆိုးသေး။ မြို့ထဲကနေ အပြန်ဘက်ခြမ်းဖြစ်၍ ပိုတောင်ကျပ်နေသလို





ပင်။ ရှေ့တစ်နေရာရာမှာ ကား ပျက်နေသလား၊ ယာဉ်တိုက်မှုပဲဖြစ်နေသလား။ ဒီလောက်ပိတ်ဆို့ကာ နေရာမရွေ့ပုံထောက်တော့ တစ်နေရာမှာတော့ Block ဖြစ်နေပြီ။

ကားတစ်စီးနှင့်တစ်စီးဟာ လမ်းပေါ်မှာတင် မိတ်ဆွေဖွဲ့ကာ လူရင်းလူချာတွေတောင် ဖြစ်သွားလောက်အောင် အချိန်ရသည်။ ဩော်... ရှေ့မှာ ရှော့ပင်စင်တာကြီးပဲ။ ဒီအချိန်ဟာ ဆိုင်ခန်းတွေပိတ်သိမ်း ဆိုင်ရှင်တွေ ဝန်ထမ်းတွေ ပြန်ချိန်။ ဈေးဝယ်လာသူတွေလည်း ပြန်မထွက်လို့မရ ပြန်ကြရမည့်အချိန်။ ရှော့ပင်စင်တာနှစ်ခု မျက်နှာချင်းဆိုင် တည်ရှိနေတဲ့ ဒီလိုနေရာမှာ ကားမပိတ် ဘယ်နေရာ ပိတ်တော့မလဲ။

ရှေ့နားကျ ဗိုလ်ချုပ်လမ်းပေါ် ဘယ်ဘက်ကွေ့၊ ရေကျော်ဘက်ထိ မောင်းသွားရမည့် လမ်းတစ်လျှောက်လည်း ကျပ်ဦးမှာပင်။ လေးညို့က သက်ပြင်းတစ်ချက်ကို စိတ်ပျက်ပျက်နှင့် မှုတ်ထုတ်လိုက်ရပါသည်။ သူ ဦးတည်နေသည့် တေးရေးဆရာရဲ့အိမ်ဟာ ရေကျော်မှာ ဖြစ်သည်။ လမ်းက ဆိုင်တစ်ဆိုင်ဆိုင်ဆီ ချိန်းမိရင် ပြီးရော။ သူက အဲသလို စကားစသေးပေမယ့် တေးရေးဆရာက အိမ်ကထွက်ချင်ပုံမရ။ ဟုတ်တော့လည်း ဟုတ်သည်။ ကားမရှိသူ တစ်ယောက်အဖို့ ဒီမိုးထဲမှာ လာရသွားရတော့ ခက်ပေမည်ပဲ။ ကားငှားနေရပြန်လျှင်လည်း ပိုက်ဆံကုန်ဦးမည်ဆိုတော့ သူ့အိမ်ကိုသာ လာစေချင်တာ အပြစ်မဆိုသာ။

“တူ တူ ... တူ”

www.burmeseclassic.com



ဖုန်းက အသံတိုးတိုးနှင့် တုန်ခါလာ၍ လေးညို့က ဖုန်းကိုကောက်ယူကာ ဖွင့်ကြည့်လိုက်သည်။ ဟိုကောင်တွေ။ ချိန်းကြဦးမှာ ထင်ပါရဲ့။ သွားလည်းမသွားအား သွားလည်းမသွားချင်၍ လေးညို့က ဖုန်းကိုနားမထောင်ပဲ ပစ်ထားလိုက်သည်။ ခေါ်ချိန်တစ်ကြိမ် ဆုံးသွားလျှင် နောက်တစ်ကြိမ် ဆက်၍မြည်လာပြန်သည်။ မကိုင်မချင်း ပြီးမည်မဟုတ်။

အဲဒီအပြင် လေးညို့သည် သူ့အပေါင်းအသင်းလေးတွေကို သံယောဇဉ်လည်း ကြီးပါသေးသည်။ ဘယ်လောက်စိတ်ပျက်ပျက် သစ်စိမ်းချိုးလည်း မဖြတ်ရက်ပြန်ပေ။ လေးညို့က ဖုန်းကိုဖွင့်နားထောင်လိုက်ရင်း…

"အေး… ပြော… ထွန်းတောက်… ငါ မအားဘူး"

"အစ်ကို… အစ်ကို…"

"ဘာလဲ… ချိန်းမလို့လား၊ ငါ တကယ်မအားဘူးကွာ၊ ဒီနေ့တော့၊ အခု ဒီမှာ ကားတွေလည်း ကျပ်နေတယ်၊ တစ်စင်းနဲ့တစ်စင်းက ကပ်နေလိုက်တာ၊ ကားတံခါးတောင် ဖွင့်မရဘူးကွာ၊ အာရုံများလို့ မရဘူး၊ နောက်မှဆက်တော့ကွာ… ဟုတ်လား"

"အစ်ကို"

ထွန်းတောက် အသံကြီးက တစ်မျိုးကြီး ဖြစ်လာသည်။ ကျယ်လောင်လောင် အက်ကွဲကွဲကြီး။

"ဟေ့ကောင် ဘာလဲ၊ မင်း ဘာဖြစ်နေတာလဲ၊ အစောကြီး မှန်နေပြီလား"





"အစ်ကို… ရဲယံ… ရဲယံ ဆုံးပြီ"

"ဘာ"

"ရဲယံလေ အစ်ကို… မရှိတော့ဘူးဗျ"

"ဟာ… ထွန်းတောက်… မင်း ဘာတွေပြောနေတာလဲ ဟေ့ကောင်လေး"

တစ်ဖက်က ပြန်မဖြေနိုင်တော့ဘဲ ငိုသံကြီးသာ ဟီးချ၍ ထွက်လာလေလျှင် လေးညို့သည် ရင်ထဲဟာပြီး မွှန်းမွှန်းကျပ်ကျပ် ခံစားလိုက်ရလျက် ဘယ်လိုဖြစ်သွားမှန်း မသိပေ။

"ဟာ… ဘာဖြစ်တာလဲကွာ၊ မင်း… ဟုတ်လို့လားကွာ၊ ညီလေးရာ၊ သေချာပြောစမ်း"

"ရဲယံ… ရဲယံ"

"ဘာဖြစ်လို့ ဆုံးတာလဲ"

"နှလုံးရပ်သွားတာ အစ်ကို၊ အိုဗာဒို့စ်ထင်တယ် အစ်ကိုရာ"

"ဟာကွာ"

လေးညို့ ရင်ထဲမောပြီး အမည်တပ်မရတဲ့ ခံစားမှုကြီးတစ်ခုက အလုံးလို ဆို့လာလေသည်။

"ခုနကပဲ အစ်ကို၊ နာရီဝက်လောက်ပဲ ရှိဦးမယ်၊ ဆေးရုံခေါ်သွားတယ်၊ ဆေးရုံက လက်မခံဘူး ဆုံးပြီဆိုလို့ ပြန်သယ်လာပြီ၊ အခု ကျွန်တော်ရော ဗိုလ်ဇော်ရော သူ့အိမ်ရောက်နေပြီ အစ်ကို၊ အစ်ကို… အစ်ကို လာခဲ့ပါလား ဗျာ"

www.burmeseclassic.com



"အေး... အေး... အေး... ငါလာခဲ့မယ်"

လေးညို့ ဖုန်းကိုပိတ်လိုက်ကာ ခေါင်းကိုတစ်ချက် မော့မှိလျက် စိတ်ကို ငြိမ်သက်အောင် ထိန်းရပါသည်။ မိုက်တွင်း နက်တဲ့ ချာတိတ်လေးတစ်ယောက်တော့ သွားရှာပြီ။

ကားတန်းက အနည်းငယ် လှုပ်ရှားလာ၍ လေးညို့ က လုံးဝစက်သတ်ထားသော သူ့ကားကို စက်ပြန်နှိုးလိုက်ပါ သည်။ သူ့ကားက အတွင်းဘက်ပိုင်း ရောက်နေ၍ မီးပွိုင့်ရောက် လျှင် မိုလ်ချုပ်လမ်းပေါ် ဘယ်ကွေ့မည့်သူမို့ ဘယ်ဘက်ကွေ့ လိုင်းပေါ် တက်လို့ရအောင် ကားခေါင်းကို ပြင်ဆင်ထားသည်။ ပြန်ရွေ့လျှင် မီးပြပြီး ဘယ်ဘက်တက်ယူမလို့ပင်။ ခုတော့ နဂို မူရင်း အတွင်းလိုင်းကပဲ ဆက်သွားကာ မီးပွိုင့်ကျ အောက်တည့် တည့် ဘုန်းကြီးလမ်းကနေ ဆင်းရတော့မည်။ ရဲယံရဲ့အိမ်က တရုတ်တန်းဘက်မှာပါ။

ကားတန်းရွေ့ပြီမို့ ကားတွေအားလုံးဟာ ကိုယ့်ဦး တည်ရာ လမ်းကြောင်းအတွက် ပြင်ဆင်ကြသည်။ ရှေ့ရောက်ပြီး ရော ရတဲ့လိုင်းကိုဝင်ကာ မောင်းနေကြတာမို့ ကားတန်းလည်း ရွေ့ရော ဘယ်ကကား ညာဝင်၊ ညာကကား ဘယ်ဝင်၊ ကိုယ် လိုချင်တဲ့လိုင်းရဖို့ ပွတ်ကာသီကာ လုကာယက်ကာ အတင်းလု တိုးကြသည်။ လူတိုင်းဟာ လမ်းပေါ်မှာ ကြာနေကြပြီမို့ ကိုယ် သွားမည့်နေရာအရပ်ကို ရောက်ချင်ဇောကြီးနေကြသူချည်းပင်။





လေးညို့က ယာဉ်ကြောအရွေ့အတိုင်း မျှောလိုက် လာရင်း ဖုန်းပြန်ကောက်ကိုင်ကာ တေးရေးဆရာဆီ ဖုန်းခေါ်လိုက် သည်။

"အစ်ကိုရေ... လေးညို့ပါ၊ ဟုတ်... စောင့်နေလား အစ်ကို၊ ကျွန်တော် နောက်ကျရင်ကျမယ်၊ ဒီည ရောက် ဖြစ်ချင်မှလည်း ရောက်တော့မယ်ဗျ၊ မဟုတ်ဘူး အစ်ကို၊ အရေးပေါ်ကိစ္စ ပေါ်လာလို့ပါ၊ ရဲယံ ဆုံးသွားတယ် အစ်ကိုရ၊ ဟုတ်တယ်၊ အဲဒီ ရဲယံပဲ၊ ဟုတ်တယ် အစ်ကို၊ သေချာတယ်၊ အခုပဲ ကျွန်တော့်ဆီ ဖုန်းဝင်လာလို့၊ ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ဖုန်းပြန်ဆက်မယ်နော်၊ ပြန် ပြောမယ်နော်"

ဖုန်းပြောရင်းက ကိုယ့်ဘက်လိုင်း လိုချင်၍ အတင်း ခေါင်းမျှောထိုးတဲ့ ကားကိုရော လူတွေကိုရော ရှောင်ရသည်။ လူ တွေဟာ ဖြည်းညင်းစွာ ရွေ့လျားနေတဲ့ ကားတန်းရဲ့ ကားတွေ အကြားမှပင် ကွေ့ပတ်ဖြတ်ကာ လမ်းကို ဖြတ်ကူးနေကြပါသည်။ ယာဉ်သွားရမယ့် လမ်းပေါ်မှာ လူတွေပါသွားနေကြတာ။ ရှုပ်ယှက် ထိုခတ်နေတဲ့အထဲ ဘေးကခေါင်းကျောနေတဲ့ ကားတစ်စီးက လေးညို့ရဲ့ကားရှေ့ သူ့ကားခေါင်းကို ပွတ်လျှောပြီး အတင်းထိုး တည်ဝင်လိုက်တာမို့ ဖုန်းတစ်ဖက်နှင့် လေးညို့ကားကို ညာဘက် ဆွဲကပ်ရှောင်ပေးလိုက်ရရင်း...

"ဒါပဲ အစ်ကို၊ နောက်မှ ပြန်ဆက်မယ်"

www.burmeseclassic.com



ဖုန်းကိုလည်းချ တောက်လည်းခေါက်၊ ခေါင်းအတင်း ထိုးဝင်တဲ့ကားကိုရှောင်ရင်း သူ့ကားက ညာဘက်နည်းနည်း ကပ်ပေးရတဲ့အခါ ရှေ့နားက ထီးတစ်ဖက်နှင့် လမ်းမပေါ်ရောက် နေတဲ့ လူတချို့ကို ပလက်ဖောင်းပေါ် တက်စေလိုခြင်းအလို့ငှာ ဟွန်းတစ်ချက် နှိပ်လိုက်ပါသည်။

"တီ"

ကားဟွန်းသံကြောင့် အလန့်တကြားနှင့် ဘေးတိုး ကပ်လိုက်သော ရှေ့နားကလူသည် ပလက်ဖောင်းစပ်မှာ အိုင်နေ တဲ့ ရေတောထဲ ကသုတ်ကရက် ရောက်သွားရင်းက ဟန်ချက် ပျက်ကာ ခြေချော်လဲကျသွားလေသည်။

"ကျွတ်... အရေးထဲ"

လေးညို့က ကားမှန်ကို အနည်းငယ်လျှောချ၍...

"ဆောရီး... ဆောရီး... ဘေးကပ်လျှောက်"

ရေစပ်စပ်ထဲ ချော်လဲကျသွားသူမှာ မိန်းကလေးဖြစ် နေပြီး ထိုမိန်းကလေးက ရေထဲက လူးလဲထကာ ကားကိုလှည့် အကြည့် လျှောချထားတဲ့ မှန်ချပ်တစ်ဖက်တစ်ချက်မှ သူတို့နှစ်ဦး ရဲ့မျက်ဝန်းအကြည့်တို့ ဒိန်းခနဲ တိုက်ဆိုင်ဆုံစည်းမိကြလေသည်။

"ကျွတ်... သေစမ်းကွာ"

လေးညို့သည် လွမ်းတသက်ကို ကြည့်ရင်း တီးတိုး ကျိတ်၍ ရေရွတ်မိသည်။ သူနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဆိုတာ ဒါပေါ့။ အောက်ပိုင်း ရေစိုရွှဲသွားသော လွမ်းတသက်က လေးညို့ ကိုမြင်လျှင် ဒေါသမျက်ဝန်းလေးတွေ စူးစူးရဲသွားရကာ...





"ရှင်... ရှင် ရမ်းကားပြန်ပြီလား"

"အာ... မင်းကလည်း လမ်းမပေါ် ဆင်းလျှောက်နေတာ လေ"

"လူတိုင်း လျှောက်နေတာပဲဟာ၊ ခဏစောင့်ပေါ့ ရေလွတ် ရင် ပလက်ဖောင်းပေါ် တက်မှာပေါ့၊ ဟွန်းကို အကျယ်ကြီး တီးစရာလား၊ ရှင့်အိမ်က ထွက်ပြေးမှာမို့လို့လား"

"ဟွန်းက တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး တီးလို့တော့ မရဘူးလေ"

"ဘာလို့ မရရမှာလဲ အသာအယာတီးလို့ ရတာပဲဟာ၊ အတင်းဖိနှိပ်ပြီး တီးစရာလား"

"ကိုယ်လည်း ဖုန်းတစ်ဖက်နဲ့ ဘယ်လောက်ဖိနှိပ်လိုက်မိ မှန်း"

"ဩော်... ကားဒီလောက် ရှုပ်နေတာ ကားမောင်းရင်း ဖုန်းပြောလာသေးတယ်... ဟုတ်လား"

ကားတန်းဟာ ခုနခဏရွေ့ပြီး ပြန်ငြိမ်နေပြန်သဖြင့် သူတို့နှစ်ယောက် ခွန်းတုံ့ရန်ဖြစ်နိုင်ဖို့ အခြေအနေကို ဖန်တီးပေး ထားသကဲ့သို့ ဖြစ်နေသည်။

"ဒီမှာ ကျွန်မတစ်ကိုယ်လုံး ရွှဲနစ်ကုန်ပြီ မြင်လား၊ လမ်း လျှောက်ဖို့တောင် မလွယ်ဘူး၊ ကား ဘယ်လိုတိုးစီးရမလဲ ပြော"

"အင်း... အဲဒါ..."

www.burmeseclassic.com



"ရှင်ဟာလေ အစာအနာတရားကို ကင်းမဲ့လွန်းတယ်၊ လမ်းပေါ်ကလူတွေကို အမြဲမထေမဲ့မြင် နိုင်လွန်းတယ်"

"အဲဒီလိုတော့ မဟုတ်ရပါဘူးကွာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ ရှင် မထေမဲ့မြင်လုပ်တိုင်းလည်း ခံရတဲ့သူက ကျွန်မချည်း ဘာဖြစ်လို့ ဖြစ်နေတာလဲ၊ ရှင် တမင် လိုက်လုပ်နေတာလား"

"အာ… မင်းမှန်းတောင် မသိဘူး၊ ယောကျ်ားလား မိန်းမလားတောင် မသတိမပြုမိတာ၊ ထီးတွေကွယ်နေတဲ့ဟာ၊ ကဲ… ကဲ… လာ… လာ… လာ… ကားပေါ်တက်လိုက်၊ မင်းကို ရေ့နား ကားရှင်းတဲ့ တစ်နေရာရာထိ ပို့ပေးပြီး အဲဒီကနေ ကားငှားပေးလိုက်ပါ့မယ်၊ လာပါ… တက်ပါ၊ မင်းတစ်ကိုယ်လုံးလည်း တကယ်ရွှဲနစ်နေတာ ကြည့်မကောင်းပါဘူး"

လွှမ်းတသက်သည် လေးညို့ကို မျက်တောင့်နှင့် ခပ်ပေပေ စိုက်ကာရပ်ကြည့်နေရာမှ ဆုံးဖြတ်လိုက်သလို သူမနှင့်နီးသော နောက်ခန်းတံခါးကို ဆွဲဖွင့်၍ ကားပေါ်တက်ထိုင်လိုက်ပါသည်။ လေးညို့က ကားတွင်းမီးကို ဖွင့်လိုက်ပြီး နောက်ကို ခပ်စောင်းစောင်းကြည့်ကာ…

"ဆောရီးပါ၊ တကယ် တောင်းပန်တယ်၊ ကိုယ်လည်း အရေးပေါ်ကိစ္စ ကြုံနေရလို့ပါကွာ"

"ရှင့်အရေးပေါ်ကိစ္စက ဟွန်းကို အဲသလို ကမ္ဘာပျက်သလို တီးလိုက်ရင် ပြေလည်သွားမှာမို့လို့လား"





"ဆောရီးပါဆိုကွာ၊ စိတ်တောင် မရှည်တော့ဘူး၊ စွတ်ရန်တွေ့နေတာပဲ"

"တွေ့ရမယ်လေ၊ ဒီမှာ ဝတ်စုံရွှဲနစ်သွားတာ မြင်လား၊ ဒါ နက်ဖြန်တစ်ရက် ပြန်ဝတ်ရမှာ၊ အိမ်ကတစ်စုံက လျှော်ထားတာ မခြောက်သေးဘူး၊ အခု ဒီပုံနဲ့ ဒီအဝတ် မနက် ဘယ်လိုခြောက်မလဲ၊ မီးပူတိုက်ဖို့ရာကလည်း အိမ်ကျမီးက လာနေဦးမှ"

"အေးပါကွာ"

"ရှင့်ကားပေါ် ကျွန်မတက်လာတာ တမင်တက်တာ သိရဲ့လား"

"အင်…"

"ရှင့်ကားထဲက ထိုင်ခုံတွေ ကျွန်မ ရွှဲစိုညစ်ပတ်သလို ပြန်ပြီး ရွှဲစိုညစ်ပတ်ပါစေဆိုပြီး တက်လာတာ၊ ခုတော့ ရည်ရွယ်ချက် မအောင်မြင်ဘူး၊ ရှင့်ကားကူရှင်တွေက လည်သာကူရှင်တွေကိုး၊ အဝတ်နဲ့ သုတ်လိုက်ရင် ပြီးနေပြီ… ဟွန်း"

"ဟာ… ဒါတော့ မင်း စိတ်သက်သက် ပုပ်တာလေ၊ မင်းစိတ်ပုပ်လည်း ဘုရားက မနေဘူး တွေ့လား၊ ကိုယ့်မှာ အပြစ်မရှိတော့ ဘုရားက မင်းစိတ်ပုပ်ကို အထမြောက်အောင် မကူညီပေးဘူး… အဟက် ဟက်"

"ဟောဒီမှာ မြင်လား ကျွန်မအိတ်၊ အစကတည်းက စုတ်နေပါတယ်ဆိုမှ ခုတော့ ရစရာတောင် မရှိဘူး၊ ဗွက်တွေ

www.burmeseclassic.com



ရွှံ့တွေရော အမှိုက်ဖတ်တွေပါ ပေတလူးပွပြီး လုံးဝကို စုတ်ပြတ်သတ်သွားပြီ၊ ပြန်ခြောက်ဦး အပေအစွန်းတွေက ဘယ်လိုမှ အလွယ်ပျောက်မှာ မဟုတ်ဘူး၊ တကယ် သေချင်တယ်၊ မနက်ကို ဘယ်လို အလုပ်ဆင်းရမယ်တောင် စဉ်းစားမရဘူး"

"ကျွတ်... မင်းကလည်းကွာ၊ မင်းအိတ်ပျက်စီးရုံလောက်နဲ့တော့ မသေချင်ပါနဲ့၊ ငါ ပြန်လျော်ပေးပါ့မယ်၊ ဝတ်စုံရော အိတ်ရော"

"ဒါ ယူနီဖောင်းလေ၊ အော်ဒါအပ် ချုပ်ထားတာ၊ ရှင်က ဘယ်ကဝယ်ပြီး လျော်ပေးမှာလဲ"

"အား... အဲဒါတော့...၊ ဒါဆိုလည်း အိတ်ပဲ လျော်ပေးပါ့မယ်"

လွမ်းတသက်က လှည့်ကာ လှည့်ကာ စကားပြောနေတဲ့ လေးညို့ကို စူးစူးရဲရဲ ပြန်ကြည့်နေရာက တစ်ခဏ တွေဝေငြိမ်သက်သွားကာ...

"ရှင် တကယ်ပြောနေတာလား"

"ဘာကိုလဲ"

"အိတ်လျော်ပေးမယ်ဆိုတာ"

"ဩော်... တကယ်လျော်ပေးပါ့မယ်ဆိုကွာ"

"ဒါဆို နက်ဖြန် ဆက်ဆက်လျော်ပေး"





"ဟင်...၊ အင်း... အင်း... ဆက်ဆက်လျော်ပေးမယ်"

"ရှင်ကတိပေးတာ လွယ်လှချည်လား၊ ရှင် မိန်းကလေးကိုင်တဲ့အိတ်တွေကို ဘယ်နေရာမှာ သွားဝယ်ရမယ်တောင် သေချာသိလို့လား"

"ဝယ်စရာကို မလိုတာ၊ အိမ်မှာ အဆင်သင့်ရှိတယ်"

"ရှင် အပိုတွေ ပြောပြန်ပြီ"

"ရော... ခက်တာပဲ မင်းနဲ့တော့၊ ရှိတယ်ဆို ရှိလို့ပေါ့"

"ဘယ်လိုလုပ် ရှိတာလဲ"

"ကျွတ်... လွန်ခဲ့တဲ့ သုံးလလောက်က ငါ အမေရိကကို 'မြူးဇစ်တိုး'သွားထားတာ၊ အဲဒီကအပြန် ရည်းစားဖို့အိတ်တစ်လုံး ဝယ်လာတာ၊ ပြန်ရောက်တော့ ရည်းစားက တခြားတစ်ယောက်နဲ့ အိမ်နေပြီးတော့ ငါ့ကို နေရင်းထိုင်ရင်း ပြဿနာတွေရှာ ဖြတ်သွားတယ်၊ အဲဒီတော့ ဒီအိတ်ကို ပေးလိုက်ရတဲ့ဆီ မရောက်လိုက်ဘူး၊ အိမ်မှာ အပိုကြီး ရှိနေတယ် ဒါ အမှန်တွေ ပြောနေတာ ဘုရားစူး၊ မိုးကြိုးပစ်"

"ဒါဆို ပြီးရော၊ နက်ဖြန် လာပေးပါ"

"ခင်ဗျာ... ကောင်းလှပါပြီ၊ ဘယ်ကိုလာပေးရမှာလဲ အမိန့်ရှိပါဦး"

"ဒီစင်တာရှေ့ လာခဲ့ပါ"

"လာခဲ့မယ်၊ မင်းဖုန်းပေးထား၊ ရောက်ရင် ဖုန်းဆက်လိုက်မယ်"

www.burmeseclassic.com



"မေးစရာ မလိုဘူး၊ ရှင့်ဖုန်း ကျွန်မသိတယ်၊ ရောက်ပြီလားဆိုတာ လိုအပ်ရင် ကျွန်မပဲ ဆက်မယ်၊ ရှင်ဆက်ဖို့ မလိုဘူး"

လေးညို့က လွမ်းတစ်သက်ကို နောက်ကြည့်မှန်မှတစ်ဆင့် ဘုကြည့်ကြည့်မိပါသည်။

○

ဒီလမ်းကျယ်လေးထိပ်ကို လေးညို့ ရောက်လာနိုင်တာကတော့ နေစိုးကြောင့် ဖြစ်ပါသည်။ နေစိုးက ဟိုးတလောအမှုဖြစ်စဉ်က ဂျာနယ်ထဲမှာပါလာတဲ့ လွမ်းတသက်ရဲ့အဆောင်တည်ရှိရာ လမ်းအမည် အဆောင်အမည်တို့ကို သူသိမ်းထားခဲ့တဲ့ဂျာနယ်ပြန်ထုတ်ယူလာကာ ပေးသည်။

"ရှော့ပင်းမောလ်တွေ ဖွင့်ချိန်က ကိုးနာရီလေ၊ အဲဒီကောင်မလေး သူ့ဆိုင်ကို အမီဝင်ဖို့ ရှော့ပင်းမောလ်ရှေ့ကို ရှစ်နာရီလေးဆယ့်ငါးလောက်တော့ အရောက်သွားလိမ့်မယ်၊ ဒါဆို သူ့အဆောင်ကနေ ရှစ်နာရီပတ်ချာလည်လောက်ထွက်မှာပဲ၊ မင်း အဲဒီလမ်းထဲက သူ့အဆောင်ဆီ ခုနစ်နာရီခွဲလောက် ရောက်အောင် သွားနိုင်ရင်တော့ သူမထွက်ခင်လေး အုပ်မိမှာပဲ၊ စောစောသွားလိုက်တာ ကောင်းတယ်လေ၊ နေ့လယ်မှာ မင်းရန်ပုံငွေ ရှိုးပွဲအတွက် သီချင်း





တစ်ချက်တော့ သွားတိုက်ရည်ရိုရဦးမယ်။ အလုပ်ရှိတယ်၊ နေ့လယ် သူ့ဆီသွားဖို့ မဖြစ်နိုင်ဘူး၊ မအားဘူး"

"ခဏတဖြုတ် ထွက်ပေးလို့သော့ ဖြစ်မှာပါကွာ"

"အဆင်ပြေချင်မှ ပြေမှာလေ၊ သူက ဘယ်အချိန်လာနိုင်မယ်မသိဘဲနဲ့၊ ဒါမှမဟုတ်လည်း မင်းမသွားပါနဲ့၊ နေ့လယ်ငါပဲထွက်ပေးလိုက်ရင် ရတယ်မဟုတ်လား၊ အရေးကြီးတာက သူ့လက်ထဲ မနက်ဖြန် ဒီအိတ် စကားတည်တည်နဲ့ ရောက်ချင်တာ အဓိကမဟုတ်လား"

ညက နေစိုးနှင့်သူ ပြောဖြစ်ကြတာဖြစ်သည်။ နေစိုးပြောသလိုလုပ်လည်း ဖြစ်နိုင်ပေမယ့် ဘာကြောင့်မှန်းမသိ နေစိုးနှင့်ပဲ လွှတ်မပေးလိုက်ချင်သလို စိတ်ထဲဖြစ်မိသည်။ သူ့အပေါ် အလကားနေရင်း ဘဝင်မြင့် အောက်ခြေလွတ်ရမ်းကား ထင်တိုင်းကြီးနေသူလို့ ယူဆနေတဲ့ အဲဒီကောင်မလေးကို လူကြီးလူကောင်းလူယဉ်ကျေး မာနမရှိသူ တစ်ယောက်ပါဟု သက်သေပြချင်နေတာမျိုး ဖြစ်ပါလိမ့်မည်။

အဲဒါကြောင့်လည်း အရေးတကြီး အလုပ်ကိစ္စခရီးသွားဖို့ကိစ္စမျိုးတွေ မရှိဘဲ စောစောစီးစီး အိပ်ရာက မထတတ်တဲ့ လေးညို့ဟာ ဒီနေ့မနက် ခြောက်နာရီခွဲလောက် အိပ်ရာကထခဲ့ရပါသည်။ နေစိုးက အိမ်ကို ခုနစ်နာရီလောက် ရောက်လာတာမို့ နှစ်ယောက်သား ဒီကိုထွက်လာခဲ့ကြရာ အချိန်စောသေး၍ ကားလမ်းသိပ်မကျပ်လှပဲ ခုနစ်နာရီ မိနစ်လေးဆယ်လောက်မှာ သူတို့ ဒီလမ်းထိပ်ကို ရောက်လာခဲ့တာ ဖြစ်ပါသည်။

www.burmeseclassic.com



တကယ်တော့ လမ်းထဲဝင်ကာ အဆောင်ထိသွားဖို့ပင်။ သို့ပေမဲ့ သူတို့ကား လမ်းထဲမချိုးကွေ့မီမှာပင် လမ်းထိပ်နား၌ သူမကို ဘွားခနဲ တွေ့လိုက်ရ၍ ကားကို ဘေးကပ်ကာ ယာယီ ထိုးလိုက်ရင်း…

“ဟိုမှာ… ဟိုမှာကွ”

နေစိုးက လေးညို့ ညွှန်ပြရာသို့ကြည့်ရင်း…

“အေး… အစောကြီး ထွက်ကြတာပဲ၊ ဩော်… ဘရိတ်ဖတ်စ် စားမလို့ထင်တယ်၊ အဲဒါ အကြော်ရောင်းတဲ့ဆိုင် မဟုတ်လား”

လမ်းရဲ့အတွင်းဘက်မှာ အဆောက်အအုံတစ်ခုရဲ့ ဘေးနံရံဆီကပ်ပြီး ခင်းထားတဲ့ ခနော်ခနဲ့ စားပွဲငယ်ကလေးပေါ်တွင် ဘူးသီးကြော်၊ ပဲကပ်ကြော်၊ ဗယာကြော်၊ ကြက်သွန်ကြော်၊ ကော်ပြန့်ကြော် စသဖြင့် အကြော်လေးတွေ စုံစုံလင်လင် ခင်းကျင်းထားပါသည်။

လွမ်းတသက်ရဲ့ဘေးမှာ နောက်ထပ် ကောင်မလေး တစ်ယောက်လည်း အတူပါသေးသည်။ နှစ်ယောက်လုံးက အကြော်ဆိုင်ရှေ့ရပ်ကာ ရှေ့ကဝယ်သူတွေကို အလှည့်စောင့်နေကြသည်။ လွမ်းတသက် ပခုံးပေါ်၌ မနေ့က သူမ လွယ်ထားသော အဝတ်အိတ်ဆန်ဆန် ပုံပန်းမကျ အိတ်ကြီးပါမလာတော့ပါ။ လက်ထဲမှာသာ ဆိုင်တွေက ဝယ်တဲ့ပစ္စည်းထည့်ပေးတတ်သည့် ကြိုးနှစ်ကိုင်းတပ် စက္ကူကုတ်ထူအိတ် မာမာတောင့်တောင့် အနီရောင်





တစ်လုံးကို ကိုင်ဆွဲထားသည်။ ကြည့်ရတာ ယူနေကျ သယ်နေကျ ပစ္စည်းတွေကို အဲဒီကြိုးကိုင်းတပ် အိတ်မှာထဲပဲ ထည့်သယ်လာတယ် ထင်ပါသည်။

ထင်တဲ့အတိုင်း လွမ်းတသက်က အိတ်ထဲမှစတီး နှစ်ဆင့်ချိုင့်လေးတစ်လုံးကို ထုတ်လိုက်ပါသည်။ နောက်ခန်းက ဖိုက်ဆံအိတ် ထည့်ထားသော အဝတ်အိတ်ကြီးကို လွမ်းဆွဲဖို့ ကိုယ်တစောင်းပြင်နေသော လေးညို့က ထမင်းချိုင့်ထုတ်လိုက်တဲ့ လွမ်းတသက်ကို အံ့သြပြီး အိတ်လှမ်းမယူနိုင်သေးဘဲ လှမ်းကြည့်နေမိသည်။

လွမ်းတသက်ရော သူ့အဖော် ကောင်မလေးရော နှစ်ယောက်လုံးဟာ စတီးနှစ်ဆင့်ချိုင့်လေးတွေ ကိုယ်စီကို ဆိုင်ခုံပေါ်တင်ကာ ဖွင့်လိုက်ကြရင်း ဆိုင်ပေါ်က အကြော်စုံလေးတွေကို ရွေးချယ်နေကြသည်။ သူတို့ ထမင်းချိုင့်ရဲ့အပေါ်အံတစ်ဆင့်ဟာ အထဲမှာ ဘာမှမပါတဲ့ ချိုင့်အံအလွတ်တွေ။ နောက်ဆုံးတော့ လွမ်းတသက်က သူမရဲ့ချိုင့်အပေါ်အံထဲကို ကြက်သွန်ကြော်တစ်ခု ဘူးသီးကြော်ချောင်းနှစ်ခု ကောက်ယူထည့် ဆန်ခါခုံးတစ်ခုထဲက အသင့်ထုပ်ထားတဲ့ အနီရောင် အချဉ်ရည် ပလတ်စတစ်ထုပ်ကလေးတစ်ထုပ် လမ်းယူထည့်ကာ ချိုင့်ဖုံးပြန်ပိတ် ချိုင့်ပြန်ဆင့်လိုက်ပါသည်။

လေးညို့သာမက နေစိုးပါ ဘာမှမပြောနိုင်ဘဲ မြင်ကွင်းကိုသာ ငေးငေးကြီး လှမ်းကြည့်နေမိကြချိန်မှာ လွမ်းတစ်

www.burmeseclassic.com



သက်ကတော့ သူ့အဖော်ကောင်မလေးနှင့်အတူ လမ်းထိပ်မှ ညာဘက်ချိုးကာ ဘတ်စ်ကားဂိတ်ရှိရာသို့ ပေါ့ပေါ့ပါးပါး လျှောက်သွားခဲ့ကြပြီ။

"ဟိုမှာ သွားကြပြီ လေးညို့၊ မင်းပေးမှာဖြင့် လိုက်ပေးလေ"

လေးညို့က နေစိုးကိုလည်း စကားမပြန်နိုင်။ နောက်ခန်းက အိတ်ကိုလည်း မယူမိ။ ကားတံခါးကိုဖွင့်ကာ အကြော်ဆိုင်ဆီ ဆင်းသွားမိပါသည်။ အကြော်ဆိုင်ရှင် အကြော်သည်သားအမိရော ဝယ်နေတဲ့သူတွေပါ လေးညို့ကို မြင်လျှင် "ဟင်" "ဟယ်"နှင့် အံ့သြသြ ပြုံးစိစိလေးတွေ ဖြစ်ကုန်ကြကာ ကွက်ကြည့် ကွက်ကြည့်။

လေးညို့သည် ယောင်တောင်တောင်နှင့်ပင် ကြက်သွန်ကြော်ကို လက်ညှိုးညွှန်မိကာ...

"ဒါ ဘယ်လောက်လဲဗျ"

"တစ်ရာပါ ကိုလေးညို့၊ တစ်ရာတည်းပါ"

အဒေါ်ကြီးက ပြုံးပြုံးကြီး ဖြေသည်။ လေးညို့က ဘူးသီးကြော်ချောင်းများကို ညွှန်ပြမိပြန်ကာ...

"ဒါရောဗျ"

"ဘူးသီးကြော်က တစ်ချောင်း ငါးဆယ်ပါ သား၊ ဘာစားမလဲ၊ ပူတာလေး ရွေးပေးမယ် ဒါက မန္တလေးပဲကြော်၊ ဒါလေးလည်း စားကောင်းတယ်၊ ဒါက အာလူးကို ကြော်ထားတာ၊ ဒါက တို့ဟူးလေးတွေလေ အစုံထည့်ပေးရမလား၊ ဘာစားချင်လဲ"

"ဟုတ်... ဟုတ်ကဲ့... အစုံထည့်လိုက်ပါ၊ တစ်ထောင်ဖိုးလောက်"

ယောင်ယောင်ဝါးဝါး ပြောမိရင်း ပိုက်ဆံတစ်ထောင်ထုတ်ပေးကာ အကြော်စုံပါသည့် ကြွပ်ကြွပ်အိတ်လေးဆွဲပြီး ကားဆီပြန်ရောက်လာသည့် လေးညို့ကို နေစိုးက ကြည့်နေသည်။ လေးညို့က အကြော်ထုပ်ကို ထိုင်ခုံနှစ်ခုကြား နေရာမှာ အသာအယာ ချထားလိုက်ရင်း...

"သူ ထမင်းချိုင့်ထဲ ထည့်သွားတာ အကြော်နှစ်ရာဖိုးတည်းကွ"

နေစိုးက ဘာပြန်ပြောရမှန်း မသိ၍ ငြိမ်နေလိုက်ပါသည်။ လေးညို့မျက်နှာဟာ ဇဝေဇဝါ အံ့အားတသင့်နှင့် ယောင်ဝါးဝါး ဖြစ်နေသည်။ ရွှေလင်ပန်းနှင့် အချင်းဆေးကာ ရွှေနန်းကိုက် မွေးလာသော လေးညို့လို လူအဖို့တမင်းတစ်နပ်ဆို အကြော်နှစ်ရာဖိုးနှင့် ပြီးစီးမည့်ကိစ္စမျိုးကို ကြားဖူးလျှင်တောင်မှ မြင်ဖူးတာတော့ ဤတစ်ကြိမ် ပထမဆုံးသာ ဖြစ်ပေမည်။

"ဒီလိုတွေလည်း ရှိတာပေါ့ကွာ လေးညို့ရာ"

"သူ... တော်တော်... တော်တော် မပြေလည်ရှာတာနေမှာနော်"

"အေးပေါ့ကွာ၊ အဆောင်မှာနေပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် ရုန်းကန်နေရတာ ဖြစ်မှာပေါ့"

www.burmeseclassic.com



"အဆောင်မှာ နေတာဆိုတော့ ရန်ကုန်မှာ နေစရာအိမ်မရှိလို့ပေါ့၊ မိဘတွေများ မရှိတော့လို့လား"

"မိဘမရှိတာ ဖြစ်ရင်ဖြစ် မိဘတွေ မိသားစုတွေက နယ်မှာနေတာ ဖြစ်ရင်ဖြစ်မှာပေါ့ လေးညို့ရာ လောကကြီးမှာ ဒီလိုတွေ ရှိတတ်ပါတယ်၊ ဒီလိုပဲ ရုန်းကန်ကြရတာပေါ့ကွာ"

ငယ်သူငယ်ချင်းမို့ လေးညို့ စိတ်နှလုံးအကြောင်း နေစိုး သိပါသည်။ ခုဆို လေးညို့ အတော်ပင် စိတ်မကောင်းဖြစ်သွားပြီဆိုတာ သိသည်။

"ကဲ... သူတို့လည်း ကားဂိတ်မှာတောင် မရှိတော့ဘူး၊ ဘယ်လိုလုပ်မလဲ လေးညို၊ ရွှေပင်းမောလ်ကို လိုက်မလား"

"မလိုက်တော့ဘူး နေစိုး၊ သူ ဖုန်းဆက်တာကိုပဲ စောင့်တော့မယ်၊ သူ အဆင်ပြေတဲ့အချိန် လာဖို့ခေါ်မှပဲ သွားပေးလိုက်ပါ့မယ်၊ သူက မနေ့က အဲသလိုပဲ ပြောသွားတာ၊ သူပြောသလိုပဲ လုပ်လိုက်မယ်၊ ငါ အခုလိုက်သွားပေးရင် သူ့အတွက် အဆင်မပြေတာမျိုး ဘာမျိုး တစ်ခုခုရှိသွားမှာစိုးလို့"

အဲဒီနေ့က လေးညို့သည် သီချင်းတိုက်နေရင်းလည်း နာရီတကြည့်ကြည့်။ သီချင်းတိုက်တဲ့ကိစ္စပြီးတော့ သူတို့ အသုဘအိမ်ကို ဆက်သွားကြသည်။ အဲဒီမှာလည်း နာရီတကြည့်ကြည့်နှင့် စိတ်က လွမ်းတသက်ထံမှ ဆက်သွယ်လာမည့်ဖုန်းကိုစောင့်





မျှော်နေမှန်း သိသာလှပါသည်။ လာသမျှ ဖုန်းမကိုင်တတ်တဲ့ လေးညို့ဟာ ခုတော့ မြည်လာသမျှကို ဖွင့်ကာထူးနေသည်။

လေးညို့မျှော်နေတဲ့ဖုန်းက နေ့လယ်ဆယ့်တစ်နာရီ လေးဆယ့်ငါးလောက်မှာ ဝင်လာခဲ့ပါသည်။

"ဟယ်လို"

"ကျွန်မ ထမင်းစားဖို့ နာရီဝက်ပဲ အချိန်ရတယ်၊ အဲဒီအချိန်အတွင်း ရှင် ဒီရွှေပင်းမောလ်ရှေ့ ရောက်လာနိုင်မလား"

စကားချီးမပါ လိုရင်းတုံးတိတန်းပြောလိုက်တဲ့ လွမ်းတသက်ရဲ့ ခပ်ထောင့်ထောင့် စကားကို လေးညို့က သတိမမူနိုင်ဝဲ...

"ရတယ်... ကိုယ်လာခဲ့ပါ့မယ်"

"နာရီဝက်အတွင်း တကယ်ရောက်နိုင်တာလား၊ မရောက်နိုင်ရင်တော့ ညနေ ဆိုင်ပိတ်ချိန်မှ လာတော့"

"ရောက်နိုင်ပါတယ်၊ အခုလာပြီ"

စကားဆုံး ဖုန်းပိတ် ချက်ချင်းထရပ်လိုက်တဲ့ လေးညို့ကြောင့် နေစိုးကလည်း ထရပ်သည်။

"မင်းနေခဲ့ လိုက်တော့လေ၊ ငါ ခုပဲ ပြန်လာမှာ၊ ဒီနဲ့နီးနီးလေးပဲ"

"ငါက ဘာထိုင်လုပ်နေရမှာလဲ၊ မင်းနဲ့ပဲ လိုက်ခဲ့မှာပေါ့၊ မင်း ဒီကိုပြန်လာမယ်ဆိုလည်း တူတူပြန်ပါလာမယ်လေ"

www.burmeseclassic.com



နေစိုးက လေးညို့ကို တစ်ယောက်တည်း မလွှတ်ချင်ပါ။ ခုနပဲ Facebook မှာ တက်လာတဲ့ ရဲယံနာရေးသတင်းရဲ့ အောက်မှာ ရေးထားတဲ့ Comment တွေထဲ မဆီမဆိုင် လေးညို့ကို ဝေဖန်တိုက်ခိုက် အပုပ်ချရေးထားတာတွေ ပါလာတဲ့အတွက် ဖတ်ရင်း လေးညို့ စိတ်မကောင်း ဖြစ်နေတာ သူသိသည်။ ရဲယံအတွက် စိတ်ထိခိုက်နေတာက တစ်မျိုးမို့ ဒီလိုအချိန်မျိုးမှာ စိတ်ဓာတ်ကျလွယ်တဲ့ လေးညို့ကို နေစိုးက ဘေးက အမြဲအဖော်ပြုလိုသည်။

တကယ်တော့ လေးညို့သည် သူ့ရဲ့အနည်းငယ် စိတ်လှုပ်ရှားနေတဲ့ အနေအထားကို နေစိုး တကြည့်ကြည့် ရိပ်မိနေတာကို အနေခက်နေတာပင်။ လိုက်မယ်ဆိုတော့လည်း ငြင်းမနေချင်တော့ပါ။ ကားကို နေစိုး မောင်းလာကာ လေးညို့က ဘေးကထိုင်လိုက်လာသည်။ နီးပေမယ့် တရုတ်တန်းဘက်ကနေ တစ်ပတ် ပတ်နေရသေး၍ အချိန်မမီမှာကို စိုးရိမ်ကာ လေးညို့ စိတ်တွေ စောနေသည်။

ထမင်းဘူးကို အကြော် ၂၀၀ ဖိုးနှင့် ထည့်သွားတဲ့ ကောင်မလေး။ အိတ်တစ်လုံး စုတ်ပြတ်လို့မှ နောက်ထပ်အစားထိုးလွယ်စရာ တစ်လုံးတလေ အသင့်မရှိဘဲ ပစ္စည်းတွေကို ကိုင်းအိတ်လေးတစ်ခုထဲ ထည့်ဆွဲလာတဲ့ ကောင်မလေး။ ဒီလောက်မပြေလည်လျက်နှင့် ကားတိုက်မလို့ ဖြစ်စဉ်က ဆေးဖိုးဝါးခလေး တောင် မတောင်းဘဲ မလိုဘူး ပြောလွှတ်တဲ့ ကောင်မလေး





စကားပြောလျှင် တစ်စုံတစ်ရာကို မကျေချမ်းသလို ထောင့်နေဆောင့်နေတဲ့ ကောင်မလေး။

စူးစူးရဲရဲ မည်းနက်တဲ့ မျက်ခုံးမျက်လုံးလေးများကို ပြန်လည်မြင်ယောင်နေမိရင်း...

"နေစိုး"

"အေး"

"အဲဒီ လွမ်းတသက်ဆိုတဲ့ ကောင်မလေးရဲ့ နောက်ကြောင်းကို စုံစမ်းဖို့ လွယ်နိုင်မလား"

"ဘာလုပ်ဖို့လဲ"

လေးညို့က နေစိုးကို ဘုကြည့်ကြည့်ရင်း...

"ငါသိချင်လို့ပေါ့ကွ"

"သူက မင်း ခဏတဖြုတ် ကစားရမယ့် မိန်းကလေးအမျိုးအစား စာရင်းထဲတော့ မပါဘူးနော် လေးညို့"

"မင်းကလည်း သမီးမိန်းကလေးမွေးပြီးကတည်းက လေသံက သမီးရှင် ယောက္ခမလေသံကို ပေါက်နေတာပဲ"

"မဟုတ်ပါဘူးကွာ၊ မင်းလည်း ပျော်ရမှာ မဟုတ်ပါဘူးလို့ သတိပေးချင်တာပါ"

"ဘာလို့ မပျော်ရမှာလဲ"

"မင်းက တစ်လောကလုံးကို ပေါ့ပေါ့ပါးပါး ကြည့်နိုင်မြင်နိုင်တဲ့ ကိုယ်အနှောင်အဖွဲ့ စိတ်အနှောင်အဖွဲ့ ကင်းတဲ့လူစားမျိုး၊ ဒီကောင်မလေးက မြင်လိုက်တာနဲ့ နောက်က

www.burmeseclassic.com



တုံ့ဆွဲထားတဲ့ မမြင်ရတဲ့ ကြိုးတွေနဲ့ တင်းကျပ်လေးပင်နေတဲ့ သူမျိုး၊ နှစ်ယောက်အတူတူ မြက်ခင်းတစ်ခင်းရှေ့ ရေကန်တစ်ကန်ရှေ့ ရုပ်မိရင်တောင် မြင်တဲ့အမြင် တွေးမယ့်အတွေး ခံစားချက်ချင်း လုံးဝဆန့်ကျင်တဲ့ မတူညီတဲ့ ပတ်ဝန်းကျင်နောက်ခံတွေနဲ့ လူနှစ်ယောက်မို့လေ…

တစ်ယောက် အတွက် နောက်တစ်ယောက်က အနှောင့်အယှက် ဖြစ်စေမယ့် နောက်ခံကားချပ်ကိုယ်စီနဲ့လို့ ငါ ယူဆမိတာပါ၊ ဒါကြောင့်ပါ”

“အနှောင်အဖွဲ့ကင်းပေမယ့် ငါကလည်း မင်းထင်သလောက်တော့ ပေါ့ပါးလွတ်လပ်သူ မဟုတ်ပါဘူး နေစိုးရာ၊ ဘာတစ်ခုမှ ဖိစီးမထားတဲ့ တက်ကြွလန်းဆန်းခြင်းတွေချည်း ပြည့်နှက်နေတဲ့ သူမျိုးလည်း မဟုတ်ပါဘူး၊ မင်း အသိဆုံးပါကွာ၊ ပြီးတော့ ဒီကောင်မလေးနဲ့ ပတ်သက်ပြီးတော့လည်း ငါ မပျော်ချင်ပါဘူး၊ ပျော်ရွှင်ချင်နေတာ မဟုတ်ပါဘူး”

“ဒါဖြင့် ဘာဖြစ်ချင်တာလဲ”

“ငါ ဘာမှ မဖြစ်ချင်ပါဘူး၊ သူ့ကိုသာ မင်းပြောတဲ့ နောက်က တုံ့ဆွဲထားတဲ့ တင်းကျပ်လေးပင်တဲ့ ကြိုးတွေ တစ်ခုတလေ ဖယ်ရှားပေးလို့ ရလိုရငြားပေါ့”

“ဒါကလည်း စေတနာစကားလိုလို ထင်ရပေမယ့် တကယ်တမ်းက မင်းကိုယ်မင်း အထင်ကြီးနေတဲ့ ဘဝင်မြင့်နေတဲ့ စကားမျိုးပဲ”





“ဟော့ကောင်… မင်းကတော့ကွာ”

“ဟုတ်တယ်လေ… မင်းက နေရာတစ်ခုအောင်မြင်မှုတစ်ခုကို ပိုင်ဆိုင်ထားတဲ့ ယောက်ျားတစ်ယောက်ဆိုတော့ ဘယ်သူ့ကိုမဆို တစ်ခုခုတော့ လုပ်ပေးနိုင်မယ် ထင်နေတာပေါ့၊ သူလိုအပ်တာနဲ့ မင်းပေးနိုင်တာ ကိုက်ညီမှ လူတစ်ယောက်ကို ကူညီပေးနိုင်တယ် ခေါ်တာ”

“သူလိုအပ်တာ ငါက ဘာလို့မပေးနိုင်ရမှာလဲ၊ ငါပေးနိုင်တာတွေ အများကြီးပဲ၊ တစ်ခုမဟုတ် တစ်ခုကတော့ သူနဲ့ တည့်မှာပဲလေ၊ မင်း ဘာလို့ ကဖျက်ယဖျက်ပဲ ပြောနေရတာလဲ၊ ငါ စိတ်အနှောင့်အယှက်ပေးရမယ့် မိန်းကလေး မဟုတ်မှန်း ငါနားလည်ပါတယ် နေစိုးရာ”

“နားလည်ရင် ပြီးရောပေါ့ကွာ”

“ဒါဆို စုံစမ်းပေးလို့ ရမလား”

“အေးပါကွာ၊ ငါ မဟုတ်လည်း မင်း တခြားတစ်နည်းနည်းနဲ့ လုပ်တော့မှာပဲ၊ ငါလုပ်ပေးတာပဲ ကောင်းတယ်”

နေစိုးက ကားကို လမ်းဟိုဘက် တစ်ခြမ်းမှာ ရှော့ပင်မောလ်ရှိရာဘက်ခြမ်းသို့ ဂငယ်ကွေ့ချကာ ရှော့ပင်းမောလ်ရဲ့ ပါကင်ရှိရာ အန်ဒါဂရောင်းထဲ ဆင်းမည်ပြင်စဉ်တွင် လေးညို့သည် ရှော့ပင်းမောလ်ရဲ့ရှေ့နားလေးမှာ စူပုပ်ပုပ်မျက်နှာလေးနှင့် ဆောင်လည်လည် ရပ်နေသော လွမ်းတသက်ကို လူအများကြီးကြားမှာ ဖျတ်ခနဲ လှမ်းတွေ့လိုက်ပါသည်။

www.burmeseclassic.com



"ငါ ဒီမှာဆင်းခဲ့မယ်"

"နေဦးလေ… လောလိုက်တာ၊ ပါကင်ကနေမှ အပေါ်ပြန်တက်ပြီး မင်း ပြန်ထွက်လို့ရပါတယ်"

"မဟုတ်ဘူး… ငါ သူ့ကိုတွေ့နေပြီ၊ သူ ထွက်စောင့်နေပြီ"

လေးညှို့က နောက်ခန်းမှ အိတ်ကြီးကိုလှမ်းဆွဲကာ ဖွတ်တရွတ်ပင် တံခါးဖွင့်ဆင်းလိုက်၍ နေစိုးက ကားကို ခဏရပ်ပေးလိုက်ရပါသည်။ ဘယ်နေရာက ဘယ်လိုစောင့်ဖို့ ဘာညာဘာမှမညှိနှိုင်းတော့ဘဲ ခပ်သုတ်သုတ် ထွက်ခွာသွားသော လေးညှို့ကို နောက်ဘက်မှကြည့်ကာ နေစိုး အံ့အားတသင့် ခေါင်းယမ်းမိပါသည်။

လေးညှို့က လွှမ်းတသက် ရပ်နေတဲ့ နေရာအနားရောက်မှပင် လွှမ်းတသက်ရဲ့ဘေးမှာ မနက်က အဖော်ကောင်မလေးပါရှိနေတာ သတိပြုမိသည်။ ယူနီဖောင်းချင်းတော့မတူ။ ဒီရှော့ပင်းမောလ်ကြီးထဲက သီးသန့်နှစ်နေရာမှာ သတ်သတ်စီအလုပ်ဝင်ကြတာ ဖြစ်ပေမည်။

"ဟယ်… ဟယ်… ဟိုမှာ"

ပန်းနုက လွှမ်းတသက်ရဲ့ တံတောင်ဆစ်လေးကို ကိုင်လှုပ်ကာ လှုပ်ကာ ပြောလိုက်လျှင် လွှမ်းတသက်က လေးညှို့လာနေရာဘက် ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ဖစ်တင်ရှပ်အနက်လက်ရှည် ဖစ်တင်ဘောင်းဘီရှည်အနက်နှင့် အင်မတန်လှပတဲ့နေကာမျက်မှန်တစ်လက် တပ်ဆင်ထားသော လေးညှို့ရဲ့ အသွင်





သဏ္ဌာန်သည် လူတွေကြားထဲမှာ ထင်း၍ လင်း၍ တောက်ပထင်ပေါ်နေသည်။ ဖျတ်ခနဲ မြင်တာနှင့် သူ့ပုံစံက ဆယ်လဘာရီတီတစ်ယောက်ဆိုတာ သိသာထင်ရှားလှပေသည်။

လေးညှို့က လွှမ်းတသက် ရှေ့ ရပ်မိလျှင် မျက်မှန်ကိုဆွဲဖြုတ်လိုက်ကာ ဘာစကားမျိုး ပြေပြေပြစ်ပြစ်ပြောရမည်ကို အလောတကြီး စဉ်းစားနေမိပါသည်။ ခပ်နွမ်းနွမ်းပုံစံလေးထဲ နှစ်မြုပ်နေတဲ့ အင်မတန် သန့်ပြန့်တဲ့မျက်နှာကလေးကို ငုံ့စိုက်ကြည့်ကာ စကားပြောဖို့ အားယူနေဆဲပင်…

"ဒါလား"

"ဗျာ… အင်း… ဟုတ့်တယ်… ဒီမှာ"

လေးညှို့က လက်ထဲကအိတ်ကို မြှောက်ပြလိုက်လျှင်…

"ပေး"

လေးညှို့က ယောင်အမ်းအမ်းနှင့် လွှမ်းတသက်လက်ထဲ အိတ်ကြီးကို ထည့်ပေးလိုက်ပါသည်။ လွှမ်းတသက်က ဖျတ်ခနဲ လက်ပြောင်းယူရင်း…

"အာ့ဆိုပြီးရော၊ သွားမယ်"

ဖျတ်ခနဲ လှည့်ထွက်လေလျှင် လေးညှို့သည်ကြောင်တောင်တောင်ရပ်ကာ ကျန်ရစ်ရသည်။ သူ့ကိုကွက်ကြည့် ကွက်ကြည့် လုပ်နေတဲ့ ဘေးပတ်လည်မှ လူစုစုကလည်း အကဲခတ်နေကြသည်။ တစ်ခုခုပြောဖို့ ကြိုးစားနေသော လေးညှို့သည် ရောက်

www.burmeseclassic.com



တာနှင့် အိတ်ပေးလိုက်ရကာ အိတ်ယူပြီးတာနှင့် လှည့်ထွက်သွားတဲ့ လွမ်းတသက်ရဲ့ အပြုအမူတွင် အလွန်အူကြောင်ကြောင်နိုင်စွာ ရပ်ကျန်ရစ်ရတာပင်။

အောက်နှုတ်ခမ်းကို လျှာဖြင့်သပ်ကာ နေကာမျက်မှန်ကို လက်တစ်ဖက်ကိုင်၊ နောက်လက်ဖဝါးတစ်ဖက်မှာရိုက်ရင်းက လွမ်းတသက်ရဲ့ ခြေလှမ်းစိပ်စိပ် လမ်းလျှောက်ပုံလေးကိုသာ ငေးကြည့်ရစ်ရလျက် စိတ်ထဲတွင် တစ်မျိုးကြီး ဟာတာတာလိုလို လစ်လစ်လပ်လပ် ကျန်ရစ်လေသည်။ ရုတ်တရက် ဘာဆက်လုပ်ရမည်ပင် မသိကာ မျက်နှာစာက မှန်ခန်းကျယ်ဆိုင်ခန်းကြီးတစ်ခုအတွင်း မရည်ရွယ်ဘဲ တစ်လှမ်းချင်း ဟန်မပျက် လှမ်းဝင်လိုက်ရသည်။

သူကလေးလည်း ရှက်သလိုလို မျက်နှာပူသလိုလို ဖြစ်နေတာသာ ဖြစ်မှာပါလို့ ကိုယ့်ဘာသာ ဖြေသိမ့်တွေးနေရလေသည်။

"ဟဲ့… တသက်၊ ဖြည်းဖြည်းသွားစမ်းပါ ခလုတ်တိုက်လဲတော့မယ်၊ နင်ကလည်း ဘယ်လိုဖြစ်တာလဲဟာ၊ အားနာစရာ ကောင်းလိုက်တာ အရမ်းပဲ၊ ပြေပြေပြစ်ပြစ် စကားမပြောဘူး၊ ပေးတဲ့၊ သွားမယ်တဲ့… ဒါပဲ၊ ငါအားနာလိုက်တာဟာ"

"………"





"ဟဲ… ဘာဖြစ်လို့ အဲဒီလောက်တောင် ဖြစ်နေရတာလဲ တကယ်ပဲ၊ ဟိုက အိတ်လည်းလာပေးရသေးတယ်၊ ဘယ်လောက်ပဲ လျော်ပေးတယ် ပြောပြောလေ၊ သူ မလျော်ပေးချင်လည်း ရတာပဲကို၊ ပြစမ်း… အိတ်ကို ကြည့်ရအောင်"

"ပန်းနု… ငါ လိုအပ်နေချိန်မို့လို့သာ အလျော်ယူလိုက်ရပေမယ့် အရမ်းမျက်နှာပူပြီး ရှက်တယ်ဟာ၊ ဒါကြောင့် စကားဖွယ်ဖွယ်ရာရာ မပြောမိတော့ဘဲ ကမန်းကတန်း ထွက်လာတာပါ၊ ငါ့မှာ အိတ်တစ်လုံး ဘယ်လောက်ပဲ လိုအပ်နေနေလေ၊ ခုလို အလျော်ယူလိုက်တာတော့ ကောင်းပါ့မလား၊ ငါ့အိတ်က တကယ်တော့ ရေစိုပြီး ညစ်ပတ်ရုံ ညစ်ပတ်သွားတာပါ၊ ဟောင်းစုတ်နေတာကတော့ အစကတည်းက သူလုပ်တာမှ မဟုတ်တာ၊ ဒါလောက်လေးနဲ့ ငါ အလျော်ယူလိုက်မိတာ ငါမှားသွားပြီလားဟင် ပန်းနု၊ သွားပြန်ပေးလိုက်ရင် ကောင်းမလားဟင်"

"အာ… ဘာလို့ သွားပြန်ပေးရမှာလဲ၊ ယူပြီးမှတော့ ပြန်ပေးမနေနဲ့တော့လေ၊ အခုကိစ္စမှာ နှစ်ဦးနှစ်ဖက်လည်း သဘောတူ ကျေလည်တာပဲဟာ၊ နင့်အတွက်က တကယ်လိုအပ်နေတာဖြစ်ပြီး သူ့အတွက်ကျတော့ သူ့ဆီမှာ ပိုနေတာ ဖြစ်နေတယ်လေ၊ ဘာမှဖြစ်မနေနဲ့ ယူထား လွယ်လိုက်၊ ဒါပေမဲ့ သူ့ကို ကျေးဇူးတင်စကားလောက်တော့ ဖုန်းဆက်ပြောသင့်တယ် ထင်တယ်"

www.burmeseclassic.com



"ဟင့်အင်း… မပြောချင်ဘူး၊ အကြောင်းရှာ ဖုန်းဆက်သလို ထင်မှာစိုးတယ်"

ပန်းနုက လွမ်းတသက်ကို မျက်စောင်းတစ်ချက်ရွယ် ရင်း ချက်ချင်း ပြုံးသွားကာ…

"လေးညို့က အပြင်မှာ ချောလိုက်တာဟာနော်၊ အသား အရေလေးများ နုဖပ်ဝင်းသန့်နေတာပဲ၊ သူ့မျက်နှာက နည်းနည်းအေးစက်သလို ရှိပေမယ့် မာန်လေးတစ်မျိုးရှိ ပေမယ့် မျက်လုံးတွေက သိပ်နူးညံ့ပြီး သိပ်ဆွဲဆောင်မှု ရှိတာပဲ၊ တကယ် ကြည့်ကောင်းတယ်ဟာ"

လွမ်းတသက်က အိတ်ကိုင်းကို တင်းတင်းလေး ဆုပ်ကိုင်ဆွဲကာ လမ်းလျှောက်နေရင်း ဘာစကားမှ မပြန်မိပေ။

○



(၇)

"လွမ်းတသက်တဲ့"

မမတင်သူဇာ အသံကြောင့် လွမ်းတသက်က တင် သူဇာ အနီးသို့ အပြေးကလေး လှမ်းလာခဲ့ကာ…

"ဟုတ်ကဲ့ မမ"

"ဒီမှာ ညွှေ့သည်"

မမတင်သူဇာရဲ့ ကောင်တာစားပွဲရှေ့မှာ ရပ်နေတဲ့ လူရွယ်တစ်ယောက်ကို လွမ်းတသက်က ခုမှပင် သတိထားမိကာ အူကြောင်ကြောင်လေး ကြည့်လိုက်ပါသည်။

"မလွမ်းတသက်လားခင်ဗျာ"

"ဟုတ်ကဲ့"

"ဩော်… ဒီမှာပါ၊ အစ်မဆီကို ရှိုးပွဲလက်မှတ်ဖိတ်စာ လေး ပို့ခိုင်းလိုက်လို့ပါ"

www.burmeseclassic.com



လူရွယ် ရှေ့ကိုထိုးပေးလိုက်တဲ့ စာအိတ်ရှည်ကို အူကြောင်ကြောင်လေး လှမ်းကိုင်လိုက်မိကာ တစ်ခုခုမေးရန်ပြင်တုန်းရှိသေး…

"ခွင့်ပြုပါဦးခင်ဗျာ"

လူရွယ်က ခပ်သွက်သွက်ပင် ပြန်လည်ထွက်ခွာသွားလေသည်။ လွှမ်းတသက်က စာအိတ်ကို နားမလည်သလိုလေး ငုံ့ကြည့်ရင်း စဉ်းစားနေဆဲ…

"ဘာတုံး အဲဒါ"

"မသိဘူး မမ"

"ရှိုးပွဲလက်မှတ်ဆိုလား ဘာလား၊ မသိရင် ထုတ်ကြည့်လေ၊ ဩော်… မြွေဆိုရင် ပေါက်ပြီးပြီ ညည်းနဲ့တော့"

တင်သူဇာ ပြောမှ လွှမ်းတသက်က အဖြူရောင်စာအိတ်ရှည်ကြီးကို ခပ်တုံ့တုံ့ဖွင့်ကာ အထဲက ကတ်ပြားလေးတွေကို ထုတ်ကြည့်လိုက်ပါသည်။ ငူငူငေါင်ငေါင် ကြည့်နေတဲ့ လွှမ်းတစ်သက်ကို စိတ်မရှည်သလို တင်သူဇာက "ပြစမ်း"ဟု လှမ်းယူလိုက်ကာ သေချာငုံ့ကြည့် ဖတ်ရှုလိုက်ပြီး…

"ဟယ်… '………' ရန်ပုံငွေရှိုးပွဲဆိုပါလား၊ MEP မှာ လုပ်တာ၊ အမ်… အဲဒီရှိုးပွဲက ရန်ပုံငွေအတွက် အလှူခံတဲ့ ပွဲဆိုတော့ ပွဲလက်မှတ်က အရမ်းဈေးကြီးတာ နှစ်စောင်တောင်၊ ဒါ ဘယ်သူက ပေးတာလဲ"

"မသိဘူး မမ"





"ဩော်… နင်နဲ့တော့ ခက်တယ်၊ ဟိုကောင်လေးရှိတုန်းက ဘယ်သူပေးတာလဲ ဘာလဲ မေးလိုက်တာ မဟုတ်ဘူး၊ ငါက လာပေးမှာ နင်များသိပြီးသားမို့ ယူထားလိုက်တာလားလို့"

"မသိဘူး မမ၊ သူက အတင်းထိုးပေးနေလို့ လှမ်းယူလိုက်တာပါ၊ မေးတော့ မေးမလို့ပဲ၊ မေးမယ်လုပ်တော့ သူက ထွက်သွားပြီ"

"နင်ကလည်းလေ… ငူတူတူ ငေါင်တောင်တောင်နဲ့၊ စိတ်နဲ့လူနဲ့ မကပ်သလိုပဲ၊ မေးစရာရှိ ခပ်သွက်သွက်မေးလိုက်ပေါ့၊ ဒါ မေတ္တာလက်ဆောင်ပေးတဲ့ VVIP ခုံတန်းက လက်မှတ်တွေ၊ ဝယ်ရင် ဈေးက အရမ်းကြီးမှာ၊ နင့်ကို ဒီလောက်တန်ဖိုးကြီးတဲ့ လက်မှတ်ပေးနိုင်တဲ့သူကို စဉ်းစားလေ"

စိတ်နဲ့ လူနဲ့ မကပ်တာ မဟုတ်။ လူထဲမှာ စိတ်မဟုတ်ဘဲ စိတ်ထဲကို လူက လုံးလုံးရောက်နေတာ။ ချက်ချင်းမမေးထွက်လိုက်တာက တစ်စုံတစ်ရာကိုတွေးလိုက်မိလို့ပင်။ ရှိုးပွဲလက်မှတ်ဆိုကတည်းက လူက အံ့အားတသင့် တောင့်တင်းသွားတာ။ ဒီလိုတေးဂီတပွဲလက်မှတ်ကို ပေးရအောင် လွှမ်းတသက်မှာ အသိအကျွမ်းရယ်လို့မှ မရှိဘဲ။ ချက်ချင်း ဒိုင်းခနဲ ခေါင်းထဲတွေးလိုက်မိတာက လေးညို့လေ။ သူများလား တွေးနေမိလိုက်ရင်း မမေးလိုက်မိတာ။ မမေးလိုက်မိပေမယ့် သူပဲဖြစ်မှာ သေချာပါသည်။

www.burmeseclassic.com



လက်မှတ်ပေါ်မှာ ရိုက်နှိပ်ထားတဲ့ အဆိုတော်အမည်တွေရဲ့ ဟိုး ရှေ့ဆုံးနားမှာ "လေးညို"ဆိုပြီး ပါဝင်နေတာပဲလေ။

"ကဲ... ဘယ်သူလဲ... စဉ်းစားလို့ရလား"

"ဟင့်အင်း"

လွမ်းတသက်က ခေါင်းလေးယမ်းလိုက်သည်။

"အမယ်လေးနော်... ငါအသည်းတွေ ယားလိုက်တာနော်၊ နင့်ကိုလေ ကိုင်ကိုင်လှုပ်လိုက်ချင်တယ်၊ အားမရချက်များ ခုတလော နင့်ဆီမှာ ထူးခြားဖြစ်စဉ်တွေ တွေ့နေတယ်၊ ဟိုးတလောလေးကလည်း နင်လွယ်လာတဲ့အိတ် ဘယ်က ရလဲဆိုတော့ သူများလက်ဆောင်ပေးတာတဲ့၊ ခုလည်း VVIP ရှိုးပွဲလက်မှတ်တွေ။ နင် ဘယ်ကဘောဇိနဲ့များ အချိတ်အဆက် ရနေလဲဟင်၊ ငါ ထင်တာတော့ ဘောဇိ တစ်ယောက်ယောက် နင့်ကို ချဉ်းကပ်နေတာများလားပဲ"

"အင်... မဟုတ်ပါဘူး မမရဲ့"

"ဘယ်သူပေးလဲတောင် မသိဘဲနဲ့ မဟုတ်ပါဘူးလို့ နင် ဘယ်လိုလုပ်သိလဲ၊ ဘောဇိမဟုတ်ရင် ဒီလက်မှတ်မျိုး ဘယ်သူပေးမှာလဲ၊ ဟုတ်ပါတယ်၊ ဒါပဲနေမှာ၊ နင့်နားမှာ တရစ်ဝဲဝဲတွေ ဘာတွေ လုပ်နေတဲ့သူ ဖုန်းတွေဘာတွေ ဆက်တဲ့သူ ခုတလောမှာ မရှိဘူးလား၊ ရှိတယ်မှလား"

"မရှိပါဘူး မမ"

"ဟဲ့... ငါ့ကို လိမ်မနေနဲ့"





"မလိမ်ပါဘူး၊ ဘယ်သူမှလဲ မရစ်ဝဲ ဘယ်သူမှလဲ ဖုန်းမဆက်ပါဘူး မမရယ်"

"ဘယ်သူမှ မရှိဘဲ ဒီလက်မှတ်က ဘယ်လိုလုပ် နင့်နာမည် အတိအကျတပ်ပြီး ရောက်လာမလဲ လွမ်းတသက်ရဲ့"

"ရှိ... ရှိတော့ ရှိမှာပေါ့၊ တသက် မသိဘူးလို့ ပြောတာပါ၊ သိလောက်အောင် ထူးထူးခြားခြား ဘာမှလဲ မရှိပါဘူး"

တင်သူဇာက လွမ်းတသက်ကိုတစ်လှည့် ရှိုးပွဲလက်မှတ်တွေကိုတစ်လှည့် ကြည့်နေရင်းက...

"နင် သွားမှာလား ဒီရှိုးပွဲ"

"........"

"ဘယ်သူနဲ့ သွားမှာလဲ"

လွမ်းတစ်သက်က ခပ်ငိုင်ငိုင် တွေးနေရာမှ ခေါင်းတလေး ယမ်းလိုက်ရင်း...

"တသက် မသွားပါဘူး၊ အတူသွားစရာ အဖော်လည်းမရှိပါဘူး၊ အဲလိုပွဲမျိုးသွားဖို့ရာ ဝတ်စားစရာ အဝတ်လည်းမရှိပါဘူး မမ၊ တသက် မသွားပါဘူး"

"ဟယ်... မသွားရင် နမြောစရာကြီးလေ လက်မှတ်တွေ"

"နမြောပေမယ့် သွားဖြစ်မှာ မဟုတ်ပါဘူး"

တင်သူဇာက လွမ်းတသက်ကို အကဲခတ်ရင်း...

"ဒါဖြင့် ဒီလိုလုပ်မလား"

"ဘယ်လိုလဲ မမ"

မိဗုရားစာပေတိုက်

www.burmeseclassic.com



"ဒီလက်မှတ်တွေက တစ်သိန်းတန်းက လက်မှတ်တွေ၊ ဒီလက်မှတ်နှစ်စောင်လုံး ငါ့ကို ပြန်ရောင်းလိုက်လေ၊ တစ်စောင် ငါးသောင်းနဲ့ပဲ ရောင်းပေါ့၊ နှစ်စောင်အတွက် ငါ နင့်ကို ငွေတစ်သိန်းပေးမယ်လေ"

"ဟင်… အဲလိုတော့ မရောင်းချင်ပါဘူး မမရယ်"

"နင်လည်းမသွား ပြန်လည်းမရောင်းဘဲ ဒီလက်မှတ်တွေ အလဟဿ နင်ဘာလုပ်မှာတုံး လွမ်းတသက်ရဲ့ ခေါင်းအုံးအောက်ထားအိပ်ပြီး အလကား ဖြစ်ကုန်မှာပေါ့"

လွမ်းတသက်က တင်သူဇာ့လက်ထဲက လက်မှတ်လေးနှစ်စောင်ကို နှမြောသလိုလေး ငေးစိုက်ကြည့်နေသည်။ ထို့နောက်တော့ တွေတွေဝေဝေ သူ့စိတ်ကို ယတိပြတ် ဖြတ်ချလိုက်လေသည်။ ဒီလိုပွဲကြီးကို ညရေးညတာ ဘယ်လိုသွား ဘယ်လိုပြန်မလဲ၊ ဘာတွေဝတ်စားသွားမလဲ၊ ပြီးတော့ ဘာအတွက်သွားမှာလဲ။

"မမ သွားကြည့်ဖြစ်မယ်ဆိုရင် ဒီလက်မှတ်နှစ်စောင် အလကားပဲ ယူလိုက်ပါ၊ မမ သွားကြည့်ဖြစ်တော့ အကျိုးရှိတာပဲဟာ၊ ပြန်မဝယ်ပါနဲ့၊ တသက်က မသွားဖြစ်မယ့်တူတူ၊ မမကိုပဲ လက်ဆောင်ပြန်ပေးပါတယ်"

"ဟယ်… ဒီလိုတော့ အားနာစရာကြီးလေအေ၊ ငါက ဒီလောက် တန်ဖိုးကြီးကို အလကားယူရမှာ၊ သွားတာကတော့ သွားမှာပါ၊ ငါလည်း ကြည့်ချင်နေတာ ဒီပွဲကို၊ ဒါပေမဲ့ လက်မှတ်လည်း ထွက်မဝယ်အား… ဘယ်နား





လက်မှတ်သွားဝယ်ရမယ်တောင် သေချာ မသိလိုက်တာ၊ နှစ်စောင်အတွက် တစ်သိန်း ယူလိုက်ပါ၊ ဟုတ်လား"

"မယူပါဘူး မမ၊ မမ သွားကြည့်လိုက်ပါ"

"အာ… နင်ကလည်း၊ ငါ ယူရခက်အောင် လုပ်နေပြန်ပြီ"

"မခက်ပါဘူး မမရယ် မခက်ပါနဲ့၊ မမ သွားလိုက်ပါ"

"ကဲ… ကဲ… ဒါဖြင့် ဒီလိုလုပ်မယ်လေ၊ နင့်ကို ငါ နင်လွယ်ဖို့ အိတ်တစ်လုံး ဝယ်ပေးမယ်၊ တစ်ခါတည်းမှပဲ၊ ပေတောပြီးကို အိတ်လေးတစ်လုံး မဝယ်တာ၊ လက်ကဆွဲတဲ့ ပုံပန်းမကျအိတ်ကြီး ဆွဲဆွဲဝင်လာတယ်၊ နင့်ဟာကြီးက စာအုပ်ဈေးပွဲတွေမှာ စာအုပ်ထည့်ဖို့ပေးတဲ့ ချည်ကြမ်းအိတ်မျိုးကြီး၊ တကယ်ပဲ ဘယ်ကရထားမှန်းလဲ မသိဘူး၊ လှကလည်းမလှ၊ စာတမ်းတွေက ရိုက်နှိပ်ထားသေး၊ အပျိုလေးရယ်လို့ ရှိုးလေး ဘာလေး ပေးချင်စိတ်လဲ ရှိပုံတောင် မရဘူး၊ ငါ နင့်အတွက် စလင်းဘက်ဂ်တစ်လုံး ဝယ်ပေးမယ်၊ ဒီလက်မှတ်အတွက်… ဟုတ်ပြီလား"

"ဟုတ်… ဟုတ်၊ ရပါတယ် မမ"

"ပြီးရော… အဲဒါဆို"

လွမ်းတသက်သည် အံ့ဆွဲ ဆွဲဖွင့်ကာ မမတင်သူဇာ ယူတာယ ထည့်သိမ်းလိုက်တဲ့ လက်မှတ်လေးနှစ်စောင်ကို ခပ်

www.burmeseclassic.com



ငေးငေးလေး တစ်ချက်ကြည့်ကာ အလုပ်ရှိတဲ့နေရာဆီ အသာအယာ ပြန်လှည့်ထွက်လာခဲ့ပါသည်။

○

ကားကို လမ်းထဲချိုးကွေ့ပြီး ထိပ်နားမှာပင် ဘေးဘက် ခပ်ကပ်ကပ် ဆွဲချရပ်ထားလိုက်ပါသည်။ ဟိုးတစ်ရက်က မိထွေးတို့အိမ်မှာ လွမ်းတသက်နှင့် ဆုံသည်မှာ ဒက်ဒီမွေးနေ့ သောကြာနေ့ ဖြစ်တာကို မှတ်မိနေ၍ ဒီနေ့ သောကြာနေ့ကို ရွေးချယ်၍ လာတာဖြစ်သည်။ ဟိုနေ့က လွမ်းတသက်နှင့် ဆုံတဲ့အချိန်ဟာ စာသင်အပြီး သူပြန်ခါနီးဖြစ်၍ ဒီအိမ်ကိုရောက်မည့်အချိန်ဟာ ဘယ်အချိန်လောက် ဖြစ်နိုင်မည် လေးညို့ မှန်းဆထားပြီးပြီ။ ရှော့ပင်းမောလ်ပိတ်ချိန်ထက် အများကြီး စောနေပေမယ့် ဒီရက်ဟာ သူမရဲ့နားရက်ခွင့်ရက်လည်း ဖြစ်နိုင်သလို ကျူရှင်ရှိတိုင်း စောပြန်တာမျိုးလည်း ဖြစ်နိုင်သည်။

ဟိုးလှမ်းလှမ်းမှာ ဒက်ဒီအိမ်ခြံဝင်းရဲ့ တံခါးကိုလှမ်းမြင်နေရသည်။ လွမ်းတသက်ဟာ Taxi နှင့် လာမှာ မဟုတ်၍ ဘတ်စ်ကားမှတ်တိုင် နီးတဲ့ဘက်လည်းဖြစ်၊ လမ်းထဲလမ်းလျှောက်ဝင်ရတာလည်းတိုသော ဒီဘက်ထိပ်ကသာ ရောက်လာမှာလို့လည်း သူ တွက်ပြီးပြီ။

သူမကို ဘာကြောင့် လာစောင့်ရပါသလဲ။





လေးညို့ရဲ့စိတ်ထဲတွင် မခံချင်သလို မကျေချမ်းသလို အဖုအထစ် ဖြစ်နေ၍ပင်။ ရှိုးပွဲနေ့က သူ လွမ်းတသက်ကို ပေးခဲ့တဲ့ လက်မှတ်နံပါတ်ရှိရာခုံကို စင်ပေါ်မှကြည့်ကာ စိတ်တိုသလိုလို ခိုးလိုးခုလု ဖြစ်ခဲ့ပါသည်။ ဒီခုံနှစ်နေရာဟာ လေးညို့အတွက်ရတဲ့ မိသားစုလက်မှတ် ဖြစ်သည်။ သူ့အိမ်မှာက ခေါ်စရာ မိသားစုလည်း ရှိတာမဟုတ်၍ သူတစ်ယောက်ယောက်ကို လက်ဆောင်ပေးဖြစ်ရမှာပင်။

ခါတိုင်းတော့ နေစိုးကို ပေးလိုက်တာ။ နေစိုးမိန်းမကြည့်လို့ရသည်။ ခုတော့ နေစိုးရဲ့မိန်းမလည်း ကလေးသိပ်ငယ်နေသေးကာ ကြည့်နိုင်မှာ မဟုတ်တာ တစ်ကြောင်း၊ နေစိုးကကျတော့ သူ့အနားနေပြီး ဘယ်နေရာမဆို အဆင်ပြေတဲ့သူမို့မပေးလည်း ဖြစ်တာတစ်ကြောင်း၊ သူ့အတွက် ပိုနေတဲ့လက်မှတ်နှစ်စောင်ကို တစ်ယောက်ယောက်ကိုပေးဖို့ ဆုံးဖြတ်တဲ့အခါ လွမ်းတသက်ကို သူ သတိရခဲ့တာ။ သူ့တပည့်ကိုပင် သူချက်ချင်း စိတ်တိုတိုနှင့် မေးဖြစ်ပါသေးသည်။ "မင်း... သူ့ကို သေချာပေးခဲ့လား"လို့ပင်။

"လွမ်းတသက်လို့ မေးပြီး သူကိုယ်တိုင် လက်ထဲကို ကျွန်တော် ထည့်ခဲ့တာပါ အစ်ကိုရ"

ကျော်ဆွေက ညာစရာ အကြောင်းမရှိ။ သူမလက်ထဲ လက်မှတ်ရောက်ခဲ့တာကတော့ သေချာပါသည်။

www.burmeseclassic.com



“ဆရာမရဲ့ဖုန်းနဲ့ဖွင့်တာ...”ဟု သူသိခဲ့သည့် သူ့သီချင်းဟာ လွမ်းတသက်ရဲ့ဖုန်းထဲ ရှိနေခဲ့တာ မဟုတ်လား။ သူ့သီချင်းကို ဖုန်းထဲသိမ်းထားကာ နားထောင်လေ့ရှိတဲ့သဘော။ လွမ်းတသက်လို အသက်ငယ်ရွယ်သေးသည့် မိန်းကလေးတစ်ယောက်ဟာ တေးဂီတကိုလည်း မခံစားတတ်ဘဲ နေမည်မဟုတ်။ တခြားအဆိုတော်တွေလည်း သူမ နှစ်သက်တာ ရှိဦးမှာပင်။

ခုလို ဈေးကြီးတဲ့ ရှိုးပွဲလက်မှတ်ကို လက်ဆောင်ရလျှင် သူမ ပျော်ရွှင်မည်လို့လေးညို့ ထင်ခဲ့သည်။ ကြည့်ချင်မည်လို့ လေးညို့ထင်ခဲ့သည်။ ဝယ်ကြည့်ဖို့ဟာ သူမအနေအထားနှင့် အလှမ်းကွာလှ၍ ဝယ်ကြည့်ဖြစ်မည့်သူ မဟုတ်။ ဒီလိုတွက်ချက်ပြီး လက်မှတ်နှစ်စောင်ကို သူမကို လက်ဆောင်ပို့ဖြစ်ခဲ့တာ။

လာကြည့်မယ် ထင်ခဲ့ပေမယ့် သူမက မလာခဲ့ပါ။ အဲဒီခုံနေရာမှာ စုံတွဲတစ်တွဲ ထိုင်နေရာ သူ လှမ်းတွေ့ခဲ့ပါသည်။ သူ့ရဲ့စေတနာကို တန်ဖိုးမထားသလို ခံစားရကာ လေးညို့စိတ်ထဲ ခိုးလိုးခုလု ဖြစ်ခဲ့ရတာပင်။ တကယ်တော့ သူဟာ စိတ်ထဲကခံစားချက်ကို အမြဲမျိုသိပ်ရတဲ့ သူတစ်ယောက်သာ ဖြစ်ခဲ့ပါသည်။

ခုကိစ္စမှာတော့ မျိုသိပ်မထားလည်း ရသည်လို့ သူထင်သည်။

“ဟော...”





ကားရဲ့ဘေးဘက် နောက်ကြည့်မှန်ထဲမှာ လွမ်းတသက်ရဲ့အရိပ်လေးကို သူ လှမ်းမြင်လိုက်ရပြီ။ ခြေလှမ်းစိပ်စိပ်လေးတွေနှင့် ဘောက်ဆတ်ဆတ်လေးလို လမ်းလျှောက်တတ်တဲ့ သူမရဲ့ပုံစံလေးဟာ ငှက်ကလေးတစ်ကောင် ဖွေ့ခနဲ ဖွေ့ခနဲ ရွေ့နေသလိုပင်။ ခေါင်းမငုံ့ပေမယ့် မျက်လွှာကို ချထားကာ တစ်စုံတစ်ခု တွေးလာသလိုလို။

လေးညို့က ကားပေါ်ကနေ ဖျတ်ခနဲ ဆင်းလိုက်တာ သူမနှင့် တည့်တည့်မတ်မတ် နေရာမှာ ဘောင်းဘီအိတ်နှစ်ဘက်ထဲလက်ဖျားတွေထည့်၍ ရပ်စောင့်နေလိုက်သည်။ ဆယ်ပေအကွာလောက် အရောက်မှာ ရှေ့မှာ လူတစ်ယောက် ရပ်နေတာ သတိထားမိသွားပုံနှင့် လွမ်းတသက် လျှပ်ခနဲ မော့ကြည့်လာသည်။ သူ့ကိုအမြင်မှာ ဖျတ်ခနဲ လန့်သွားလို လွမ်းတသက် မျက်နှာလေးမှာ တစ်မျိုးတစ်မည်ဖြစ်ကာ မျက်လုံးလေးဝိုင်း၍ နှုတ်ခမ်းလေးပါ ဟသွားသည်။

သူက ခေါင်းတစ်ချက် ညိတ်လိုက်ပါသည်။ သူမက ရှေ့ဆက်မတိုးလျှောက်တော့ဘဲ ရပ်နေလိုက်၍ လေးညို့က ရှေ့အနည်းငယ် တိုးလိုက်ပါသည်။ တစ်ပြိုင်နက်တည်းမှာပဲ လေးညို့ သတိထားလိုက်မိသည်မှာ လွမ်းတသက်ရဲ့ပခုံးက အနက်ရောင် အညိုသားနှင့် မကြီးမသေး အိတ်တစ်လုံးကိုပင်။

သူ မျက်မှောင်ကုတ်သွားရပါသည်။ လွမ်းတသက်က လေးညို့ကို စိုက်ကြည့်နေရင်း ခပ်ရွံ့ရွံ့လေသံနှင့်...

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

"ဩော်... မင်းကို လာစောင့်နေတာပါ"

"ဘာအတွက်လဲ"

"ဘာအတွက်လဲဆိုတော့ မင်းကို ကိုယ် လက်မှတ်နှစ်စောင် ပို့ခိုင်းလိုက်တာ မင်း ရတယ်မဟုတ်လား လွှမ်းတသက်"

"ရပါတယ်"

"ဒါပေမဲ့ ရှိုးပွဲကို မင်း လာမကြည့်ခဲ့ဘူး"

"ဟုတ်တယ်၊ ကျွန်မ မကြည့်ဖြစ်ဘူး"

"အဲဒီခုံနေရာမှာ စုံတွဲတစ်တွဲ ထိုင်နေတာ ကိုယ် တွေ့တယ်"

"ဩော်... အင်း... မမတင်သူဇာတို့စုံတွဲဖြစ်မယ်"

"ဘယ်က မတင်သူဇာလဲ၊ သူ့ကို ကိုယ်က လက်မှတ်ပေးတာ မဟုတ်ဘူးလေ၊ မင်းကိုပေးတာလေ၊ သူက ဘယ်သူမို့ မင်းအစား ရောက်လာတာလဲ"

"သူက ကျွန်မ အလုပ်ရှင် သူဌေးပါ"

"အဲဒီတော့"

"အဲဒီတော့ သူကလည်း ဒီပွဲကြည့်ချင်နေလို့"

"မင်း ဒီလက်မှတ်ကို ရောင်းစားလိုက်တာလား"

လွှမ်းတသက်ရဲ့ မျက်နှာက မှုန်တေသွားပါသည်။





"ကျွန်မ မရောင်းစားပါဘူး၊ ကျွန်မ ပိုင်တာ မဟုတ်တဲ့ ပစ္စည်းမျိုးကို ရောင်းမစားပါဘူး၊ ပိုက်ဆံလိုချင်ရင် ကိုယ်ပိုင်ပစ္စည်း ရောင်းစားမှာပေါ့၊ သူများပစ္စည်းကိုတော့ ရောင်းမစားပါဘူး"

"အဲဒါ မင်းကို လက်ဆောင်ပေးတာ မင်းပစ္စည်းပဲလေ"

"ဘာကြောင့် လက်ဆောင်ပေးမှန်းလဲမသိ၊ ကိုယ်နဲ့လည်း သက်ဆိုင်တယ်လို့မထင်မိတာရော၊ ကိုယ်လည်း ကြည့်ဖြစ်မှာ မဟုတ်တာရော၊ ကိုယ့်အလုပ်ရှင်ကလည်း ကြည့်ချင်နေတာရော၊ ဒါကြောင့် သူ့ကိုပေးလိုက်တာပါ"

"ဒီလက်မှတ်ဝယ်ရင် ဘယ်လောက်ပေးရလဲ မင်းသိလား"

"မမတင်သူဇာ ပြောတော့ တစ်သိန်းတဲ့"

"ဟုတ်တယ်လေ၊ ဒါ နှစ်စောင်ဆိုတော့ နှစ်သိန်းလေ၊ နှစ်သိန်းတန်တဲ့ ပစ္စည်းကို သူက မင်းလိုဝန်ထမ်းဆီက အနိုင်ကျင့် ခေါင်းပုံဖြတ်ပြီး အလကားယူသွားတာလား"

"ကျွတ်... ရှင်ကလည်း၊ အနိုင်မကျင့်ပါဘူး၊ သူကလည်း ကျွန်မ မသွားဖြစ်ရင် သူပြန်ဝယ်မယ်လို့ ပြောတာပါ၊ ဒါပေမဲ့ ကျွန်မက ကိုယ်လည်း အလကားရလာတာကို ပြန်မရောင်းချင်လို့ လက်ဆောင်ပေးလိုက်တာပါ၊ ကျွန်မ မကြည့်မယ့်တူတူ ဒီတိုင်း အလဟဿဖြစ်သွားရင် နမြောစရာကြီးလေ၊ ခုတော့ သူတို့ကြည့်ဖြစ်သွားတယ်ဆိုတော့ အသုံးတည့် အကျိုးရှိသွားတာပေါ့"

www.burmeseclassic.com



"မင်းက မကြည့်မယ့်တူတူလို့ ပြောရအောင် ဘာဖြစ်လို့ မကြည့်ဘူးလို့ ဆုံးဖြတ်ရတာလဲ"

"ဩော်... ကျွန်မ ကြည့်ချင်မှ ကြည့်မှာပေါ့"

လွမ်းတသက်၏ ဘောက်ဆတ်ဆတ် အဖြေကြောင့် လေးညို့ရင်ထဲ ဟိုက်ခနဲနေအောင် ထိသွားရပါသည်။ ဘယ်လို မှန်းမသိ ဖြစ်သွားသော သူ့စိတ်တို့ကို သူ လျှော့ချလိုက်ရကာ...

"ကိုယ်က မင်းကြည့်စေချင်လို့ စေတနာသက်သက်နဲ့ ရိုးရိုးသားသား လက်ဆောင်ပေးတာပါ လွမ်းတသက်၊ မင်း တန်ဖိုးထားလိမ့်မယ်လည်း ထင်ခဲ့တာပါ"

လွမ်းတသက်သည် လေးညို့မျက်နှာရိပ် မျက်နှာကဲ နှင့် ချက်ချင်း ထင်ဟပ်လာသော ခံစားချက် အရိပ်အယောင်ကို မြင်လျှင် အားနာပါးနာကလေး ဖြစ်သွားရလျက်...

"ကျွန်မ တန်ဖိုးမထားတာ မဟုတ်ပါဘူး ကိုလေးညို့"

"........"

"ဒီလောက်ကြီးတဲ့ ပွဲတစ်ခုကိုသွားဖို့ ကျွန်မမှာ လက်မှတ် တစ်ခုထဲရှိရုံနဲ့ မဖြစ်ပါဘူး၊ သွားမယ်ဆိုရင် လိုအပ်ချက် တွေ မပြည့်စုံမှုတွေ အများကြီးရှိလာပါတယ်၊ မသွားတာ ကသာ ပိုပြီးအဆင်ပြေမယ်လို့ ကျွန်မ ဆုံးဖြတ်လိုက်တာ ပါ၊ ရှင်လက်ဆောင်ပေးတဲ့ မေတ္တာလက်မှတ်ကို မလေး မစားတဲ့ သဘောလည်း မဟုတ်ပါဘူး၊ စိတ်မဝင်စားတဲ့





သဘောလည်း မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်မ ဂီတကို စိတ်ဝင်စားပါတယ်၊ သီချင်းတွေကိုလည်း ချစ်ပါတယ်၊ ရှင် သိပ်တော့ နားလည်မှာ မဟုတ်ပါဘူး၊ ရှင်က အစစ အရာရာ အဆင်ပြေတဲ့သူလေ"

လွမ်းတစ်သက်က လမ်းတစ်ဖက်ခြမ်း တစ်နေရာ ကို ဦးတည်ရည်ရွယ်ရာမဲ့ စိုက်ကာ လှမ်းကြည့်နေရင်း ပျော့ပျောင်း သွားတဲ့ လေသံကလေးနှင့် ခပ်တိုးတိုး ရှင်းပြလိုက်ပါသည်။ သူလိုလူ ဘယ်သိမှာလဲ။ မပြည့်စုံခြင်း လိုအပ်ခြင်းဆိုတာကို အသေအချာ နားလည်မည့်သူမှ မဟုတ်တာ။

သူတို့ တစ်ခဏ ငြိမ်သက်တိတ်ဆိတ်နေပါသည်။ လွမ်းတသက်က လမ်းတစ်ဖက်ခြမ်းကိုသာ လှည့်ငေးနေလျက် လေးညို့ကတော့ သူမမျက်နှာကို စိုက်ကြည့်နေမိသည်။ သူမပြော တဲ့ စကားကိုလည်း အသေအချာ စဉ်းစားစိတ်ဖြာမိသည်။

"မင်းအခု စာသွားသင်တဲ့အိမ်ဟာ ငါနဲ့ဘယ်လိုပတ်သက် လဲ မင်းသိလား လွမ်းတသက်"

"အစကတော့ မသိပါဘူး၊ ဝင်ထွက်ရင်းကတော့ တဖြည်း ဖြည်း သိလာပါတယ်"

"အဲဒါဆိုရင် ကိုယ်က မင်းခုနပြောသလို အစစအရာရာ အဆင်ပြေနေတဲ့သူမျိုးတော့ မဟုတ်ဘူးဆိုတာ မင်းနားလည် မှာပေါ့၊ ထားလိုက်ပါတော့"

www.burmeseclassic.com



"ကျွန်မ သွားတော့မယ်"

"တစ်ခုမေးချင်သေးတယ်"

လွှမ်းတသက်က မျက်တောင်နက်ကြီးတွေပင့်လျက် လေးညို့ကို ကြည့်လိုက်သည်။

"ကိုယ်ပေးတဲ့အိတ်ကို မင်းမကြိုက်ဘူးလား၊ တမင်မလွယ်တာလား"

လွှမ်းတသက်က မပီမပြင် ပြုံးလိုက်မိပါသည်။

"ရှင့်အိတ်က Tory burch ကြီးလေ၊ ကျွန်မ တစ်ရက် နှစ်ရက် လွယ်ပါသေးတယ်၊ ဒါပေမဲ့ ကျွန်မသူဌေးက မကြိုက်ဘူး၊ သူ့ဆိုင်က Branded အိတ် အစစ်တွေ ရောင်းတဲ့ဆိုင်လေ၊ ရှင်ပေးတဲ့အိတ်က အစစ်မဟုတ်ဘူး၊ တုပထားတဲ့ ရက်ပလီကာလို့မမတင်သူဇာက ပြောတယ်၊ Branded အိတ်အစစ်တွေ ရောင်းတဲ့ဆိုင်မှာ လုပ်နေတဲ့ ဝန်ထမ်းက အိတ်တုလွယ်ထားတာဟာ သူ့ဆိုင်ရဲ့အင်းမေ့ချ်၊ သူ့အိတ်တွေရဲ့ဂုဏ်သိက္ခာ ထိခိုက်စေတယ်လို့ ပြောတယ်၊ အိတ်တုလွယ်ခွင့်မပြုဘူး၊ ဒါကြောင့် သူတားလို့ ကျွန်မ မလွယ်ဖြစ်တော့တာပါ၊ ဒီအိတ်က သူဝယ်ပေးတာပါ၊ သာမန်ယိုးဒယားအိတ်တစ်လုံးပါ"

လေးညို့က နှုတ်ခမ်းများကို တင်းတင်းစေ့၍ လွှမ်းတသက် မျက်နှာကို စိုက်ကြည့်နေရင်း စိတ်ထဲတင်းကျပ်လာ





သည်။ ကရုဏာစိတ်ဟာ သူ့ရင်ထဲကို အဆန်းတကျယ် တိုးဝင်လာခဲ့လေသည်။

○

www.burmeseclassic.com

## (၈)

စက်လှေကားရဲ့ထိပ်နားရောက်လျှင် လှေကားမှ ဆင်းဖယ်လိုက်သော်လည်း ရှေ့နားမှာ လူအုပ်ရုံးစုရုံးစု မီးဆလိုက်တွေ၊ ကင်မရာဖလက်ရှ်တွေ၊ လက်ခုပ်သံရယ်မောသံတွေနှင့် ရှေ့တိုးရခက်လောက်အောင် ကျပ်ညပ်နေ၍ ...

"ဘာဖြစ်နေတာလဲဟေ"

လွမ်းတသက်ရော ပန်းနုပါ လူအုပ်ရဲ့နောက်နားက နေ ရှေ့ကို ခြေဖျားထောက်မျှော်ရင်း...

"ဆိုင်ဖွင့်ပွဲပဲဟ၊ ဟိုမှန်ခန်း နှစ်ခန်းတွဲကြီးလေ"

"သြော်... အဲဒါ ဒီနေ့ ဖွင့်ပွဲလား၊ Men's Wear ဆိုင်လေ၊ ယောကျ်ားဝတ် အင်္ကျီဆောင်းဘီရောင်းတဲ့ ဆိုင်ဖွင့်တာ ဒီလောက်လူတွေ ကျပ်ညပ်စရာ လိုလို့လား"

"ကိုလေးညို့... ကိုလေးညို... ဓာတ်ပုံရိုက်ချင်လို့ပါ"





ဒီဘက်က ကျပ်နေတော့ ရှင်းတဲ့ ချောင်တဲ့ဘက်က ကွေ့ရှောင်သွားဖို့ ဆန့်ကျင်ဘက်ဆီ လှည့်ချိုးလိုက်သော လွမ်းတသက်ရဲ့ ခြေလှမ်းများကို လူအုပ်ရှေ့နား ခပ်လှမ်းလှမ်းက မိန်းကလေးသံ စာစာစူးစူးလေးက တုံ့ဆွဲလိုက်သလိုပင်။

လွမ်းတသက်က ခေါင်းကလေး ချာခနဲလည်အောင် လှည့်ကြည့်လိုက်မိပါသည်။ အသေအချာကြည့်မှပင် လူအုပ်ထဲ ခေါင်းတစ်လုံးနီးပါး မြင့်မားပေါ်ထွက်နေတဲ့ သူ့ကို မြင်မိတော့တာ။ သြော်... ဆိုင်ခန်းသစ်ကို သူက ဖဲကြိုးဖြတ်ပေးနေတာပဲ။ အမှတ်မထင်လေး တစ်ခဏငေးစိုက်လို့ ကြည့်နေမိကာ ညှို့ပြုံးနှင့် ချောသန့်နုသစ် လတ်ဆတ်နေတဲ့ သူ့မျက်နှာချောချောကို စိုက်နစ်သွားတဲ့ ကိုယ့်အာရုံကို ကိုယ်ချက်ချင်းလိုပဲ သတိပြုမိလျက် ပြန်လည်ကျောခိုင်းလိုက်မိပါသည်။

"ဟယ်... ကိုလေးညို့က ဖဲကြိုးဖြတ်ပေးနေတာဟဲ့၊ ဆိုင်ဖွင့်ပွဲ လုပ်ပေးနေတာ"

"အင်း"

လှည့်ထွက်လာတဲ့ လွမ်းတသက်နောက် ပြေးလိုက်လာရင်း ပန်းနု ပြောတဲ့စကားကို မထုံတက်တေး တုံ့ပြန်မိသည်။ သူ့လို လျှမ်းလျှမ်းတောက် လူတွေစိတ်ဝင်စားခံရတဲ့ ထိပ်ဆုံးနေရာမှာ ရပ်တည်နေတဲ့ နိုင်ငံကျော်အဆိုတော် တစ်ယောက်က လွမ်းတသက်လို မထင်မရှား သာမညမိန်းကလေးတစ်ယောက်ကို သွားမယ့်လမ်းမှာ ကားရပ်စောင့်ဆိုင်း ဆီးကြိုကာ စကားစောင့်ပြောခဲ့တာမျိုး ဘယ်သူများ ကြားလို့ ယုံပါ့မလဲ။

www.burmeseclassic.com



လူမယုံနိုင်လောက်တဲ့ အပြုအမူမျိုးကို သူ ဘာကြောင့် အချိန်ကုန်ခံ လုပ်ခဲ့တာပါလိမ့်။ ဟိုတစ်နေ့က လမ်းထဲ ချိုးအဝင် ရှေ့မှာ သူ့ကားရပ်ကာ သူဆင်းရပ်စောင့်နေတာ မြင်မြင်ချင်း ဖိုလိုက်သွားခဲ့မိသော ကိုယ့်ရင်ကိုကိုယ် လှောင်ပြောင် သရော်ချင်တာလေ။ သူဟာ မိန်းကလေးများစွာတို့ကို ဖြားယောင်း ညို့ငင်တတ်သူကို အရင်ကတည်းက သတင်းတွေ ကြားထားဖူးသားနဲ့လေ။

လွန်ခဲ့သောနှစ်များဆီက သူ့ကြောင့် အဆိပ်သောက်သေမလို သတင်းထွက်ဖူးသော တက်သစ်စမင်းသမီးငယ်လေးပင် လျှင် အခုတော့ တစ်စတစ်စ နာမည်ကျော်ကြားလာပေါ့။ သူကတော့ လှည့်တောင်မကြည့်တော့၍ ထွက်ခဲ့ဖူးသော သတင်းတွေပင် မေ့မှိန်ကာ လူတွေမေ့လောက်ပြီ။ လွှမ်းတသက်ကတော့ မမေ့ပေ။ ဂျာနယ်မဂ္ဂဇင်းတွေက သူနှင့် ပတ်သက်သော သတင်းတွေ ကောလာဟလတွေ အင်တာဗျူးတွေ အလုံးစုံကို မမေ့မလျော့ သတိတရ အားလုံး မှတ်မိနေတတ်ပါသည်။

"ငါသွားပြီ၊ နေ့လယ်တွေ့မယ်"

ပန်းနုက သူ့ဆိုင်ရှိရာ အထပ်သို့ ဆက်တက်ရန် လမ်းခွဲသွားပြီး လွှမ်းတသက်က ကိုယ့်ဆိုင်ရှိရာဘက် လျှောက်လာခဲ့ပါသည်။ လွှမ်းတသက် ရောက်ချိန် ဆိုင်ရဲ့ဆွဲတံခါးလိပ်ကို ဖွင့်ချိန် ကွက်တိပင်။ မမတင်သူဇာ အိမ်က ကောင်မလေးက မမတင်သူဇာရဲ့ နေ့လယ်စာခြင်းကို နေရာချရင်း...





"အစ်မ... အဆိုတော် လေးညို့ တွေ့ခဲ့လား ဟီး ဟီး"

လွှမ်းတသက်ကို တီးတိုးမေးလေလျှင် လွှမ်းတသက်က ကောင်မလေးကို ပြုံးငွဲ့ကြည့်ရင်း...

"မာမာက လေးညို့ ကြိုက်လို့လား"

"ကြိုက်တာပေါ့ အစ်မရဲ့၊ ဒီလောက်ချောတာကို အစ်မရော မကြိုက်ဘူးလား"

"ကြိုက်ပါဘူး"

"ဟင်... လေးညို့ မကြိုက်တဲ့သူက ရှားလို့ပဲ... ခိခိ၊ လူပုံကို ကြိုက်မလား၊ ရုပ်ချောတာ ကြိုက်မလား၊ အသံကို ကြိုက်မလား၊ ဘယ်ဟာမှ ပြေးမလွတ်တာကို၊ သူနဲ့ ပတ်သက်လို့ ကြိုက်ချင်စရာ အများကြီးထဲက ဘယ်ဟာမှ မကြိုက်ဘူးဆိုရင်တော့ တစ်ခုခုတော့ မှားနေပြီ"

"အေးဟယ်... ငါ မှားနေတယ် ထားလိုက်ပါတော့"

လွှမ်းတသက်တို့ မှန်တွေသုတ် ဆိုင်ခန်းကိုမွှေးရန် လေးဖျန်း၊ ရှုံးကော့စ်မီးတွေထွန်း စသဖြင့် လုပ်နေကြဆဲ အောက်ထပ်ဆိုင်မှာ ကော်ဖီသောက်ပြီးမှ တက်လာလေ့ရှိသော မတင်သူဇာ ရောက်လာပါသည်။

"လွှမ်းတသက်"

"ရှင်... မမ"

"နင်နဲ့ လေးညို့နဲ့ သိများ သိကြသလား၊ သိကြတယ်လို့ ငါထင်လာတယ်၊ ငါ့ကို ပြောပြစမ်းပါ"

www.burmeseclassic.com



အင်း…။

လေးညို့ကို သူလည်း တွေ့လာကာ ဟိုဟိုဒီဒီ တွေးလာပုံရသည်။

"သေချာ မသိပါဘူး မမ"

"သေချာမသိဘူးဆိုတာ ဘာလဲ၊ ဝေ့လည်ချောင်ပတ်နဲ့"

"ဟိုဟာပါ၊ သိတယ်ဆိုရုံပဲလို့ ပြောတာပါ"

"သိတယ်ဆိုရုံ ဆိုတာကကော ဘာလဲ၊ လေးညို့ပါတဲ့ ရှိုးပွဲလက်မှတ် ညည်း လက်ဆောင်ရတယ်လေ၊ ရှိုးပွဲနေ့ ကလည်း ငါတို့က ရှေ့ဆုံးတန်း၊ ငါတို့ထိုင်နေတဲ့ နေရာ ကို လေးညို့က တစ်ချိန်လုံး လှမ်းလှမ်းကြည့်တယ်၊ တခြား အဆိုတော်တွေက သူ့လိုမကြည့်ပါဘူး၊ နင်တို့ နှစ်ယောက်မှာ ထူးထူးခြားခြား ကိစ္စတစ်ခုခုများ ရှိသလား လို့ ငါ့ဆဋ္ဌမအာရုံက အလိုအလျောက် ထင်လာတယ်"

"ဘယ်လိုမှ ထူးထူးခြားခြား မဟုတ်ပါဘူး မမ၊ ဟိုတစ်ခါ ကားနဲ့တိုးမိတာလေ၊ သူ့ကားပါ၊ သူ့ကားနဲ့ တိုက်မိသလို ဖြစ်ပြီး ဆေးရုံရောက်သွားတာမို့ အဲဒီအမှုကိစ္စနဲ့ သိတယ် ဆိုရုံပါပဲ"

"ဪ… အဲဒီတုန်းကဖြစ်တာ လေးညို့ကားနဲ့လား။ ပြောတောင် မပြောဘူး ကြည့်စမ်း၊ ငါ့တောင် ဖုံးထားတယ်"

"ဖုံးထားတာတော့ မဟုတ်ပါဘူး၊ သူ့ကားနဲ့လည်း တကယ် တိုက်မိတာ မဟုတ်တော့ အလကား စကားတွေ ကားကုန်





မှာစိုးလို့ ဘယ်သူ့မှ မပြောတာပါ၊ နောက်တစ်ရက်မှာ ဖေ့စ်ဘွတ်ခ်မှာ သတင်းများတွေ တက်လာသေးတယ်၊ သူ တို့ လိုက်တောင်းပန် ဖြုတ်ခိုင်းတယ် ထင်ပါတယ်၊ သတင်းတွေကလည်း မှန်မှ မမှန်တာ၊ အဲဒါ… အဲဒါနဲ့ တသက်ကလည်း တစ်ဖက်မှာလျှောက်ပြောနေမိရင် ဖွသလို အပြစ်ဖြစ်မှာ စိုးတာနဲ့ ဘာမှ ဘယ်သူ့မှ ပြောမနေတော့ တာပါ မမ"

"ငါ တွေ့တောင် မတွေ့လိုက်ဘူးတော့။ အဲဒီနောက်မှာ နင်တို့ သိသွားကြတာပေါ့… ဟုတ်လား"

"အဲလိုမျိုးလည်း မဟုတ်ပါဘူး"

"အမယ်လေးဟယ်… နင်ကလည်း ပြောပြရမှာကိုတောင် ဖြစ်နေလိုက်တာ၊ လျှို့ဝှက်ဆန်းကြယ်နေသလိုလို ပဲတွေ များချနေလိုက်တာဆိုတာ၊ နင်တို့နှစ်ယောက် သိတယ် ကျွမ်းတယ် ရင်းနှီးတယ် ဆိုတော့ရော ဘာဖြစ်သွားမှာမို့ လို့လဲ"

"မမရယ်… သူက နာမည်ကြီး နိုင်ငံကျော် အဆိုတော်တစ် ယောက်ပါ၊ တသက်က သာမန် အခြေခံဘဝတစ်ခုက မိန်းကလေးတစ်ယောက်ပါ၊ အဲသလောက် နီးနီးစပ်စပ်ကြီး သိကျွမ်းရင်းနှီးသွားဖို့ဆိုတာ…"

မမတင်သူဇာကို ကြည့်ကာ စကားပြောနေသော ချစ်တသက်သည် မမတင်သူဇာရဲ့ မျက်ဝန်းအစုံ အစွမ်းကုန်

www.burmeseclassic.com



ပြူးထွက်လာတာကိုမြင်လျှင် အူကြောင်ကြောင်လေး စကားစ,ရပ်သွားရသည်။ တင်သူဇာက လွမ်းတသက်ကို ကျော်ကာ သူ့နောက်ဘက်ကို အံ့အားတသင့် ကြည့်နေတာ သတိထားမိလိုက်၍ ကိုယ့်နောက်ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိလျှင်...

"ဟင်"

အသံလေးတောင်ထွက်တဲ့အထိ အလန့်တကြား အံ့အားသင့်သွားရအောင်ပင် ဆိုင်ခန်းကြီးထဲ ဝင်လာတဲ့ လေးညို့ကို ဘွားခနဲ မြင်လိုက်ရပါသည်။ ခရမ်းဖျော့ ရှပ်လက်ရှည်နှင့် အဝါဖျော့ကုတ် ချောကလက်ရောင်ဘောင်းဘီရှည်နှင့် သူ့အဆင်အပြင်ဟာ တစ်ခုချင်း မလိုက်ဖက်သလိုနှင့် သူ့ကိုယ်ပေါ်တွင် အစပ်အဟပ်မိစွာ ဟာမိုနီ ဖြစ်နေသည်။ သူ့ကိုယ်ပေါ်ကို ဘာဝတ်စုံတင်တင် ဝတ်စုံရဲ့ အသွေးအမြင် ပိုမိုတောက်ကြွားသွားတတ်တာကို လုပ်ငန်းရှင်တို့ သတိပြုမိကြလို့လဲ၊ သူဟာ Brand များစွာတို့ရဲ့ Model, Ambassador ဖြစ်နေပေတာပေါ့။

သူ့ရဲ့တပည့်ဖြစ်ပုံရသော လူရွယ်က ဆိုင်ခန်းဝမှာ ရပ်၍ ကျန်ခဲ့ကာ လေးညို့ကတော့ ဆိုင်ထဲသို့ စမတ်တကျ လျှောက်ဝင်လာခဲ့သည်။

"ဟဲ့... ဟိုမှာ"

တင်သူဇာက ခပ်တိုးတိုးလေးတောင် ယောင်မှား ရေရွတ်လိုက်ပါသည်။ လွမ်းတသက်သည် ရေခဲရုပ် ဖြစ်သွားသလို အေးစက်ပြီး အတောင့်လိုက် ငြိမ်သက်ရပ်နေမိကာ သူ အနား





ရောက်လာပြီး နေကာမျက်မှန် ဆွဲဖြုတ်လိုက်တဲ့အထိ ကြက်သေငှက်သေ သေနေခဲ့ပါသည်။

"ဟိုင်း"

လွမ်းတသက်ရဲ့ အသက်ခုတ်ပြတ်သလို ပုံစံကြောင့် လေးညို့က မျက်ခုံးကိုမြှင့်ကာ မသဲမကွဲ စတင်နှုတ်ဆက်လိုက်သည်။ တင်သူဇာသည် လွမ်းတသက်ကိုတစ်လှည့်၊ လေးညို့ကိုတစ်လှည့်၊ လွမ်းတသက်ကိုတစ်လှည့် လေးညို့ကိုတစ်လှည့် အပြန်ပြန်ကြည့်ကာ လေးညို့ကို အားနာအနေခက်ပုံနှင့် ပျာပျာသလဲ ဆိုင်ရာမှ ထရပ်လိုက်ရင်း...

"ဩော်... ကို... ကိုလေးညို့၊ တွေ့ရတာ ဝမ်းသာလိုက်တာ ဘာများ အလိုရှိလဲ မသိဘူးရှင့်၊ ခုနတောင် ဆိုင်ဖွင့်ပွဲမှာ တွေ့ခဲ့မိသေးတယ်"

"ဟုတ်ကဲ့ဗျ၊ ကျွန်တော် ဆိုင်လာဖွင့်ပေးတာပါ ညီမ၊ တွေ့ရတာ ကျွန်တော်လည်း ဝမ်းသာပါတယ်၊ လွမ်းတသက်ရဲ့ ဆိုင်ရှင် အလုပ်ရှင် ထင်တယ်"

"ဟုတ်... ဟုတ်ကဲ့ပါ"

လွမ်းတသက်သည် ရေခဲကျောက်ရုပ်မှ သက်ခင် ပြေတ်သေး။ မျက်စိတွေ ပြာနေသည်။ သူ ဒီလို ကိုယ့်နာမည် သိပြီး ဘာကြောင့် ရောက်လာရတာလဲ။ ဘာလာလုပ်တာလဲ။ ဆိုင်က ဝန်ထမ်းတွေရော ဆိုင်ထဲရောက်နေတဲ့ ဈေးဝယ်ကြည့်ရှုသူ နှစ်ဦးပါ ရောက်ရာနေရာ၌ ရပ်တန့်ပြီး လေးညို့ကို ငေးနေ

www.burmeseclassic.com



ကြလေသည်။ သူ့အရောင်အဝါဟာ ပြောမပြတတ်အောင် လူ တိုင်း ငေးမကြည့်မဖြစ် ကြည့်ဖို့လိုအပ်လောက်အောင် ဝင်းမှန် နေတော့သည်ပဲလေ။

"ထိုင်ပါဦး ကိုလေးညို"

"ဟုတ်ကဲ့ ခင်ဗျ"

"ဟဲ့... လွမ်းတသက်"

"ရှင်"

သူနှင့် နှစ်ယောက်တည်းတွေ့တိုင်း ပြဿနာရှိရှိ မရှိရှိ တင်းတင်းမှုန်မှုန် ထားတတ်တဲ့ လွမ်းတသက်ရဲ့ မျက်နှာ ဖြူဖပ်ဖြူရော်လေး နေစရာမရှိသလို အငိုက်မိနေတာကို မြင်လျှင် လေးညိုက ကရုဏာသက်သွားရပါသည်။

"နင် ဘာလုပ်နေတာလဲ၊ ဟယ် ... ဆိုင်ကို နင့်ဆီကို ညှော်သည်လာနေတာကိုလေ၊ ဒီကောင်မလေးတော့"

"ရှင်... ဟုတ်... ဟုတ်ကဲ့..."

"အဟင်းဟင်း... ကိုလေးညိုရယ်၊ ခုပဲ သူ့ကိုပြောနေတာ လေ၊ ကိုလေးညိုနဲ့ ခင်မင်ရင်းနှီးကြတာလားလို့လေ၊ ဟိုး တစ်ခါလည်း ရှီးပွဲလက်မှတ် လက်ဆောင်လာပေးတာလေ။ နေရင်း ထိုင်ရင်းတော့ မသိမခင်ဘဲ ဗီဗီအိုင်ပီ လက်မှတ် လာပေးပါ့မလားလို့၊ အဲဒီတုန်းက ကျွန်မ ကြည့်ဖြစ်လိုက် တာလေ၊ သူက သူ မသွားဘူး ဆိုလို့ပါ၊ သူကတော့ မခင် မင် မရင်းနှီးပါဘူးချည်း ဖုံးဖိပြောနေတာ ဘယ်လိုကောင် မလေးလဲ မသိဘူး... ဟင်း ဟင်း ဟင်း"





လေးညိုက မျက်လွှာချထားသော လွမ်းတသက် ကို တစ်ချက်ကြည့်ရင်း...

"ဟုတ်ပါလိမ့်မယ်၊ သူက မခင်မင် မရင်းနှီးတာ နေပါ လိမ့်မယ် ညီမ၊ ကျွန်တော်ကတော့ သူ့ကို ခင်မင်နေလို့ သာ လက်မှတ်လက်ဆောင်ပေးတာပါ"

"အို... ဘယ်လိုများလဲ... ခိ ခိ ခိ"

မမတင်သူဇာ တစ်ယောက် လေးညိုရဲ့ အပြောတွင် အံ့သြတကြီး သဘောတွေ ကျနေပုံရသည်။ အသက်ချင်း မတိမ်း မယိမ်းမှာ ကြီးချင်းကြီး တင်သူဇာကတောင် နှစ်နှစ်တန်သည် သုံးနှစ်တန်သည် ကြီးနိုင်ပါသေးလျက် ညီမလို့ခေါ်နေတဲ့ လေးညို ဆိုတော့ လူလည်လူပါးရယ်လို့ လွမ်းတသက်က အမြင်ကတ်ချင် မိသေးသည်။

"ကိုလေးညို ဘာသောက်မလဲဟင်"

"တော်ပြီခင်ဗျ၊ မသောက်တော့ပါဘူး"

"ဒီမှာ ခါကျက်ဥဖျော်ရည် အရမ်းကောင်းတယ် ကိုလေးညို၊ သကြားမထည့်ဘဲ မှာလို့ရတယ်ရှင့်၊ သောက်ကြည့်ပါလား"

"ခါကျက်ဥဆိုတာ ဘာဥလဲ၊ ကျွန်တော် မသိဘူး"

"ဩော်... ဟင်း ဟင်း ... ဥနီလေ၊ မုန်လာဥနီကိုခေါ် တာ"

"ဩော်... ..."

"မှာလိုက်မယ်နော်၊ သကြားမထည့်ဘူးမို့လား"

www.burmeseclassic.com



"ထည့်မယ်ဗျ၊ ကျွန်တော် အရိုးကြိုက်တယ်"

"ဩော်… ဟင်းဟင်းဟင်း… သက်မာရေ… ကိုလေးညို့ဖို့ သွားမှာပေးပါ"

မမတင်သူဇာကတော့ လေးညို့ ဘာပြောပြော သဘောတွေ အကြီးအကျယ် ကျနေလေသည်။

"တသက် သွားမှာလိုက်မယ်"

"ဩော်… ညည်းက ဘာလို့သွားမှာရမှာလဲ၊ ဒီမှာနေရမှာကို"

လေးညို့က ခေါင်းမော့လှန်ပြီး ပခုံးတလှုပ်လှုပ်နှင့် ကျိတ်ရယ်နေလေရာ တင်သူဇာကလည်း ပိုင်းဝန်းရယ်မောတာမို့ လွမ်းတသက်က ပိုလို့ အနေခက်ရသည်။ လူကိုစိတ်ကျဉ်းကျပ်အောင် ဘာလာလုပ်မှန်း မသိဘူးဟု ကျိတ်ကာ စိတ်တိုနေမိပါသည်။

"ဒီကို သူ့ဆီ သက်သက် ဝင်လည်တာလား မသိဘူး ကိုလေးညို့"

"မဟုတ်ပါဘူး၊ ကျွန်တော် ညီမဆီ လာတာပါ၊ ညီမကို ဝင်တွေ့တာပါ၊ ပြောစရာလေးလည်း ရှိလို့ပါ"

"ရှင်… ကျွန်မကို … ?…"

ဒီလူတော့။ လူတွေကို ထိတ်လန့်တကြား ရင်လှိုက်သဲဖို လုပ်နေပြန်ပြီ။ သူကတော့ စင်အမြင့်ပေါ်ကလူမို့ ဘာလုပ်





လုပ် တင့်တယ်နေတော့တာပေါ့လေ။ ဒီမှာတော့ လွမ်းတသက် မပြောနှင့် တင်သူဇာပင်လျှင် သူ့နဂိုဗီဇအတိုင်း အခြေကြီးမနေနိုင်တော့ဘဲ ပရမ်းပတာတွေ လှုပ်ခတ်ကုန်ပြီ။

"ဘာများလဲဟင်… အံ့သြလိုက်တာ"

"ဩော်… အရေးတကြီးတော့ မဟုတ်ပါဘူး ညီမ၊ တစ်ခါတုန်းက သူ့ကို ကျွန်တော် အိတ်တစ်လုံး လက်ဆောင်ပေးဖူးပါတယ်"

"အိတ်တစ်လုံး ? "

တင်သူဇာလည်း မျက်လုံးပြူး၊ လွမ်းတသက်လည်း မျက်လုံးပြူးသွားရပါသည်။ လေးညို့က လွမ်းတသက်ကို မှုန်ဆေးတေ တစ်ချက်ကြည့်လိုက်ရင်း…

"Tory burch ပါ၊ ဒီလောက်ကြီးလည်း ဈေးကြီးတဲ့ brand မဟုတ်ပါဘူး ညီမရယ်၊ ကျွန်တော် ဝယ်လာတာ ခုနစ်ရာပတ်လည်ပဲ ပေးရပါတယ်၊ အဲဒါ သူလွယ်တာ မတွေ့လို့ ကျွန်တော်က မေးကြည့်တော့…"

"ဩော်… အဲ… အဲဒါက ဒီလိုပါ၊ အဲဒါ ကိုလေးညို့ သူ့ကိုလက်ဆောင်ပေးထားတာလား"

"ဟုတ်ပါတယ်၊ ကျွန်တော် ပေးထားတာပါ"

တင်သူဇာသည် မျက်နှာပူပူနှင့် လွမ်းတသက်ကို မျက်စောင်းလှည့်ကာ ထိုးလိုက်ရင်း…

www.burmeseclassic.com



"နင်လေ... ကိုလေးညို့ ပေးတာလို့လည်း မပြောဘူး"

"........"

"အဲဒီကတည်းက ပြောလိုက်ပါလား၊ ငါက ဘယ်ထင်မလဲ၊ သူသာ အဲလိုပြောရင် ပြဿနာမရှိပါဘူး ကိုလေးညို့ရယ်၊ ကျွန်မက ဟိုဒင်းပါ... ဟို... ဒီဆိုင်မှာလည်းဝဲ ဒီတံဆိပ်မျိုးတွေလည်း တင်နေတာ ဆိုတော့၊ သူလွယ်ထားတာတွေ့တော့ ဘယ်လိုမှ မထင်မိဘူးလေ... ဟိုဟာလို့..."

လေးညို့က ပြုံးရင်း...

"ဒါပေါ့ ညီမရယ်၊ ညီမ မမှားပါဘူး၊ သူက ပြောရမှာ၊ သူက ပွင့်ပွင့်လင်းလင်းမှ မပြောတာ"

"ဟုတ်ပါတယ်၊ အဲလိုဖြစ်သွားတာပါ အဟင်း ဟင်း"

"အဲဒါ အဲဒီအိတ်ကို သူ့ကို လွယ်ခွင့်ပြုလိုက်ပါလို့"

"အို... ဘယ့်နှယ် လွယ်ခွင့်မပြုရမှာလဲ။ လွယ်ခွင့်ပြုရမှာပေါ့၊ ခွင့်ပြုတယ်ကို မဟုတ်ပါဘူးလေ၊ သူလက်ဆောင်ရတဲ့အိတ် သူလွယ်တာပဲ၊ လွယ်လို့ရပါတယ်၊ သိလား လွှမ်းတသက်၊ မမြဲတစ်နဲ့... နင်နဲ့တော့... ငါ မျက်နှာတွေ ပူရတာ သေတော့မှာပဲ"

လေးညို့က ရောက်လာတဲ့ မုန်လာဥနီဖျော်ရည်ကို ခပ်မြန်မြန်ပဲ မော့သောက်လိုက်ကာ...





"အရမ်းကောင်းတယ်ဗျာ၊ Thank you ပါ၊ နောက်တစ်ခါ သူ့ကို လက်မှတ်ပေးရင်းနဲ့ ညီမဖို့ပါ လက်မှတ်ပို့ပေးပါဦးမယ်၊ သူနဲ့ အတူတူ လာကြည့်ပေါ့။ ညီမလည်း စတိတ်ရှိုးကြိုက်တယ်ထင်တယ်"

"ဟုတ်ကဲ့... အရမ်းကြိုက်တာ၊ ကျေးဇူးတင်ပါတယ် ကိုလေးညို့ရယ်၊ ဒါနဲ့ သူနဲ့ ကိုလေးညို့က ကားနဲ့တိုးမိမလို ဖြစ်တာကနေ သိကြတာ ဆိုတာရော ဟုတ်ရဲ့လား ဟင်၊ သူက ဘာမှ ပွင့်ပွင့်လင်းလင်းကို မပြောဘူး၊ ခုနပဲ သူ့ကို အဲဒါမေးကြည့်နေတာ"

"ဟုတ်ပါတယ်၊ ကားနဲ့ တိုက်မိလိုက်သလို ဖြစ်ရင်းက သူနဲ့စသိတာပါ၊ ဒီဟာတော့ သူ မညာပါဘူး၊ ကဲ... ကျွန်တော် သွားလိုက်ဦးမယ်ဗျ"

"ဟုတ်ကဲ့... ဟုတ်ကဲ့၊ နောက်လည်း ဒီကိုကြုံရင် ဆိုင်ကို ဝင်ပါရှင့်"

"ကောင်းပါပြီဗျာ"

လေးညို့က ထရပ်ပြီး လွှမ်းတသက်ကို ကြည့်သည်။ သူ ခုလို လာလုပ်တာကို လွှမ်းတသက် ကြိုက်မှာ မဟုတ်တာ သူ သိသည်။ အဲသလို မနှစ်သက်နိုင်မှာမျိုးကိုပဲ ဖွတ်တရွတ် လာလုပ်လိုက်ရတာကို လေးညို့က ကိုယ့်ဘာသာ ကျေနပ်သဘောကျနေပါသည်။

www.burmeseclassic.com



"လာလေ… ဆိုင်ခန်းဝထိ လိုက်ပို့"

လေးညို့ စကားကြောင့် လွမ်းတသက်က အံ့အား လည်းသင့် ရှက်မျက်နှာလေးလည်း ရဲသွားက စိတ်တိုတို သောက် ဆတ်ဆတ်နှင့်…

"ဘာလို့ လိုက်ပို့ရမှာလဲ"

"ဟဲ့… လွမ်းတသက်၊ ဩော်… ဒုက္ခပဲ ဒီကောင်မလေး တော့၊ ဘာဖြစ်နေတုန်း၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို၊ လိုက်ပို့လိုက်"

လွမ်းတသက်သည် တင်သူဇာ့စကားကိုတော့ မဆန့် ကျင်ချင်ကာ လေးညို့ကို မျက်စောင်းနှင့် ကြည့်ပြီးမှ ဆိုင်ခန်း ဝထိ လိုက်ပါလာပါသည်။ လွမ်းတသက်ရဲ့ပုံစံကို ရယ်ချင်ကာ လေးညို့က ပြုံးစိစိ ဖြစ်နေရင်း…

"ကြားတယ်နော်၊ ဟိုအိတ်ကို မင်းလွယ်လို့ရပြီ"

"မလွယ်ပါဘူး"

"ရော်… မင်းအိတ်ကို မင်းဘော့စ်က အတုလို့ပြောမှာ မဟုတ်တော့ဘူးလေ၊ အိတ်အစစ်လွယ်တာလေ၊ ပြီးတော့ ဒီအိတ်က မင်းကိုယ်တိုင် အလျော်တောင်းထားတဲ့အိတ် နော်၊ နေရင်း ထိုင်ရင်း ကိုယ်က မျက်နှာလုပ်ပြီး ပေးတာ လည်း မဟုတ်ဘူး၊ မင်းက နည်းနည်းတော့ လွန်တယ်၊ ကိုယ်နဲ့ မထင်မှတ်ပဲ ကြုံကြိုက်ပတ်သက်ပြီး အမှတ်မထင်





ခင်မင်တယ်ဆိုတဲ့ အခြေအနေမျိုးက လူတွေကြားထဲ ချမပြောရဲစရာ ကိစ္စလည်း မဟုတ်ပါဘူး၊ ကိုယ်က တော လေကျပိုးလည်း မဟုတ်ပါဘူး၊ ခင်မင်ပါတယ် ဆိုလို့လည်း ဘာအခွင့်အရေးမှ ယူမယ့်သူလည်း မဟုတ်၊ ယူစရာလည်း မရှိပါဘူး၊ အခု ဒီနေ့လို စကားတစ်လုံးမှတောင် ဝင်မ ပြောဘဲ မျက်နှာကို အဲသလို ရှုပုပ်ကောက်ချိတ်ထားဖို့ရာ အကြောင်းရင်းလည်း တစ်ခုလေးတောင် စဉ်းစားမရမိပါ ဘူး"

လွမ်းတသက်က လေးညို့ကို စေ့စေ့ကြည့်ရင်း…

"ရှင်ကတော့ အမြင့်ကလူ အောင်မြင်နေတဲ့လူ ဆိုတော့ ဘာပဲလုပ်လုပ် လုပ်သမျှ တင့်တယ်နေတာပေါ့လေ၊ အနေ ကျဉ်းကျပ်ရတာက ကျွန်မတို့လို ဟိုးအောက်ခြေနင်းဖတ် က လူတွေသာပါ"

"ဟာ… မင်းကလည်း ဘယ်လိုပြောလိုက်တာလဲကွာ"

"ရှင် မသိနိုင်ပါဘူး၊ ဒီလောက် အဝေးကြီး ဝေးကွာတဲ့ အဆင့်နှစ်ခုက လူနှစ်ယောက် ဘယ်လိုအနေအထားနဲ့ပဲ နီးစပ်ပတ်သက် ပတ်သက် အထင်လွဲခံရ အမနာပ အပြော ခံရမှာက ကျွန်မလို နင်းပြားအဆင့်ကလူပါ၊ အဝေဖန်ခံ ရမယ်၊ အကဲ့ရဲ့ခံရမယ်၊ အဲဒါတွေ ကျွန်မ မခံနိုင်ဘူး ကိုလေးညို့၊ ကျွန်မ ကိုယ့်ထမင်း ကိုယ်ရှာစား ကိုယ့်ဘဝ

www.burmeseclassic.com



ကိုယ်ကျောင်းနေတာ ဘယ်သူ့အထင်သေး အမြင်သေးမှု လည်း မခံနိုင်ဘူး၊ ဒါကြောင့် ရှင် ကျွန်မကို အကြောင်း မရှိဘဲ လာလာမပတ်သက်ပါနဲ့"

ထင်မှတ်မထားတဲ့ အပြင်းစားစကားကြောင့် ဒီတစ်ကြိမ် ကြက်သေ သေရသူမှာ လေးညို့ပင်။

○



(၉)

"ကိုလေးညို့ လက်မှတ်လေး"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျေးဇူးပါဗျာ"

"ကိုလေးညို့… ဓာတ်ပုံတွဲရိုက်လို့ ရမလား"

"အာ… ရပါတယ်၊ ညီမ ဒီရှေ့ကပဲရပ်ပြီး ကျွန်တော့်ပါ ပါအောင် ဆယ်လ်ဖီသာ ဆွဲလိုက်ပေတော့"

"ဟင်… တွဲရပ်ပြီး ရိုက်ချင်လို့ပါ"

"အဲဒါဆိုရင်တော့ ပွဲပြီးအောင်လေး ခဏစောင့်ပေးဗျာ… နော်၊ ကျွန်တော် ဒီနေရာကထွက်ဖို့ အဆင်မပြေသေးလို့ ပါ၊ ညီမ မြင်တဲ့အတိုင်းပဲလေ နော်… wait a moment please"

လူအစုံ ခုနစ်ယောက်တွဲ အခွေတစ်ခွေမှာ လေးညို့ နှစ်ပုဒ်ပါဝင် သီဆိုထားတဲ့ သီချင်းခွေ စတင်ဖြန့်ချိပွဲ။ ခေတ်ရေစီးကြောင်း ထုံးစံအတိုင်း စီဒီစဖြန့်တဲ့ရက်မှာ shopping mall

www.burmeseclassic.com



ကြီး တစ်ခုရဲ့ အောက်ထပ်ကွက်လပ်တစ်ခုမှာ ပရိမိုးရှင်း ကျင်းပနေတာ ဖြစ်ပါသည်။

"ဒီဘဲကြီးနဲ့တော့ တူတူတွဲထိုင်ရတာ ဒီပရက်ရှင်ပါရတယ်"

ရောင်ပြေးနေကာမျက်မှန်တပ်ကာ ကက်ပ်ဦးထုပ်ကို နောက်လှည့် ဆောင်းထားသော ထွန်းတောက်က တမင်တကာ လေးညို့ ကြားအောင် ကျယ်ကျယ်လောင်လောင် ညည်းညူလိုက်ပါသည်။ အခွေထဲပါသမျှ အဆိုတော်တွေဟာ အားလုံး လေးညို့ထက် ငယ်ရွယ်သူချည်းပင်။ သို့ပေမယ့် ပရိသတ်တွေ အုံခဲနေတဲ့ကြားမှာ လက်မလည်အောင် ထူးထူးခြားခြား ရေပန်းစားတဲ့သူက လေးညို့ပါ။

အနုပညာသမားတစ်ယောက်မှာ "စန်း"ဆိုတာဟာ အင်မတန်မှပင် ဆန်းကြယ်လှတဲ့ လုပ်ယူဖန်တီးလို့ မရတဲ့ ကံတရားတစ်ခုပင်။ အသက်သုံးဆယ်ကျော် ဖြစ်လာတဲ့တိုင် လူငယ်တွေနှင့်ယှဉ်လည်း သူသာပဲ စင်ပေါ်ကဖြစ်နေတဲ့ လေးညို့ရဲ့"စန်း"က တကယ်ပဲ လန့်ဖို့ကောင်းပါသည်။ လက်မှတ်ရေးထိုးပေးနိုင်မည့် အချိန်ပိုင်းက သတ်မှတ်ထားတာမို့ အနုပညာရှင်တွေ မပြန်မီ လက်မှတ်ရဖို့ ဓာတ်ပုံရဖို့ အလို့ငှာ ပရိသတ်တို့ဟာ တိုးဝှေ့ကျပ်သပ်ပြီး စားပွဲနား ကပ်နိုင်ဖို့ ကြိုးစားနေကြသည်။

နေစိုးက စားပွဲမှာထိုင် လက်မှတ်ထိုးပေးနေကြတဲ့ အဆိုတော်တွေရှေ့ ရေသန့်ဘူး သေးသေးအေးအေးလေးတွေ နောက်ဖက်ကနေ လိုက်ချပေးနေရင်း လေးညို့ နေရာအရောက်





မှာ ရေသန့်ဘူးလည်းကုန်းချ လေးညို့နားနားကိုလည်း ကပ်လိုက်ပြီး…

"ဟိုကောင်မလေးကွ"

လေးညို့ ဖျတ်ခနဲ လှုပ်ရှားသွားမိမလိုဖြစ်တဲ့ မိမိစိတ်ကို မိမိထိန်းလိုက်ရင်း ခေါင်းပင် မမော့ဘဲ…

"ဘယ်ကောင်မလေးလဲ"

"ဘယ်ကောင်မလေး ရှိမှာလဲ၊ မင်း ဟိုတလောက တဖျစ်တောက်တောက် ဒေါကန်နေတဲ့ လွှမ်းတသက်ပေါ့၊ သူ့ကို လာပတ်သက်စရာ မလိုဘူးဆိုတဲ့ သူပေါ့"

နေစိုးက စသလို နောက်သလို ပြောလိုက်ပေမယ့် လေးညို့ ရင်ဘတ်ထဲမှာ စပ်ဖျဉ်းဖျဉ်း ခံစားရပါသည်။ အဲဒီရက်တွေက အတော်မခံရပ်နိုင် ခံစားရကာ နေစိုးကို တတွတ်တွတ် ပြောခဲ့မိပါသည်။ နေစိုးကလည်း သူ့ဘက်က ဒေါတွေကန်လို့။ မင်းက သွားအရောဝင်တာကိုးလို့တောင် သူ့ကို အပြစ်တင်ပါသည်။

"ငါက သူ့ပုံစံ သူ့ဘဝ အနေအထားလေးမြင်ပြီး ကရုဏာသက်လို့ပါကွာ၊ ခုတော့ တော်ပါပြီ နေစိုးရာ၊ တချို့လူတွေက စေတနာထားလို့ မရဘူးကွာ"

"ကိုယ့်ဘဝကိုယ်မသိ ကိုယ့်အခြေအနေကိုယ် မဆန်းစစ်ဘဲ ရောင့်တက်တတ်တဲ့ မိန်းမမျိုးထဲက ဖြစ်မှာပေါ့၊ မင်းလည်း အဲဒီ ဘာမဟုတ်တာနဲ့ သွားတရစ်ငင်ငင် လုပ်နေ

www.burmeseclassic.com



တာ၊ ခုလို ဟိုကပြောလိုက်တာတောင် ကြဲဖန်ကျေးဇူးတင်ရမလိုပဲ၊ ခုမှ စာရင်းပြတ်ရော... အေးရော"

နေစိုး ပြောသလိုပင် စာရင်းပြတ်တာပဲ အေးတာပဲလို့ လေးညို့ စိတ်ဒုံးဒုံးချလိုက်ပါသည်။ ဒီကြားထဲ ကိုယ့်အနုပညာအလုပ်ကိစ္စတွေလည်း ရှုပ်ယှက်နေကာ သတိတရလည်း မရှိမိတာ အမှန်။ ခုလို နေစိုး ပြောလိုက်တော့ သူ့ရင်ထဲ ဒိန်းခနဲ ဘာကြောင့် ခုန်လှုပ်သွားပါလိမ့်။ မော့မကြည့်မိအောင် ဇက်ကိုခိုင်ထားကာ လက်မှတ်တွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ထိုးနေရင်း...

"သူက ဒီ Shopping Center ကမှ မဟုတ်တာ၊ သူ့အလုပ်မှာ သူရှိနေမယ့် အချိန်ဟာကို၊ မင်းက အလကားလာစ,နေပြန်ပြီ"

"ဟ... စ,စရာလား လေးညို့ရ၊ ကလေးကျနေတာပဲ။ မင်းကို ယောင်ပြီး ပြောလိုက်မိတာပါ၊ သူ့ဟာသူ ဘယ်နားရှိရှိပါ၊ ဒီက မဟုတ်တာတော့ သိသားပဲ၊ သူ့အလုပ်နားရက်တို့ ဘာတို့ ဖြစ်မှာပေါ့၊ သူ့အားရက်သူလည်း ဘဲနဲ့လည်ချင် လည်မှာပေါ့၊ နေ့တိုင်း အလုပ်ဆင်းနေရတဲ့ Shopping Center ကိုတော့ ဘယ်ပြန်သွားမလဲကွာ၊ တခြားနေရာတစ်ခုခုပဲ လာမှာပေါ့"

ဘဲနဲ့...။





ဒီစကားလုံးက လေးညို့ရဲ့အာရုံကို တိုးတိုက်ထိရှသွားပါသည်။ ထိုစကားလုံးကြောင့်ပင် ဟန်မပျက် ဣန္ဒြေရရ လက်မှတ်ထိုးနေတဲ့ လေးညို့ရဲ့ လည်တိုင်က တစ်ချက်မတ်သွားပြီး မျက်ဝန်းတို့က ဟိုဟိုဒီဒီ ဦးတည်ရာမဲ့ ဝေ့ဝဲလှည့်ပတ် ကြည့်ရှာဖွေလိုက်မိသည်။ ဒီလောက် ရှေ့မှာ ဝိတ်ကာကျပ်တောက်အုံခဲနေတဲ့ လူအုပ်ထုထည်ကို ကျော်ဖြတ်ကာ ဘယ်ဘက်မှာမှန်း သိတဲ့ သူမကို လှမ်းတွေ့မြင်နိုင်ဖို့ဟာ မလွယ်။

ဘယ်မှာလဲ...။

အဲဒီ ဘဲနဲ့ ဆိုတဲ့ ကောင်မလေး ဘယ်မှာလဲ။

"မင်း လူမှားနေတာ ဧနမှာပါ နေစိုးရာ"

လေးညို့က တမင်တကာ လူလည်ကျကာ ပြောလိုက်ပါသည်။ သူ မျှော်လင့်တဲ့ အတိုင်းပင် နေစိုးက ချက်ချင်း...

"သြော်... ဘာမှားစရာရှိလဲ၊ ခုနကတည်းက အပေါ်ထပ်လက်ရန်းတွေနားကပ်ပြီး သူ ငုံ့ကြည့်နေကတည်းက ငါမြင်တာကြာပြီ၊ ဟော... အခု အက်စ်ကလေတာကနေဆင်းတောင်လာပြီ"

လေးညို့ မျက်ဝန်းတို့က ဖျတ်ခနဲ ဒိုင်းခနဲ မြေညီကိုဆင်းသည့် အက်စ်ကလေတာဘက်သို့ ရောက်သွားပါသည်။ လေးညို့တို့ ပရိုမိုးရှင်းပွဲနေရာ ကွက်လပ်လေးရဲ့ တစ်ဖက်တစ်ချက်မှာ အဆင်းနဲ့ အတက် အက်စ်ကလေတာ တစ်ခုစီ ရှိပါသည်။ ခပ်ကျဉ်းကျဉ်း လှေကားပေါင်လေးအတွင်းမှာ လူတွေက

www.burmeseclassic.com



တစ်ထစ်ချင်း ရှေ့နောက်တန်းစီသလို ရပ်ပါလာသည်။ အများစု ရဲ့ မျက်ဝန်းတို့ဟာ ပရိုမိုးရှင်းဧရိယာမှ အဆိုတော်များထံ လှမ်း စိုက်ကာ ငေးလျက်သား။

သူမကတော့ မကြည့်ပေ။ ဒါဟာ သူ့ကိုမြင်ပြီးနှင့် လို့သာဟု လေးညို့က အတပ်တွေးလိုက်ပါသည်။

စက်လှေကားထိပ်ရောက်ကာ လှေကားထစ်များကို ရှေ့ဆုံးကနေ လွမ်းတသက် စနင်းမိကာမှ "ဟယ်... ငါ့ပိတ်စထုပ် ဟိုဆိုင်မှာ ကျန်ခဲ့ပြီ"ဟု ဟစ်အော်ကာ တစ်ချိုးတည်း လှည့်ပြေး သော ပန်းနုကြောင့် လွမ်းတသက်ရဲ့ နောက်တစ်ထစ်မှာ နင်းမိ ပြီးဖြစ်သော ကိုမိုးမှာ ပန်းနု နောက်လှည့်လိုက်ရမလို ယောင် တောင်တောင် ဖြစ်ပြီးမှ နင်းမိလက်စအတိုင်း ရှေ့ဆက်ဦးတည် ပါလာကာ...

"သူ ဘာကျန်ခဲ့တာလဲ လွမ်းတသက်"

"သူ့ပိတ်စထုပ်တဲ့ ကိုမိုး"

"အာ... ငါ ဒီလောက်ကိုင်ပေးထားတာကို၊ သူ့လက်ထဲ မှာ ဒါလေးတစ်ထုပ်ပဲ ကျန်တာကို ဘယ်နားမေ့ကျန်ခဲ့ ပြန်လဲ မသိဘူး"

ကိုမိုး လက်နှစ်ဖက်စလုံးမှာ လွမ်းတသက်နှင့် ပန်းနုတို့ရဲ့အထုပ်တို့နှင့် ပြည့်နေသည်။ အဓိကတော့ ပန်းနုရဲ့ အထုပ်တွေပင်။ မြို့ကိုတစ်ပတ်ပြန်မည့် ပန်းနု တစ်ယောက် သူ တို့အမျိုးတွေအတွက် လက်ဆောင်ကြီးကြီးရော သေးသေးရော





စုစုကြွေးရော လူစေ့တက်စေ့စာ ဝယ်နေသလိုပင် ဝယ်ခြမ်းတာတွေ က တိုလီမိုလီ စုံလှသည်။

"သူ အမြဲ အဲဒီအတိုင်းပဲလား"

ကိုမိုး အမေးကို လွမ်းတသက်က ပြုံးပြုံးရယ်ရယ် လေး လှည့်မော့ကြည့်ရင်းက...

"အင်းပေါ့၊ အဲဒီအတိုင်းပဲပေါ့... အဟင်း"

"ပြာလောင်ကို ခတ်နေတာပဲ၊ သူ့နောက်ဈေးလိုက်ဝယ်ပေး ရတာ မူးတောင် မူးတယ်၊ ညည်းပါလာလို့ တော်တော့ တယ်၊ တော်ကြာ ဟိုဟာ၊ တော်ကြာ ဒီဟာ၊ အာရုံကို နောက်နေတာပဲ၊ မလိုက်ပေးပြန်လည်း ရန်ကလုပ်ဦးမယ်"

ကိုမိုး စကားကို လွမ်းတသက်က အပြုံးနှင့်သာ လှည့်ကြည့် တုံ့ပြန်ရသည်။ ကိုမိုးဟာ ပန်းနုရဲ့အစ်ကိုအရင်း အကြီးဆုံးပင်။ သူတို့နှစ်ယောက်ကြားက အလတ်အစ်မက သူတို့ မြို့လေးမှာပင် မူလတန်းပြဆရာမ လုပ်ပါသည်။ ကိုမိုးနှင့် ပန်းနုသာ ရန်ကုန်မှာ။ ကိုမိုးက မူလဇာစ်မြစ်ဝါသနာက ပန်းချီ ဆွဲလိုသူ ပန်းချီဆရာ ဖြစ်လိုသူ ဖြစ်သော်လည်း အခြေအနေအရ အခုတော့ သူငယ်ချင်းများနှင့်စပ်၍ တက်တူးထိုးတဲ့ အလုပ်လေး လုပ်နေပါသည်။

ဖြူဖြူပိန်ပိန် ကိုမိုးဟာ ဆံပင်ကျောလယ်လောက် အရှည်နှင့် သူ့ရဲ့လက်ဖျံနှစ်ဖက်လုံးမှာ လှပဆန်းကြယ်သော တက်တူးရုပ်တို့နှင့်။ တက်တူးထိုးသူမို့ ကိုယ့်အလုပ်ကိုယ် ပရိုမိုး

www.burmeseclassic.com



ရှင်းလုပ်ပြီးသားဖြစ်အောင် ထိုးထားပုံရပါသည်။ တက်တူးနှင့် နားကွင်းနှင့် ခေတ်လူငယ် ဖြစ်ပေမယ့် ကိုမိုးက လူကြီးဆန်ပါသည်။ အခုဆို သူ့အလုပ်က ဝင်ငွေမဆိုးလှ၍ အိမ်ကို မျှားဗွာ ကြည့်ရှုထောက်ပံ့နိုင်သူလည်း ဖြစ်သည်။ ချစ်စဖွယ်သော ကုမ္ပဏီ ဝန်ထမ်း ချစ်သူလေးတစ်ယောက်ကို ပိုင်ဆိုင်ထားသူလည်း ဖြစ်ပါသည်။

"ငါတို့ ဒီနားကပဲ ရပ်စောင့်ရအောင်"

"ဟုတ်"

လွှမ်းတသက်က ဆီးရိုးပရိုမိုးရှင်းနေရာက လူအုပ်ကို ဖျတ်ခနဲကြည့်ရင်း ခေါင်းငုံ့လိုက်ပါသည်။

"ဒီဘက်ကို တိုးလေ၊ လှေကားရင်း ပိတ်ရပ်သလို ဖြစ်နေမယ်"

"ဟုတ်"

"ရောက်တုန်း တစ်လက်စတည်း ဒီသီချင်းစီဒီ ဝယ်ဦးမလား၊ လေးညို့ကို ညည်း အရမ်းကြိုက်တာလို့ ဝန်းနု ပြောဖူးတယ်၊ ညည်း လူမတိုးနိုင်ရင် ငါတိုးဝယ်ပေးမယ်လေ"

"ဟို... ဟို... ရပါတယ်... နေပါစေ၊ တသက် နောက်မှ ဝယ်မယ်"

"ငါ့ကို အားမနာပါနဲ့၊ ဒီနေ့ဝယ်တော့ သူ လက်မှတ်ထိုးပေးတာလည်း ရတာပေါ့ဟ၊ ကံစမ်းမဲလည်း ရဦးမယ်ထင်တယ်"





"ဟင့်အင်း... မဝယ်တော့ဘူး၊ နေပါစေ ကိုမိုး"

"သူ ရှိနေတယ်ဟ"

"ဟင့်အင်း... နေပါစေတော့"

လွှမ်းတသက်က ဖယ်ဖယ်ခါခါ ငြင်းနေမိပါသည်။ ခုတောင်မှ သူ ကိုယ့်ကို လှမ်းမြင်သွားသလား ထင်နေမိတာ။ စက်လှေကားက အဆင်းမှာ မသိမသာလေး ခိုးစွေ့ရှာဖွေကြည့်မိတော့ သူကလည်း လှေကားဘက် မော့ကြည့်နေတယ် ထင်မိသည်။ ပန်းနုတစ်ယောက်လည်း ကျန်တဲ့အထုပ် အမြန်တွေ့ပြီး အမြန်ဆင်းလာပါစေတော့။ ကြာပဲ ကြာနိုင်လွန်းလိုက်တာ။

လွှမ်းတသက်ရဲ့စိတ်တွေ ယောက်ယက်ခတ်နေစဉ် လက်မှတ်ထိုးတဲ့ စားပွဲမှာ ထိုင်နေတဲ့ လေးညို့သည် ဘယ်အရာ က သူ့ကိုဆွနေတယ် မသိအောင် ဆက်ထိုင်မရ တကြွကြွဖြစ်လျက် ထိုင်ရာမှ ထရပ်လိုက်မိပါသည်။ ထ,ရပ်လိုက်တော့ သူ့ အရပ်ရှည်ရှည်က လူအုပ်ကို ကျော်လွန်၍ ဟိုးတစ်ဖက်လှေကား ရင်းနားက လွှမ်းတသက်တို့ စုံတွဲကို ချက်ချင်း တန်းမြင်သည်။

ဒီမိန်းကလေးကို ဒီတစ်ခါ တော်တော်မှန်းမိပေသည်။ သူမှာ ယောကျ်ားလေးမိတ်ဆွေ (သို့မဟုတ်) ရည်းစား (သို့မဟုတ်) ချစ်သူ ဆိုတာ ရှိနေနိုင်ခြင်းဟာ ထူးဆန်းတဲ့ကိစ္စ မဟုတ်ပေမယ့် ဒီလို တက်တူးဗလဗျစ် ဆံရှည်ကောင်လေးမျိုးကို သူလို လိုအပ်တာထက် ပိုမိုတည်ကြည်နေတဲ့ လိုအပ်တာထက်ပိုကာ လောကကြီးကို လူတွေကို သတိထား ဆက်ဆံနေတဲ့ မိန်းကလေးတစ်

www.burmeseclassic.com



ယောက်က ရွေးချယ်ထားသည် ဆိုခြင်းဟာတော့ မယုံချင်ဖွယ်ရာ မအပ်မစပ် မထော်မနန်း ကိစ္စမျိုး ဖြစ်နေသလိုပင်။

"အစ်ကို... ဘာတုံး၊ ပြန်တော့မလို့လား"

ထွန်းတောက်က မော့မေးလိုက်မှ သူ ပိုနေချင်စိတ် မရှိတော့ပေ။ နာရီကို တစ်ချက်ကြည့်ကာ...

"အေး"

"ဟာ... မရသေးဘူးလေ၊ အစောကြီး ရှိသေးတယ်"

"မရဘူးလို့ မင်းကို ဘယ်သူပြောလဲ၊ ငါ နေလို့ ထိုင်လို့သိပ်မကောင်းဘူး၊ ပြန်မှဖြစ်မယ်"

နေစိုးက အနားကပ်လာ၍ ထွန်းတောက်က နေစိုးကို လှည့်ကြည့်ကာ...

"ဆရာသမားက ညီလေးတွေ ညီမလေးတွေ ထားရစ်ပြီး ပြန်တော့မလို့တဲ့၊ ပွဲပြီးထိနေမယ် သူပဲပြောပြီး"

ပြောနေရင်းပင် လေးညို့သည် အသက်ရှူကျပ်သလို လိုဖြစ်လာကာ ကြယ်သီးအပြည့်တပ်ထားတဲ့ ရှပ်အင်္ကျီလည်ပင်းက ကြယ်သီးကိုလည်း နှစ်လုံးလောက်ဖြုတ်၊ လက်ရှည်ချဝတ်ထားတဲ့ ရှပ်လက်ဖျားကြယ်သီးနှစ်လုံးကိုလည်းဖြုတ်၊ အပေါ်တို လက်ခေါက်လှန်ဆွဲတင်ကာ ချွေးစေးပါ ပြန်လာသလို ခံစားရလေသည်။ အဲသလို ဖိုသီဖတ်သီ ပုံစံမျိုးကို ပြုလုပ်ခဲလှတဲ့ လေးညို့ကို နေစိုးက အံ့သြသလိုကြည့်ရင်း...

"ဘာဖြစ်လို့လဲ လေးညို့"





"ချွေးတွေပြန်ပြီး အသက်ရှူမဝသလိုပဲကွာ"

"လူအုပ်က အရမ်းကျပ်တိုးနေတော့ လူငွေ့လှောင်ပြီး အသက်ရှူကျပ်လာတာ နေမယ်၊ ဒီဘက် အနောက်ဘက် လာထိုင်လိုက်ပါလား သူငယ်ချင်း"

"ဟင်အင်း... ငါ ပြန်လိုက်တော့မယ်ကွာ"

"ပြန်မလား... ဟုတ်တယ်၊ မင်းချွေးတွေပါ စို့လာတယ်"

လေးညို့သည် သူ ဘာဖြစ်ပါလိမ့်လို့ အံ့အားတသင့် ဖြစ်မိသည်။ တကယ်ကို မလိမ်ညာပါ။ အသက်ရှူရခက်အောင် ရင်ထဲကျပ်တက်လာကာ လူတစ်ကိုယ်လုံး ဖောချွေးတွေပြန် အိုက်စပ်လာတာ။ ခန္ဓာကိုယ်က အငွေ့တွေ တရှိန်ရှိန် ထွက်လာသလိုလို၊ ရွှေ့တလူအုပ်ထဲမှ ဆူညံရောထွေးနေသော တစ်ယောက်တစ်ယောက်စကားသံတွေဟာ ရောထွေးသွားပြီး သူ့နားထဲ တဝူဝူ ပြည့်လာသလိုလို၊ Shopping mall ကြီးရဲ့ အပေါ်ထပ် ပတ်ပတ်လည် လက်ရန်းတွေမှာရပ်ပြီး အောက်က အဆိုတော်အနုပညာသည်တွေကို ငေးမောရှုစားနေကြတဲ့ လူတွေဟာ ချာလပတ်လည်လာသလိုလို။

"ဟော့ကောင် လေးညို့... မင်း ရရဲ့လား"

"အင်း... ထွက်ကြစို့ နေစိုး"

"ဆေးခန်းများ သွားဖို့လိုမလား၊ လာ... လာ... ငါ့ကိုတွဲ"

"ရတယ်"

www.burmeseclassic.com



လေးညို့သည် ပရိဂ္ဂျူဆာလင်မယားကိုပင် နှုတ်မဆက်နိုင်တော့၍ နေစိုးကပဲ အခြေအနေ ပြောလိုက်ဖို့ ထွန်းတောက်ကို အလေသုံးဆယ် မှာရသည်။ ထွန်းတောက်ကတော့ ရုတ်တရက်နေထိုင်မကောင်း ဖြစ်သွားတဲ့ လေးညို့ကို အံ့ဩစိုးရိမ်သလိုကြည့်ရင်း ကျန်ခဲ့သည်။

ရင်ဘတ်ထဲကလည်း တလှပ်လှပ်၊ အစားများ မရှိလို့လားဟု သူဘာစားထားမိသလဲ ပြန်တွေးမိသည်။ အသက်ရှူလို့ကတော့ လုံးလုံးမကောင်းတော့ပါ။ လူအုပ်ကို ဖြတ်သန်းကျော်လွန်ကာ တစ်ဖက်ကိုရောက်လျှင် ကွက်လပ်ထဲ ခပ်ကျဲကျဲရှိနေသော သူတွေအကြား လွမ်းတသက်တို့ နှစ်ယောက်နှင့်တည့်တည့်သွားဆုံသလို ဖြစ်နေပါသည်။

ရုတ်တရက် လူကြားထဲက ဘွားခနဲ ပေါ်လာသော လေးညို့ကိုအမြင် လွမ်းတသက် မျက်နှာလေးက လန့်သွားသလို ပျက်သွားပါသည်။ လုပ်သမျှ တင့်တယ်သော ဒီဇွတ်တရွတ်လူဟာ ဘာများ လာလုပ် လာပြောဦးမလို့ပါလိမ့်ရယ်လို့ တွေးရင်း မျက်လုံးဝိုင်းနှင့် စိုက်ကြည့်နေမိလေသည်။

လေးညို့သည် ဆယ်ပေမျှ အကွာလောက်က လွမ်းတသက်ကို ခပ်စူးစူး တစ်ချက်ကြည့်ပြီး ဘယ်ဘက်ချိုးကာ ဝင်ပေါက်ထွက်ပေါက် နေရာဆီကိုသာ ခြေလှမ်းကျဲနှင့် လျှောက်ခဲ့သည်။ နေစိုးကသာ လွမ်းတသက်ကို မေးတစ်ချက်ဆတ်ကာ ပြုံးရုံမျှ နှုတ်ဆက်ရပါသည်။ ဖုန်းဖွင့်နှိပ် ကားကိုခေါ်ရင်း





လေးညို့နောက်က ပြေးမတတ် လိုက်နေရလောက်အောင် လေးညို့ခြေလှမ်းတွေက အငြိုးတကြီး မြန်ဆန်လွန်းနေသည်။

ပေါ်တီကိုကြီးမရှေ့ ရောက်သည်နှင့် ဖုန်းဆက်ခေါ်လိုက်တဲ့ ကားကလည်း ရှေ့ကိုထိုးအဆိုက် ကွက်တိပင်။ လေးညို့က နောက်ခန်း၊ နေစိုးက ရှေ့ခန်းထဲ ဝင်ထိုင်လိုက်ပြီး ကားထွက်သည်နှင့်...

"ဆေးခန်းမောင်းလိုက်မယ်"

"ဟောကောင်... မလိုပါဘူး နေစိုးရာ"

"လိုတယ် ဟောကောင်၊ မင်းမျက်နှာကြီးက ဖြူဖပ်ဖြူရော်ကြီး ဖြစ်နေတယ် မရဘူး"

နေစိုးက သူတို့သူငယ်ချင်း ဆရာဝန်တစ်ယောက်ဖြစ်သူ စိုးမိုးထွန်းထံ ဖုန်းလှမ်းဆက်နေပါသည်။ လေးညို့ပုံစံအခြေအနေ ပြောပြနေတာကို နားထောင်နေရင်းက မျက်စိကိုမှိတ်ပြီး လေးညို့က မှီလျှောလိုက်ပါသည်။ နေမကောင်းသလို ခံစားချက်ကြားထဲမှာ ဒေါသပါပါလာသည်။ မှိတ်ထားတဲ့ မျက်လုံးထဲတက်တူးကွက်ကြီးတွေ ပေါ်လာသလိုလို။

တော်တော်မိုက်မဲတဲ့ ကောင်မလေး။ ရှင် ကျွန်မကို အကြောင်းမရှိဘဲ လာလာမပတ်သက်ပါနဲ့တဲ့... အဟက်ဟက်။ ပြီးတော့ ဒီလို အသရေမျိုးနဲ့ ကောင်တစ်ကောင်ကို တွဲခုတ်နေလိုက်သေးတယ်ပေါ့။ မင်းထိုက်နဲ့ မင်းကံ တန်ရာတန်ရာလေ။ It's OK ပါ။ ငါက ဘာဖြစ်နေရဦးမှာလဲ။ အလွန်ဆုံး ရယ်ချင်တာသာပဲ ရှိတာပေါ့...။

www.burmeseclassic.com



"တူ… တူတူ… တူတူ…"

"ဟယ်လို…၊ ဪ… ဟုတ်ပါတယ် နေစိုးပါ၊ ဒီညနေတော့ မရတော့ဘူး ညီမ၊ ချိန်းထားတာ ပြောထားတာ ဟုတ်ပါတယ်၊ အချိန်ပေးထားပြီးသား မှန်ပါတယ်၊ ဒါပေမဲ့ သူ့ ရုတ်တရက် နည်းနည်းနေမကောင်းလို့ ဒီညနေတော့ ဖျက်ပေးလိုက်ပါတော့"

"နေစိုး… '……'မဂ္ဂဇင်းက အင်တာဗျူး မဟုတ်လား၊ ရပါတယ်၊ ငါ ဖြေနိုင်ပါတယ်၊ တွေ့လိုက်ပါ"

လေးညို့က ခပ်တိုးတိုး ပြောသော်လည်း…

"ဟုတ်ပါတယ်၊ ခဏတော့ ဟုတ်ပါတယ် ညီမ၊ သူနေမကောင်းတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ၊ အဲဒီအင်တာဗျူးဆောင်းပါးအတွက် ဓာတ်ပုံရိုက်ဖို့လည်း စတူဒီယိုမှာ တစ်ရက်ပေးထားတာလေ၊ အဲဒီနေ့ကျမှပဲ တစ်ခါထည်း မေးလိုက်တော့ ညီမလေး၊ အဲဒီနေ့ အချိန်ရမှာပါ သန်ဘက်ခါလေ၊ စိတ်ချ စိတ်ချ၊ ဆက်ဆက်ဖြေမယ်၊ ဒီနေ့ မနားလိုက်ရင် အဲဒီရက် ဓာတ်ပုံပါ မရိုက်နိုင်တော့ဘဲ ဖြစ်သွားလိမ့်မယ်၊ အိုကေ… အိုကေ… ဆောရီးနော်…၊ စိတ်ချပါ… စိတ်ချပါ… ကျေးဇူးပဲ ညီမ"

နေစိုးက ဖုန်းကိုပိတ်လိုက်ပြီးမှ…

"မင်းကသာ ရတယ်ပြောနေ၊ မင်းပုံစံကိုကြည့်ပြီး ငါစိတ်မချဘူး လေးညို့၊ ဒီညနေ ဆရာကြီးဦးအေးငြိမ်းကို ဝိတိုရိယကို One call ခေါ်လိုက်မယ်၊ မင်း နားလိုက်မှရမယ်"





"အာ… ဦးအေးငြိမ်းအထိ One Call ခေါ်ဖို့ လိုအပ်လို့လားကွာ၊ ငါ အသက်ရှူကျပ်တာရယ် မူးနောက်နောက်ငြီးစီစီ ဖြစ်တာရယ် လောက်ပါပဲ၊ ဆိုးဆိုးဝါးဝါးမှမဟုတ်တာ"

"ဒါပေမဲ့ မင်းပုံစံက…"

နေစိုးက ဆက်မပြောတော့ပါ။ သွေးတွေ စုတ်ထုတ်လိုက်သလို ရုတ်တရက် ဖြူဖပ်ဖြူရော်ဖြစ်ကာ မျက်နှာပါ ချက်ချင်းကျသွားသလိုရုပ်နှင့် လေးညို့ကို သူ စိတ်မချပါ။ အသက်ရှူကျပ်တာလောက်သာ ပြောပေမယ့် မျက်လုံးတွေမှာပါ ချက်ချင်းလက်ငင်း နာကျင်ခြင်း အငွေ့အသက်တို့နှင့် အေးစက်စက်ခံစားချက်ကို နေစိုး မြင်နေရသည်လေ။ ပြီးတော့ ဒီရက်ဟာ လေးညို့ရဲ့ဘဝမှာ အနာကျင် အပင်ပန်း အခဆင်းရဲဆုံး ဗုန်းဗုန်းလဲခဲ့ရသည့် နှစ်ပတ်လည်ရက်နှင့်လည်း ကပ်နေတယ် မဟုတ်လား။

ဒီလိုရက်မျိုးမှာ အမြဲတမ်း နှစ်တိုင်းတော့လည်း ဖြစ်သနာမရှိပါ။ ဆိုပေမယ့်… အချို့သောနှစ် ဒီလိုလပိုင်းရက်ပိုင်းတွေမှာ လေးညို့မှာ ကျန်းမာရေးသော်လည်းကောင်း၊ လူမှုရေးထိစွ ဘာညာသော်လည်းကောင်း ကမောက်ကမ ဖြစ်တတ်တာသူ ကြုံခဲ့ဖူးပြီး ကောင်းကောင်းသိထားသည်။ ဤကာလပတ်ဝန်းကျင်ကို မကျေမချမ်း ဒေါသနှင့် ရှုမြင်တတ်လျက် ဘာမဟုတ်တာနှင့် ရန်ဖြစ်သွားတာမျိုး၊ ခံစားနာကျင်ရသော သူ့စိတ်တို့ကို ထွက်ပေါက်ရှာတဲ့ အနေနှင့် အရက်တွေ အမူးအလဲသောက်ပစ်

www.burmeseclassic.com



ဘာ ဆေးတွေ အပြင်းအထန် သုံးစွဲလိုက်တာမျိုး စိတ်ပေါက်ရင် ပေါက်သလို ဖြစ်ပျက်သွားတတ်သည်။

ဒါတွေဟာ တိုက်ဆိုင်မှုလို့ နေစိုး မထင်နိုင်ပါ။ နေစိုးဟာ လေးညို့နှင့် အထက်တန်းကျောင်းသားဘဝကတည်းက သူငယ်ချင်း ဖြစ်ခဲ့တာ။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ် ဆယ်တန်းဖြေမည့်နှစ်မှာ လေးညို့ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရတဲ့ အဖြစ်အပျက်ကို သူ အသိဆုံး။ ဆယ်တန်းလည်း အဲဒီနှစ်က လေးညို့မဖြေဖြစ်တော့ကာ လေးညို့ရဲ့ ကျန်းမာရေးကို ထူမတ်လာအောင် မနည်းကြိုးစား အဖတ်ဆယ်ယူခဲ့ရပါသည်။ နောက်နှစ်တွေ ဒီအချိန်မျိုးမှာလည်း ဒီအတိတ်အဖြစ်အပျက်ကို အသစ်တစ်ဖန် ပြန်လည်ခံစားကာ လေးညို့တစ်စုံတစ်ရာတော့ ဖောက်တတ်တာ လေးငါးနှစ် ဆက်တိုက်ပင်။

ငယ်ငယ်ကတည်းက ဂီတကို ဝါသနာပါ ရူးသွပ်ကာ နူးညံ့ပျော့ပျောင်းလှတဲ့ လေးညို့ရဲ့ နှလုံးသားဟာ သူခံစားခဲ့ရတာတွေကို တော်ရုံနှင့် တွန်းလှန် နာလန်မထူနိုင်ခဲ့။ သူ့ရဲ့ အချိန်တွေ ဒဏ်ရာဒဏ်ချက်တွေ ကို ဂီတနှင့်သာ လေးညို့က အစားထိုး ကုန်ဆုံးဖြေဖျောက်ခဲ့ပါသည်။ အနုပညာလောကထဲ ရောက်သွားကာ မမျှော်လင့်ဘဲ တစ်မုဟုတ်ချင်း အောင်မြင်သွားတဲ့ နောက်ပိုင်းမှာတော့ လေးညို့ အနေအထားက အတော်အတန် တည်ငြိမ်ကြံ့ခိုင်လာခဲ့သည်။ ဒါတော် ဒီလိုနှစ်ပတ်လည် အချိန်နားနီးကပ်လာလျှင် တစ်ခုမဟုတ် တစ်ခုတော့ လေးညို့ အနည်းငယ် ဖွဲဖောက်မြဲ။





လေးညိုးရဲ့စိတ်ဒဏ်ရာ စိတ်ခံစားချက်တွေကြောင့် ဆိုးရွားခဲ့ဖူးတဲ့ ကျန်းမာရေးကို သိရှိထားတဲ့ နေစိုးက အခုလည်း ဝဲ တစ်ခုခု ဖြစ်ပျက်လာမှာကို ပူပန်မိပါသည်။ လေးညို့ကို ကြည့်နေကျဖြစ်တဲ့ သမားတော်ကြီး ဦးအေးငြိမ်းကို ဝိတိုရိယ ဆေးရုံသို့ One call ခေါ်ကာ ပြသနိုင်ဖို့ မရမက ဖုန်းခေါ်ချိတ်ဆက်နေတဲ့ နေစိုးရဲ့အသံကို ကြားနေရတဲ့ လေးညို့က နေစိုးရဲ့ ပူပန်မှုကို နားလည်အားနာမိကာ…

“နေစိုး… ငါ ဘာမှမဖြစ်ပါဘူးကွ”

“အေးလေကွာ… ဘာမှ မဖြစ်ရင်လည်း မဖြစ်ဘူးပေါ့၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ မင်းကျန်းမာရေးက fit ဖြစ်နေမှ ရမယ်၊ နှစ်ကုန်ရင်လည်း မင်း One man လုပ်ဖို့ရည်ရွယ်ထားတာ ရှိတယ်၊ GYM ကို ပုံမှန်ဝင်ပါတော့ ဆိုတာလည်း မင်း ခုထိ မစသေးဘူး”

“စပါ့မယ်ကွာ၊ မင်းကလည်း”

“အခုလည်းကြည့်… အရမ်း လူအုံသွားတာနဲ့ကို မင်းသိပ်ခံနိုင်ရည်မရှိဘဲ ဖြစ်သွားတယ်”

“မဟုတ်ပါဘူး”

“ဘာမဟုတ်တာလဲ”

“လူအုံလို့ကြောင့် မဟုတ်ပါဘူးကွာ၊ မင်းကလည်း ငါ့များ နုနုနယ်နယ် ပိုးတုံးလုံးလေး ကျနေတာပဲ၊ ငါ တကယ်တော့ ဟိုကောင်မလေးကိုတွေ့ပြီး ဒေါသလည်းဖြစ် စိတ်တွေ တင်းကျပ်သွားလို့ပါ”

www.burmeseclassic.com



"ဘယ်ကောင်မလေး... ဩော်... လွမ်းတသက်လား"

နေစိုးက နောက်ဘက်တစောင်းလှည့်လိုက်ရင်း...

"ဒီကောင်မလေးက မပြီးသေးဘူးလား မင်းစိတ်ထဲ၊ ဘာအရေးပါလို့လဲ၊ မင်းပဲ တော်ပြီ ဘာညာ စိတ်ပျက်ဖို့ကောင်းတယ် ပြောနေပြီး"

လေးညို့သည် သူ့မန်နေဂျာလုပ်နေတဲ့ နေစိုးအပေါ်အမြဲလိုလို သူ့စိတ် သူ့ကိုယ် မိုလ်ကျတတ်မြဲလို ဖြစ်နေပေမယ့်အခုတော့ အပြစ်ရှိသလိုလိုရုပ်မျိုး ဖြစ်သွားကာ ဆရာရှေ့က စာမရတဲ့ တပည့်နှယ် မျက်နှာထားလေးက ငယ်သွားရင်း...

"အင်းလေ... စိတ်ပျက်ဖို့ ဒေါသထွက်ဖို့ ဘယ်လောက်ကောင်းလဲ၊ မင်း ကြည့်လေကွာ၊ သူ ဘယ်လိုကောင်ကိုတွဲလာလဲဆိုတာ၊ ဆံရှည်နဲ့ တက်တူးဗလဗျစ်နဲ့ကွာ။ တက်တူးထိုးတာကို ငါက ဘာမှ သိပ်မပြောလိုပါဘူး၊ ဒါပေမဲ့...သူ့အသရေနဲ့က အဲဒီဟာတွေနဲ့က... ကျွတ်..."

"အဲဒါ မင်းကိစ္စလား၊ အဲဒါ မင်းနဲ့ ဘာဆိုင်လဲ၊ သူ့ဟာသူ တက်တူးမလို့ တင်းတိပ်တွေနဲ့ကောင်နဲ့တွဲတွဲ ဆံရှည်မကလို့ ဆံထုံးနဲ့တွဲတွဲ၊ ခေါင်းတုံးနဲ့ကြိုက်ကြိုက် မင်းအလုပ်လား"

လေးညို့က ဘာမှ ဝန်မခံချင်တဲ့အတွက် မျက်နှာကို တဖက်စောင်းကာ နေစိုးကို မကြည့်ဘဲ ကားပြတင်းမှန်အပြင်ကို ကြည့်နေလိုက်ပါသည်။ သူနဲ့မဆိုင်ဘူးလား။ ဒါပေမဲ့ သူ့မှာ





ရင်တစ်ခုလုံး တင်းကျပ်ကာ တစ်စုံတစ်ရာ ကျိုးပဲ့ကြေမွသလိုလိုဆို့နစ်ခံစားလိုက်ရတာလေ။ ဒါဟာ သူ့အတွက် မဖြစ်သင့်တဲ့အနေအထားတစ်ခုလား သူ မသိပါ။

○

www.burmeseclassic.com

## (၁၀)

ဖုန်းခေါ်သံဆုံးတဲ့အထိ တစ်ဖက်ကဖုန်း မကိုင်ပေ။ လေးညို့က တယ်လီဖုန်းကို တခဏ စိုက်ကြည့်နေမိသည်။ မဆက်သင့်ဘူး၊ ဆက်စရာလည်း မလိုဘူး၊ ဆက်ကို မဆက်သင့်ဘူး။ နှုတ်ခမ်းလှုပ်တဲ့အထိ တိုးတိုးရေရွတ်နေရင်းက ခေါင်းကို ခါယမ်းလိုက်ပြီး ဖုန်းကို နောက်တစ်ခေါက် recall နှိပ်လိုက်ပြန်ပါသည်။

နှုတ်ခမ်းကိုစေ့ကာ နဖူးကြောတင်းထောင်နေတဲ့အထိ သူ့စိတ်တို့က တင်းနေသည်။ စိတ်လည်း တိုနေသည်။ လွမ်းတသက်ကို စိတ်တိုတာလား ကိုယ့်ကိုယ်ကိုယ် စိတ်တိုတာလား သူ နားမလည်ပါ။

ဟိုတစ်ဖက်မှာတော့ အိပ်ရာပေါ် ကျုံ့ကျုံ့လေးထိုင်ရင်း ခေါ်သံမြည်နေတဲ့ဖုန်းကို ကြောက်စရာကောင်းတဲ့ ပိုးကောင်တစ်ကောင်လို စူးစူးရဲရဲ စိုက်ကြည့်နေမိတဲ့ လွမ်းတသက်သည်





ကိုင်မည် မကိုင်ဘူးကို ဝေခွဲမရနိုင်အောင် ချီတုံချတုံ ဖြစ်နေမိသည်။ မကိုင်ဘဲ ပစ်ထားလိုက်ရအောင်လည်း သူ့ကို အားနာသလိုခံစားရကာ ဖွင့်ကိုင်ရအောင်ကလည်း သူနှင့်ကိုယ့်အကြား ဘာစကားမှ ပြောစရာ အကြောင်းမရှိပါဘူးဟု ကိုယ့်ဘာသာ ဆင်ခြေတက်နေမိသည်။

ပန်းနုသာရှိလျှင်တော့ "ဟဲ့… ကိုင်လိုက်လေ"လို့ သက်မောင်းကို တစ်ချက်ပိတ်ရိုက်ကာ အော်ပြောပေလိမ့်မည်။ ပန်းနုရှိရင် ကောင်းမှာပဲ။ တိုက်တွန်းမည့်သူ လိုအပ်ပါသည်။ ပန်းနုက ဒီနေ့ မနက်ပဲ သူ့မြို့ ခဏပြန်နေရာ လွမ်းတသက်တို့ရဲ့ နှစ်ယောက်ခန်းလေးထဲ လွမ်းတသက် တစ်ယောက်သာ ရှိနေပါသည်။

ဒုတိယအကြိမ်ရဲ့ ခေါ်သံအဆုံးသတ်သွားပြန်လျှင် လွမ်းတသက်သည် ရူးချင်သလိုလို ဖြစ်လာပါသည်။ တစ်ခါတစ်ရံတော့လည်း ဘာကြောင့်များ ဒီလောက်ထိ စိတ်ကိုတင်းထားသလဲ ကိုယ့်ကိုယ်ကိုယ် နားမလည်ပေ။ လေးညို့အပေါ် အထူးသဖြင့် တင်းကျပ်ထိန်းချုပ်ထားတဲ့ ကိုယ့်ရဲ့စိတ်သဘောကို နားမလည်နိုင်အောင် ဆန်းကြယ်မိသည်။ ထပ်မြည်လာလေဦးမလား။ ဒီတစ်ခါ မြည်လာရင်တော့ ကိုင်သင့်ပြီလား။ သူ အရေးတကြီးတစ်ခုခုပြောဖို့ ရှိလို့များလား။ တကယ်တော့ ကိုယ်တွေ နှစ်ယောက်ကြားမှာ အရေးကြီးစရာ အကြောင်းအရာမျိုးလည်း ရှိကိုမရှိဘူး မဟုတ်လား။

"တီတီ… တီတီ… တီ…"

www.burmeseclassic.com



ဟော…။ သုံးကြိမ်မြောက်ဖြစ်ပြီ။

လွမ်းတသက်သည် ကွပ်ပျစ်ခုတင်ငယ်လေး နှစ်ခုကြားက စားပွဲလေးပေါ် တင်ထားတဲ့ ဖန်ခွက်ထဲက နှမ်းလုဆဲဆဲနှင်းဆီပွင့်ကလေးကို လှမ်းကာယူလိုက်သည်။ ကြည့်ဖူးတဲ့ နိုင်ငံခြားရုပ်ရှင်တစ်ကားထဲကလို နှင်းဆီပန်းရဲ့ ပွင့်ဖတ်ကလေးတွေကို စိတ်လှုပ်ရှားစွာ တဖျပ်ဖျပ် စတင်ခြွေရင်း…

"ကိုင်မယ်… မကိုင်ဘူး၊ ကိုင်မယ်… မကိုင်ဘူး"

အိပ်ရာခင်းပေါ် ပွင့်ဖတ်တစ်ချပ်ချွေတိုင်း နှုတ်ကအသံထွက်ကာ ရေရွတ်လာရင်းက နောက်ဆုံးပွင့်ဖတ်ကလေးအရောက်တွင်…

"မကိုင်ဘူး…"

ဟင်…။ မကိုင်ရတော့ဘူး ထင်ပါရဲ့။ မကိုင်သင့်ဘူးလို့ တစ်စုံတစ်ရာက သတိပေးနေတာ ထင်ပါရဲ့။ ဖုန်းခေါ်သံက မြည်နေဆဲ။ လွမ်းတသက်ရဲ့လက်ထဲမှာက နှင်းဆီရိုးတံငေါင်းစင်းစင်းလေး။ လွမ်းတသက်သည် အသက်ပြင်းပြင်းရှူ၍ ရိုးတံလေးကို အိပ်ရာခင်းပေါ်သို့ "ကိုင်မယ်"ဟု ရေရွတ်ရင်း ပစ်ချလိုက်ကာ ဖုန်းကို ကမန်းကတန်းပင် ဖွင့်၍နားထောင်လိုက်ပါသည်။

"ဟယ်လို"

"မင်း ဘာလုပ်နေတာလဲ၊ ခေါ်နေတာ ကြာလှပြီ၊ ရှစ်နာရီခွဲဆိုတာ အိပ်တော့မယ့် အချိန်တော့ မဟုတ်သေးပါဘူးမို့လား"





"ကျွန်မ တခြားရောက်နေလို့"

လေးညို့အသံက စိတ်ရှုပ်ထွေး တိုတောင်းသံပေါက်နေသည်။

"ညကြီးမင်းကြီး ကိုယ့်အခန်းထဲမရှိဘဲ ဘယ်ရောက်နေတာလဲ၊ မင်း တမင်မကိုင်တာ မဟုတ်ဘူးလား"

"အခု ကိုင်နေပြီလေ၊ ကျွန်မ ဘယ်ရောက်ရောက်က ရှင့်အပူမဟုတ်ပါဘူး၊ ဒီအချိန်ကြီး ဖုန်းဆက်တာ ဘာကိစ္စရှိလို့လဲ ကိုလေးညို့"

"မနေ့က နေ့လယ်ကကောင်က ဘယ်သူလဲ"

"………"

"ဆံပင်ရှည်နဲ့ လက်တွေမှာ တက်တူးတွေနဲ့ ဟိုတစ်နေ့က မင်းနဲ့တွဲလာတဲ့ကောင်ကို ပြောနေတာ"

"နေပါဦး… အဲဒါ ရှင့်မှာ မေးခွင့်ရှိလို့လား"

"ရှိရှိ မရှိရှိပါ၊ အခု မေးနေပြီ၊ ဘယ်သူလဲ အဲဒီကောင်က"

"ကျွန်မချစ်သူလေ… ကိုမိုးတဲ့၊ ဘာဖြစ်လို့လဲ"

သွားပြီ။ လေထဲကစကားတွေကို ဖုန်းကတစ်ဆင့် လှိုင်းစစ်အသံလှိုင်းကတစ်ဆင့် ဟိုးအဝေးက သူ့ထံမရောက်အောင် ဘာကို ဘယ်လို လိုက်လံဖမ်းဆုပ် တားဆီးရပါ့။ မဖြေလည်း ရသားနဲ့ ဘာကြောင့် ခုလို လိမ်လည်ဖြေမိပါလိမ့်။

"မင်း… ချစ်သူ… ဟုတ်လား"

"………"

www.burmeseclassic.com



"မင်းမှာ ချစ်စရာရှားလို့လား၊ ဒီလို ဂျလေဘီလိုလိုပုံစံနဲ့ ကောင်မျိုးကို ချစ်သူလုပ်ရအောင် တခြားလူကြီးလူကောင်း ဆန်ဆန် ယောကျ်ားပီပီသသထဲက ရွေးစရာ မရှိတော့လို့လား"

"ရှင် ဘာတွေပြောနေတာလဲ၊ ဒါ ကျွန်မကိုယ်ရေးကိုယ်တာ ကိစ္စပါ"

"မင်းကိုယ်ရေးကိုယ်တာပေမယ့် မင်းမှာ ဒီလိုကိစ္စတွေကို အကြံပေး ဆွေးနွေးလမ်းညွှန်ပေးမယ့် လူကြီးမိဘရယ်လို့ရော မရှိတော့ဘူးလား လွှမ်းတသက်"

"မရှိဘူး"

"မင်း တိုင်ပင်သင့်တာပေါ့၊ လူကြီးတွေ မသိအောင် တွဲနေတာလား"

"ကျွန်မမှာ မိဘတွေမရှိတော့ဘူး၊ ကျွန်မ ဘယ်သူ့ကိုတွဲတွဲ ကန့်ကွက်တားမြစ်မယ့်သူ လမ်းညွှန်အကြံပေးမယ့်သူ မရှိဘူး"

"မင်း တကယ်ပြောနေတာလား"

"တကယ်ပေါ့၊ မိဘမရှိတာ ညာပြောစရာလား၊ နှစ်ယောက်လုံး ကွယ်လွန်ကုန်ပါပြီ"

"ညီအစ်ကို မောင်နှမရော"

"အစ်ကိုတစ်ယောက် ရှိတယ်"

"အစ်ကိုရော သိရဲ့လား၊ ဒီလိုလူနဲ့တွဲနေတာ၊ သိရင်မတားဘူးလား"





"အစ်ကိုကလည်း ကျွန်မနားမှာ မရှိပါဘူး၊ အဝေးမှာပါ"

"ဒါဖြင့် ဘယ်သူမှ အနားမှာ အကြံဉာဏ်ပေးပြီး မကောင်းတာကို တားဆီးမယ့်သူ မရှိတဲ့တူတူ ငါပဲတားမယ်၊ မင်း ဒီလိုပုံစံနဲ့ ကောင်လေးတစ်ယောက်နဲ့ မတွဲပါနဲ့၊ ချစ်သူလည်း မလုပ်ပါနဲ့။ မင်းနဲ့… မင်းနဲ့ ဘယ်လိုမှ ယှဉ်ကြည့်လို့ မအပ်စပ်လို့ပါ၊ မင်းနဲ့ မတန်ဘူးလို့ ငါခံစားရလို့ပါ"

လွှမ်းတသက် ရင်ထဲ တလှပ်လှပ် ဖိုလှိုက်ကာ ဘယ်လိုကြီးမှန်း မသိအောင် ခပ်နင့်နင့် ခံစားလိုက်ရလျက်…

"ကျွန်မက ဘာမို့လို့ ဒီလိုလူနဲ့ မတန်ဘူး ဖြစ်ရတာလဲ၊ ကျွန်မက ဟိုးမြေကြီးပေါ်က အောက်ခြေမိန်းကလေးတစ်ယောက်ပါ၊ ဘာကြောင့် သူနဲ့မတန်ဘူး ဖြစ်ရမှာလဲ၊ ကျွန်မက ဘယ်လောက်မြင့်ပြီး သူက ဘယ်လောက်နိမ့်နေတယ်လို့ ရှင်ထင်နေလို့လဲ"

"သူ ဘယ်လောက်နိမ့်လဲက ကိုယ်စိတ်မဝင်စားပါဘူး၊ မင်းကတော့ မင်းပြောသလို မြေကြီးပေါ်က လုံးဝမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် မြေကြီးပေါ်ကလို့ ဘယ်တော့မှ မထင်နဲ့၊ မင်း ဘယ်သူဆိုတာ မင်းဘာသာ သတ်မှတ်လို့ မရနိုင်ပါဘူး၊ ဘေးလူက သတ်မှတ်မှာပါ လွှမ်းတသက်၊ မင်းကို တန်ဖိုးမထားတဲ့သူအတွက် မင်းက ဟိုးအောက်ခြေရောက်ရင် ရောက်နေမှာ ဖြစ်ပေမယ့် မင်းကို တန်ဖိုးထားတဲ့သူအတွက်တော့ မင်းက ဟိုးအမြင့်က ဖြစ်နေမှာပါ၊

www.burmeseclassic.com



မင်းကို တန်ဖိုးထားပြီး အမြင့်မှာမြှင့်ပြီး မြင်နိုင်တဲ့သူမျိုး ကိုပဲ မင်းအနားမှာ ရှိပါစေ၊ မင်းကိုယ်မင်း အရင်ဆုံး တန်ဖိုးထားတဲ့အနေနဲ့ တခြား မင်းကိုတန်ဖိုးထားမယ့်သူ မျိုးတွေကိုသာ မင်း ရင်းနှီးပါ၊ ပတ်သက်ပါ၊ ရွေးချယ်ပါ လွမ်းတသက်၊ အဲဒါတစ်ခုတော့ မင်းစိတ်ထဲမှာ အလေး အနက်ထားပါ၊ ကျေးဇူးပြုပြီးတော့ လိုက်နာပါ၊ မင်း ကိုယ့်ကို ဘာကြောင့်မှန်းမသိ ဘယ်လောက်ပဲ မလိုလား သည်ဖြစ်စေ ကိုယ်ပြောတဲ့စကားမို့လို့ skip လုပ်မပစ်ပါ နဲ့၊ အဲဒီကောင်နဲ့ မင်းကို သဘောမတူဘူး၊ မင်း နောက် ဆုတ်လိုက်ပါ ပြင်ဆင်လိုက်ပါ အဲဒါပဲ ပြောချင်တာ"

ရုတ်တရက် တစ်ဖက်က ဖုန်းချသွားပြီဖြစ်၍ လွမ်း တသက်သည် အံ့အံ့သြသြ ကြောင်တောင်တောင်ကလေး ကျန် ရစ်ကာ ဖုန်းကိုပိတ်လိုက်ရပါသည်။ အိပ်ရာပေါ်က နှင်းဆီပွင့် ဖတ်တို့ကို တစ်ခုချင်းကောက်ရင်း ရင်တလှပ်လှပ်ဖိုဆဲ ခုန်လျက် ဆဲပင် ကျန်ရစ်သည်။

○

ကလေးနှစ်ယောက်ကို စာစီစာကုံး တစ်မျက်နှာခွဲ ရအောင်ရေးဖို့ ခေါင်းစဉ်ပေးကာ ညွှန်ကြားပြီးနောက် လွမ်းတသက် က ညောင်းတောင့်နေသော ဇက်ကြောလေးများကို ဦးခေါင်းလိမ် ကာချိုးရင်း ထိုင်ရာက ထ,ရပ်လိုက်ပါသည်။





အကြီးကောင်လေး ဘိုဘိုက သူ့ညီမ ရေးနေတဲ့ စာအုပ်ထဲကို မျက်လုံးထောင့်စွေပြီး ခိုးကြည့်နေတာကို မမြင် ယောင်ပြုပြီး လွမ်းတသက်က ပြတင်းပေါက်အနား လျှောက်လာ ခဲ့ပါသည်။ ဒီနေ့အဖို့ အငယ်မလေး မီမီ အအေးမိ ဖျားချင်သလို ဖြစ်နေတဲ့အတွက် စာသင်ခန်းထဲက အဲကွန်းကို ပိတ်ထားကာ ပြတင်းမှန်ချပ်ရှည်ကြီးတွေကို ဘေးတွန်းဖယ်ထားပါသည်။ ခန်းဆီး တွေကိုလည်း ဘေးဆွဲကပ်ထားတဲ့အတွက် ခြံထဲမှဝင်လာသော လေနုနုအေးအေးလေးကို ပြတင်းဝမှာရပ်ကာ လွမ်းတသက်ခံယူ နေလိုက်သည်။

လေကလေးက အေးချိုလတ်ဆတ်လှသည်။ ရင်ထဲ က အမောအပန်းတချို့ကို ဝေးလွင့်သက်သာစေသည်။ ဘဝမှာ ရင်မောစရာတွေက ဘာကြောင့် များပြားပါလိမ့်။ ခုလောလော ဆယ်မှာကိုပဲ အိမ်ခန်းငှားနိုင်ဖို့ ကိစ္စအတွက် လွမ်းတသက် ရင် မောနေရပါသည်။ ကိုကို ထွက်လာဖို့ ရက်နီးပြီ။ လောကမှာ နှစ် ဦးတည်းသာဖြစ်သော သွေးသားရင်းချာ အစ်ကိုနှင့် သူလည်း အဆောင်မှာ ကိုယ်လည်းအဆောင်မှာ တကွဲတပြား မနေလိုပါ။

ကိုကို အထဲဝင်သွားကတည်းက မောင်နှမနှစ် ယောက်သား ငှားနေတဲ့အိမ်ကလေးကို နှစ်ချုပ်ခ ထပ်မပေးနိုင်တဲ့ အတွက် မကြာခင် လစေ့သောအခါ အိပ်ကဖယ်ပေးရကာ လွမ်း တသက် အဆောင်ကို ပြောင်းခဲ့ရတာပါ။ အဲဒီနောက် အစ်ကို ဖြစ်သူထံ ရုံဖန်ရံခါသွားတွေ့တိုင်း နေရေးထိုင်ရေးကိစ္စကို အစ်ကို

www.burmeseclassic.com



လုပ်သူကလည်း မမေးမြန်း စကားမစ၊ လွမ်းတသက်လည်း ကြံ ရာမရ နှုတ်ကအထွက်ခက်နေ၍ မပြောဆို မတိုင်ပင်မိ။ အခု ကိုကို ထွက်ဖို့နီးမှ နေရေးထိုင်ရေးကိစ္စကို ကြိုးစားဖြေရှင်းမည့် အကြောင်း လွမ်းတသက် ပြောဖြစ်ပါသည်။ ကိုကိုကတော့ "ဘာမှမပူနဲ့ အဆင်ပြေတယ်"သာ ပြောပေမယ့် ဘယ်လိုအဆင် ပြေမှာမျိုးလဲ။ မကြာခင်လောက်မှာ ထွက်လာမယ့် ကိုကိုက ဘယ်လိုအပြေအောင် စီစဉ်နိုင်မှာလဲ။ ဘယ်လိုဖြေရှင်းရပါ့မလဲ။

အလွန်အလှမ်းဝေးတဲ့ နေရာတွေမှာလည်း မနေချင်။ လွမ်းတသက်အဖို့ အလုပ်သွားပြန် ခရီးစရိတ်ထောင်းတာကထား တော့ ကိုကိုတစ်ယောက် သူ့အနုပညာအလုပ် ဆက်လက်လုပ် ကိုင်နိုင်ဖို့ အဆက်အသွယ်တွေ ဝေးကွာကုန်လိမ့်မည်။ မြို့တွင်း ပိုင်းကျတဲ့ မြို့နယ်ရပ်ကွက်တွေက အိမ်ခန်းငှားခတွေကကျတော့ ဈေးနှုန်းက မိုးပျံဝဲခါနေသည်။ တစ်နှစ်စာချုပ်စရာ ငွေကြေး မလုံလောက်။ စပေါ်နှင့် ငှားခသက်သာတဲ့ အခန်းမျိုးကျတော့ ရှားပါးလှသည်။ ခုခေတ်မှာ စပေါ်နှင့်ငှားတာ ရှားသွားပြီ။ စပေါ် ငွေဆိုတာက တစ်နေ့ ပြန်အမ်းပေးရမည့်ငွေမို့ အိမ်ခန်းရှင်တို့က စပေါ်မပါ လစာများများပုံစံကိုသာ သဘောကျကြသည်။

"မင်းမှာလည်း ဝတ်စရာ စားစရာ မရှိတာ ကျနေတာဲ လင်းရယ်"

"အို... တူလို့လား... တူလို့လား"





အပြင်ဘက်မှ လျှပ်ခနဲ ဝင်လာသော အသံကြောင့် လွမ်းတသက်က ပြတင်းပေါက်မှ ညာဘက်ဘေးကျကျ ခပ်လှမ်း လှမ်းထိ မြင်ရအောင် သံပန်းအခက်အနွယ်လေးတွေဆီ နဖူးထိ ကပ်၍ ကြည့်လိုက်မိသည်။ ဒီစာကြည့်ခန်းရဲ့ဘေးကျကျမှာ ပြာ လဲ့သော ရေကူးကန်ငယ်လေးရှိ၍ ကန်ပေါင်အစပ် အမြဲတစေ နေရိပ်ရတဲ့ တစ်နေရာမှာတော့ မိသားစုထိုင်စရာ အဖြူရောင် စားပွဲကုလားထိုင်များ ချထားပါသည်။ အဲဒီနေရာမှာ ဘိုဘိုတို့ ဒက်ဒီနှင့် မာမီ ထိုင်နေကြတာ လှမ်းမြင်လိုက်ရ၍ ကိုယ်ကိုယို့ကာ နောက်ဆုတ်လိုက်ရသည်။

"ယှဉ်ပြောရမှာတောင် ရှက်ဖို့ကောင်းသေးတယ်၊ ရှင့်အမေ ဆီကဟာတွေက မူးစေ့လောက် ကျပ်စေ့လောက်တွေလေ၊ အိမ်ကဟာတွေက ပဲစေ့လောက်တွေ ယှဉ်လို့ရလို့လား"

"အိုကွာ...အဲဒီပစ္စည်းတွေ ကိုက်စားလို့ ရတာလည်း မဟုတ်တာ လင်းရာ။ လူတွေမက်လို့သာ ရတနာရယ်လို့ လက်ဝတ်တန်ဆာ လုပ်နေကြတာ၊ ဘာစေ့လောက်ရှိရှိ ဝတ်စရာတွေက အများကြီးဟာကို အတူတူပဲလေ"

"အို... အစ်ကိုကြီးက ယောက်ျားမို့ ဒီစကားမျိုးပြောတာ လေ၊ မိန်းမတစ်ယောက် မေးကြည့်ပါလား အတူတူပဲလား လို့၊ ဟိုအိမ်မှာလည်း ဘယ်သူမှ ဝတ်မယ့်စားမယ့်သူမရှိ အလဟဿ ဖြစ်နေတာလေ၊ အမေကလည်း အသက်ကကြီး နေပြီ၊ ဘယ်မှ သိပ်သွားဖြစ်တာ မဟုတ်တော့ ဝတ်စရာ

www.burmeseclassic.com



လမ်း မရှိဘူးလေ၊ လေးညို့ကရော ဘာလုပ်မှာလဲ ဒီစိန်တွေ၊ သူနဲ့မှ မအပ်စပ်တာ၊ ဟိုအိမ်မှာ ရှိနေတာက အပိုသက်သက်ကြီး ဖြစ်နေတာပဲ၊ ဒီမှာဆို ကိုက်စားလို့မရပေမယ့် ဝတ်လို့ စားလို့ ရတယ်လေ၊ လင်းမှာလည်း တက်လိုက်ရတဲ့ပွဲတွေ၊ ပြီးတော့ လင်းတို့မှာမှ ဝတ်လို့ရတဲ့သမီးလေး မွေးထားတာကို”

“ဟာ... မင်းကလည်းကွာ”

“မင်းကလည်းကွာ လုပ်မနေပါနဲ့၊ ဟိုမှာ အလကား အပိုပဲကို”

“ဒါတွေက လေးညို့အမေ ပစ္စည်းတွေများတာ မင်းလိုချင်မနေပါနဲ့ကွာ”

“လေးညို့အမေပစ္စည်းတွေ ဆိုတာလည်း ရှင့်အမေပဲ ဆင်ထားတာလေ အစ်ကိုကြီးရဲ့၊ ရှင့်အမေပစ္စည်းဟာ ရှင့်ပစ္စည်းပဲ၊ ရှင်က တစ်ဦးတည်းသော သားပဲလေ၊ ကိုယ်နဲ့ မဆိုင်တာမှ မဟုတ်တာ အစ်ကိုကြီးကလည်း”

“အခုက လေးညို့အမေ နှစ်ပတ်လည်ရက်နဲ့လည်း နီးနေတယ်”

“နှစ်ပတ်လည်ရက် နီးတာနဲ့ ဘာဆိုင်လို့လဲ”

“သူ့အမေ နှစ်ပတ်လည်ရက်ဆိုရင် အမေရော လေးညို့ရော အထူးသဖြင့် လေးညို့က စိတ်ဒဏ်ရာတွေ ပြင်းထန်ခဲ့တော့ ဒီရက်ဆို သူ့စိတ်ထိခိုက်တာမျိုး မရှိအောင်တို့





တခြား ကျန်းမာရေး အနေအထားပါ အကဲခတ်ရ ဂရုစိုက်ရတဲ့ အခြေအနေဆိုတာ မင်းလည်း အသိပဲလေ လင်း၊ အခုတောင် လေးညို့ နေမကောင်းဘူးလို့ အမေ ဖုန်းဆက်ပြောသေးတယ်”

“ဖုန်းက ဘယ်တုန်းက ဆက်လိုက်တာလဲ၊ သိတောင်မသိဘူး”

“ဩော်... ဖုန်းဆက်တိုင်းတော့ မင်း သိပါ့မလား လင်းရဲ့”

“အင်းလေ... အစ်ကိုကြီး အိမ်မှာမဟုတ်တဲ့အချိန် ရုံးချိန်တွေ ဆက်မှာပါ”

“မင်း... ကလည်း”

“သူ့အမေဆုံးတာပဲ ဆယ့်လေးငါးနှစ်လား ရှိပြီမဟုတ်လား၊ ခုထိကိုပဲ ဒီစိတ်ဒဏ်ရာက မပြီးသေးတာလား”

“မင်း ဘယ်လိုပြောလိုက်တာလဲ လင်းရာ၊ သူ့အမေဆုံးတော့ သား ဘယ်လောက်ထိ စိတ်ဒဏ်ရာအပြင်းအထန် ခံစားခဲ့ရလဲ မင်း မသိတာမို့လို့လား၊ ရူးသွားပြီလား ထင်ခဲ့မိတာ၊ သူ့စိတ်တွေကို မနည်းပြန်အဖတ်ဆည်ခဲ့ရတာ၊ ဘယ်လောက်တောင် ဆိုးဝါးခဲ့တဲ့ အဖြစ်အပျက်တွေလဲ မင်းလည်း မသိတာကျနေတာပဲ၊ ဒီလောက်တော့ လက်လွတ်စပယ် မပြောပါနဲ့၊ စိတ်မှာဖြစ်တဲ့ ဒဏ်ရာဒဏ်ချက်ဆိုတာမျိုးက ဖြေဖျောက်ရ ခက်ခဲတယ်ဆိုတာ နည်းနည်းပါးပါး နားလည်မှပေါ့၊ မင်း စာနာနိုင်ဖို့ ကောင်းပါတယ်

www.burmeseclassic.com



ကွာ၊ ဘာတွေ ဘယ်လိုဖြစ်ခဲ့တယ် မင်းအသိဆုံးပဲဥစ္စာ၊ ဘာကြောင့် ဖြစ်ရတာလဲ မင်းအသိဆုံးလေ”

“ဟင်... အစ်ကိုကြီးက လင်းကို အပြစ်ပြောနေတာလား၊ အစစအရာရာက လင်းအပြစ်မို့လို့လား၊ သူ့အမေကရော တခြားနည်းဖြေရှင်းစရာ မရှိလို့လား၊ သူ့ဟာသူ သေတာ လင်းက သတ်တာလား၊ လူတကာကြည့်တဲ့ ရွံရှာတဲ့ အကြည့်တွေကို လင်း ဘယ်လိုရင်ဆိုင် ခုခံထားရသလဲ အစ်ကိုကြီး မသိလို့လား၊ အစ်ကိုကြီးကပါ ခုလို...”

ဒေါ်လင်းဝါဝါ အသံက စူးရှတုန်ယင်လာကာ အဘိုးကြီးကတော့ “တော်ပါတော့ကွာ”ဟု စကားကို ဖြတ်ပစ်လိုက်ပါသည်။ လှမ်းတစ်သက်က ကိုယ်လေးကို နောက်သို့ယို့၍ ဆုတ်ရင်း ပြတင်းမှ လှည့်ထွက်သည်။ မသိဖူးသေးသော အဆန်းတကျယ် စကားများက ရင်ကို လှုပ်ရှားတုန်ယင်စေသည်။

○



(၁၁)

“တို့ဟူး ဝယ်သွားရအောင်လေ”

ပန်းနုက တက္ကစီငှားဖို့ စောင့်နေရာက သတိတရပုံစံလေးနှင့် ပြောလိုက်ပါသည်။ လှမ်းတသက်က ပန်းနုကို နားမလည်သလို ကြည့်ရင်း...

“ဘာလုပ်ဖို့လဲ ကိုကိုက တို့ဟူးမှ မကြိုက်တာ”

“သိဘူးလေ၊ ကိုရီးယားကားထဲမှာ ထောင်ကလွတ်တဲ့သူကို သွားကြိုရင် တို့ဟူးအဖြူထည်တွေ ဝယ်ဝယ်သွားတာ မြင်ဖူးတာပဲ... ဟား ဟား၊ စားရလို့ ဖြစ်မှာပေါ့”

“ကိုရီးယားက ကိုရီးယားလေ... နင် ရူးနေလား”

ကိုမိုးက သူ့ညီမကို တစ်ချက်ဟောက်ရင်း တက္ကစီတစ်စင်းကို လက်တားလိုက်ပါသည်။ ပန်းနုတို့မောင်နှမက ကိုကိုထောင်ကလွတ်မှာကို လှမ်းတသက်ထက်ပင် ပျော်နေသလို ရှိသည်။ သူတို့ကတော့ ပျော်နိုင်တာပေါ့။ လှမ်းတသက်ရဲ့ တစ်ဦးတည်း

www.burmeseclassic.com



သော အစ်ကို လွှတ်လာတော့မည်ဆိုတဲ့ အသိတစ်ခုပဲ ရှိတာလေ။ လွမ်းတသက်လည်း ပျော်ပါသည်။ ကိုကို အချုပ်အနှောင်ခံ အခြေအနေက လွှတ်တော့မည်ကို ပျော်ပေမယ့် ကိုယ့်မှာကတော့ အပူအပင်လေးလည်း ရှိနေသည်။

ခုချိန်ထိ နေစရာအိမ် အဆင်မပြေဘူးမို့လား။ အခုလည်း ကိုမိုးက သူပါလိုက်လာကာ လောလောဆယ် အဆင်မပြေသေးရင် သူတို့သူငယ်ချင်းတွေ စုငှားထားတဲ့အိမ်မှာ ကိုကို့ကို ခဏတဖြုတ် ယာယီထားဖို့ ခေါ်သွားရန် စီစဉ်ထားသည်။

တက္ကစီနောက်ခန်းမှာ ပန်းနုနှင့် အတူပါလာရင်း လွမ်းတသက်က ခပ်ငေးငေးကလေး တွေးတောလာသည်။

"တသက်... နင် ဘာတွေ ငိုင်နေတာလဲ၊ ပျော်နေရမှာကို"

"ငါ ပျော်ပါတယ် ပန်းနုရယ်၊ ဒါပေမဲ့ တွေးစရာတွေက ရှိနေတာကိုး"

"လောလောဆယ် ကိုမိုးနဲ့ ခဏနေလို့ အဆင်ပြေတာပဲ မဟုတ်လား၊ နင့်အစ်ကို ထွက်လာပြီဆိုတော့ သူ ဂီတ အလုပ်လည်း ပြန်လုပ်နိုင်မှာပဲလေ၊ အဲဒီကျ မကြာခင် နင်ငှားချင်တဲ့ အိမ်ကိစ္စလည်း ပြေလည်သွားမှာပါဟ။ နင့်အစ်ကိုက ဘာပြောလို့လဲဟင်၊ ကိုမိုးနဲ့နေဖို့ အဆင်မပြေလို့လား"

"အဲဒီလို မဟုတ်ပါဘူးဟ၊ ဒါပေမဲ့ ကိုကို့ကို ငါက လောလောဆယ် အိမ်ငှားဖို့ အဆင်မပြေသေးဘူး၊ အိမ်မရသေး





ဘူး၊ ကိုမိုးတို့ဆီ ခဏနေလို့ ရတယ်လို့ပြောတော့ ကိုကိုက အိမ်ကိစ္စအတွက် ဘာမှ စိတ်မပူနဲ့ အိမ်လည်းမရှာနဲ့၊ သူ့မှာ နေစရာအိမ်ရှိတယ်လို့ ပြောတယ်"

"ဘယ်သူ့အိမ်လဲ"

"ငါလည်း မသိဘူး၊ အဆင်ပြေတယ်ပဲ သူပြောနေတာ၊ သူဘာကို ဆိုလိုတာလဲ ငါသေချာမသိဘူး၊ ငါ စိတ်ချမ်းသာအောင် စိတ်မပူအောင် ပြောနေတာလို့ပဲ ထင်တာပဲ"

"သူ့သူငယ်ချင်း တစ်ယောက်ယောက်နဲ့များ သွားနေမလို့လား မသိဘူး"

"မသိပါဘူး၊ ဒီနေ့မှပဲ သေချာသိရမှာပဲ"

"ဘာပဲဖြစ်ဖြစ် နင့်အစ်ကိုက အဆင်ပြေလို့သာ ပြေတယ် ပြောတာ နေမှာပေါ့ တသက်ရာ၊ နင်ကလည်း အရာရာကို ပူပန်ကြောင့်ကြနေတာပဲ၊ တစ်ခါတလေ စိတ်ကိုပေါ့ပေါ့ပါးပါး လွှတ်ထားပြီး ပျော်ပျော်ရွှင်ရွှင် နေစမ်းပါဟာ၊ နင့်အသက်လေးက ငယ်ငယ်လေး ရှိပါသေးတယ်၊ ငါ့ထက်တောင်မှ တစ်နှစ်ငယ်သေးတယ်"

"နင်နဲ့ ငါနဲ့ တူမှ မတူတာ ပန်းနုရယ်၊ နင့်ဘဝက ငါနဲ့စာရင် အရမ်းပြည့်စုံပါတယ်၊ မိဘတွေ သက်ရှိထင်ရှား ရှိနေကြသေးတယ် ဆိုတာကိုက တော်ရုံပြည့်စုံမှု မဟုတ်ပါဘူးဟာ"

"နင်ကလည်းဟယ်"

www.burmeseclassic.com



"ဟုတ်တယ်လေ၊ တစ်ခါ တစ်ခါ ငါတွေးမိရင် စိတ်တွေ တအားမွန်းကျပ်တယ်၊ ငါနဲ့ရွယ်တူတန်းတူ မိန်းကလေးတွေထဲ ငါ့ကျမှ ဘာဖြစ်လို့ကံကောင်းခြင်းတွေ မခံစားရပါလိမ့်လို့"

"ဘဝတွေက အမျိုးမျိုးပေါ့ဟာ၊ နင့်ထက်ဆိုးတဲ့ ဘဝမျိုး ပိုင်ဆိုင်နေရတဲ့သူတွေလည်း လောကမှာ အများကြီးရှိဦးမှာပါ တသက်ရယ်"

"ရှိမှာပါလေ၊ ဒါပေမဲ့ ငါ့ဘဝ တစ်လျှောက်လုံးကလည်း ပျော်ရွှင်စရာ အချိန်ရယ်လို့ အမှတ်တရကို ရှိမှမရှိဘဲ၊ အမေဆိုတာလည်း ငါ ခေတ်ပုံကလွဲလို့ မမြင်ဖူးလိုက်ရဘူး၊ ပိုဆိုးတာက ငါ့အသက်ကို ရအောင်မွေးရင်း သူ့အသက်ကို ပေးသွားရတာ၊ ငါ့ကိုသာ မမွေးရရင် အမေ ခုထိ ရှိချင်ရှိနေဦးမှာပဲ"

"တသက်ကလည်းဟာ၊ သူ့ကံက ဒီလောက်ပဲ ပါတာကိုးဟ၊ ငယ်ငယ်နဲ့ ဆုံးပါးဖို့ကံ ပါလာရင် နင့်ကိုမမွေးလည်း တစ်ကြောင်းကြောင်းနဲ့ သွားရမှာပါပဲဟာ၊ အဲသလို မတွေးပါနဲ့ဟာ"

"အဖေဆိုတာလည်း ငါ သိတတ်တဲ့ အရွယ်ကတည်းက အရက်ထဲနစ်ပြီး လူလုပ်နေခဲ့တာ၊ ငါ နားလည်တတ်တဲ့ အချိန်မှာ အဖေ့ကို ဆေးကုနေရပြီ၊ အဲသလို ကုနေရရင်းပဲ တဖြည်းဖြည်း ချွတ်ချုံ့ကျခဲ့ရတာ၊ အိမ်ပါရောင်းကုရ





တဲ့အနေအထားရောက်၊ နောက်ဆုံး အိမ်ပြုတ်ပြီးကုလို့မှ မကြာခင် အဖေ့ကို ဆုံးရှုံးရပြန်ရော…

ကျန်ခဲ့တဲ့ မောင်နှမနှစ်ယောက် လက်တွဲပြီး ရုန်းကန်နေကြရတုန်း ကိုကိုက တစ်ခါ ဆေးမှုနဲ့ ထောင်ထဲ ဝင်ရပြန်ရော၊ ဘယ်မှာလဲ ပျော်ရွှင်စရာ အချိန်ကာလ၊ ရှေ့ကို ဘာတွေဖြစ်ဦးမလဲ ဆိုတာ ကြိုစဉ်းစားရင် ငါ ကြောက်တောင် ကြောက်တယ်ဟာ"

"ရှေ့ကို ကောင်းဖို့ချည်းပဲဖြစ်မှာ… ကြည့်နေ"

"အဟင်းဟင်း… နင်က ရယ်ရတယ်၊ ငါ့ကို စိတ်ချမ်းသာအောင်တော့ နင် အမြဲပြောပေးတယ်၊ ငါ့မှာ နင့်လို သူငယ်ချင်းတစ်ယောက် ရှိတာကတော့ ကံဆိုးတွေထဲက ကံကောင်းပဲ ပန်းနု"

ပန်းနုက လွှမ်းတသက်ရဲ့ လက်ချောင်းလေးများကို ဆုပ်ကိုင်လိုက်ရင်း…

"ဒီမှာကြည့်… ဒီလက်ချောင်းလေးတွေက ကောင်းစားမယ့်လက်၊ ချမ်းသာမယ့်လက်၊ ငြိမ်းငြိမ်းနေရမယ့်လက်၊ လင်ယောကျ်ားကောင်း ရမယ့်လက်ဟ"

"လက်လေးတစ်ချောင်းက ဘဝကြီးတစ်ခုလုံးကို ဒီလောက်တောင်ပဲ ပြဋ္ဌာန်းနိုင်သလား ပန်းနုရယ်၊ လင်ယောကျ်ားကောင်း ရရအောင် ဘယ်မလဲ ရည်းစား၊ ဘယ်ပြည့်စုံတဲ့ သူကရော ငါ့လိုနွမ်းပါးတဲ့ မပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်ကို လာကြိုက်မှာလဲ"

"ဟုံ့... နင် စိတ်မဆိုးနဲ့ဦး"

"ဘာလဲ"

"လေးညို့က နင့်ကို စိတ်ဝင်စားနေတယ်လို့ နင် မထင်ဘူးလား"

"ဟာ... စိတ်ဝင်စားစရာလား ငါ့ကို သူလိုလူက တကယ်ပဲ နင်ကလဲလေ"

"မဟုတ်ဘူးနော်၊ ငါ သူ့ကို မြင့်ရှုသလောက်လေးနဲ့ နင်မြန်မြန်ပြောပြအောင်တွေနဲ့ ပေါင်းပြီး တွေးကြည့်ရင် သူ နင့်ကို စိတ်ဝင်စားတယ်လို့ ငြေနေတယ်လို့ပဲ ငါထင်နေတာယ်"

လွှမ်းတသက်က မဲ့တဲ့ပြုံး ပြုံးလိုက်မိရင်း...

"အဲဒါတွေကြောင့် သူ့ကို ငါ အမြင်သိပ်ကတ်တာလေ"

"ဟင်... ဘာဆိုင်လို့လဲ နင်ကလည်း"

"သူ့လိုအဆင့် သူ့လိုအောင်မြင်မှုနဲ့ ဟိုး မိုးပေါ်ကလျှမ်းလျှမ်းတောက် လူတစ်ယောက်က ငါ့ကို ကြွေစရာ ဘာအကြောင်းရှိလဲ၊ ဒါပေမဲ့ အေးလူတွေ ညပွဲ..." နင်တို့မမတင်သူတွေ့ အဲသလို တွေ့ရအောင် သူနေတိုင်ပြောဆို ဆက်ဆံနေတယ်၊ တစ်မျိုး ထင်စရာဖြစ်အောင် သူ သရုပ်ဆောင်တယ်၊ အဲဒါ သက်သက် စတာနဲ့တွင်နေတာ မဟုတ်လား ပန်းရဲ့





[illegible] သူတွေလာပြီးတဲ့ နာရီကြီး [illegible] မိန်းကလေးတွေ [illegible] ရှိတယ်၊ အဲဒီမိန်းကလေးတွေ [illegible] ကြောင့် ပေါ်ပြူလာ ဖြစ်ခဲ့ကြသလို သူလည်း [illegible] ပေါ်ပြူလာ ဖြစ်တယ် [illegible] သူ [illegible] တစ်မျိုး ပြောင်းတာ မဟုတ်လား [illegible] ကြီးသွားပြီ မဟုတ်လား၊ သူတို့လို လူတွေအဖို့ တစ်ခုမှ [illegible] ပေါ်ပြူလာဖြစ်နေဖို့ [illegible]

ပန်းနုက လွှမ်းတသက်ကို [illegible] ငုံကြည့်ရင်း...

"နင်ကလည်းဟယ်... အကောင်းဘက်က မမြင်တတ်လိုက်တာ၊ လေးညို့ကိုဆို နင် တမင်သက်သက်ကို အဆိုးမြင်နေသလိုပဲ၊ ဒါတွေက သူ အလိုအလျောက် ဖြစ်ပျက်သွားတဲ့ ကိစ္စမျိုးတွေ ဖြစ်မှာပါ၊ မဖြစ်ဖြစ်အောင် တကူးတက ဖန်တီးနေဖို့တော့ သူ့မှာ အချိန်တွေ ရှိမယ်မထင်ပါဘူးဟယ်"

"ဒါဆို ငါ့ကို သူ ဘာဖြစ်လို့ [illegible] လာပြီး [illegible] လုပ်နေရသလဲ"

"[illegible] ရှိသလို မြင်နေတာ ဖြစ်မှာပါ၊ ငါတော့ သူ့ကို [illegible] အမြင်မကတ်ပါဘူး၊ နင်သာ [illegible] နဲ့ပတ်သက်ရင် တစ်မျိုးကို တစ်မျိုးပါပဲ"

www.burmeseclassic.com



လွမ်းတသက်က နှုတ်ခမ်းကလေးစေ့ရင်း ငြိမ်နေလိုက်ပါသည်။ ဟုတ်ပါတယ်၊ တစ်မျိုးဖြစ်မနေဘူးလို့ မငြင်းလိုပါဘူး။ အမှန်တကယ်တော့ ကိုယ် ဆယ်နှစ်သမီးလောက်ကတည်းက သူ့သီချင်းတွေ စ,နားထောင်ဖူးကာ အသည်းစွဲ နှစ်သက်ခဲ့ရတာပဲ မဟုတ်လား။ သူ ဘာလုပ်လုပ် ခုလို အကောင်းမမြင်နိုင်တဲ့ ခံစားချက်မျိုး ကိုယ်လည်း မဖြစ်ချင်ခဲ့ပါဘူး။ နှစ်သိမ့်ဖျောင်းဖျပေးနိုင်မယ့် ပန်းနုလိုမျိုး လိုအပ်ပါသည်။

"ပန်းနု တကယ်လို့များ ကိုကိုက အခန်းလေးတစ်ခုစီစဉ်နိုင်လို့ ငါအိမ်ပြောင်းဖြစ်ခဲ့ရင် နှင် ငါနဲ့အတူ လာနေပါလားဟင်"

○

အတန်အသင့် ကျယ်ဝန်းသပ်ရပ်သော တိုက်ခန်းလေးဟာ လူမနေရသေးတဲ့ အသစ်စက်စက်မို့ ဝင်းပနေသည်။ သမံတလင်းကို နှစ်ယောက်သား ရေဖတ်တိုက်၊ အခြောက်ပြန်သုတ်ပြီးတဲ့နောက် လွမ်းတသက်နှင့် ပန်းနု နှစ်ယောက် လျှာထွက်မတတ်ဖြစ်ကာ ခြေပစ်လက်ပစ် ထိုင်ချကြရင်း...

"နားဦးမယ်... ပန်းနုရာ၊ ဒီဖယောင်းပုဆိုးတော့ ငါတို့နှစ်ယောက်တည်း မခင်းနိုင်ဘူး၊ ကိုကို ပြန်တက်လာမှ ကိုကို သွားဝယ်တဲ့ ခေါက်ဆွဲကြော် စားပြီးမှ ကိုကိုနဲ့ အတူတူ ခင်းမှရမယ်"





ဒီနေ့မနက်စော အိမ်ပြောင်းလာကတည်းက ပစ္စည်းတွေနေရာချတာချ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ ရေတင်၊ တရစပ် လုပ်နေခဲ့ကြတာ။ နယ်ကလာတဲ့ ပန်းနုမှာ ပစ္စည်းပစ္စယများပေမယ့် အိမ်ငှားနေရာက အဆောင်ကိုပြောင်းရွှေ့နေခဲ့ရတဲ့ လွမ်းတသက်မှာက ပစ္စည်းတွေ များလှသည်။

နှစ်ယောက်သား နံရံတစ်ဖက်စီမှာမှီကာ ခြေဆင်းလဲ လျှထိုင်ရင်း ခဏနားကြသည်။ ပန်းနုက အခန်းကို ဝေ့ဝဲကြည့်ရင်း...

"အခန်းလေးက ချစ်စရာလေး၊ အပေါ်ဆုံးထပ်ဆိုတော့ လှေကားတက်ရတာ ညောင်းပေမယ့် ခေါင်မိုးပေါ်တက်လို့ရတဲ့ လှေကားလေးနဲ့ ခေါင်မိုးပေါ်ပါ တက်ထိုင်လို့ရတာ အရမ်းမိုက်တာပဲ၊ ဟိုဘက်ခန်းလည်း ဒီတိုင်းပဲ၊ ခေါင်မိုးပေါ်တက်လို့ရတာပဲနော်၊ ခေါင်မိုးပြန့်ကို အခန်းနှစ်ခန်းရဲ့ အလယ်နေရာကနေ ဒူးလောက်မြင့်တဲ့ အုတ်တစ်ချပ်စာ အကာလေး တောက်လျှောက်ခြားထားတာ ငါတွေ့တယ်...

ကျော်သွားလို့ ရနေတော့ ပရိုက်ဗိတ်စီတော့ သိပ်မရှိသလိုလေး ဖြစ်နေတာပေါ့၊ ဒါပေမဲ့ ဟိုဘက်ခန်းက လူမနေဘူးလေ၊ ဘယ်သူမှ မရှိဘူး၊ လောလောဆယ် ငါတို့တစ်ခန်းပဲ ရှိတာလေ၊ နင့်အစ်ကို ခေါင်မိုးထပ်မှာ ဂစ်တာလေးတစ်လုံးနဲ့ သီချင်းတက်စပ်လို့ ရတယ်၊ စိတ်ကူးယဉ်လို့ ကောင်းမှာပဲ"

"အမှုယ်လေးဟာလည်း မိုးရွာတော့ ရွှဲရော"

"ကမ္ဘာ့မြေပြင်ကြီးဟာ ထမင်းကြော်ရယ်၊ မိုးရွာရင်ရောပေါ့ ဘယ်သူကဘာ အဲဒီပေါ် ထက်ဆိုင်မှာလဲ"

"အဲဒီခေါင်မိုးပြန့် ရှိနေတာကို စိတ်ကူးယဉ်ဖို့ထက် မိုးမှိုမှာကို ငါ ကြောက်နေတာ"

"မယိုပါဘူးဟာ မိုးယိုရင် အသိသာကြီး၊ မျက်နှာကြက်တွေ ရေကွက်နေမှာပေါ့၊ ကြည့်လေ... ဘာမှမရှိတာ မယိုပါဘူးဟ"

လွှမ်းတသက်က မျက်နှာကြက်ကို မော့ကြည့်ရင်း "အင်း" ဟု ခေါင်းလေးညိတ်လိုက်ပါသည်။ ဟုတ်တယ်၊ မိုးယိုစရာ မရှိပါဘူး။ အခန်းလေးဟာ ကွန်ထရိုက်တိုက်ပုံမှန်ခန်းတွေအတိုင်း ဆယ့်နှစ်ပေခွဲ ပေခြောက်ဆယ်ရှိသည်။ လွှမ်းတသက်တို့အဖို့တော့ အိပ်ခန်းလေးနှစ်ခန်း ဖွဲ့ထားသေးသည့် ဒီအခန်းဟာ ရှည်ကလေးဟာ ဘုံဗိမ္မာန်လေး တစ်ခုပါပဲ။

တိုက်ကလေးကလည်း သစ်ကာ အခန်းလေးကလည်း သစ်လွင်နေသည်။ ဘာအပို အဆောင်အယောင်မှ မပါတဲ့တိုက်ခန်းလေးဟာ သပ်ရပ်နေသည်။ ကြည့်ရတာ ရွှင်မြူးရင်း မျက်စိထဲမှာ ဒီအခန်းလေးဟာ လှပနေသောယောင်ပင်။

"တသက်ရေ ညီမလေး"

"ဟုတ်"

ကိုကိုက ဘဲဥခါးထမ္ဘင့်ချော်ကာ ကိုကိုလက်ထဲက စားစရာအထုပ်တွေ လက်ပြောင်းယူရင်း မီးဖိုထဲဝင်လာခဲ့ပါသည်။ ပန်းနုက နောက်ကပါလာကာ စားပွဲအောက်ဆွဲချရင်း—





"ကိုကိုလည်း အခုတစ်ခါတည်း စားမယ် မဟုတ်လား"

"အေး... တစ်ခါတည်းစားမယ်၊ ပြန်ကန်တွေ ဘာတွေ ထည့်မနေပါနဲ့ဟာ၊ ဆေးကြောနေရဦးမယ်... ဘူးထဲပဲ စားလိုက်လည်း ဖြစ်ပါတယ်"

ကိုကိုက ဖြစ်ပေမယ့် လွှမ်းတသက်က မဖြစ်စေရပါ။ မိုးထဲမှာ ဖြစ်သလို ကြုံသလို စားသောက်ခဲ့ရမည်ဖြစ်သည့် ကိုကိုကို အပြင်မြန်ရောက်လာမှတော့ ဖြစ်သလို မကျွေးနိုင် အကျွေးချင်ပါ။ ထမင်းစား ကြွေပန်းကန်လေးတွေထုတ်၍ ဆေးကြောကာ စားပွဲပေါ် သေသေချာချာ သပ်သပ်ရပ်ရပ် ခင်းကျင်း ပြင်ဆင်လိုက်ပါသည်။

"တချို့ဟာတွေက ညီမလေးတို့ လုပ်မိနေပါနဲ့ ပင်ပန်းပါတယ်၊ နက်ဖြန် ညည်းတို့ အလုပ်သွားမှ သူငယ်ချင်းလေး ဘာလေးခေါ်ပြီး ကိုကို ဆက်ရှင်းလင်းလိုက်ပါ့မယ်"

"ဘယ်သူငယ်ချင်းခေါ်မှာလဲ ကိုကို၊ ကိုကို ထွက်လာခဲ့တာ ကိုကို့အပေါင်းအသင်းတွေ သိကြပြီလားဟင်"

"သိရဲ့သူ သိပါတယ်"

"ဒီအခန်းက ဘယ်သူငယ်ချင်းရဲ့ အခန်းလဲ ကိုကို၊ သူက ကိုကို့ကို ငှားတာလား၊ ဘယ်လောက်နဲ့လဲ"

"ငှားတာလည်း မဟုတ်ပါဘူး၊ ပေးနေတာပါ"

"ခြောက်... ဒါဆို ခဏပေါ့နော်၊ တစ်သက်စာ နှစ်ချုပ်ငှားဖို့အတွက် ပိုက်ဆံပြည့်တဲ့အခါ ဖယ်ပေးလိုက်မယ်လေနော်၊

www.burmeseclassic.com



ညီမလေး စိတ်ထင် နောက်ထပ်နှစ်လ သုံးလလောက်ဆို ရင် အဆင်ပြေနိုင်ပါတယ်"

"အဲလို ဖယ်ပေးဖို့လည်း အဆောတလျင် မလိုပါဘူး ညီမလေးရဲ့"

"ဒါပေမဲ့ သူများအိမ်မှာ အလကားနဲ့ အကြာကြီးနေလို့ ဘယ်ကောင်းမလဲ၊ ဒါနဲ့များ ကိုကိုက မနက်က ဒီဖယောင်း ပုဆိုးလိပ်ကြီး ဝယ်လာသေးတယ်၊ နှစ်လ သုံးလေးလ လောက်ဆိုရင် ဖယောင်းပုဆိုးတွေ ဘာတွေ ခင်းမနေတော့ ဘဲ ဒီတိုင်းနေလိုက်လည်း ဖြစ်တာပဲဟာ၊ နောက်ငှားမယ့် အိမ်ကျ ဒါကြီးနဲ့ အံမကျရင် ဘယ်လိုလုပ်မလဲ၊ ခင်းစရာ လည်း လိုချင်မှ လိုမှာပေါ့"

"ငါ့ညီမလေးလည်း တွက်တတ် ချက်တတ် နေလိုက်တာ၊ အဲလောက် မြန်မြန်လည်း ပြောင်းဖြစ်မှာ မဟုတ်ပါဘူး၊ အမြဲနေဖြစ်ရင်လည်း နေဖြစ်သွားမယ်"

"ဘယ်လို အမြဲလဲ၊ ကိုကိုကလည်း မပွင့်တပွင့် လျှို့လျှို့ ဝှက်ဝှက်နဲ့ တစ်သက်လုံး အမြဲဘယ်လိုနေမှာလဲ၊ ကိုကို့ ကို ဘယ်လိုပြောပြီး နေခိုင်းလို့လဲ၊ ဒါ ဘယ်သူ့အခန်းလဲ၊ တစ်သက်ကို သေချာပြောပြပါ ကိုကိုရဲ့၊ အားလုံးသိချင် တယ်၊ အခန်းတစ်ခန်းကို အကန့်အသတ်မရှိ အလကား ပေးနေတာဆိုတော့ သူဌေးပေါ့ ဟုတ်လား၊ ကိုကို့မှာအဲလို အပေါင်းအသင်း ရှိလို့လား"





"ညည်းကလည်း... ဟား ဟား ဟား"

"ဘယ်သူလဲပြော"

"လေးညို့ပါ၊ အဆိုတော် လေးညို့"

"ဟင်... ဘာ..."

လွမ်းတသက် လက်ထဲက ခေါက်ဆွဲကြော်စားနေ လက်စဇွန်းဟာ ပါးစပ်နား ဖွန်းရောက်ကာမှ လက်မှချော်ကာ ဇွန်းရော ခေါက်ဆွဲတွေပါ ပန်းကန်ထဲ ကလောင်ခနဲ ပြုတ်ကျ သွားသလို ပန်းနုရဲ့မျက်လုံးလေးများလည်း ပြူးဝိုင်းသွားရပါသည်။

"လေးညို့က ကိုကို့ကို နှစ်ခါ သုံးခါ လာတွေ့ပါတယ်၊ ကိုကို ထွက်လာရင် နေစရာ ထိုင်စရာ အခက်အခဲရှိတာ လည်း စကားပြောရင်း သူသိသွားတယ်၊ အဲဒါနဲ့ ကိုကို့ကို ဒီအိမ်မှာနေလိုက်ပါလို့ သူပြောတာ၊ သူကတော့ အငြိမ်းနေ နိုင်းတာ"

လွမ်းတသက် မျက်နှာကလေးက နီမြန်းလာပါသည်။

"အငြိမ်းဆိုတာက အလကားပေးလိုက်တယ်ဆိုတဲ့ သဘော ပေါ့နော်၊ သူက ပိုက်ဆံတွေ ထားစရာနေရာ မရှိတော့လို့ အခန်းပိုတစ်ခန်းကိုတောင် သူများကို ဘတ်ခနဲ ပေးလိုက် နိုင်ပေမယ့် ကိုကိုက အဲဒါကို လက်ခံစရာလား၊ အလကား ပေးတာ စွန့်ကြဲတာကို ယူစရာလား"

"အာ... ညည်းကလည်း၊ အဲသလောက်ကြီး ပြောစရာ မလိုပါဘူး၊ ဘာတွေ ဒေါသဖြစ်နေတာတုံး"

"ဖြစ်တယ်လေ၊ ကိုကိုကအခု တို အသည်းတွေကြွင်းကောင်း ကန်းကန်း ဆက်ဆံနေရတာလဲ"

"ဘာဖြစ်လို့ ကြွင်းကြွင်းကောင်းကန်းကန်း ဆက်ဆံရမှာလဲ တသက်ရဲ့"

"သူ့ကြောင့် ကိုကို ဆောင်ကျတာလေ"

"ဟာ... အဲသလို မဟုတ်ပါဘူး ညီမလေးရဲ့"

"ဘာလို့ မဟုတ်ရမှာလဲ၊ ဟုတ်တယ်လေ၊ သတင်းပေးစုံ လို့ ရဲကဖမ်းတွန်း စစ်တွန်းက သူ့ဆောင်ပါတာပဲ၊ သူ လည်း ပါတာပဲ၊ ကိုကိုပါတာကိုက သူခေါ်လို့ မဟုတ်လား၊ အားလုံးလည်းပြီးရော သူကျတော့ ငွေများတရားနိုင် ငွေနဲ့ ပေါက်နိုင်တော့ ဘာမှမဖြစ်လိုက်ပဲ လုံးဝလွတ်သွားတယ် မဟုတ်လား၊ ကိုကိုနဲ့ နောက်တစ်ယောက်သာ အချုပ်ခံရ ထောင်ကျရ ဘဝပျက်ရတာ မဟုတ်လားလို့"

လွမ်းတသက် အသံလေးက ဒေါသနှင့် ရှိုက်သံလေး ပင် စွက်စွက်လာပါသည်။ ပန်းနုမှာ ခုမှသိခွင့်ရတာတွေအတွက် အံ့အားတွေသင့်ကာ ပါးစပ်လေး အဟောင်းသားနှင့် ဆက်မစား နိုင်အောင် ရှိရသည်။

"မဟုတ်ဘူး ညီမလေးရဲ့"

"ဘာလို့ မဟုတ်ရမှာလဲ၊ သူ့ကြောင့် ကိုကို ခံခဲ့ရတာ၊ သူနဲ့ပေါင်းလို့"

"ခုကျွန်တော် ညီမလေးတွေ့တော့ အဲဒါတွေ ကောလာဟလ တွေပါလို့ ညီမလေးကို ပြောပြမလို့"





"မပြောချင်ဘူး ပြောတော့ပါ၊ ကိုကိုက အပေါင်းအသင်းတွေ အကြောင်းဆို ဖော်ကြောင်းပြောတတ်တဲ့သူမှ မဟုတ်တာ၊ သူ့ကြောင့် ကိုကို ခံခဲ့ရဖြစ်ရတာ မဖော်ချင်ဘူးပေါ့ ပြော"

"အဲလိုပြောလို့ ဘယ်ရမလဲ ညီမလေး၊ ကိုကိုဆို သူ့ထက် တောင် အသက်ငါးနှစ်နီးပါး ကြီးပါသေးတယ်၊ သူက လုပ်နိုင်းလို့ လူ့တွဲအောင်လို့ ချရပါတယ်ဆိုတာမျိုးက ကိုယ့်အပြစ်ကိုယ့်မိုက်မဲမှုကို သူများအပေါ်ချ ခေါင်းတပ် တာပဲ၊ ကိုကိုက သူများနိုင်းတော့ လိုက်လုပ်မယ့် အရွယ် ကြီးမဟုတ်ဘူး"

"သူက ဆော့သမားပဲလေ မဟုတ်ဘူးလား"

"ဆော့တာကို မဆော့သမားလို့တော့ ပြောလို့မရပါဘူး ညီမ လေး၊ သူ့မှာ သူ့အနေအထား၊ သူ့အခြေအနေ သုံးမိဖို့ ဆိုတာ မခက်ခဲတဲ့ အခြေအနေတစ်ခုမှာရှိတော့ သူလည်း တစ်ခါတစ်ရံတော့ လုပ်စားတာမျိုးတော့ ရှိတာပေါ့၊ ဒါပေမဲ့ သူ့ကို ဆော့သမားလို့ ပြောရလောက်အောင် သူ့အခြေအနေ က ဆိုးသလောက် မဟုတ်ပါဘူး ဆော့ဖွဲ့နေတဲ့သူမျိုး မဟုတ် ပါဘူး"

"ကိုကို ဘာလို့ သူ့ကို ကာကွယ်နေရတာလဲ"

"သူ့ကို ကိုကိုက ဘာဖြစ်လို့ ကာကွယ်ရမှာလဲ တသက် ရယ်၊ ကိုကိုက အမှန်အတိုင်း ပြောနေတာပါ"

"အမှန်အတိုင်း မဟုတ်ပါဘူး၊ တရားရုံးမှာ ကိုကို ထွက် ဆိုပေးရသလို ပြန်ပြောနေတာပါ"

www.burmeseclassic.com



"ဟား... ငါ့ညီမတော့ ခက်တော့တာပဲ၊ ထွက်ဆိုပေးရတယ်ဆိုတာက ဘာလဲ၊ ဘာကိုဆိုလိုတာတုံး"

"သူ မပါအောင် သူကွင်းလုံးကျွတ်လွတ်အောင် ကိုကိုတို့ ပြောပေးခဲ့ကြတာလေ၊ အဲဒီနေ့က သူ မချပါဘူး မသုံးပါဘူးဆိုပြီး"

"ခက်တော့တာပဲ တသက်ရာ၊ သူ့အတွက် ပြောပေးခဲ့တာ မဟုတ်ပါဘူး၊ ညည်း ဘယ်လိုတွေ နားလည်နေတာတုံး၊ လူတွေထင်ရာ ရမ်းသန်းမှန်းပြောတဲ့ စကားကို ညည်းယုံမနေနဲ့၊ ကိုယ့်အစ်ကို ပြောနေတာကို ယုံမှပေါ့၊ လေးညို့က ဟိုးအရင် တစ်ခါတစ်ရံ သုံးဖူးတာ မှန်မယ်၊ ဒါပေမဲ့ အဲဒီနေ့က သူပါလာတာ မှန်ပေမယ့် သူ လုံးဝမသုံးစွဲခဲ့ပါဘူး၊ ဒါကြောင့်လည်း တကယ်မသုံးလို့သာလည်းပဲ သူ လွတ်တာပေါ့"

"ငွေနဲ့ပေါက်ပြီးလွတ်တာ မဟုတ်လား"

"မဟုတ်ပါဘူး ညီမလေးရာ၊ ဆေးမှုဆိုတာ ပါးစပ်ကလေးက စစ်ရုံနဲ့ ပြီးသွားတာမျိုးမှ မဟုတ်ဘဲ၊ အဲဒီနေ့ကဝင်ဖမ်းပြီး အားလုံးကို မိမိချင်း ခေါ်သွား ချုပ်ထားပြီး ချက်ချင်းဆရာဝန်နဲ့ သွေးဖောက်စစ်ဆေးတာ ခံကြရတာပဲ၊ သူ့သွေးထဲ မူးယစ်ဆေးဝါး မရှိခဲ့လို့ မပြခဲ့လို့ သူလွတ်အောင် လျှောက်လဲလို့ ရခဲ့တာလေ"

"ဆရာဝန်ကို ငွေနဲ့ပေါက်ပြီး သူ့သွေးထဲ ဘာမှမတွေ့ဘူး ပြောနိုင်းလည်း ရတာပဲလေ"





"ရော... ခက်တော့တာပဲ ညည်းတော့၊ ဒီနေရာ ဒီအခန်းထဲ ရှိနေတဲ့သူတွေ ဘယ်သူသုံးစွဲပြီး ဘယ်သူ မသုံးစွဲဘူးလဲ အချင်းချင်း လူတိုင်းသိနေတာပဲ၊ ဒါကြောင့် ကိုကိုတို့ နှစ်ယောက်တည်းပဲ ထောင်ကျပြီး ကျန်တဲ့နှစ်ယောက်က အပြစ်လွတ်တာပေါ့"

"သူနဲ့ နောက်တစ်ယောက်က ပိုက်ဆံရှိလို့ ချမ်းသာလို့ ငွေနဲ့လာဘ်ထိုးပြီး လွတ်သွားတယ်ဆိုတာ လူတွေပြောနေကြတာပဲဟာ"

"အဲဒီလူတွေ ဆိုတာတွေဟာ ကိုယ်သေသေချာချာဂဃနဏ မသိတဲ့ အကြောင်းအရာတွေကို ထင်ရာ မြင်ရာ မှန်းချ ပြောဆိုနေကြတဲ့သူက များတာ၊ ကိုကိုက အဲဒီနေ့က သူနဲ့အတူရှိသူ မျက်မြင်သက်သေလေ၊ လူတကာဆီက ကြားရတဲ့အဆိုးကိုတော့ ညီမလေး ယုံလွယ်ပြီး ကိုကို့ဆီက ကြားရတဲ့ အကောင်းစကားကျတော့ ဘာဖြစ်လို့ မယုံတာလဲ...

ကိုကိုတို့ အားလုံး အဲဒီနေ့က အမှန်ထွက်ဆိုခဲ့ကြတာပဲ၊ အပြစ်မကျထိုက်တဲ့သူ မကျပဲ အပြစ်ကျထိုက်တဲ့သူ ကျခဲ့တဲ့ သာမန်ဖြစ်ရပ် တစ်ခုပါပဲ"

"အဲဒီနေ့က သူတကယ်ပဲ မလုပ်တောင်မှ အရင်တုန်းက လုပ်ဖူးတဲ့သူပဲလေ၊ သူ လုပ်တုန်းကကျတော့ ဘာဖြစ်လို့ အတိုင်မခံရ အဖမ်းမခံရတာလဲ"

ဒါတွေ ပေးလိုက်တာဆိုတော့ ညီမလေးက ဘာဖြစ်လို့ လေးညို့
ကို အပြစ်တင်ချင်နေရတာလဲ ညီမလေးရယ်။ သူ့ကို
သေချာမသိဘဲနဲ့ ဘာကြောင့် အကြောင်းမဲ့ အမြင်မကြည်
နေတာလဲ။

"ကိုကို့ကို အဲဒီနေ့က တိုက်အောက်က လာခေါ်သွားတာ
သူဆိုတာ၊ တသက် သေချာမှတ်မိတယ်လေ၊ ပြီးတော့
ကိုကို အဲဒီနေရာ ရောက်သွားရော၊ အဖမ်းခံရရောလေ၊

သူ့ကြောင့် ကိုကို ထောင်ကျရတာလို့ပဲ တသက် မှတ်ထား
တယ်"

"အဲသလိုပြောလို့ ဘယ်ရမလဲ ညီမလေးရယ်၊ အဲဒီနေရာ
ဆိုတာကလည်း ဒီလိုပဲ ဂီတသမားတွေ ဆုံတတ်တဲ့ စတူ
ဒီယိုလေးတစ်ခုပါ၊ ဥဒဟိုဝင်ထွက်သွားလာနေကြတာပါ၊
ကိုယ်မကောင်းတာ လုပ်မိတဲ့အချိန် ကိုယ်ကံတရားလည်း
ကိုယ့်ကို မျက်နှာသာမပေးနိုင်တဲ့အချိန် အခုလိုဖြစ်ရတာ
ပဲ၊ ဘာမှ သူ့မပြု မိမိမှုပဲ၊ စတူဒီယိုပိုင်ရှင်ဆိုရင် သူ မပါပဲ
ကိုကိုတို့ကြောင့် အထောင်ကြာကြာနေရပြီး အချုပ်ခံ အစစ်ခံ
ရပြီးမှ လွတ်သွားတာ၊ သူ့မိတ်ဆွေ ဖြစ်နေတာကိုပဲ သူများ
ကြောင့် ကိုကို ဘာမှမဖြစ်ခဲ့ဘူး၊ ကိုကို့ကြောင့်သာ သူ
များတွေ ပြဿနာတွေ တက်ကုန်ကြတာပါ"

ပန်းနုက လွှမ်းတသက်ကို အံ့သြစွာ ကြည့်ရင်း...





ကိုကိုက ဒီလောက် ပြောပြနေရင်
ပြီးလိုက်တော့ သူကလေး ကိုလေးညီကို တလျှော်က
လုံး မှန်းနေတာ ကိုကိုရဲ့ သူ ဘာကြောင့် အလိုလား
နေရင်း မုန်းနေပါလိမ့်လို့ ပန်းနုက မသိတော့ နားမလည်
နိုင်အောင် ဖြစ်နေတာ ခုမှသိတော့တယ်"

လွှမ်းတသက်က ဖွန်းကို ပြန်ကောက်ကိုင်ကာ
ခေါက်ဆွဲကြော်တစ်ဇွန်း စိတ်မပါ လက်မပါ ခပ်စားလိုက်ရင်း...

"ဒါနဲ့ပဲ သူက ကိုကို့ကို တိုက်ခန်းတစ်ခန်း ပေးကမ်းစွန့်
ကြဲရတာ ဘာလိုသလဲ"

"ထပ်ပြောပြန်ပြီ ဒီကောင်မလေး၊ ပေးကမ်းစွန့်ကြဲတယ်
ဆိုတော့ ငါတို့က ဘာတွေဖြစ်သွားလဲ၊ သူတောင်းစား
တွေမို့လား"

"အင်းလေ... အဲဒါကြောင့် ပြောနေတာပေါ့၊ သူပေးတဲ့
ကမ်းတဲ့ အခန်းမှာ နေချင်စိတ် မရှိပါဘူး"

"နေချင်တယ် မနေချင်ဘူး ဖြစ်ရအောင် ညည်းနဲ့ သူနဲ့
လည်း ဘာမှပတ်သက်တာမဟုတ်၊ သိတောင် မသိတာ၊
ညည်း အနေသာကြီးပါ ညီမလေးရယ်၊ ကိုကိုတို့ အလုပ်
သဘောချင်းကြားမှာ အပေးအယူတွေ ရှိပါတယ်၊ ညည်း
ဒါတွေ နားမလည်ပါဘူး အသာနေပါ"

"ဘာအပေးအယူလဲ၊ သီချင်းရေးခ ဆိုတာကရော တိုက်
ခန်းကြီးတစ်ခု ထိုးအပ်စရာ ရတာမို့လား ကိုကိုကလည်း"

www.burmeseclassic.com



လွမ်းတသက်က တီးတိုးတိုးနှင့် ပွစိ ပွစိ ဆက်ပြော နေမိပါသေးသည်။ သူ… သူ့ဟာ လွမ်းတသက်ကို ကိုကို့ညီမရယ် လို့များ သိသွားခဲ့လေသလား။

○

(၁၂)

"သားလေးက အစားလေး နည်းနည်းတော့ စားလိုက်ပါ ကွယ်နော်၊ ဘွား စိတ်ချမ်းသာအောင်လေ… သားလေး နော်"

ပန်းခြင်း ပန်းစည်းများဖြင့် ပန်းရနံ့များ သင်းထုံနေသော ဆေးခန်းထဲ ဆေးရုံခုတင်ပေါ်က လေးညို့က ခေါင်းကို အသာယမ်းခါလိုက်ပါသည်။

"နည်းနည်းကလေးပါ သားရယ်၊ ဘွားက ငှက်သိုက်လေးကိုပေါင်းပြီး နွားနို့အေးအေးချိုချိုလေးထဲ စိမ်ထားတာ၊ ဒီပန်းကန်လုံးလေးတစ်လုံးပဲ နည်းနည်းစားလိုက်နော်သား၊ အဘွား ဇွန်းနဲ့ကျွေးမယ်လေ သား"

"ဘွားရယ်… ကျွန်တော် အန်မှာဗျ"

"အန်ခါမှ အန်ရော၊ ဗိုက်ထဲအစားမှ မဝင်တာ၊ ပြန်ထွက် သလောက် ထွက်ပစေ၊ ကျန်သလောက် ကျန်ရင်လည်း အကျိုးရှိတာပဲ သားလေးရဲ့"

www.burmeseclassic.com



လေးညို့သည် ချော့မော့ပြောနေသော အဘွားကို အားနာ၍ သနားလာကာ ကြိတ်မှိတ်မျိုချလိုက်လိုက်ပါ့မယ်ဟု သဘောထားပြီး အိပ်ရာပေါ်မှ လူးလဲထလိုက်ပါသည်။ ဘေးက နေစိုးက တွဲရန်ပြုသည်မို့…

"ရပါတယ်ကွာ… မင်းကလည်း၊ ငါ့ကို ဒရစ်ပ်တွေ ဒီလောက်ချိတ်ထားတာ အားရှိပါတယ်"

လေးညို့က ခုတင်ပေါ် ထိုင်မိလျှင် အဘွားလက်ထဲက ဖန်ပန်းကန်လုံးလေးကို လှမ်းယူလိုက်၍ ခွံ့ကျွေးရန် ဖွန်းတပ်၍ ဟန်ပြင်နေသော အဘွားက ပန်းကန်လုံးလေးကို လေးညို့လက်ထဲ ပေးလိုက်ပါသည်။ လေးညို့က ပန်းကန်လုံးထဲက ငှက်သိုက်စိမ်ထားတဲ့ နွားနို့လေးကို ခွပ်ခနဲ တစ်ချက်တည်း မော့ချလိုက်ပြီး အစာလမ်းကြောင်းကနေ မြန်မြန်လျှောကျအောင် ရင်ဘတ်ကို လက်ဖဝါးနှစ်ဖက်နှင့် အောက်သို့သပ်ကာ သပ်ကာချရင်း ရှုံ့မဲ့နေပါသည်။

ဘာစားစား ပျို့အန်ချင်ပြီး အစာအိမ် လက်မခံသည်မှာ အစာအိမ်က မကောင်းလို့ပင်။ မကောင်းခံနိုင်ရိုးလား။ သူ အစားဟုတ်တိပတ်တိ မဝင်တာ ဘယ်လောက်ကြာပြီလဲ။ ရက်ရှည်ကြာ အစားမဝင်သော်လည်း ဒရစ်ပ်လိုင်းတော့ ချိတ်ထား၍သာ သူ ဟန်နိုင်သည်။ မစားရုံတင်မက လုံးဝမအိပ်တာလည်း ဆယ်ရက်ကျော်သွားပြီ။ အသက်ရှူလည်းကျပ် အာရုံတွေစုစည်းရခက်တာ စိတ်တွေဟာ ဘာကိုမှ လေးလေးနက်နက် တွေးလို့မရ





ရှုပ်ထွေးနေသည်။ မပြုံးချင် မရယ်ချင် စကားမပြောချင် ဖြစ်နိုင်ရင် အနားမှာ နေစိုးတို့ ဘွားတို့ပါ အပါအဝင် ဘယ်သူ့ကိုမှ မရှိစေချင်ပါ။ တစ်ယောက်တည်း တိတ်ဆိတ်စွာ နေလိုသည်။

ဆရာဝန်က ဒါကို စိတ်ကျရောဂါလို့ အမည်တပ်သည်။

"အွတ်"

ရင်ဘတ်ကို ဖိကာသပ်ကာ လျှောချနေတဲ့ကြားက ရုတ်တရက် ပျို့ကာ လေးညို့က အန်ချလိုက်ပါသည်။ မျှော်လင့်ထားပြီးသလို ထွေးခံပိုက်ကာ အသင့်စောင့်နေတဲ့ ဘွားက ထွေးခံကို လျင်မြန်စွာ ရှေ့ထိုးပေးလိုက်တဲ့အတွက် အပြင်ကို ပေကျံမကုန်ပါ။ ရှေ့ကိုဝင်လာတဲ့ ထွေးခံထဲပဲ လေးညို့ကထွေးကာ အန်ချလိုက်နိုင်သည်။ ဘေးက တစ်ရှူးဆွဲယူရင်း…

"တွေ့လား… အဘွားကလည်း သားမပြောဘူးလား"

မောလျတဲ့ အသံပျော့ပျော့နှင့် ပြောရင်း လေးညို့က ပြန်လှဲအိပ်ချလိုက်ပါသည်။ မျက်စိကို မှိတ်ထားလိုက်သည်။ သူ့မျက်လုံးများက ဖန်တွတ်ကျိန်းစပ်နေပါသည်။ ဘယ်လိုအိပ်အိပ် မပျော်တာ။ ရှေ့ပိုင်းရက်တွေ ဖြစ်ဖြစ်ချင်းကတော့ သူ့သဘောနှင့်သူ အိပ်ဆေးသောက်၍ အိပ်ဖို့ကြိုးစားသည်။ ဘယ်လိုမှ အိပ်မပျော် အစားမဝင်တဲ့အဆုံး အားနည်းပိန်လှပ်လာကာ မျက်ကွင်းတွေပါ ညိုလာတော့မှ မဖြစ်မနေ ဆရာဝန်ပြဖြစ်တော့ သူ့ကိုကြည့်ခဲ့ဖူးတဲ့ ဆရာဝန်ကြီးက ဆေးရုံတက်နေဖို့ ပြောခဲ့ပါသည်။

www.burmeseclassic.com



ဘာမှဖြစ်နေလို့တော့ မဟုတ်။ မအိပ်မစားတဲ့အတွက် သူ့ကို ဒရစ်ပ်ချိတ်ပေးထားရမည့်တူတူ အလုပ်တွေပါနားကာ ဆေးရုံတက် အနားယူနေပါဟု ဆိုသည်။ ဒီတော့ သူ ဆေးရုံတက် နေလိုက်ရပါသည်။

ပွဲအချို့ကိုလည်း ဖျက်လိုက်သည်။ အလုပ်ကိစ္စတချို့ နောက်ဆုတ်သည်။ သတင်းကို လုံးဝလျှို့ဝှက်ထားသည့်ကြားက ဆေးရုံဝန်ထမ်းတချို့ စကားကတစ်ဆင့် လေးညို့ ဆေးရုံတက် နေကြောင်း အပြင်ကို သတင်းပေါက်သွားပါသည်။ တွေ့လိုမေး လိုသော မီဒီယာသမားတွေ ဆက်သွယ်လာတာ ငြင်းနေသည့်ကြား က အခန်းဝထိ ရောက်လာကြသည်။ ပရိသတ်တချို့သိ၍ ပန်း စည်း ပန်းခြင်း မုန့်ခြင်း ချောကလက်တို့ ရောက်လာသည်။ ဘာရောဂါလဲ အဖြေမပေးပဲ အနားယူရုံ သက်သက်ပါဟု နေစိုး ပြောတဲ့ကြားက လေးညို့ ဆေးရုံတက်ကာ ဆေးဖြတ်နေပါသည် ဆိုတဲ့ ရယ်စရာ ကောလာဟလက ထွက်ပေါ်လာပါသည်။

လောကကြီးနဲ့ လူတွေက တစ်ခါ တစ်ခါ အလွန် ရူးကြောင်တယ်ဟု လေးညို့ထင်သည်။ ထင်ချင်ရာထင် ပြော ချင်ရာ လျှောက်ပြောနေတတ်တာများ ကာယကံရှင်ပင် လိုက်မမီ အံ့အားတွေ သင့်ရတဲ့အထိ။ စိတ်ပျက်ဖို့ ကောင်းလှပါသည်။ ခုချိန်မှာတော့ အစစအရာရာဟာ စိတ်ပျက်စရာသာ ကောင်းနေ သည်။ ဒါကြောင့် လူတွေနှင့် မတွေ့ချင် မဆက်ဆံချင် ဘာဆို ဘာမှ မလုပ်ချင်၊ အားလုံးကို မေ့လျော့ထားလိုခြင်း ဆန္ဒတစ်ခု သာ သူ့မှာရှိသည်။





ဒီကြားထဲ ဆုတ်နစ်နေသော သူ့စိတ်ထဲ တစ်ချက် တစ်ချက် ဟိုကောင်မလေး ဝင်လာတတ်ပါသည်။ ရည်းစားတွေ ထားခဲ့ဖူးပေမယ့် ဘယ်သူ့ကိုမှ တရစ်ဝဲဝဲ သတိရမနေတတ်ခဲ့ တာမို့ ဒီကောင်မလေးဟာ သူ့အတွက် ထူးဆန်းပါသည်။ စွဲလမ်း မှုတစ်ခုလို့ သူ နားလည်နေကာ ထိုစွဲလမ်းခြင်းကို မဖြစ်သင့် သလိုတွေးပြီး ခုတ်ထစ်သတ်ဖြတ်ဖို့ ကြိုးစားလေ သူမကို သတိရ လွမ်းဆွတ်လေပင်။

"ဒေါက်... ဒေါက်"

တံခါးခေါက်သံကြောင့် နေစိုးက အခန်းတံခါးကို သွားဖွင့်ကြည့်လိုက်ပါသည်။ လေးညို့အဖေ ဖြစ်နေတာမြင်သော အခါ ကိုယ်ကိုယို့၍ အခန်းထဲ ဝင်ခွင့်ပြုလိုက်ရရင်း တံခါးကို လော့က်ပြန်ချလိုက်သည်။

လေးညို့အနား နေစိုးက ကပ်လာခဲ့ကာ နားနား ကပ်၍...

"လေးညို့... အန်ကယ် လာတယ်"

"မတွေ့ချင်ဘူး၊ ပြန်ခိုင်းလိုက်ပါ"

ခုတင်နား မလှမ်းမကမ်းမှာ ရှိနေသော လေးညို့ ရဲ့အဖေက လေးညို့စကားကို ကြားသွားတာမို့ မျက်နှာပျက်သွား ကာ ဧည့်သည်ထိုင်ဖို့ ဆိုဖာတွေရှိရာမှာပဲ ထိုင်ချလိုက်ပါသည်။ အသွားက လေးညို့အဖေနား သွားကာ ဝင်ထိုင်လိုက်ပါသည်။

"ဘယ်လိုနေလဲ"

www.burmeseclassic.com



"ဒီလိုပါပဲ၊ ဆိုးဆိုးဝါးဝါးတော့ မဟုတ်ပါဘူးလေ၊ နေကောင်းတယ်လည်း ပြောမရဘူးပေါ့"

"အိမ်မှာလည်း ဘိုဘို တုပ်ကွေးနေလို့ သူ့အမေ နေခဲ့ရတယ်၊ လိုက်မလာနိုင်ဘူး"

"လိုက်မလာတာပဲ ကောင်းပါတယ်လေ"

"အမေကလည်း လုပ်ပြီ"

"ဟုတ်တယ်လေ... သူပါလာရင် အလကား ကလေး စိတ်အနှောင့်အယှက် ဖြစ်ရမယ်"

"အမေကိုက ဒီလိုချည်းပဲ အားပေးအားမြှောက် ပြောနေတော့ ဒီကောင်ကလည်း အဆင်ပြေဖို့ကို စိတ်ကူးကို မထည့်တော့ဘူး၊ ဒါနဲ့ပဲ ခုချိန်ထိကို ပြေပြေလည်လည်ဆိုတာ ဖြစ်မလာဘူး၊ သူတို့နှစ်ယောက် အဆင်မပြေတော့ ကျွန်တော်ပဲ ကြားထဲက စိတ်ရှုပ်ရတယ်"

"ဘာစိတ်ရှုပ်စရာရှိလဲ သားရယ်၊ သီးသန့်စီ နေနေတာပဲဟာ၊ သူလည်း သူ့ဟာသူနေ၊ ကိုယ်လည်း ကိုယ့်ဟာကိုယ်နေ၊ အမြဲရန်ဖြစ်နေတာလည်း မဟုတ်၊ ဒီတိုင်း နေသားကျနေတာ ဘာမှ စိတ်ရှုပ်မနေနဲ့"

"အမေပြောလိုက်ရင် ဒီလိုချည်းပဲ၊ စည်းစည်းလုံးလုံးရှိတော့ ပိုမကောင်းဘူးလား"

"ပိုကောင်းစရာ မရှိပါဘူး၊ ခုလည်း ဘာပြဿနာမှ တက်နေတာမှ မဟုတ်တာ၊ ဒီတိုင်းလည်း ကောင်းသားပဲ





ကလေးလည်း နေတတ်နေပြီပဲ၊ ဘယ်လိုလုပ်ပြီး စည်းလုံးနိုင်ပါ့မလဲ စဉ်းစားကြည့်ပါဦး၊ ခုချိန်ထိကို ငါ့မြေးမှာ စိတ်ဒဏ်ရာဒဏ်ချက်နဲ့ဟာကို၊ ဒီအချိန်ကာလ ပတ်ဝန်းကျင်ဆို သူ့ခမျာ တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်တတ်ရှာတာ မင်းအသိပဲ၊ ခုလည်း ဆရာဝန်က သားငယ်လေးကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှမလုပ်ရဘူးလို့ မှာထားတယ်၊ သူ စိတ်ရှုပ်စရာတွေ မပြောပါနဲ့"

လေးညို့ရဲ့အဘွားက လေသံဖွဖွနှင့် သူ့သားကို တီးတိုးပြောနေပါသည်။ သူ့အဖေ လာရုံမျှနှင့်ပင် လေးညို့စိတ်အနှောင့်အယှက် ဖြစ်လှပြီကို သိနေတာမို့ အမြန်သာ ပြန်စေလိုသည်။

"အမေကလည်း သည်းလွန်းပါတယ်ဗျာ၊ အမေက အဲသလိုလိုတာထက်ပို သည်းသည်းလှုပ် ဂရုစိုက်နေလို့ကို ကျွန်တော်နဲ့သူ ပြန်ပြီးအစေးမကပ်တာ"

"မဆိုင်ပါဘူး ဒက်ဒီ၊ ဒက်ဒီနဲ့ကျွန်တော် အစေးမကပ်တာ ဒက်ဒီ့ကြောင့် သက်သက်ပါ၊ ဒက်ဒီ့လုပ်ရပ်ကြောင့်ပါ၊ ဘွားနဲ့ ဘာမှမဆိုင်ဘူး၊ ဘွားက ဘယ်တုန်းကမှ ကျွန်တော့်အပေါ် မဟုတ်တာ မမှန်တာ မကောင်းတာ မလုပ်ခဲ့ဘူး၊ လုပ်ခဲ့တာ ဒက်ဒီ၊ ဘာလို့ ဘွားကို လွှဲချနေတာလဲ"

ရုတ်တရက် ထထိုင်လိုက်ကာ ဒေါသတကြီး အော်တစ်ပြောလိုက်သော လေးညို့ရဲ့စကားကြောင့် လေးညို့ရဲ့ဒက်ဒီက

www.burmeseclassic.com



ရုတ်တရက် ကြောင်အမ်းအငိုက်မိကာ လေးညို့ကို အံ့အားတသင့် ငေးကြည့်နေသည်။

"ဒက်ဒီ လုပ်ချင်တာလုပ်တယ် နေချင်သလိုနေတယ် မဟုတ်လား၊ ရတယ်လေ နေလေ၊ အလကားနေရင်း ဘာအကြောင်းမှ မရှိဘဲတော့ အဘွားကို အပြစ်တင်လိုက် ကျွန်တော့်ကို ရန်လုပ်လိုက် လုပ်မနေပါနဲ့"

"ဟော့ကောင်"

"ဒက်ဒီလာတိုင်း အဘွားကို ဝေဖန်စကားတွေ ကျွန်တော့်ကို အပြစ်တင်စကားတွေ ဒါတွေပဲ သယ်လာတယ် ယူလာတယ်၊ အဲဒီအစားတော့ ဒက်ဒီ လုံးဝမလာတာက ပိုကောင်းတယ်၊ ဒက်ဒီ့ဘဝနဲ့ ဒက်ဒီ ပျော်နေပါ၊ တာဝန်မကျေမှာ စိုးလို့တော့ မလာပါနဲ့၊ မလိုပါဘူး ရပါတယ်"

"ဟော့ကောင် လေးညို့… မင်း ငါ့ကို ဘာစကားပြောတာလဲ"

"သားလေး… သားလေး… ဒေါသမဖြစ်နဲ့ ခေါင်းထဲဘာမှ မထားနဲ့၊ ဘာမှမဟုတ်ပါဘူး သားလေးရယ်၊ မင်းဒက်ဒီက အပြစ်ပြောတာလည်း မဟုတ်ပါဘူး၊ သားလေးစိတ်ကောင်းလို့ပါ၊ ကဲ… ကဲ… မင်းလည်း ပြန်တော့ သား"

ဘွားက လေးညို့နံတင်ဆီ ပြေးလာကာ လေးညို့ကို ပြန်လှဲအိပ်စေရင်း သူ့သားဘက်လည်း ကမန်းကတန်းလှည့်ပြောသည်။





"မဟုတ်ဘူး အမေ၊ ဒီကောင် ကျွန်တော့်ကို ဒီလိုလေသံနဲ့ ဒီကောင်…၊ ဘာအားကိုးနဲ့ ဒီလောက်တောင် ပမာမခန့် နေရတာလဲ၊ အမေ့အားကိုးလေ၊ အမေနေရာတကာမှာ…"

"ကဲပါ… မင်းကို ပြန်ပါတော့လို့ ပြောနေတယ် မဟုတ်လား၊ မောင်နေစိုး… မင်းအန်ကယ်ကို အပြင်ခေါ်စမ်းကွယ်"

အဘွားက ပြောပေမယ့် နေစိုးမှာ လေးညို့အဖေကို အဘယ်မှာ အခန်းပြင် ဆွဲထုတ်ခေါ်ထုတ်ရပါမည်နည်း။ နံဘေးနား မိုးတိုးမတ်တတ်နှင့် လက်မောင်းကိုင်ရမလို လက်ဖျားကိုင်ရမလို ဖြစ်နေသည်။

"မင်းနဲ့ လင်းဝါဝါနဲ့ မတည့်တာလည်း မပြောနဲ့၊ မင်းလိုကောင်က တစ်စက်မှ အချိုးကမပြေတော့ ငါမိန်းမ ငါနားမချနိုင်တာလည်း ဘာမှမဆန်းဘူး"

"ကဲ… မင်း အခုပြန်တော့ သား၊ ပြောစရာရှိတာ နောက်မှပြော၊ ဒါ ဆေးရုံပေါ်မှာပါ၊ မင်းမွေးထားတဲ့သား ဆေးရုံတက်နေတာပါ"

အဘွားရဲ့မျက်နှာက ခက်ထန်နီမြန်းလာပါသည်။ လက်ဖျားတွေ အေးစက်ဆတ်ဆတ်တုန်ကာ အသက်ကို ရှိုက်၍ ရှိုက်၍ ရှူလာရသော လေးညို့ကြောင့်…

"မောင်နေစိုး… ဆရာမတစ်ယောက်ခေါ်၊ ဆရာဝန်လာကြည့်ပေးဖို့ပြော၊ သွား… မြန်မြန်၊ မင်း ပြန်ပါတော့ ငါ

www.burmeseclassic.com



သား၊ သူ့ဝေဒနာနဲ့သူ ဖြစ်နေတာ မင်းက တစ်ပွဲမနှောင့်ချင်ပါနဲ့"

လေးညို့ရဲ့ဒက်ဒီဟာ လေးညို့ရဲ့ အခြေအနေတို့ ခပ်စိမ်းစိမ်း ကြည့်နေပြီးမှ ဆရာဝန် ဆရာမတို့ အခန်းထဲရောက်လာတဲ့အတွက် အခန်းပြင်ဘက်ကို လေးတွဲ့တွဲ့ ထွက်လာခဲ့ပါသည်။ နေစိုးသည် ရောယောင်နေရခက်ကာ...

"အန်ကယ်... စိတ်မကောင်းပါဘူး ခင်ဗျာ၊ လေးညို့က ဒီပရက်ရှင် ရချင်နေတာပါ၊ ခုလိုမဖြစ်တာလည်း ကြာပြီဆိုတော့ ဆရာဝန်ကြီးက မေဂျာဒီပရက်ရှင် ဖြစ်သွားမှာစိုးလို့ သေသေချာချာလေး ဂရုစိုက်ဖို့ သူစိတ်အလိုဆန္ဒအတိုင်း အလိုက်အထိုက် တလိုက်တလျောနေဖို့ စောင့်ကြည့်နေဖို့ကအစ သေချာမှာထားတာမို့ပါ"

"အခု သူက ဒီပရက်ရှင် ဖြစ်နေပြန်တာလား"

"ဟုတ်ကဲ့ အန်ကယ်၊ ဟိုးအရင်ကတော့ သူ တစ်နှစ်တစ်ခါ နှစ်နှစ်တစ်ခါ ဆိုသလို အန်တီနှစ်ပတ်လည်နားနီးရင် စိတ်ကယောင်ချောက်ချားလိုဖြစ်၊ ဟိုတွေး ဒီတွေးပူဆွေးပြီး သူ့စိတ်သူ မထိန်းချုပ်နိုင် စိတ်ထိခိုက် စိတ်ကျဖြစ်ခဲ့တာ အန်ကယ်လည်း အသိပါ၊ အခုက မဖြစ်တာလေးငါးနှစ်လောက်ရှိမှ ခုလို မမျှော်လင့်ဘဲ ထဖြစ်လာတာ သူ မအိပ်တာလည်း ဆယ်ရက်ကျော်နေပါပြီ အန်ကယ်၊ မွေမယူပါနဲ့"





"ဒါနဲ့ အပြင်မှာ ပြောနေတော့ လေးညို့က ဆေးရုံတက်ဆေးဖြတ်နေတာဆို"

"အာ... ခက်တာပဲ အန်ကယ်"

နေစိုးက စိတ်ပျက်လက်ပျက် ညည်းညူမိသည်။

"အန်ကယ်လ်ကပါ မယုံမရဲ တထင့်ထင့် တွေးမနေပါနဲ့၊ ဇဝေဇဝါ မဖြစ်ပါနဲ့၊ လုံးဝ ဆေးဖြတ်တာ မဟုတ်ရပါဘူး အန်ကယ်၊ စိတ်ကျလက္ခဏာမျိုးတွေ ပြန်ပေါ်လာလို့ ဆရာကြီးဦးအေးငြိမ်းက ဆေးရုံခေါ်တင်ထားတာပါ"

"သြော်... အဲလိုလား၊ အန်ကယ်ကတော့ သူ့ကို ကရုဏာဒေါသောနဲ့ ကြိမ်းဖို့ မောင်းဖို့ ရောက်လာခဲ့တာပဲ မောင်နေစိုး၊ ခုလိုဆိုရင်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွာ၊ ဘာမှမဖြစ်တာ အတော်ကြာမှ ဘယ်လိုများပြန်ဖြစ်ရတာလဲ၊ တစ်ခုခုများ သူ့မှာ စိတ်ထိခိုက်စရာဆုံးရှုံးတာ ဘာညာမျိုး ရှိလို့လား"

"အလုပ်ကိစ္စတွေလည်း အကုန်အဆင်ပြေနေပါတယ်၊ သူ့လက်နဲ့ထိရင် ရွှေဖြစ်နေသလို အောင်မြင်မှုက ထိပ်ဆုံးမှာပါပဲ၊ ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာတွေ ဆုံးရှုံးစရာတွေ မရှိပါဘူး၊ အစစ အဆင်ပြေနေပါတယ်"

"ဒါဖြင့် တခြား ဘာများ သူ့မှာ စိတ်ညစ်စရာရှိသေးလဲ၊ မိန်းကလေးကိစ္စ၊ သူ့အချစ်ရေးတို့ ဘာတို့ရော"

www.burmeseclassic.com



"ဒါက သူ့အတွက် သိပ်ရှေ့တန်းရောက်တဲ့ ကိစ္စမျိုး မဟုတ်ပါဘူး အန်ကယ်၊ လောလောဆယ်လည်း အဲဒီလို ရီလေးရှင်းရှစ်ပ်မျိုး သူ့မှာ ရှိမနေဘူး၊ ဒီအတွက်လည်း စိတ်ဓာတ်ကျစရာ မရှိလောက်ဘူး"

"ဒါဆို သူ့ဘာသာသူ ဖြစ်ချိန်တန်လို့ကို ထ,ဖြစ်တာလို့ပဲ ယူဆရတော့မလား၊ ဒီလိုဖြစ်စေတဲ့သူ့ကို ဖိစီးစေတဲ့ အကြောင်းရင်းရှိရင် ဒါကို ကူဖြေရှင်း ကူဖယ်ရှားပေးဖို့ ပြောတာပါ၊ ကဲပါလေ… အန်ကယ်လည်း ပြန်ဦးမယ်၊ အန်ကယ်တို့သားအဖကြားမှာလည်း ဘယ်တော့မှ ကောင်းသော ပြေလည်သော ဆက်ဆံမှုဆိုတာ ကြိုးစားလို့မရဘူး…

အန်ကယ်ရောက်လာခြင်း အန်ကယ် ရှိနေခြင်းဟာ သူ့ကို အမြဲပဲ ဖိစီးမှုပဲ ဖြစ်စေခဲ့တယ်၊ ဒါကို အန်ကယ်လည်း စိတ်မကောင်းဘူး၊ တစ်ချိန်တစ်ခါက အန်ကယ် အများကျူးလွန်ခဲ့တယ် ဆိုရင်လည်း ကျူးလွန်တယ်ပေါ့ကွာ၊ ဒီလိုပဲ ဝန်ခံလက်ခံရမှာပေါ့၊ ဒါပေမဲ့ ဒီလောက်ထိ နှစ်ပေါင်းရှည်ကြာတော့ သားရဲ့အာဃာတ မီးပွားမီးတောက်တွေ မငြိမ်းနိုင် မဖြစ်စေချင်တာတော့ အမှန်ပဲ၊ သူ့ကိုလည်း ဒီလိုတွေ အထပ်ထပ် အခါခါ ခံစားမနေရစေချင်သလို အန်ကယ်လည်း တစ်သက်လုံး ဖအေဆိုးကြီးလို အမုန်းမခံချင်ဘူး၊ ဒါပေမဲ့ သားအဖကြားမှာ မျက်နှာချင်း





ဆိုင်လိုက်ရင်ကို လေးပင်ဖိစီးမှုတွေ မကျေမချမ်းမှုတွေ ချည်းပဲ ဖြစ်ဖြစ်လာတယ်"

လေးညို့ရဲ့အဖေကို နေစိုးက ကိုယ်ချင်းစာသလို ခေါင်းညိတ်ရင်း…

"တဖြည်းဖြည်းတော့ အဆင်ပြေလာကောင်းပါရဲ့ အန်ကယ်"

○

www.burmeseclassic.com

(၁၃)

တစ်ဖက်က ဖုန်းခေါ်သံဟာ မကိုင်မချင်း တီးလုံးလေးတစ်ခု သာယာညင်းပျောင်းစွာ လွှင့်ထုတ်ပေးနေသည်။ အတော်ကြာမှ တစ်ဖက်မှဖုန်းကို ကိုင်လိုက်ကာ "ဟယ်လို"ဟု ထူးသံထွက်ပေါ်လာပါသည်။

"ရှင့်ကို ပြောစရာရှိတယ်"

လွှမ်းတသက်က ထုံးစံအတိုင်း နိဒါန်းအရှည်းမပါတဲ့တိုးတုံးတိ ပြောလိုက်ပါသည်။

"ရှင်နဲ့ကျွန်မ ဘယ်လိုဆုံလို့ ရမလဲ၊ ရှင့်ကို ဖုန်းထဲက မပြောချင်ဘူး၊ ရှင့်မျက်နှာကိုကြည့်ပြီး သေသေချာချာ တိတိကျကျ ပြောချင်တယ်"

"ဟုတ်ကဲ့… သူ ဖုန်းမပြောနိုင်သေးပါဘူး"

"………"

လွှမ်းတသက်က ရုတ်တရက် ကြောင်အမ်းနှုတ်ဆိတ်သွားပါသည်။





"အခုဖုန်းကိုင်ထားတာ ဘယ်သူပါလဲ"

"ကျွန်တော် နေစိုးပါ၊ ကိုလေးညို့ရဲ့ မန်နေဂျာပါ မလွှမ်းတသက်"

ဪ…။ ဖုန်းနံပါတ်ကို နာမည်တပ်၍ Save ထားတာ ထင်ပါရဲ့။ လွှမ်းတသက်က ခပ်အမ်းအမ်းတော့ ဖြစ်သွားပြီးမှ…

"ဒါဆို ကျွန်မ သူနဲ့ စကားပြောလို့ရဖို့ ဘယ်ဖုန်းကိုဆက်ရမလဲ"

"ဒီဖုန်းပါပဲ၊ သူ ဒီဖုန်းပဲကိုင်တာပါ၊ ဒါပေမဲ့ အခုက သူ စကားမပြောနိုင်သေးလို့၊ သူ့ကိုယ်စား သူ့ဖုန်းကို ကျွန်တော် ဖြေပေးတာပါ၊ အရေးကြီးတာ ပြောချင်တာ လုပ်ချင်တာ ရှိရင်တော့ ကျွန်တော့်ကို ပြောခဲ့လို့ ရပါတယ်"

"ကျွန်မက သူနဲ့ပြောမှ ဖြစ်မှာပါ"

"ဒါဆိုရင်တော့ အခု အဆင်မပြေသေးပါဘူး"

"အခု အဆင်မပြေဘူးဆိုတော့ ဘယ်တော့ စကားပြောဖို့ အဆင်ပြေနိုင်မလဲ"

"ဘယ်တော့ အဆင်ပြေမယ်ဆိုတာလည်း ကျွန်တော် မပြောနိုင်ပါဘူး"

"သူနဲ့ စကားပြောဖို့က ဘာကြောင့် ဒီလောက်ခက်ခဲရတာလဲရှင်"

"ဟုတ်ကဲ့… သူ မပြောနိုင်သေးလို့ပါ"

www.burmeseclassic.com



လွှမ်းတသက်က နှုတ်ခမ်းလေး ဖိကိုက်ကာ ပြောဖို့ သင့်မသင့် အားယူလိုက်ပါသည်။ ထို့နောက် ဖွတ်တိုးကာ…

"ကျေးဇူးပြုပြီး ကျွန်မ ဆက်တာ၊ လွှမ်းတသက် ဆက်တာပါ ဆိုတာကို သူ့ကို ပြောပေးနိုင်မလား"

လွှမ်းတသက်ရဲ့ အသံက အနည်းငယ် တုန်ခတ်နေသည်။ သူမ ဆက်တာပါဆိုတာ သိလျှင်တော့ သူ လက်ခံပြောများ ပြောလေမလား ဆိုတဲ့ မသိစိတ်မှ ထင်စားယုံမှားမှုလေးဟာ လွှမ်းတသက် ရင်ထဲမျှော်လင့်ချက်လေးတစ်ခုအဖြစ် တအုံနွေးနွေး ဖြစ်နေပါသည်။

"အဲဒါလည်းပဲ စိတ်မရှိပါနဲ့၊ ကျွန်တော် ပြောပေးလို့မဖြစ်နိုင်ပါဘူး၊ ငါးရက်လောက်နေရင်တော့ တစ်ခါလောက် ထပ်ဆက်ကြည့်လိုက်ပါ"

လွှမ်းတသက်သည် ကြားလူက ဤသို့ ကာဆီးပိတ်ပင်လိုက်၍ မခံချင် ရှက်ဒေါသလေး အမောက်ထောင်လာနေကာ…

"ရှင်က ဘယ်လိုဖြစ်လို့ သူနဲ့ စကားပြောဖို့ကို ကြားကပိတ်ပင်နေတာလဲရှင့်၊ သူ့ကို မေးကြည့်ပါဦးလား"

"သူက ဘယ်ဖုန်းမှ လက်ခံမပြောတာပါဗျာ"

"ဘာဖြစ်နေတာမို့လို့လဲ၊ ကြီးကျယ်လိုက်တာ"

"ကဲ… ခင်ဗျားကတော့ ဘယ်လိုမှ လက်ခံနားလည်မပေးပါလား၊ သူ လောလောဆယ် ဆေးရုံပေါ်မှာဗျ"





"ရှင်… သူ… သူ ဘာဖြစ်လို့လဲ"

နေစိုးသည် လေးညှို့ ဆေးရုံတက်နေသည် ဆိုတာတို အကြောင်းတိုက်ဆိုင်ကာ သိသွားကြပြီး သူတွေကလွဲလျှင် နောက်ထပ် ဘယ်သူ့ကိုမှ မပြောချင်ပေ။ အလကားနေရင်းမှ ကောလာဟလထွက်ကာ နာမည်က ပျက်ချင်နေရတဲ့အထဲ ချဲ့ကားကာ သို့လော သို့လောတွေ ထပ်မံပေါက်ကရ ထင်မြင်ယူဆနေကြမှာကို မလိုချင်ပေ။ သတင်းတွေလည်း ပြန့်မနေစေချင်ပေ။

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘဲ ဘာလို့ ဆေးရုံတက်နေရတာလဲ"

"ဒီလပိုင်းတွေ သူ အလုပ်တအားများတော့ အလုပ်ပင်ပန်းတယ်လေဗျာ၊ အနားယူဖို့ ဝေးဝေးလံလံ ခရီးသွားရလောက်အောင်လည်း သူ့မှာ အချိန်မရှိဘူး၊ အဲဒါကြောင့် ဆေးရုံခဏတက်နားနေတဲ့ သဘောပဲဘယ်၊ ခင်ဗျားတို့ သိတဲ့အတိုင်း ကိုယ့်အိမ်မှာ ကိုယ်နားနေရင် သူလိုလူတစ်ယောက်အဖို့က လာချင်တဲ့ဧည့်သည်တွေ၊ အလကားနေ ဆက်နေတဲ့ဖုန်းတွေနဲ့ ဘယ်လိုမှ နားခွင့်ရမှာကို မဟုတ်ဘူး၊ အဲဒါကြောင့် သက်သက်မဲ့ကို လူတွေရှောင်ပြီး နားနေဖို့က ဒီတစ်နည်းပဲ ရှိတယ်လေဗျာ"

"ဪ… ဟုတ်တာပေါ့လေ၊ သူ့လိုအောင်မြင်ကျော်ကြားတဲ့ စူပါစတား လူကုံထံဆယ်လဘာရစ်တီ တစ်ယောက်

www.burmeseclassic.com



အဖို့ အခုလို လူတွေကို အတွေ့မခံ၊ ဖုန်းလာရင်လည်း ဘယ်လောက် အရေးကြီးကြီး မကြီးကြီး လက်ခံနားမ ထောင်ဘဲ အားလုံးကို မန်နေဂျာက ငြင်းပစ်ပေးမှ ပြည့်ပြည့်ဝဝ နားလို့ရတော့မှာပေါ့နော်၊ သူဌေးတွေဆိုတော့ ဒီလို နားနေနိုင်တာပေါ့၊ ဆင်းရဲသား အခြေခံလူတွေအဖို့တော့ ဆေးရုံတက်နားဖို့ မပြောနဲ့ ကိုယ့်အိမ်ကိုယ် နားဖို့ရာတောင် နားစရာ နိုစရာ အိမ်မရှိတာမျိုးလေ”

“ကျွတ်… ခင်ဗျား ဘာတွေပြောနေတာလဲ မလွမ်းတသက်၊ ခင်ဗျား ပြောနေတာတွေနဲ့ သူ အနားယူနေတာ ဘာဆိုင်လို့လဲ၊ လေးညို့က အခု ဘယ်သူ့ကိုမှ မထိခိုက်ဘဲ သူ့ဟာသူ အနားယူနေတာပါဗျာ၊ စိတ်ဆိုးစရာ ထောင့်ငေါ့နေစရာ ဘာအကြောင်းမှ မရှိဘူး ထင်ပါတယ်”

“အင်းပါလေ… ဒါနဲ့ သူ အနားတက်ယူလောက်အောင် ခမ်းနားပြည့်စုံတဲ့ ဆေးရုံမျိုးရော မြန်မာပြည်မှာ ရှိရဲ့လား”

“ဒီမှာ လွမ်းတသက်၊ အများသူငါ လူတန်းစားပေါင်းစုံလာတက်နေတဲ့ ‘……’ဆေးရုံပါ၊ နတ်ပြည်မှာလည်း မဟုတ်ပါဘူး၊ နန်းတော်ကြီးမှာလည်းမဟုတ်ပါဘူး၊ သာမန်ဆေးရုံမှာပါ၊ နောက်ငါးရက် တစ်ပတ်လောက်နေမှ ပြန်ဆက်ကြည့်လိုက်ပါ”

“ကျွန်မ ဆက်ချင်တဲ့အချိန် ဆက်ပါ့မယ်၊ မဆက်ချင်ရင်လည်း မဆက်တော့ဘူး၊ ကျွန်မ သဘောပါ”





လွမ်းတသက်က ဖုန်းကိုပိတ်လိုက်ပါသည်။ အတော်ကြီးကျယ်တဲ့ မန်နေဂျာ။ မန်နေဂျာတောင် ဒီလောက်ကြီးကျယ်နေတာ သူ့ဘော့စ်ဟာလည်း ဒီထက်တောင်ပိုကာ ကြီးကျယ်ဦးမှာ။

ဆံရှည်တ်ကက်တူးနဲ့ ဂျလေဘီလိုကောင်မျိုးကို မတွေ့ပါနဲ့ မကြိုက်ပါနဲ့လို့ ပိုင်စိုးပိုင်နင်း ဖုန်းဆက်ပြောပြီးကတည်းက ပျောက်ကွယ်သွားလိုက်တာ လူလည်း အရိပ်ယောင် မမြင်ရ၊ အသံလည်း ဖုန်းနဲ့တောင် မကြားရ။ သူ စိတ်ပါရင် ပါသလို မပါရင် မပါသလို ဆက်သွယ်ချင် ပတ်သက်ချင်ရင် ဆက်သွယ်ပတ်သက်လိုက်မည်၊ သိပ်ဆန္ဒမရှိရင် ပစ်ထားလိုက်ဦးမည်ဆိုတဲ့ အချိုးမျိုး သူ တမင်တကာ လုပ်နေတာပဲ မဟုတ်လား။

သူပဲ သူတစ်ပါးအပေါ် စိတ်အနှောင့်အယှက်ဖြစ်အောင်၊ ကသိကအောက်ဖြစ်အောင် လုပ်တတ်တာလား လုပ်ခွင့်ရှိတာလား။ လွမ်းတသက်ကကော လုပ်ခွင့်မရှိဘူးလား၊ မလုပ်တတ်တော့ဘူးမို့လို့လား။

အခုလို ကိုယ့်ဘက်က စဆက်လိုက်ခါမှ စကားတောင် ပြောခွင့်မရလိုက်တဲ့ အဖြစ်ဟာလည်း လွမ်းတသက်ရဲ့ အတ္တမာနကို ထိခိုက်လှပေသည်။ အလကားနေရင်း အကြောင်းရှာပြီး ဆက်တာလည်း မဟုတ်။ အိမ်ခန်းတစ်ခန်းလုံးကို ရက်ရက်ရောရော ပစ္စလက္ခတ် စွန့်ကြဲပေးကမ်းလိုက်တဲ့ အပြုအမူအပေါ် လွမ်းတသက် ဘယ်လိုမှ နှုတ်ပိတ်ငြိမ်သက် မနေနိုင်လို့ပင်။

www.burmeseclassic.com



သူမစိတ်၌ လက်ခံသေချာ ယုံကြည်နေမိသည်မှာ လေးညို့သည် ကိုကို့ကို လွမ်းတသက်ရဲ့ အစ်ကိုဆိုတာ တစ်နည်းနည်းနှင့် သိသွားပြီ။ ရွံ့ပေလူးသွားတဲ့ အိတ်တစ်လုံး အစားဖြန့်လျှော်ပေးခဲ့သလို သူ့ပယောဂမကင်းဘဲ သူ့ကြောင့် ထောင်ထဲဝင်ခဲ့ရတဲ့ ကိုကို့ကို နစ်နာကြေးလို သဘောမျိုး အိမ်တစ်ခန်းပက်ခနဲ လျှော်ပေးလိုက်တာမျိုးလို ခံစားနေရကာ အဲဒီအလျှော်ပေးမှုထဲ သူမပါ၊ အကျုံးဝင် ကျေးဇူးတင်နေရမှာမျိုးကို မခံချင်အောင် အသည်းယားနေမိတာပင်။

သူ လက်ညှိုးညွှန်ရာ ရွှေဖြစ်သလောက်နီးနီး သူ့ကိုယ်သူ စိတ်ကြီးဝင်နေတာလား။ သူ့ကိုမှ ဒီကိစ္စ မျက်နှာချင်းဆိုင် မပြောရလျှင် လွမ်းတသက် ဆိုတဲ့ မိန်းကလေးဟာ သူ့ထံဘယ်တုန်းကမှ အညှာခံခြင်း ကျဆုံးခြင်း မရှိခဲ့ပေမယ့် နေစရာအိပ်တစ်ခန်းနှင့် ပစ်ပေါက်လိုက်တဲ့အခါ ငြိမ်သက်ဝပ်တွား ဦးခေါင်းငုံ့လျှိုးသွားတော့တာပဲလို့ သူ ယူဆမှာကို ရှက်သည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်နေမှန်း မယ်မယ်ရရ မသိဘဲ လွမ်းတသက် ရင်ထဲ မခံချင်စိတ်က မချိတရိ နှိပ်စက်နေခဲ့ပါသည်။

○





တံခါးကို ခေါက်လိုက်လျှင် လာဖွင့်သူဟာ နေစိုးဆိုတဲ့သူ ဖြစ်နေလိမ့်မည် ထင်သော်လည်း အထင်က မမှန်ပေ။ ခြင်ဖူးသော ယောကျ်ားတစ်ယောက် ဖြစ်နေသည်။ ချက်ချင်းပဲ မှတ်မိသတိရသွားသည်မှာ ဒီလူဟာ ဆိုင်ကိုလာပြီး ရှိုးပွဲလက်မှတ်လာပေးသွားတဲ့သူ ဖြစ်နေတာကိုပင်။

သူကလည်း ဆိုင်ရဲ့ယူနီဖောင်းနှင့် လွမ်းတသက်တို ချက်ချင်း မှတ်မိသလို "ဩော်"ဟု ရေရွတ်ကာ…

"ဘာကိစ္စလဲ မသိဘူး ခင်ဗျ"

"ကိုလေးညို့ ရှိတယ် မဟုတ်လား"

"ရှိတော့ ရှိတယ်ခင်ဗျ"

"သူနဲ့ ခဏတွေ့မလို့ပါ"

"မဖြစ်ဘူး ထင်တယ် အစ်မ၊ ဘယ်သူမှ လက်ခံမတွေ့ရဘူးလို့ မှာထားပါတယ်"

"ကိုနေစိုးကလား"

"ဟုတ်… ဟုတ်ပါတယ်၊ ကိုနေစိုးက ကိစ္စတစ်ခုရှိလို့ အနုခဏလေး သွားတာပါ၊ သိပ်မကြာပါဘူး၊ ပြန်လာမှာပါ၊ အစ်မ အပြင်မှာပဲ ခဏစောင့်လိုက်ပါလား၊ သူပြန်လာတော့ သူနဲ့တွေ့လို့ ရပါတယ်"

www.burmeseclassic.com



"ကျွန်မက သူနဲ့တွေ့ချင်တာ မဟုတ်ပါဘူး၊ ကိုလေးညို့နဲ့ပဲ တွေ့ချင်တာပါ"

"ဒါပေမဲ့ ကိုလေးညို့ကို ဧည့်သည်ပေးမတွေ့ရဘူးလို့ သေချာ မှာသွားလို့ပါ၊ နောက်မှ လာလိုက်ပါ အစ်မ"

"ကျွန်မလည်း အလုပ်က ခဏထွက်လာတာပါ၊ အကြာကြီး အချိန်မရပါဘူး၊ ခဏပါပဲ၊ ကိုနေစိုး ပြန်အလာလည်း မစောင့်အားပါဘူး"

"ဒါပေမဲ့..."

ထိုသူက ခေါင်းကိုကုတ်ကာ ဘယ်လိုဆက်ငြင်းရမည် မသိအောင် ဖြစ်နေပုံရပါသည်။ လွမ်းတသက်ဟာ လေးညို့အတွက် အရေးပါလေသလား မပါလေသလား ကျော်ဆွေ မဆေခွဲနိုင်ပါ။ မှီးပွဲကို ဒီမိန်းကလေး ရောက်မလာတုန်းကတော့ လက်မှတ်သောချာပို့ရဲ့လားလို့သူ့ကို ကိုလေးညို့ ဟောက်တာ သတိတရ ပြန်တွေးမိပါသည်။

"ဒီလို လုပ်ပါလား"

"ဘယ်လိုလဲ အစ်မ"

ကျော်ဆွေက အခန်းပြင်ထွက်ရပ်ကာ တံခါးလက်ကိုင်ဘုကို နောက်ပြန်ဆွဲကိုင်ထားရင်းက အူကြောင်ကြောင်နှင့် ပြန်မေးလိုက်ပါသည်။

"ရှင့်ဆရာကိုသာ မေးလိုက်ပါ၊ တိုက်ရိုက်မေးလိုက်ပါ၊ ကိုနေစိုးက တကယ်တော့ မန်နေဂျာ၊ ကာယကံရှင်မဟုတ်





တဲ့ အေးလူပါ၊ သူမှာထားတာထက် ရှင့်ဆရာကိုလေးညို့ ကိုယ်တိုင်ပြောတာက မကောင်းဘူးလား၊ ရှင် အရင်ဝင်မေးကြည့်လိုက်ပါ၊ လွမ်းတသက် လာတယ်လို့၊ တကယ်လို့ ကိုလေးညို့က မတွေ့နိုင်သေးဘူး ပြန်ခိုင်းလိုက်ဆိုရင် ကျွန်မ ပြန်သွားပါ့မယ်"

ကျော်ဆွေက စဉ်းစားနေရင်းက...

"အင်း... အဲလိုမေးကြည့်လိုက်ရမလား"

"မေးကြည့်လိုက်ပါ၊ သူပြောသလို လုပ်ပါ့မယ်"

"ဒါဆို ခဏနော်"

ကျော်ဆွေ လှည့်ဝင်သွားက ပြန်ပိတ်သွားသော တံခါးပြင်ရပ်ရင်း လွမ်းတသက် ရင်ထဲတွင် တဒုတ်ဒုတ်မြည်သံဟာ တစစ စိပ်လာသည်။ သူ လက်ခံတွေ့ဆုံပါလိမ့်မည် ဆိုတဲ့ မျှော်လင့်ချက် ယုံကြည်ချက်ဟာ ဘာကြောင့်များ ခိုင်မာနေပါလိမ့်။ သူ လွမ်းတသက်ကို ပစ်ပစ်ခါခါ ခါးခါးသီးသီးလုပ်မှာ မဟုတ်ဘူးလို့ ဘာကြောင့် ယုံကြည်နေမိပါလိမ့်။

ချပ်ခနဲ တံခါးပြန်ပွင့်လာလျှင် လွမ်းတသက် ကိုယ်လေး တောင့်ခနဲ ဖြစ်သွားရပါသည်။ ကျော်ဆွေက တံခါးကို ဆွဲဟ,ထားရင်း...

"အစ်မ... လာတဲ့"

လွမ်းတသက် ရင်ထဲက လှိုက်ဖိုနွေးထွေးသွားတဲ့ ခံစားချက်ဟာ အံ့ဩစရာကောင်းလောက်အောင် ချိုမြိန်သည်။

www.burmeseclassic.com



အခန်းထဲ ဝင်လိုက်မိလျှင် ခုတင်ပေါ်မှာ လဲလျောင်းလျက်တ တ်ခါးဘက် မယုံကြည်သလို ဝေဝေဝါ ကြည့်နေတဲ့ လေးညို့က ခုတင်ပေါ် တံတောင်ဆစ်ထောက်ကာ လူးလဲထလိုက်ပါသည်။ လွမ်းတသက်က ခုတင်နှင့် သုံးပေကွာလောက်မှာ လက်ပိုက်၍ တောင့်တောင့်ကလေး ရပ်လိုက်သည်။

"မင်း... မင်း ဘယ်လိုသိလို့လဲ လွမ်းတသက်"

"ကျွန်မ ဖုန်းဆက်လိုက်တာကို ကိုနေစိုး ကိုင်လို့သိလိုက်ရတာပါ"

"မင်း ဖုန်းဆက်တယ် ဟုတ်လား၊ နေစိုးက ကိုယ့်ကိုမပြောပါလား"

"သူက ဖုန်းလည်း မပြောဖို့ မဆက်ဖို့ တားပါတယ်၊ ဒီတော့ ရှင့်ကိုလည်း ဘယ်အသိပေးမလဲ ကိုလေးညို့"

"မင်း... ကိုယ့်ကို သတင်းလာမေးတယ်လို့ ကိုယ် ယူဆရမှာလား၊ ယုံတောင် မယုံကြည်နိုင်ဘူး... အဟက်ဟက်"

တစ်ချိန်လုံး ထိုးအိပ်နေတဲ့ပုံစံနှင့်မို့ ဖွာလန်ကျဲကာ မသပ်မရပ် ဖြစ်ချင်တိုင်း ဖြစ်နေသော ဆံပင်ရှုပ်ပွနှင့် လေးညို့ မျက်နှာတွင် မျက်ကွင်းများညိုကာ မျက်နှာက ဖျော့တော့လျက်က ခေါင်းကိုတစ်ချက်လှန်၍ ခနိုးခနဲ့လိုလို သူ ရယ်မောနိုင်ဆေးသည်။

"ကျွန်မ ပြောစရာလေး ရှိလို့ပါ"





"ဘာပြောစရာရှိလို့လဲ လွမ်းတသက်၊ ပြောလေ၊ ပြောနိုင်ပါတယ်"

လွမ်းတသက်က ကျော်ဆွေ့ကို တစ်ချက်ကြည့်လိုက်ရင်း...

"ကျွန်မ စကားပြောနေတုန်း ခဏလေး ရှင် အပြင်မှာ ထွက်နေပေးလို့ ရမလားရှင်"

"အာ... အဲဒါ မရဘူးထင်တယ် အစ်မ၊ ကိုနေစိုးက ကျွန်တော့်ကို အစ်ကို့နားက ဘယ်မှမသွားရဘူးလို့ သေချာမှာသွားတယ်"

"ရှင် အခန်းပြင်မှာ ရပ်နေရုံပါ၊ ဘယ်မှ သွားခိုင်းတာ မဟုတ်ပါဘူး"

"ဟော့ကောင်... လျှာရှည်လိုက်တာကွာ၊ သွား... သွား... အပြင်ထွက်နေ"

ကျော်ဆွေသည် လေးညို့ တစ်ချက်ဟောက်သည်နှင့် စောဒကမတက်ရဲဘဲ တွန့်ဆုတ်ဆုတ်နှင့်ပင် အခန်းပြင်ထွက်သွားလိုက်ရပါသည်။

"ကဲ... ပြော၊ မင်း ဘာများ အခက်အခဲရှိသလဲ လွမ်းတသက်၊ ဘာမဆို ပြောနိုင်ပါတယ်"

"ကျွန်မ ဘာအခက်အခဲမှ မရှိပါဘူး၊ ရှင်လည်းပဲ ရှင့်ကိုယ်ရှင် ဖန်ဆင်းရှင် ကယ်တင်ရှင်လောက်နီးနီး စိတ်ကြီးဝင်မနေရင် ကောင်းလိမ့်မယ်"

www.burmeseclassic.com



"ဘာကို ပြောနေတာလဲ၊ ကိုယ် နားမလည်ဘူး လွမ်းတသက်"

"လူတချို့အတွက် အသည်းအသန် ခက်ခဲလိုအပ်နေတဲ့ အရာတစ်ခုဟာ တချို့လူတွေအတွက်ကျတော့ ကိုက်စားရင်း ဘေးကိုပဲ့ကျသွားတဲ့ ကိတ်မုန့်အစအနလေးလောက် ဖြစ်ချင်ဖြစ်နေတာပေါ့နော်၊ ရှင့်အနေနဲ့ဘာမှ အပန်းမကြီးတဲ့ အရာတစ်ခုကို ပစ္စလက္ခတ် ဝဲပစ်နိုင်တာကို ဂုဏ်ယူကျေနပ် သာယာကောင်း သာယာနေပါလိမ့်မယ်၊ ဒါပေမဲ့ ရှင် သိထားရမှာက ဆင်းရဲတဲ့သူတိုင်းဟာ သူတောင်းစားတော့ မဟုတ်ဘူး ကိုလေးညို့"

လေးညို့က နောက်ကျိုလာသောခေါင်းကို လက်တစ်ဖက်နှင့် အုပ်ကိုင်ပွတ်သပ်လိုက်မိရင်း...

"လွမ်းတသက်... ကျေးဇူးပြုပြီး တဲ့တိုးအတိုချုပ်ပြောပါလား၊ ခုချိန်မှာ ကိုယ် ဘာမှ ရှည်ရှည်ဝေးဝေး သိပ်မတွေးခေါ် မစဉ်းစားနိုင်လို့ပါ"

"ရှင် ကျွန်မတို့ကို တိုက်ခန်းတစ်ခန်း အလကားပေးလိုက်တယ်ဆိုတာက ဘာသဘောလဲ၊ အလှော်သဘောလား၊ ဒါမှမဟုတ် ကျွန်မကို ရှင့်ပိုင်ဆိုင်မှု ရက်ရောမှုတွေနဲ့ ခြောက်တာလားဟင်"

"တိုက်ခန်း ! မင်းကို ကိုယ် ဘယ်တုန်းက တိုက်ခန်းပေးမိလို့လဲ"





လွမ်းတသက် မျက်နှာလေးက ဖြန်းခနဲ ရှက်သွေးလေး ဖြာသွားမိပါသည်။ ဟင်... ဒါဆို လွမ်းတသက်ကို ကိုကို့ညီမဆိုတာ သူ မသိတာလား။ သူသိနှင့်လို့ ဒီလုပ်တာဟု လွမ်းတသက် ထင်နေမိတာ။ လွမ်းတသက်က လေးညို့ကို စူးစူးရဲရဲ စိုက်ကြည့်ကာ မျက်လုံးထဲမှာ အလိမ်ဖော်နေမိသည်။ သူလိမ်နေတာ ညာနေတာလား။ သူ့မျက်လုံးတို့က ရိုးသားသယောင်ရှိနေပေမယ့် ကြောင်စီစီလို တစ်မျိုးဖြစ်နေသည်။

"မင်း ဘာပြောနေတာလဲ လွမ်းတသက်၊ ကိုယ်လုံးဝနားမလည်ဘူး"

"ရှင် ညာပြောနေတာလား"

"ဘာကို ညာပြောရမှာလဲ၊ ငါ ဘယ်သူ့ကိုမှ တိုက်ခန်း အလကား မပေးဖူးပါဘူး"

"ဒါတော့ တကယ်ညာတာ ဖြစ်သွားပြီ၊ ဘယ်သူ့ကိုမှ အလကား မပေးဖူးပါဘူး ဆိုတာတော့ မဟုတ်တော့ဘူးလေ၊ ရှင်ပေးခဲ့တယ်"

လေးညို့က မျက်ခုံးကို ကျုံ့ကာ လွမ်းတသက်ကို စိုက်ကြည့်နေသည်။

"ရှင် တေးရေးဆရာ'လင်းထက်ကို'ကို တိုက်ခန်းတစ်ခန်း ပေးခဲ့တယ်"

လေးညို့က မျက်ခုံးမြင့်တက်သွားရကာ...

www.burmeseclassic.com



"အဲဒါ မင်းက ဘယ်လိုလုပ်ပြီး ဘယ်ကသိတာလဲ"

"အဟင်း... ရှင် ဘယ်သူ့မှ မပေးခဲ့ဘူးဆို၊ ဒါဆို ရှင် ညာပြောနေတာ သေချာသွားတာပေါ့"

"ပေးတာ မပေးတာ ငါ့ကိစ္စပါ၊ မင်းက ဒါကို ဘယ်လို သိတာလဲ"

"ကျွန်မက ကိုလင်းထက်ကို ညီမပါ၊ ဒါကို ရှင်တကယ် မသိတာလား၊ မသိသလို ဟန်ဆောင် ထားတာလား ကိုလေးညို့"

လေးညို့က မျက်ခုံးတွန့်လျက်သား မြင့်တက်ကာ လွှမ်းတသက်ကို တအံ့တသြ ကြည့်နေရင်း...

"မင်းက ကိုလင်း ညီမ ဟုတ်လား !"

လွှမ်းတသက်က မဖြေဘဲ ငြိမ်သက်နေလိုက်ပါ သည်။

"ဘာဖြစ်လို့ ကမ္ဘာကြီးက ဒီလောက်ကျဉ်းရတာလဲ၊ ကိုယ် သိတဲ့ လူနှစ်ယောက်က မောင်နှမ ဖြစ်နေတာကိုး"

"ဒါဆို ရှင် ဘာဖြစ်လို့ ကိုကို့ကို တိုက်ခန်းတစ်ခန်း ပေး ရတာလဲ"

"အဲဒါ မင်းနဲ့ မဆိုင်ပါဘူးလေ၊ ဩော်... လက်စသတ် တော့ ကိုလင်းကို ကိုယ်က နေစရာတိုက်ခန်း တစ်ခုပေး တာဟာ မင်းအစ်ကိုမို့လို့ ပေးတယ်လို့ မင်းက ဆိုလိုချင်





နေတာလား၊ ဒါ ကိုယ်တို့ ယောကျ်ားလေးချင်း အပေး အယူကိစ္စပါ လွှမ်းတသက်၊ မင်းနဲ့ မဆိုင်ပါဘူး၊ တကယ် လို့မင်းကို ကိုလင်း ညီမမှန်း သိတယ်ပဲထားဦး ဒါအမှား လား၊ အပြစ်လား"

"ဟုတ်တယ်လေ... အင်မတန် ကြီးမားတဲ့ အမှားအယွင်း ဖြစ်ချက်ကြီးပေါ့"

လေးညို့က လွှမ်းတသက်ကို နာကျင်သော မျက်ဝန်း တို့နှင့် စိုက်ကြည့်နေခဲ့ပါသည်။

၀

www.burmeseclassic.com

## (၁၄)

"နင် နေ့လယ်က ဘယ်ကိုသွားတာလဲ"

ဘတ်စ်ကားမှတ်တိုင်မှာ ရပ်မိမှ ပန်းနုက သတိရသလို လှည့်မေးလိုက်ပါသည်။ လွမ်းတသက်သည် ဒိတ်ခနဲ ရင်ထဲတုန်သွားကာ ပန်းနုအမေးစကားကို မကြားချင်ယောင်ဆောင်ပြီး ဘတ်စ်ကား လာမယ့်ဘက်ကို လည်တိုင်လေးဆန့်၍ ငေးမျှော်နေလိုက်သည်။ သို့ပေမယ့် ရင်ထဲက ဒိတ်ဒိတ် ဒိတ်ဒိတ် ခုန်တိုးနှုန်းက မြန်ဆန်လာကာ လက်ဖျားလေးတွေ အေးပြီး လက်ချောင်းလေးတွေ ကပ်ချင်သလိုပင် ဖြစ်လာသည်။

နေ့လယ်က...။

နေ့လယ်က မြင်ကွင်းကို လွမ်းတသက် လန့်ထိတ်နေဆဲ။ ရင်ခုန်နေဆဲ။ တုန်လှုပ်ချောက်ချားနေဆဲပင်။

"ဟဲ့... ဘယ်သွားတာလဲဆို၊ ငါ နင့်ဆီလာတယ်၊ မစတင်သူဇာက နင် ငါ့ဆီ ထမင်းစားဖို့ သွားနေပြီ ထင်တယ်





တဲ့၊ ဒါပေမဲ့ ဝယ်စရာလေးရှိလို့ တစ်နာရီလောက်နောက်ကျခွင့်ပြုပါလို့လည်း ပြောသွားတယ်တဲ့၊ ငါ နင့်ဆီဖုန်းခေါ်တော့ နင် မကိုင်ဘူး၊ ဘယ်သွားနေတာတုံး"

"........."

"ဟဲ့... မေးနေတာလေ၊ နင် ဘာဖြစ်နေတာလဲဟင်... တသက်၊ မျက်နှာတွေလည်းပျက်လို့၊ ဘယ်လိုကြီး ဖြစ်နေတာလဲ"

"ပန်းနု"

"ဘာလဲ... နင် ဘာဖြစ်နေလဲ"

"ငါ... ငါလေ... နေ့လယ်က လန့်လိုက်တာဟယ်"

"ဘာဖြစ်လို့လဲ... နင် ဘယ်သွားနေတာလဲ"

"ငါ ကိုလေးညို့ဆီ သွားတာ၊ ဆေးရုံကို"

"ဟင်... ဘာသွားလုပ်တာလဲ"

"........."

"နင် ဟိုတစ်နေ့ကပြောတော့ သူ့မန်နေဂျာက ဖုန်းတောင်လေးမပြောဘူးဆို၊ တွေ့ဖို့ဝေးလို့ စကားပြောဖို့တောင် ခွင့်ပြုချက်မရဘူးလို့ နင် စိတ်တိုပြီး ပြောနေသေးတယ်လေ၊ အခု တွေ့ခွင့်ပြုလို့လား"

"သူ တွေ့ခွင့်ပြုစရာ မလိုဘူး၊ သူ့ခွင့်ပြုချက်လည်း ရစရာမလိုဘူး၊ ငါ့ဟာငါ တွေ့ချင်ရင် သွားတွေ့လိုက်တော့မယ်ဆိုပြီး ငါ ဆေးရုံကို သွားလိုက်တာ"

www.burmeseclassic.com



"ဆေးရုံရောက်တော့ သူ နေမကောင်း ဖြစ်နေလား"

"အင်း… သိပ်နေမကောင်းဘူး ထင်တယ်၊ လူကညှဉ်းသိုး သိုးနဲ့ ပိန်ချောင်ပြီး မျက်တွင်းတွေတောင် ကျနေတယ်"

"ဟဲ့… အဲဒါဆိုရင်လေ ငါ့ဆိုင်က ကောင်မလေး ပြောတာ ဟုတ်နေတယ် ထင်တယ်နော်၊ လေးညို့က ဆေးရုံ တက်ပြီး ဆေးဖြတ်နေတယ် ဆိုတာလေ၊ သူ့ပုံစံက အဲလို ပုံရော ပေါက်လား

"အဲလိုပုံပေါက်မပေါက်ကတော့ ငါလည်း ဆေးဖြတ်တယ် ဆိုတဲ့ ဝေဒနာရှင်မျိုး အရင်က မတွေ့ဘူးတော့ သေချာ မသိဘူးလေဟာ၊ ဒါပေမဲ့ … ဒါပေမဲ့ ဟုတ်များနေလား မသိဘူး"

"ဟင်… ဘယ်လိုတွေ့ခဲ့လို့လဲ၊ ကိုလေးညို့ကလည်းကွာ၊ ကောင်းကောင်းမွန်မွန် နေတာမဟုတ်ဘူး၊ ဘာလို့ ဒီလို တွေ လုပ်ရတာလဲ မသိဘူး"

ပန်းနုက လေးတွဲ့တွဲ့ ညည်းတွားလိုက်ပါသည်။ ပန်းနုလို လူတောင် ကိုလေးညို့အပေါ် ခင်မင်ခြင်း သံယောဇဉ် ရှိနေတာပဲ။ လွမ်းတသက်မှာလည်း အဲဒီသံယောဇဉ်မျိုး တင်း တင်းနိုင်နိုင် ရှိမိတယ်ဆိုရင် ရက်စရာမကောင်းဘူး ထင်ပါရဲ့ နော်။

တွေးတွေးငေးငေးနှင့် စိတ်နဲ့လူ မကပ်လိုက်သည် မှာ ကားတစ်စင်း ထိုးရပ်လာတာတောင် ခါတိုင်းလို သွက်သွက်





ရှေ့တိုးပြေးမတက်မိပေ။ ပန်းနုက ဟဲ့…လာ ဟု လက်ကိုဆွဲခေါ် ယူလိုက်မှ ပန်းနုနောက်ကနေ ပန်းနုပခုံးကိုကိုင်ကာ ထက်ကြပ် ပါသွားရပါသည်။ ဘတ်စ်ကားက ထုံးစံအတိုင်း အလုပ်ပြန်ချိန် ကျပ်တောက်လှသည်။ ရှေ့လူ ဘေးလူ နောက်လူတွေဟာ ကိုယ့် ရဲ့ခန္ဓာနှင့် ဖိဖိကျပ်ကျပ် ထိထိစပ်စပ် ဖြစ်နေသည်။

လွမ်းတသက်သည် ရုတ်တရက် နေ့လယ်ကဖြစ်ရပ် ကို ဖြုန်းခနဲ သတိရကာ အသက်ရှူကျပ်၍ တက်လာပါသည်။ သူ့ကို စူးစူးရဲရဲ နာနာကျင်ကျင် အံ့အံ့သြသြ ကြည့်နေတဲ့ မျက် ဝန်းများကို ရဲရဲရင့်ရင့် ပြန်စိုက်ကြည့်နေ'ဘန်ဆောင်ရင်း တကယ် တော့ ရင်ထဲ တုန်ယင်လှိုက်မောဝမ်းနည်းလာကာ ထိုမျက်လုံး များကို ရင်မဆိုင်ဘဲ မျက်လုံးမှိတ်ချလိုက်ချင်တာ။

ရင်ဆိုင်ကြည့်ရင်း ကြည့်ရင်းက လက်ဖျားအေး၍ ရင်ထဲစိမ့်ကာ ဝမ်းနည်းလာပါသည်။ သူ့ကို အဲလိုပြောမိတာ လွန်သွားသလား မှားသွားသလားလို့ ကိုယ့်ဘာသာ အသံတိတ် အထပ်ထပ် မေးခွန်းထုတ်နေမိကာ သူ့လိုလူကို ဘာကြောင့် ငဲ့ညှာသနားရမှာလဲဟု ကိုယ့်ဘာသာ စောဒကတက်မိပါသည်။ သူ့ကို ဘယ်လိုပဲ ဆက်ဆံမိ ဆက်ဆံမိ ဘာကို ထောက်ထား၍ အားနာနေရမှာလဲ။ သူနဲ့ ကိုယ်နဲ့ကြားမှာ ဘာများထောက်ထား ငဲ့ကွက်စရာတွေ ရှိနေလို့လဲ။

"မင်း ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်တောင် မလေးစား နိုင် ဖြစ်နေရတာလဲ၊ မင်းကို ကိုယ် လွန်လွန်ကျူးကျူး ဘာများ မှားယွင်းထားခဲ့ဖူးလို့လဲ လွမ်းတသက်"

www.burmeseclassic.com



သူ့ရဲ့လေသံဟာ ခြောက်ကပ်၍ အက်ကွဲနေသည်။ ကြေကြေကွဲကွဲ ဆွေးဆွေးမြည့်မြည့် ဖြစ်နေသည်။ ဤမေးခွန်းအတွက် လွှမ်းတသက် ရင်ထဲ ဝမ်းနည်းသလိုလို ဖြစ်လာရသည်မှာ မေးသူက ဝမ်းပန်းတနည်း မေးနေသည်ဟု ခံစားရလို့ပင်။ သို့ပေမဲ့ လွှမ်းတသက်က မေးစေ့လေး မသိမသာပင့်ကာ နှုတ်ခမ်းလေးစေ့ အံလေးကြိတ်ပြီး ခပ်တည်တည်ပဲ ငြိမ်သက်စိုက်ကြည့်နေမိစဉ်...

"ဟင်... ပြောလေ၊ မင်း ဘာဖြစ်လို့ ငါ့ကို ဒီလောက်တောင် အဆိုးမြင်နေရတာလဲ"

ရုတ်တရက် အကျယ်ကြီး ထ,အော်ပစ်လိုက်သော လေးညို့ကြောင့် လွှမ်းတသက် တုန်ခနဲ ဖြစ်သွားရပါသည်။ လေးညို့က ပက်လက်လှဲအိပ်နေသော ပုံသဏ္ဌာန်မှ ဝုန်းခနဲထ မတ် ထထိုင်လိုက်ရင်း...

"မင်းကို ငါ ဘာလုပ်လို့လဲ၊ ငါ ဘာမှားလို့လဲ၊ ဘာဖြစ်လို့ ငါ့ကို ဒီလောက် မုန်းတီးနေရတာလဲ၊ မင်းကို ငါ အမြဲတမ်း ရိုးရိုးသားသား ဆက်ဆံခဲ့တယ်၊ ဘာတစ်ခုမှလဲ နစ်နာအောင် မလုပ်ခဲ့ဖူးဘူး၊ ဒါဟာ ကိုလင်းညီမမုန်း ငါ သိလို့ မဟုတ်ဘူး၊ မင်းတစ်ယောက်တည်း သီးသန့်သက်သက်အပေါ် ငါပေးခဲ့တဲ့ ရိုးသားမှုပါ၊ လွှမ်းတသက် ဆိုတဲ့ မိန်းကလေးတစ်ယောက်အပေါ် ထားခဲ့တဲ့ စိတ်ရင်းပါ"

လေးညို့သည် ခါးတစ်ဝက်ထိ ခြုံလွှမ်းထားတဲ့ ဂွမ်းမွေးပွစောင် ခရမ်းရင့်ရောင်ကို ဆတ်ခနဲ လှန်ချလိုက်ကာ





သူ့ရဲ့ညာလက်မှာ ဆက်သွယ်တပ်ဆင်ထားတဲ့ ဒရစ်ပ်ပိုက်မှာ အပ်ကို ဆတ်ခနဲ ဆောင့်ဆွဲဖြုတ်ထုတ်ပစ်လိုက်သည်။ ခုတင်ပေါ်မှ ဝုန်းခနဲဆင်းကာ ခြေချရပ်လိုက်တဲ့အခါ လွှမ်းတသက်သည် အလန့်တကြား နောက်တစ်လှမ်း ဆုတ်လိုက်မိပါသည်။

လေးညို့ရဲ့အသံကျယ်ကြောင့် အခန်းတံခါး ဖျတ်ခနဲ ပွင့်ကာ ကျော်ဆွေက ဖျတ်ခနဲ ခေါင်းပြူဝင်လာသည်။

"ဟေ့ကောင်... အပြင်ထွက်၊ တံခါးပိတ်ထား၊ ဝင်မလာနဲ့"

လေးညို့ ခက်ထန်စွာ လှမ်းအော်လိုက်တဲ့အခါ ကျော်ဆွေသည် ချက်ချင်း ယို့ခနဲ ကိုယ်ကိုဆုတ်ကာ တံခါးကိုပါ နာခံစွာ ချပ်ခနဲ ပိတ်သွားလေသည်။ လေးညို့ရဲ့ ပုံသဏ္ဌာန်ကို ကြည့်ရင်း လွှမ်းတသက် ကြောက်လန့်လာသည်။ ဘယ်တော့ကြည့်ကြည့် ယစ်မူးချစ်ခင်ဖွယ် ဆွဲဆောင်လှတဲ့ ယောကျ်ားတစ်ယောက်ထံမှာ ဤမျှခက်ထန်သော ပေါက်ကွဲမှုမျိုး ရှိလိမ့်မည်တောင်တွေးမထားမိပေ။

"ပြောလေ... ပြောစမ်း"

"ရှင်... ရှင်နော်"

ရှေ့ကို တစ်လှမ်းချင်း တိုးလာတဲ့ လေးညို့ကို မျက်လုံးဝိုင်းကလေးနှင့်ကြည့်ကာ နောက်ထပ် တစ်လှမ်းထပ်ဆုတ်လျှင် ဆုတ်စရာ မကျန်တော့ပေ။ နောက်မှာ ဆိုဖာဆက်တီခံနေသည်။ ဆက်တီနှင့် ဒူးခေါက်ကွေးကပ်နေကာ လွှမ်းတသက်ကိုယ်လေး တဆတ်ဆတ် တုန်ယင်လာဆဲ လေးညို့က သူမရဲ့ ရှေ့ကပ်ကပ်လေးမှာ ခြေစုံရပ်လိုက်ပါသည်။

www.burmeseclassic.com



"မင်းကို ငါ ဘာလုပ်လို့ ငါ့ကို ဒီလောက်တောင် အထင်သေး အမြင်သေး မလေးမစား ဆက်ဆံနေရတာလဲ၊ ဘာလို့ ဒီလောက် အပြစ်မြင်နေရတာလဲ၊ ဘာလို့ ဒီလောက် မုန်းတီးစက်ဆုပ်နေရတာလဲ၊ ဘာလို့ ဒီလောက်စော်ကားနေရတာလဲ လွှမ်းတသက်"

လေးညို့ရဲ့လက်နှစ်ဖက်က လွှမ်းတသက်ရဲ့ပခုံးလေးနှစ်ဖက်ပေါ် ကျရောက်လာကာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပါသည်။

"ရှင်... ရှင်... ရှင်... ကျွန်မကို မကိုင်ပါနဲ့"

"ကိုင်တော့ ဘာဖြစ်လဲ၊ မင်းပဲ မင်းစိတ်ဆန္ဒရှိသလို ရမ်းကားခွင့် ရှိတာလား၊ ငါလည်း စိတ်ထင်သလိုလုပ်မယ်ဆိုရင် လုပ်လို့ရတယ် နားလည်လား၊ အခု မင်း မကျေနပ်တာကဘာလဲ၊ ကိုလင်းအတွက် တိုက်ခန်းတစ်ခန်းပေးတာ ငါ့အပြစ်လား၊ မကောင်းမှု ဒုစရိုက်လား"

"ရှင်... ရှင်က... ဒါပေမဲ့... ရိုးရိုးသားသား ပေး...ပေးတာမှ မဟုတ်တာ၊ ဘာ... ဘာဖြစ်လို့..."

"ငါ ဘာကြောင့်ပေးပေး၊ မင်းအတွက် ဘာများထိခိုက်နစ်နာသွားလို့လဲ ပြောစမ်း"

"ရှင်... ရှင်က... ကျွန်မနဲ့ ကိုကို မောင်နှမဆိုတာ"

"မသိဘူး၊ မင်းနဲ့ ကိုလင်း ပတ်သက်တာ တော်စပ်တာ ငါမသိဘူး၊ သိလို့ပေးတော့ရော အဲဒါ မင်းကို စော်ကားမော်ကား အပြစ်ကျူးလွန်မိတာမို့လို့လား"





"ဟုတ်တယ်"

လွှမ်းတသက်က မျက်ရည်လေး ရစ်ဝိုင်းလာသည်။

"တိုက်ခန်း တစ်ခန်းဆိုတာ အိတ်တစ်လုံးလို ရှောအင့်လို့ ပေးလို့ရတဲ့ ပစ္စည်းလား၊ ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်ကို ရှင်... ရှင်... ကျူးသွင်းချင်တာ မဟုတ်လား၊ ကျွန်မကို အခန်းတစ်ခန်းနဲ့ တန်ဖိုးဖြတ် ပစ်ပေါက်တာ မဟုတ်ဘူးလား"

"ဘာ..."

လေးညို့ရဲ့လက်တို့က ပိုတင်းကျပ်ကာ လွှမ်းတသက်ကို ကိုယ်ကလေး မြောက်ကြွလာမတတ် သူ့မျက်နှာရှေ့တိုးကပ်တဲ့ထိ ဆွဲယူလိုက်ပါသည်။

"ဟား ... ဟား... ဟား"

"... ... ..."

"မင်းက... ငါ မင်းကိုချစ်လို့ ကြိုက်လို့ မက်လုံးပေး မြူဆွယ်ဖြားယောင်းတယ်လို့ ထင်နေတာကိုး... ဟက်... ဟက်"

လွှမ်းတသက်က မျက်နှာလေး နီမြန်းအောင်ရှက်သွားမိကာ...

"ရှင် ကျွန်မကို လွှတ်တော့၊ ကျွန်မကို အနိုင်မကျင့်ပါနဲ့"

"မင်း သိပ်တော့ မဆိုးဘူး၊ မင်း ဉာဏ်ပြေးသားပဲ လွှမ်းတသက်၊ ဟုတ်တယ်၊ မင်းကို ငါ ကြိုက်တယ် ချစ်တယ်၊

www.burmeseclassic.com



မင်းထင်သလိုပဲ ဖြစ်နေတယ်၊ ဘာဖြစ်လို့ အဲသလို ဖြစ်သွားသလဲ ငါလည်း မစဉ်းစားတတ်တော့ဘူး၊ ငါ့အထေါ် တစ်ကလေးမှ အကောင်းမြင် မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ ငါ ချစ်မိတာလဲ စဉ်းစားမရဘူး။ ငါ့ကိုယ်ငါလည်း ချစ်မိတယ်လို့ ခုထိမယုံနိုင်ဘူး၊ ဒါပေမဲ့ ငါ ဝန်မခံလည်း ချစ်နေတာကတော့ ချစ်နေတာပဲ၊ ငါ ညာလို့မရဘူး လွမ်းတသက်"

လွမ်းတသက်သည် ပြည့်လျှံနေသော မျက်ရည်တို့ကို ပါးပေါ်ပြုတ်ကျမလာအောင် မျက်တောင် ပုတ်ခတ် ပုတ်ခတ် သိမ်းရင်း ရင်ထဲ ဟိုးအတွင်းပိုင်း နက်ရှိုင်းရှိုင်းမှ ဝမ်းပန်းတနည်း ခံစားလိုက်ရပါသည်။

"ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို အဆောင်အယောင်တွေနဲ့ ပစ်ပေါက်သိမ်းသွင်းရလောက်အောင်ထိတော့ ငါ ငပေါ မဟုတ်ဘူး လွမ်းတသက်၊ မင်း နားလည်လား။ ငွေနဲ့ပေါက်ပြီးရမယ့် မိန်းမတစ်ယောက်ကိုရော ငါက လိုချင်လိမ့်မယ် ထင်လို့လား၊ အဲသလိုသာ လိုချင်ခဲ့ရင် ခုဆို ငါ့နားမှာ မိန်းမတွေ ဝိုင်းနေရောပေါ့၊ အများကြီး ရပြီးရောပေါ့"

"ကျွန်… ကျွန်မကို လွှတ်ပါ၊ ကျွန်မပခုံး အရမ်းနာနေပြီ"

လေးညို့က သူ့လက်ကို ဝုန်းခနဲ ဆောင့်လွှတ်ဖြုတ်လိုက်၍ လွမ်းတသက် ယိုင်ကာ နောက်က ဆိုဖာပေါ်ထိုင်





ရက်လေး ကျသွားရပါသည်။ လေးညို့က သူ့ဆံပင်များထဲ လက်ချောင်းဆယ်ချောင်းလုံး ထိုးသွင်း၍ သူ့ခေါင်းကို သူဆုပ်ညှစ်အုပ်ကိုင်ထားရင်း…

"ပြီးတော့… ပိုင်ရှင်ရှိတဲ့ သူကိုလည်း ငါဘယ်တော့မှ ဖွတ်ရှေ့တိုး မကြိုးစားဘူး လွမ်းတသက်၊ လုယူခံရတဲ့ ခံစားချက်ကို ငါ ကောင်းကောင်းနားလည်တယ်၊ မင်းသိထားဖို့က ငါက မင်းထင်သလောက် ရမ်းကားယုတ်မာ မနေပါဘူးကွာ၊ ငါ အဲသလိုလူ မဟုတ်ပါဘူး"

လေးညို့အသံက ငိုသံပါလာကာ သူ့ပါးပြင်ပေါ်သို့လည်း မျက်ရည်စတချို့ တစ်မဟုတ်ချင်း စီးလိမ့်ကျလာသည်။ နောက်ကိုလှည့်ကာ ခုတင်ဆီ ယိုင်နဲ့နဲ့လျှောက်သွားပြီး ခုတင်ပေါ် ဖြည်းညင်းစွာတက်၍ လဲလျောင်းလိုက်ချိန်၌ လွမ်းတသက်က အခန်းထဲမှ အပြေးတစ်ပိုင်း ဟပ်ထိုးလဲမတတ် ကမူးရှူးထိုးထွက်ခွာလာခဲ့ပါသည်။

ပခုံးတွေနာကာ လည်ပင်းတွေပါ ဆို့အစ်အသက်ရှူကျပ်လျက် ရင်တွေပေါက်ထွက်မတတ်ခုန်ကာ အပြေးပြန်လာခဲ့ရတာကို ပြန်တွေးရင်း အခုပင် အသက်ရှူကျပ်နေဆဲလို မောဟိုက်လာပါသည်။

"တသက်… တသက်"

လက်မောင်းကိုကိုင်၍ လှုပ်ကာ လှုပ်ကာ ခေါ်လိုက်တာကြောင့် လွမ်းတသက်က အလန့်တကြား မျက်လုံးဖွင့်ကြည့်

www.burmeseclassic.com



လိုက်ပါသည်။ သူ ဘတ်စ်ကားပေါ်မှာပဲ။ ခုပဲ ဆေးရုံခန်းထဲက အလန့်တကြား အမောတကော ထွက်ပြေးလာခဲ့သလို လူကမော ဟိုက် အသက်ရှူမှားနေသည်။

"နင် ဘာဖြစ်နေတာလဲ... မူးလို့လား"

"ဟင့်အင်း... ဟင့်အင်း"

"နင် မျက်စိကြီးမှိတ်ပြီး နဖူးမှာလည်း ချွေးသီးချွေးပေါက် တွေနဲ့၊ ဘာဖြစ်နေတာလဲ၊ ရှေ့မှတ်တိုင်ရပ်ရင် ဆင်းရ တော့မှာ"

"အင်း... အင်း... ဆင်းရအောင်"

ဘတ်စ်ကားရပ်လျှင် လွှမ်းတသက်နှင့် ပန်းနု လူအုပ်စုနှင့်အတူ ရောနှောတိုးဝှေ့ ဆင်းခဲ့ပါသည်။

"တသက်... နင်နေ့လယ်က ဆေးရုံမှာ ဘာဖြစ်ခဲ့လဲ"

"........."

"နင် တစ်ခုခု ဖြစ်ခဲ့တယ် မဟုတ်လား၊ ငါ့ကိုပြောလေ၊ တစ်ခုခုဆို နင်တစ်ယောက်တည်းကျိတ်ပြီး ခံစားမနေနဲ့ လေ"

လွှမ်းတသက်သည် ဝမ်းနည်းသလိုလို နောင်တ ရသလိုလိုလေး ဖြစ်မိကာ အသံတိမ်တိမ်နှင့်...

"သူ... သူလေ... ငါပြောလိုက်လို့ သူ သိပ်စိတ်ထိခိုက် သွားတယ် ထင်တယ် ပန်းနု၊ သူ... သူ နေမှကောင်းရဲ့ လား မသိဘူး"





သူတို့နှစ်ယောက်သား တိုက်လှေကားကို တက်လာ ခဲ့ကြပါသည်။ ရှေ့မှ တက်နေသော ပန်းနုက လှည့်ကြည့် လှည့် ကြည့်နှင့် စိတ်မသက်သာသလို...

"နင် ဘာတွေများ ဘယ်လောက်တောင် ပြောလိုက်လို့လဲ တသက်ရယ်၊ နင်ဟာလေ ကိုလေးညို့ကိုဆိုရင် သိပ်ပြော ထွက် ပြောရက်တာပဲ၊ နင်အထင်လွဲနေသလို မဟုတ်ပါ ဘူးဆိုတာလည်း ဟိုတလောက နင့်ကိုကို ရှင်းပြပြီးပြီပဲ၊ နင်က သူ့ကို အမြဲ လိုအပ်တာထက် ပိုအပြစ်မြင် ပိုမုန်း သလိုပဲ၊ သူ့ကိုကြည့်ရတာ လူဆိုးတစ်ယောက် မဟုတ်ပါ ဘူး တသက်ရာ၊ အဓိပ္ပာယ်မရှိ နင် မုန်းနေတာပဲ...

သူ့ကိုကြည့်ရတာတော့ နင့်ကို စိတ်ဝင်စားသလို ချစ်သလိုပဲလို့ ငါ ထင်မိတယ်၊ သနားပါတယ်ဟယ်"

"တီး... တောင်"

ပန်းနုက စကားပြောရင်း အခန်းတံခါးဝ ရောက်ပြီ မို့ တံခါးဝကဘဲလ်ကို နှိပ်လိုက်ပါသည်။ အထဲက တံခါးဖွင့်ပေး သူမှာ ကိုကို ဖြစ်ပြီး ကိုကို့နောက်မှာ ရပ်နေသူကိုမြင်လျှင် လွှမ်း တသက်သည် ပခုံးလေးကျုံ့အောင် တုန်လှုပ်သွားပါသည်။

နောက်မှာရပ်နေတဲ့ ကိုနေစိုးရဲ့ မျက်နှာဟာ တင်း ထန်လျက် လက်နှစ်ဖက်ကို ခါးပေါ်ထောက်ထားသည်။

"ညီမလေး... လာစမ်း... လာစမ်း... ဘာတွေလုပ်ခဲ့လဲ ပြောစမ်း"

www.burmeseclassic.com



ကိုကို့မျက်နှာကလည်း စိတ်ရှုပ်ထွေးသလို ဖြစ်နေသည်။ ပန်းနုရောင် လွှမ်းတသက်ပါ အိမ်ထဲဝင်မသွားဖြစ်ပဲ ဧည့်ခန်းမှာပဲ ထိုင်လိုက်ကြရပါသည်။ လွှမ်းတသက် မျက်နှာလေးက ဆီးရှက်လောက် ငယ်နေသည်။

"နင် ဘာသွားလုပ်တာလဲ ညီမလေး... နေ့လယ်က"

"………"

"ရအောင်မေး ကိုလင်း... သေချာမေး၊ ဘာတွေ ဘယ်လောက် လာပြောသွားတယ်ဆိုတာ၊ ဟိုကောင် ကျော်ဆွေကိုလည်း အခန်းပြင်ထုတ်ထားတာ ဟိုကောင်လည်း ဘာမှ မယ်မယ်ရရ မသိဘူး"

ကိုကို့မျက်နှာ စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေတာကိုကြည့်ရင်း သူ ဘယ်လောက်ထိအောင် အထိများ မှားသွားခဲ့ပြီလဲဆိုတာ ဇဝေဇဝါ တွေးနေမိသည်။

"ခင်ဗျား ဖုန်းဆက်တော့ ကျွန်တော် သေသေချာချာ ရှင်းပြခဲ့တယ်လေ လွှမ်းတသက်၊ သူ ခင်ဗျားနဲ့ စကားပြောဖို့ အဆင်မပြေသေးပါဘူးဆိုတာ ကောင်းကောင်းရှင်းပြခဲ့တာပဲ"

"ဒါပေမဲ့... ဒါပေမဲ့... ရှင်က သူ ဆေးရုံမှာ သက်သက်အနားယူနေတာဆိုလို့ အနားယူနေတဲ့သူတစ်ယောက်ဟာ ဧည့်သည်မတွေ့နိုင်လောက်အောင်တော့ မဖြစ်လောက်ဘူးထင်... ..."





"လွှမ်းတသက်"

ကိုကိုက စိတ်မရှည်သလို စကားကိုဖြတ်၍ ခပ်ဆတ်ဆတ် ဟန့်လိုက်သည်။

"ညည်းနဲ့ လေးညို့နဲ့ ကားတိုးမိမလို ဖြစ်တာတွေကစပြီး အဆက်အစပ် အဖြစ်အပျက် အကြောင်းရာတွေ အခုနေစိုး ပြောပြမှ အားလုံး ငါသိရတယ်၊ အိမ်ပြောင်းတဲ့နေ့က ညည်းမေးတာတွေ ပြောတဲ့စကားတွေနဲ့ ပြန်ဆက်စပ်စဉ်းစားကြည့်တော့ ညည်း လေးညို့နဲ့ပတ်သက်ပြီး အထင်မှား အမြင်မှား အမှားအယွင်းတွေနဲ့ အာဃာတတွေရှိနေတယ်လို့ သဘောပေါက်လာတယ်...

ဘယ်လိုပဲ ဖြစ်ဖြစ်လေ ငါ ထောင်ထဲဝင်ရတဲ့ ကိစ္စကလည်း လေးညို့အပြစ် မပါဘူး၊ သူနဲ့လည်း ဘာမှမပတ်သက်၊ သူ့ကြောင့်လည်း မဟုတ်ဘူးဆိုတာ ငါရှင်းပြပြီးပြီပဲ၊ အခု ညီမလေး စိတ်ထဲမှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေ အဖုအထစ် ဖြစ်နေလဲ၊ အခု ဘာတွေ ဖြစ်နေတာလဲ နားကိုမလည်ဘူး"

"………"

"ခင်ဗျားနဲ့ လေးညို့ ပတ်သက်သလောက်ကို ကျွန်တော် အကုန်လုံးနီးပါး သိတယ်လို့ ကျွန်တော် ယူဆပါတယ်၊ သို့မဟုတ် ကျွန်တော် မသိပဲများ တခြားပြဿနာတစ်ခုခု ဖြစ်ထားတာမျိုး မကျေလည်နိုင်တာမျိုး ဘာများရှိနေသလဲ

www.burmeseclassic.com



ဗျာ၊ ခင်ဗျားနဲ့ လေးညို့ကြားမှာ တခြားဘာကိစ္စတွေများ ရှိနေသေးလဲ”

“………”

“ညီမလေး… မေးနေတာ ဖြေစမ်းပါ”

“ဟင့်အင်း”

“ဘာဟင့်အင်းလဲ”

“တခြား ဘာမှမရှိပါဘူး”

“ဒါဖြင့် ညည်း ဒီနေ့ လေးညို့ဆေးရုံကို ဘာအတွက်သွားတာလဲ”

လွမ်းတသက်သည် ပါးပြင်နှစ်ဖက်လုံး ရဲရဲလွှင်အောင် အကြီးအကျယ် ရှက်နီးသွားမိပါသည်။ ဘာအတွက်သွားမိခဲ့တာလဲ။ တကယ်တော့ ကိုကို့ကို လွမ်းတသက်အစ်ကိုမှန်းသိသည်နှင့် နေစရာ တိုက်တစ်ခန်းလုံးပေးကာ မျက်နှာလုပ်တယ်၊ နေဂုဏ်မောက်ပြတယ်လို့ လွမ်းတသက် ထင်မြင်မခံချင်ခဲ့တာ ဖြစ်သည်။

အဲသလို အထင်ဟာ မမှန်လောက်ဘူး ဆိုတာကို နေ့လယ်က ဆေးရုံကနေ သိခဲ့ပြီးပြီ။ လေးညို့စကားတွေမှာ လုံးဝလိမ်ညာမှုသား မပါဘူးလို့ ဘယ်လိုပဲတွေးတွေး ယုံကြည်မိနေသည်။ ကိုယ့်ထင်တစ်လုံး ကိုယ့်သံသယ ကိုယ့်စွပ်စွဲစကားဟာ ဖွင့်ပြောဖို့ရာတောင် ရှက်ဖွယ်လိလိ ဖြစ်နေပြီဖြစ်လေရာ လွမ်းတသက်သည် ရင်ထဲလိပ်ကာလိပ်ကာ ရှက်ဝမ်းနည်းရင်း ပါးစပ်ကြီးပိတ် ခပ်မဆိတ်သာ ငြိမ်နေရပါသည်။





ပါးစပ်ပိတ်မနေလို့ ဘယ်လိုများ ပြောရပါ့မလဲ။

“ဘာအတွက် သူ့ကို သွားတွေ့တာလဲ မေးနေတယ် ညီမလေး”

“ခင်ဗျား သူ့အပေါ် အငြိုးထားစရာ ဘာတွေများရှိနေလို့လဲဗျာ”

“အဲ… အဲသလို မဟုတ်ပါဘူး”

လွမ်းတသက် နှုတ်မှ မပွင့်တပွင့် အသံလေး ဖျစ်ညှစ်ထွက်ပေါ်လာကာ စိတ်ကျဉ်းကျဉ်းကျပ်ကျပ်နှင့် မျက်ရည်တွေ လည်ဝိုင်းလာသည်။

“လေးညို့ဖုန်းကိုရော ဘာပြောစရာရှိလို့ ဆက်တာလဲ ညီမလေး”

လွမ်းတသက်သည် ရှက်စိတ်နှင့်သာ လည်ပင်းလေး လိမ် မျက်နှာတစ်ဖက် လွှဲထားမိသည်။ ဖြေရလည်း ခက်လှ၍ အဖြေမရှိ။

“ခင်ဗျား သူ့ကို သတင်းမေးချင်လို့ သို့မဟုတ် ပါစင်နယ်သဘော စကားပြောချင်လို့ သက်သက်ဖုန်းဆက်လိုက်တာလား”

“အို… အဲသလိုလည်း မဟုတ်ပါဘူး”

“ကျွတ်… ညီမလေး… ငါ တော်တော်စိတ်မရှည်တော့ဘူး၊ ကဲ… ကဲ… ထားတော့ ဒါတွေ၊ ဒီနေ့လယ် ဆေးရုံရောက်တော့ လေးညို့ကို ညည်း ဘာတွေပြောခဲ့သလဲ”

“………”

www.burmeseclassic.com



"လွှမ်းတသက်… ငါ အံ့သြလိုက်တာ၊ ညည်းမှာ အဲသလို ဖွင့်မပြောဘဲ လျှို့ဝှက်နေရလောက်စရာ ဘာတွေများရှိနေလို့လဲ… ဟင်"

ကိုကိုက တအံ့တသြ မေးသည်။ လွှမ်းတသက်က ရှက်ရှက်နှင့် ခေါင်းကလေးကို မြန်မြန်သွက်သွက် ယမ်းခါလိုက်ရင်း…

"မရှိပါဘူး ကိုကို၊ နေ့… နေ့လယ်ကလည်း ဒီတိုက်ခန်းကို ဒီလိုကြီး ပစ္စလက္ခတ်ပေးလိုက်တာကို နားမလည်နိုင် လက်မခံနိုင်လို့ ညီမလေး သူ့ကို သွားမေးတာမျိုးပါ"

"အဲဒါ ညည်းနဲ့ ဘာဆိုင်လဲ"

ကိုကို့အသံကြီးက ဟိန်းခနဲ။ လွှမ်းတသက်ကို ကိုင်ပင်ဆောင့်ချင်သလို စိတ်မရှည်နိုင်ပုံ ဖြစ်လာသည်။

"ငါနဲ့ လေးညို့ကြားမှာ ဖြေရှင်းရမယ့်ကိစ္စ၊ ငါတို့အလုပ်ကိစ္စ၊ ညည်းနဲ့ ဘာဆိုင်လဲ၊ ညည်းက လေးညို့နဲ့ဘယ်လို ပတ်သက်လို့ ဒီအိမ်ကိစ္စကို ဝင်တွေးပူနေရတာလဲ၊ ညီမ တစ်ယောက်အနေနဲ့ အစ်ကိုနေတဲ့အိမ် ငြိမ်ငြိမ်သက်သက် အေးအေးဆေးဆေး လိုက်နေရုံပဲ မဟုတ်လား"

နေစိုးက မှုပျက်နေသော လွှမ်းတသက် မျက်နှာကို စိုက်ကြည့်ကာ ဘာမှန်း သူအတိအကျ မသိတဲ့ တစ်စုံတစ်ရာ လွှမ်းတသက်မှာ ရှိနေတယ်ဟု ရိပ်မိခံစား ယူဆမိပါသည်။ လွှမ်းတသက်ဟာ ကိုလင်းထက်ကိုရဲ့ညီမဆိုတာ နေစိုး ဒီကနေ့မှ သိရပါသည်။ ကျော်ဆွေ ပြန်ပြောပြလို့ သိလိုက်ရတာဖြစ်သည်။





"သူတို့ပြောနေတာတွေ ကျွန်တော် အကုန်လုံးတော့ မကြားဘူး အစ်ကို၊ ဒါပေမဲ့ ကိုလေးညို့ အော်ပြောလိုက်တာ တချို့တလေတော့ ကြားတယ်၊ မလွှမ်းတသက်က ကိုလင်း ညီမဆိုတာ သူ မသိဘူးလို့ ကိုလေးညို့က ပြောတယ်"

ကိုလင်း ညီမဆိုတာ သိခြင်း မသိခြင်းကို လေးညို့ ဘာကြောင့် ဖြေရှင်း ပြောပြရသည်ဆိုတာ စဉ်းစားကြည့်လျှင် တခြားစဉ်းစားမရ။ အိမ်ကိစ္စ။ ဒီအိမ်ခန်းကိစ္စသာ။ ဒီတိုက်ခန်းကို ပေးလိုက်ခြင်းနှင့် ပတ်သက်၍ သူဟာ ကိုလင်းညီမဆိုတာ လေးညို့ သိသည်ဟု လွှမ်းတသက်က ယူဆခဲ့တာပင်။ ဒါကြောင့် လေးညို့က သူ မသိခဲ့ကြောင်း ပြောရတာသာ။

ကိုလင်းကို အပေးအယူ အလုပ်သဘောညှိနှိုင်းချက်နှင့် ဒီတိုက်ခန်း နေခွင့်ပြုလိုက်တာကို လွှမ်းတသက်က သူ့ကြောင့် ပေးသည်ဟု ယူဆခဲ့ပြီး ဒါကို သံသယဖြစ်တာ။ လွှမ်းတသက်ရဲ့ တစ်ဖက်သတ်အတွေးကို နေစိုး ရိပ်မိသလို ရှိလာပါသည်။

"ခင်ဗျား ရှင်းအောင် ပြောပြဦးမယ်၊ ကိုလင်း အထဲမဝင်ခင်ကတည်းက ကိုလင်းဆီက သီချင်းအသစ်တချို့ လေးညို့က ယူထားတယ်၊ ကိုလင်း အထဲမှာရှိတုန်း အဲဒီထဲက သီချင်းခုနစ်ပုဒ် လေးညို့ စီးရီးအသစ်တွေမှာ ထည့်သုံးဖြစ်ခဲ့တယ်၊ အဲဒီသီချင်းတွေအတွက် တေးရေးခ ဉာဏ်ပူဇော်ခတွေ ကိုလင်းကို ပေးဖို့ရှိတယ်…

www.burmeseclassic.com



အခု ကိုလင်း ပြန်ထွက်လာတော့ ကိုလင်းကို ချစ်ခင်ရင်းစွဲစိတ်နဲ့ အကူအညီလည်း ပေးချင်တဲ့သဘောနဲ့ နောက်အသစ်ထုတ်ဖို့ သီချင်းဆီးရီး တစ်ခုလုံးစာ ကိုလင်းကို သီချင်းအပ်တယ်၊ ဒါတွေအားလုံးအတွက် ငွေမချေတော့ဘဲ ဒီတိုက်ခန်းနဲ့ ချေဖို့ နှိမ်ဖို့ သဘောတူထားတယ် လွမ်းတသက်၊ ဒီတိုက်ခန်းကလည်း ဟိုးတလောက ဆုံးသွားတဲ့ ရဲယံ ဆိုတဲ့ အဆိုတော်လေးရဲ့ မိဘတွေက ရဲယံ့ ငွေအရစ်နဲ့ သွင်းလက်စ ဒီတိုက်ခန်းနှစ်ခန်းတွဲကို ဆက်မသွင်းချင်တော့ဘူးဆိုလို့ ကူညီတဲ့သဘောနဲ့ သူ လက်လွှဲယူပြီး ကျန်တဲ့ငွေ ဆက်ချေပြီး သူ့တိုက်ခန်း ဖြစ်လာတာ…

လေးညို့က သူ ချစ်ရင်ခင်ရင် အဆင်ပြေအောင် ကြားဝင်ကူညီနေကျဆိုတော့ သူနဲ့ရင်းနှီးသူတိုင်း သိကြပါတယ်၊ သူ ကိုလင်းကိုလည်း ကူညီချင်တာမို့လို့ ဒီတိုက်ခန်းကို တေးရေးခတွေနဲ့ ကြိုနှိမ်တာပါ၊ အလကားနေရင်း ပစ္စလက္ခတ်ပေးတာလည်း မဟုတ်ဘူး၊ ခင်ဗျား အထင်မမှားရင် ကောင်းမယ် လွမ်းတသက်"

လွမ်းတသက်သည် နေစိုးစကားတွေ နားထောင်ရင်း ရှက်ခြင်း ဝမ်းနည်းခြင်းနှင့်ယှဉ်သော နောင်တစိတ်ကလေး ရင်ထဲ ပြည့်သိပ်ကျပ်လာခဲ့ပါသည်။ ထို့နောက် တိုးတိတ်သောအသံကလေးနှင့် ပြောမိသည်။





*"အဲဒါဆို ကျွန်မ အထင်လွဲမိတာကို သူ့ကို တောင်းပန်ပေ့*
မယ် ကိုနေစိုး"

နေစိုးက လွမ်းတသက်ကို ကြိတ်မနိုင်ခဲမရ မဲ့ပြုံး တစ်ချက်နှင့် ကြည့်ရင်း…

"ဘယ်ကိုလိုက်တောင်းပန်မလဲ၊ အခု လေးညို့ ဆေးရုံကနေ ဘယ်ထွက်သွားမှန်း မသိဘူးဗျ၊ လေးညို့ ပျောက်နေတယ်"

လွမ်းတသက်ရဲ့ ခြေဖျားလက်ဖျားတွေ အေးစက်တောင့်ကာ လည်ချောင်းဝ၌ မီးစမျိုလိုက်ရသလို ပူလောင်နှင့် ကျပ်သွားခဲ့ရပါသည်။

○

www.burmeseclassic.com

(၁၅)

လွမ်းတသက်သည် ဆိုင်ခန်းရဲ့ရှေ့က ဖြတ်လျှောက်ပြီး ရုတ်တရက် ကွယ်သွားသော လူရိပ်တစ်ခုကိုမြင်လျှင် အိတ်တစ်လုံးကို ဈေးဝယ်သူထံ ပြနေရာမှ လည်ပင်းလေးရှည်ဆန့်ကာ မျှော်ကြည့်လိုက်ပါသည်။

သူ… သူ…။ ကိုလေးညို့ မဟုတ်လား။

ဟုတ်တယ်။ ခန္ဓာကိုယ်မှာ တိတိချပ်ချပ်ရှိတဲ့ ဖစ်တင်ဝတ်စုံမျိုးသာ ဝတ်လေ့ရှိတဲ့ သူ့ပုံစံက အများထက် တစ်ဘာသာ ထူးခြားမြဲ။ အခုလည်း ရှပ်အင်္ကျီ ရေညှိစိမ်းရောင်လက်ရှည်နှင့် အညိုဖျော့ဖျော့ ဘောင်းဘီရှည်နှင့်။

"ဇင်ဇင်… ခဏလေး ဒီကို"

မလှမ်းမကမ်းက ဇင်ဇင့်ကို ကမန်းကတန်း လှမ်းခေါ်လိုက်ကာ လွမ်းတသက်က ကောင်တာနောက်မှ အပြေးကလေး ကွေ့ထွက်လာသည်။ ဆိုင်အဝင်ဝဘက် တလှစ်လှစ်ပြေးသွားတဲ့ လွမ်းတသက်ကို တအံ့တဩ ကြည့်ရင်း…





"ဟဲ့… လွမ်းတသက်"

တင်သူဇာက လှမ်းခေါ်လိုက်တာကိုပင် လွမ်းတသက် မကြားနိုင်ပါ။ ဆိုင်အဝင်ဝရောက်လျှင် သူ ဖြတ်သန်းကွယ်ပျောက်သွားတဲ့ဘက်ကို ချာခနဲ လှမ်းကြည့်လိုက်ပါသည်။ ဆိုင်ရဲ့ထောင့်ချိုး အကွယ်တစ်နေရာမှာ ဖုန်းပြောနေတဲ့သူ။

"ကိုလေးညို့"

ခပ်တိုးတိုး ရေရွတ်လိုက်မိကာ လွမ်းတသက်က သွက်လက်သော ခြေလှမ်းလေးများနှင့် ကျောပေးထားသော သူ့ရှေ့ထိသွားကာ ဖျတ်ခနဲ မော့ကြည့်လိုက်မိပါသည်။ ကိုလေးညို့။ ဟင့်အင်း… ကိုလေးညို့မှ မဟုတ်ဘဲ။ ထိုသူက ဖုန်းပြောရင်း လွမ်းတသက်ကို အူကြောင်ကြောင် ကြည့်သည်။ လွမ်းတသက်က ဘာမှမပြောဘဲ ချာခနဲ တချိုးတည်း လှည့်ထွက်လာကာ ချက်ချင်းပဲ ဝမ်းနည်းစိတ်က ရင်ထဲ အိခနဲ လှိမ့်တက်လာလေသည်။

ပါးစပ်ကို တင်းတင်းကြိုးစေ့ကာ ငိုချင်စိတ်ကို အောင့်ထိန်းထားရသော မျက်နှာမဲ့မဲ့နှင့် ဝင်လာသည့် လွမ်းတသက်ကို မမတင်သူဇာက တအံ့တဩ အကဲခတ်ကာ…

"လွမ်းတသက်… လာဦး၊ ဘာဖြစ်နေလဲ ညီမ"

လွမ်းတသက်က မမတင်သူဇာကို မဆန့်ကျင်ရဲ၍ မမတင်သူဇာ့ကောင်တာ စားပွဲနားရပ်ကာ ခေါင်းကိုသာ ယမ်းပြလိုက်ပါသည်။

www.burmeseclassic.com



"နင် ဘာဖြစ်နေတာလဲ၊ တစ်ခုခု ဖြစ်နေတယ်လေ၊ ငါ သတိထားမိတာ နှစ်ရက် သုံးရက်ရှိပြီ၊ ပြောစမ်း ငါ့ညီမ၊ ခုနဲ ဘယ်သူ့နောက် ပြေးလိုက်တာလဲ"

"မဟုတ်ပါဘူး မမ"

"ဟုတ်ပါတယ်၊ နင် တစ်ယောက်ယောက်တွေ့လို့ အပြေးလိုက်တာလေ၊ ဘယ်သူလဲ၊ မတွေ့ခဲ့ဘူးလား"

"လူ... လူမှားလို့ပါ"

"ဘယ်သူနဲ့ လူမှားတာလဲ"

လွမ်းတသက်ရဲ့ မျက်ရည်စိုပိုင်းကာ နီမြန်းလာသော မျက်ဝန်းများကို တင်သူဇာက အံ့အားသင့်စွာ...

"ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်တာလဲ လွမ်းတသက်ရယ်"

"........."

"ဘယ်သူထင်လို့ လိုက်တာလဲ"

"ကို... ကိုလေးညို ထင်လို့"

နှုတ်မှ အလိုလို လွှတ်ခနဲ ထွက်သွားမိပါသည်။ တင်သူဇာက လွမ်းတသက်ကို တစ်ခဏ အကဲခတ် ငြိမ်သက်စွာ ကြည့်နေပြီးမှ...

"ကိုလေးညိုနဲ့ ဘာပြဿနာရှိလို့လဲ၊ နင် ဘာတွေတအား စိတ်ဆင်းရဲနေလဲ ညီမရယ်၊ နင် သိသိသာသာ ရုပ်ပျက် ဆင်းပျက် ဖြစ်နေတာ၊ ငါတင်မကဘူး သူများတွေပါ သတိထားမိနေတာ၊ တစ်ခုခု အခက်အခဲရှိရင် ပြောပြလေ၊ ငါတို့လည်း ဝိုင်းစဉ်းစား အကြံပေးနိုင်တာပေါ့ဟယ်"





အလုပ်နဲ့လက် ပြတ်နေရင် ကြည့်မရတတ်သော မမတင်သူဇာပင်လျှင် လွမ်းတသက်ရဲ့ ဝယ်သူကို ပြနေရင်းက ထွက်ပြေးသွားတဲ့ထိ ဖြစ်ရတဲ့ အပြုအမူကို ဆူပူဖို့ မစဉ်းစားနိုင် သလို စိတ်ပူပန်နေပုံသာ မျက်နှာမှာ ထင်ဟပ်နေသည်။

"မျက်တွင်းတွေကိုချောင်လို့၊ ပါးနှစ်ဖက်လည်း မရှိတော့ဘူး၊ ဟိုက်ဝင်နေပြီ၊ ပေါကလည်း ကြိုးဆွဲလို့ လိုက်လှုပ်နေရတဲ့ ကမ္ဘာ့ဒွန်းရုပ်လို ဖြစ်နေပြီ၊ နင် တစ်ခုခုကို အရမ်း စိတ်ထိခိုက် ဒိဏ်ဆင်းရဲနေတာ ငါ သိတယ်၊ ရိပ်မိတယ်၊ ကိုလေးညို နင့်ကို ဘာလုပ်လဲ"

လွမ်းတသက်က ခေါင်းကို ခပ်မြန်မြန် ခါယမ်းလိုက်သည်။ သူ မလုပ်ပါဘူး ကိုယ်ကသာ လုပ်တာပါ။ ရုပ်ပျက်ဆင်းပျက် ဖြစ်နေမှာပေါ့။ စိုးရိမ်ပူပန်ခြင်းနှင့် နောင်တဟာ ရင်ဝမှာ မီးညွှန့်မီးလျှံတွေလို တောက်လောင်နေတာ။ ဖေဖေဆုံးတုန်းက ကိုကိုထောင်ကျတုန်းက ဝမ်းနည်းပူဆွေးမှုသာ ရှိခဲ့ရပြီး ခုလောက်ထိ နောင်တနှင့် တမြည့်မြည့် နာကျင်ရတာမျိုး မရှိခဲ့ပါ။ အကောင်တစ်ကောင်ဟာ နှလုံးသားကို တစစ်စစ်ကိုက်ဖြတ်နေသလို တရိရိ တမြည့်မြည့် မခံမရပ်နိုင်အောင် ခံရချက်က ဝင်ပန်းဆင်းရဲလှသည်။

တစ်ချိန်လုံး ငိုချင်နေသည်။ အိပ်လို့လည်းမပျော်ပါ။ စားလို့လည်း မကောင်းပါ။ သူ ဘယ်နေရာကိုရောက်ပြီး ဘယ်လိုအဖြစ်မျိုး ကြုံတွေ့နေသလဲ သိခွင့်မရ ပူပန်လှချိန်မှာ

www.burmeseclassic.com



အမိုးအကာ လုံလုံအောက် အိပ်နေရတာ၊ အချိန်မှန်မှန် ထမင်းစားနေရတာကိုပင် အပြစ်ရှိသလို ခံစားရသည်။ သူ ဘယ်လောက်အထိ ကိုယ့်ကြောင့် အခြေအနေဆိုးသွားပြီလဲ။

"ကိုလေးညို့ကို ကြိုက်တာက ကြိုက်တာ၊ သဘောကျတာက ကျတာပဲ၊ ဒါပေမဲ့ နင့်ကို တစ်ခုခုနာကျင်အောင် လုပ်သွားရင်တော့ ငါနည်းနည်းမှ ခွင့်လွှတ်မယ် မထင်နဲ့၊ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပိုးစိုးပက်စက်ကို ပြောပစ်ဦးမယ်၊ နင်က ဘာပဲဖြစ်ဖြစ် ငါ့ဆီကဝန်ထမ်း၊ ငါ့စောင့်ရှောက်မှုအောက်မှာ ရှိတယ်၊ နင့်ကို စော်ကားရင် ငါ့ကိုပါ စော်ကားသလို သဘောသက်ရောက်တယ်၊ ငါဖြေရှင်းပေးမယ်၊ ဖြေရှင်းမရနိုင်တဲ့ကိစ္စဆိုရင် သူ့ကို တစ်ခုခုတော့ ထပ်တူခံစားရအောင် လုပ်မယ်၊ ဘာလုပ်သွားလဲသာ ပြော"

"သူ ဘာမှမလုပ်ပါဘူး မမရယ်"

"ဘာမှ မလုပ်ဘဲ နင် ဒီလိုဖြစ်နေပါ့မလား"

လေးညို့ ဆေးရုံမှ ထွက်ပြေးပြီး ဘယ်ရောက်နေမှန်းမသိ ပျောက်နေသည် ဆိုတာဟာ အထူးလျှို့ဝှက်ထားရမည့်ကိစ္စဟု ကိုနေစိုးက သတိပေးထားသည်။ ဘယ်သူ့ကိုမှ ပြောဆိုပေါက်ကြားခွင့်မရှိ။ ထို့ကြောင့် မမတင်သူဇာကိုလည်း အဖြစ်မှန်ပြောမပြနိုင်ပါ။





"အစကတည်းကတော့ သူနဲ့ပတ်သက်တဲ့ မကောင်းသတင်းတွေ ကြားဖူးသားပဲ၊ မိန်းကလေးတွေကို တွဲလိုက် ဖြတ်လိုက် လုပ်ပွေဆိုတာ။ သူနဲ့ တွေ့ဖူးတော့လည်း သူ့ပုံစံသူ့အပြောအဆို ကြည့်ပြီး မဟုတ်လောက်ပါဘူးလေ၊ ကောလာဟလတွေ နေမှာပါလို့ ပြန်ဖြေတွေးမိတယ်၊ အခု အဲဒါတွေက တကယ် ဟုတ်နေပြီပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး မမ၊ သူက အဲသလိုလူစား မဟုတ်ပါဘူး"

"သူလို့ ထင်တဲ့သူကို ရိပ်ခနဲ တွေ့လိုက်တာနဲ့ နင်အပြေးလိုက်တယ်ဆိုတော့ သူ နင့်ကို အတွေ့မခံတော့လို့ပေါ့၊ ဟုတ်လား လွှမ်းတသက်၊ နင့်ကို ငါ ခဏခဏမေးဖူးပါတယ်၊ နင်နဲ့ ကိုလေးညို့က ဘာလဲ၊ ရိုးမှ ရိုးရဲ့လားပေါ့၊ နင် တစ်ချိန်လုံး ငြင်းခဲ့တယ်၊ ခုတော့ နင့်ကို သူအသည်းခွဲသွားပြီ မဟုတ်လား"

"မဟုတ်ပါဘူး မမရယ်၊ သူ ဘာမှ မလုပ်ပါဘူး၊ သူ လူကောင်းပါ"

လွှမ်းတသက်ရဲ့ အသံလေးဟာ ရှိုက်သံထွက်နေပါသည်။

"ဒါဖြင့် နင် ဘာဖြစ်လို့ ဝမ်းနည်းထိခိုက်နေရတာလဲ"

"သူ့ကို တသက်က ဒုက္ခပေးလိုက်မိတာပါ၊ သူက တသက်အပေါ် ဘာမှမကောင်းတာ မလုပ်ပါဘူး၊ တသက်ကသာ... တသက်ကသာ..."

www.burmeseclassic.com



"တကယ်လားဟယ်၊ ဒါဆိုလည်း နင်က ဘာဖြစ်လို့ သူ့ကို ဒီလိုလုပ်ရတာလဲ၊ နင့်ကြည့်ရတာ ဟုတ်ပါတယ်၊ ကိုလေးညို့အပေါ် ဂျစ်ကန်ကန် ပေကတ်ကတ်နဲ့ရယ်၊ သူက ကောင်းနေလည်း နင်က ဘာကြောင့် ဆိုးရတာတုံး"

ဟုတ်ပါတယ်။ တသက်က ဆိုးတာ။ အထင်မှား အမြင်မှား အထင်လွဲ အမြင်လွဲ စွပ်စွပ်စွဲစွဲနှင့် သူ့ဟာသူနေတဲ့ သူတစ်ယောက်အပေါ် တစ်ဖက်သတ် မှားယွင်းခဲ့မိပါသည်။

တကယ်တော့ လွမ်းတသက်ရဲ့ တိတ်တခိုး နှစ်လိုမှု စွဲလမ်းမှု သဘောကျမှု လေးစားမှုတို့ကို လွမ်းတသက် အရွယ်ရောက်စကတည်းကနေ သူကိုယ်တိုင်မသိဘဲ တောက်လျှောက် သူ ပိုင်ဆိုင်ခွင့် ရနေခဲ့တာပါ။ ကိုကိုထောင်ကျခဲ့ရခြင်းဟာ သူ့ကြောင့်လို့ အထင်မှားမိချိန်ကစပြီး လွမ်းတသက် ရင်ထဲ အခဲမကျေ စူးနစ်နေခဲ့တဲ့ ဆူးတစ်ချောင်းက ရှိရင်းစွဲ တိတ်တခိုး ခံစားချက်တို့ကို ဖျက်ဆီးခြေမွခဲ့ပါသည်။ အဲဒီနောက်တော့ သူမက စပျစ်သီးချဉ်သူတစ်ယောက် ဖြစ်ခဲ့ရတာမျိုးပင်။

○

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထား ပါတယ်ရှင်"

လွမ်းတသက်က ဖုန်းကို အားလျော့စွာ နံဘေးသို့ ချထားလိုက်ပါသည်။ သူ ဆေးရုံကနေ ပျောက်သွားတဲ့နေ့ည





နောက်တစ်ရက်တို့မှာ ကိုနေစိုးရော လွမ်းတသက်တို့ ကိုကိုတို့ပါ လေးညို့ဖုန်းကို ဆက်သွယ်ခဲ့ကြပါသေးသည်။ အဲဒီတုန်းကတော့ ဖုန်းစက်ပိတ်ထားတာ မဟုတ်။ ဖုန်းမကိုင်ခဲ့တာ။ အင်း... အခု လောက်ရှိတော့ ဘက်ထရီအားကုန်လောက်ပြီပေါ့။ သူ့မှာ ဘက်ထရီချာ့ဂျင်သွင်းဖို့ အားသွင်းကြိုးမျိုးလည်း ဘယ်ပါသွားပါမလဲ။

"သူ ခေါင်းအုံးနားမှာရှိတဲ့ သူ့ဝေါလက်လေးရယ်၊ စားပွဲပေါ်က သူ့ဖုန်းရယ်ကို ယူသွားတယ်၊ ဖုန်းနဲ့ ပိုက်ဆံပါအောင် ယူသွားတယ်ဆိုတော့ သူ သတိလက်လွတ် ထွက်သွားတာမျိုးတော့ မဟုတ်လောက်ဘူးဗျာ၊ လိုမယ်ထင်တာလေးယူပြီး ထွက်သွားတာ...

အဝေးပြေးကားဂိတ်တွေရယ်၊ ပြည်တွင်းလေကြောင်းလိုင်းတွေရယ်တော့ ခရီးသည်စာရင်းကို ရနိုင်သလောက် စုံစမ်းကြည့်ထားသလောက်တော့ ခရီးသွားလိမ့်မယ် ယူဆစရာ မရှိဘူး၊ ကားစင်းလုံးငှားသွားတာ ဆိုရင်တော့လည်း မသိနိုင်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော် ထင်ပါတယ်၊ လေးညို့ ဘယ်မှမသွားပါဘူး၊ ရန်ကုန်မြို့ထဲမှာပဲ ရှိမှာပါ၊ ဟိုတယ် တည်းခိုခန်းတွေလည်း လိုက်စုံစမ်းကြည့်နေပါတယ်၊ ခက်တာက ကျွန်တော်တို့ လူအင်အားသုံးပြီး ကျယ်ကျယ်ပြန့်ပြန့် လိုက်မရှာရဲဘူးဗျ၊ လူများများ အသိမခံရဲဘူး...

www.burmeseclassic.com



သူ့ပရိုဂျူဆာ မမော်တို့ လင်မယားရယ်၊ ကျွန်တော်ရယ် သူ့တပည့်လေး နှစ်ယောက်ရယ်ပဲ ဒီလောက်နဲ့ပဲ သတင်းမပြန့်အောင် အပြင်မထွက်အောင် ထိန်းပြီးရှာနေရတာ"

ညဦးပိုင်း ကိုနေစိုးက အိမ်တိုင်ရာရောက် လာပြောပြသွားတာပါ။

"ကိုယ့်ကိုလည်း လိုအပ်တာခိုင်းပါ ညီလေးရာ၊ ကိုယ်လည်း ကိုယ့်ကြောင့် လူသိမှာစိုးလို့ ဘာမှမလုပ်ဘဲ ငြိမ်နေရတယ်၊ ဘာလုပ်ရမယ် ဆိုတာမျိုး ပြောရင်တော့ ဘာမဆို ကိုယ်ကူညီ လုပ်ပေးနိုင်ပါတယ်၊ သတင်းကို လာပြောပြတာလည်း ကျေးဇူးတင်ပါတယ်ကွာ၊ ကိုယ်လည်း စိတ်ပူပြီး နေထိုင်မရလို့ ညနေက ဖုန်းဆက်လိုက်တာပါ၊ လိုတာရှိရင် ဖုန်းပဲလှမ်းဆက်လိုက်ပါ၊ တကူးတက အိမ်လာပြောပြတာ အားနာလို့"

ကိုကိုက အဲသလို ပြောတဲ့အခါ ကိုနေစိုးက လွှမ်းတသက်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပါသည်။

"တမင် လာချင်လို့လည်း လာလိုက်တာပါ ကိုလင်း၊ လွှမ်းတသက်ကိုလည်း ပြောချင်တာရှိလို့ပါ"

ကိုကိုက အံ့သြသွားပုံ ရပါသည်။

"ခင်ဗျားဆီများ ဖုန်းဆက်မလား ဆက်သွယ်မလားလို့ ကျွန်တော် ထင်နေလို့ပါ လွှမ်းတသက်"





"သူ့ဆီကို !! "

"ဟုတ်ကဲ့ ကိုလင်း၊ သူ့ကိုများ ဆက်သွယ်မလားလို့လေ"

ကျွန်မလည်း အဲသလိုလေး မရဲမဝံ့ မျှော်လင့်နေမိတာပါပဲ ကိုနေစိုးရယ်လို့ စိတ်ထဲက ပြန်ပြောနေမိပါသည်။ ကိုကို့ရှေ့သာ မဟုတ်ရင်တော့ အပြင်ထုတ်ပြီး ပြောမိမည်။ ခုတော့ ကိုကို့ရှေ့မို့ မပြောဝံ့။ ပန်းနု အကြိမ်ကြိမ် ပြောဖူးခဲ့သလို "ကိုလေးညို့က နင့်ကို စိတ်ဝင်စားနေတယ်၊ ကြွေနေတယ်ထင်တယ်" ဆိုတာမျိုး ကိုယ်တိုင်လည်း မယုံမရဲ မဝံ့မရဲ ယူဆခဲ့မိတာမျိုးရှိတာပဲလေ။

မဖြစ်နိုင်ဘူးလို့လည်း တွေးမိပြန်တာကြောင့် သူဟာ လွှမ်းတသက်ကို တမင်တကာ ထိကပါး ရိကပါး ဆော့ကစားချင်တယ်လို့ ယူဆကာ တစ်ဖက်သတ် စိတ်တွေတိုခဲ့ရဖူးတာလေ။ ခုတော့ လွှမ်းတသက် ထင်မြင်ယူဆနေသမျှတွေဟာ အလွဲတွေသာ ဖြစ်ဖြစ်နေခဲ့တာ များလာတဲ့အခါ သူ ကိုယ့်ကို တကယ်ပဲ တိတ်တဆိတ် စိတ်ဝင်စားခဲ့ပါသလားလို့ ပြောင်းလဲတွေးမိလာပြန်သည်။

အဲသလို တွေးမိခိုက် နှလုံးသားထဲ နွေးမြကျင်ရှတဆတ်ဆတ် လှုပ်ရှားခဲ့ရတာဟာ ဘယ်သူမှသိဖို့ မလိုဘူးထင်ပါရဲ့။ ပန်းနုကို ပြောပြဖို့တောင် ရှက်စရာကောင်းတယ် ထင်မိသည်။ သို့ပေမဲ့ ခုတလော ညှိုးချုံးနွမ်းလျ ဘယ်လိုမှ မရွှင်ပျနိုင်တဲ့ လွှမ်းတသက်ရဲ့ အနေအထားကို အနီးကပ် မြင်ခွင့်ရနေတဲ့ ပန်းနုက ရိပ်တော့ ရိပ်မိနိုင်ကောင်းသည်။

www.burmeseclassic.com



"နင် သိပ်ကြီးလည်း မပူလောင်ပါနဲ့ဟာ၊ ဘာမှ မဖြစ်လောက်ပါဘူး သိလား၊ တစ်နေ့ ပြန်လာမှာပါ ရှာတွေ့မှာပါ"

နေ့စဉ် ပန်းနုက နှစ်သိမ့်စကား ဆိုပါသည်။ လွမ်းတသက် ပခုံးလေးကိုလည်း ထွေးဖက်၍ လှုပ်ယမ်းနှစ်သိမ့်တတ်ပါသည်။ နှစ်သိမ့်မှုပေးရမယ့် အခြေအနေဆိုတာတော့ အနည်းဆုံး ရိပ်မိလောက်နေပြီ။

"တကယ်လို့များ လွမ်းတသက်ကို သူ ဆက်သွယ်လာခဲ့တယ်ဆိုရင်ပေါ့၊ စိုးရိမ်ပူပန်နေတာမျိုး ဘယ်မှာလဲ ဘာလဲ ညာလဲ ပျာပျာသလဲ အလောတကြီး ဘာမှမမေးမြန်းပဲ ဘာမှ မဖြစ်သလို ပုံမှန်ပဲ စကားပြောပေးပါ၊ ရီးရီးအာလာပသလ္လာပ ပြောသလို ပြောရင်းနဲ့ သူ့ကို တစ်နေရာရာကို တွေ့ဖို့ချိန်းလိုက်တာမျိုး လုပ်ပေးပါ၊ အကြောင်းကိစ္စလေး တစ်ခုခုပြပြီး သူ့ကိုတွေ့ဖို့ တောင်းဆိုပေးပါ၊ ပြီးတော့ အဲဒီကို တကယ်သွားတွေ့ပြီး သူ့ကို ပြန်ခေါ်တာမျိုး လုပ်ရမယ်"

"ဟုတ်ကဲ့... စိတ်ချပါ၊ တသက် အဲသလို လုပ်ပါ့မယ်"

လွမ်းတသက်က နာနာခံခံလေး ခေါင်းညိတ်ခဲ့ပါသည်။ အခုဆို သုံးရက်ရှိပြီ။ သူ ဘယ်မှာ ဖုန်းဆက်လာလို့လဲ။ ကိုယ်က ဆက်ပြန်တော့လည်း သူ့ဖုန်းက စက်ပိတ်ထားလျက်။





လွမ်းတသက်က ခေါင်းအုံးပေါ် မျက်နှာအပ်လျက် မှောက်ရက်လေး အိပ်ချလိုက်ရင်း မျက်ဝန်းမှ မျက်ရည်ပူလေးများ စိုစွတ်စိမ့်ထွက်လာသည်။ ခေါင်းအုံးမှာ မျက်နှာကိုအပ်ထားတော့ မျက်ရည်သုတ်ဖို့ မလိုဘူးပေါ့။ မျက်ရည်သုတ်ဖို့ မလိုတော့ ငိုနေမှန်း နံဘေးက ပန်းနုလည်း မသိနိုင်ဘူးပေါ့။

"တသက်"

"........"

"နင် ငိုနေတာလား"

လွမ်းတသက်က မျက်နှာလေးကို ပိုကျုပ်အောင် ဖွက်ရင်း...

"ဟင့်အင်း... ငါက ဘာလို့ငိုရမှာလဲ"

"မငိုပါနဲ့ တသက်ရာ၊ နင် ဒီလိုဖြစ်နေတော့လေ ငါ အံ့လည်းသြ နင့်ကိုလည်း အရမ်းသနားတာပဲ၊ ငါလည်း ဝမ်းနည်းလာတယ်"

"မငိုပါဘူးဆိုမှ ဘာဖြစ်လို့ ငိုတယ်ပဲ ပြောနေမှန်းမသိဘူး"

"နင် ရှိုက်နေတယ်လေ၊ နင့်ကျောက တုန်နေတယ်လေဟာ"

ပန်းနုက ငိုသံပါနှင့် ပြောလိုက်တဲ့အခါ လွမ်းတသက်သည် ဆက်လက် ဟန်ဆောင်လိုစိတ် ကုန်ခန်းလျက် မထိန်းမချုပ်တော့ဘဲ တသိမ့်သိမ့် ငိုရှိုက်ပစ်လိုက်ပါသည်။

www.burmeseclassic.com



"တသက်ရယ်"

ပန်းနုက လွမ်းတသက်နံဘေး လာအိပ်ရင်း လွမ်းတသက်ကို ဖက်ထားလိုက်ပါသည်။

"သူ့… သူ့မှာ စိတ်ဒဏ်ရာတွေ စိတ်ပင်ပန်းမှုတွေနဲ့ စိတ်ကျရောဂါဆန်ဆန် ဖြစ်ချင်နေတယ်လို့ ငါ ဘယ်သိပါ့မလဲ။ ဒီအတောအတွင်းမှာ ငါ သူ့ကို စိတ်မညစ်ညစ်အောင် စိတ်မဆင်းရဲ ဆင်းရဲအောင်လည်း လျှောက်ပြောမိခဲ့သေးတယ်"

"ဟင်… နင် ဘာတွေ ပြောခဲ့သေးတာလဲ"

"သူတို့အခွေ ပရိုမိုးရှင်း လက်မှတ်ထိုးတဲ့နေ့က ငါတို့ အဲဒီရှော့ပင်စင်တာကို ရောက်တယ်လေ၊ နင် မြို့မပြန်ခင်ရက် ဈေးဝယ်ထွက်တာလေ၊ အဲဒီနေ့ကတည်းက သူ နေမကောင်း စဖြစ်နေတာလို့ ကိုနေစိုး ပြောတယ်၊ အဲဒီနေ့ရဲ့ နောက်တစ်ရက်ကလည်း သူ ညဘက် ငါ့ဆီဖုန်းဆက်သေးတယ်၊ ကိုမိုးနဲ့ ငါ့ကို တွဲတွေ့လို့ သူမေးတာ၊ အဲလို ပိုင်စိုးပိုင်နင်း လာမေးတော့ ငါကလည်း ရွဲ့ပြီး ငါ့ရည်းစားလို့ ပြောလိုက်တယ်"

"ဟော်တော်… နင်ကလည်း…"

"သူ အရမ်းဒေါသထွက်ပြီး ဖုန်းချသွားတယ်၊ သူ့ရဲ့စိတ်ကို ထိခိုက်အောင် အနှောင့်အယှက်ဖြစ်အောင် စိတ်ဆင်းရဲ





အောင် ဖြစ်စေခဲ့တာတွေထဲမှာ ငါ့ကြောင့် ဖြစ်ရတာတွေ အများကြီးပါတယ်"

"အေးပါဟယ်၊ နင် နောက်ကို မလုပ်နဲ့တော့ပေါ့ဟာနော်၊ ဒါပေမဲ့ သူ့မှာ နဂိုတည်းက သူ့အဖေ အမေနဲ့ပတ်သက်ပြီး ရခဲ့တဲ့ စိတ်ဒဏ်ရာတွေ ရှိခဲ့တာလို့ ကိုနေစိုး ပြောတာပဲ မဟုတ်လား၊ အစစ အရာရာကတော့ နင့်ကြောင့်ချည်း မဟုတ်ပါဘူး တသက်ရယ်၊ နင့်ကိုယ်နင် စိတ်ဒုက္ခပေးပြီး မတွေးပါနဲ့"

.၀

www.burmeseclassic.com

(၁၆)

ဒီနေ့ စာသင်ချိန်ဟာ သိပ်ကြီး အသက်မပါ။ စ,ရောက်ကတည်းက အိမ်ရှင်မရဲ့ အသံစာစာကို မကြားရတာကိုက ထူးခြားနေပြီ။ ကလေးနှစ်ယောက်လုံးလည်းပဲ ခါတိုင်းလို ရွှင်ရွှင်ပျပျမရှိ။ လွမ်းတသက်လည်းပဲ စိတ်ပါလက်ပါမရှိ။ တစ်စုံတစ်ရာ မေးမြန်းစပ်စုချင်သော်လည်း ကလေးတွေကို မေးရမှာ တစ်မျိုးကြီးဖြစ်နေ၍ မေးမထွက်ဘဲ သူတို့အရိပ်အကဲသာကြည့်၍ စာသင်နေရပါသည်။

ဒီအိမ်မှာ စာစသင်တာ နှစ်ပေါက်လာပြီ ဖြစ်သော်လည်း လူကြီးတွေနှင့် လွမ်းတသက် မရင်းနှီးပေ။ အိမ်ရှင်မ ဒေါ်လင်းဝါဝါနှင့်ပင် လိုအပ်သလောက်သာ စကားပြောဖြစ်ပြီး ကိုယ်ရေးကိုယ်တာ အာလာပသလ္လာပ ပြောတဲ့အဆင့်ထိတော့ မရင်းနှီးပေ။ ဒီအိမ်ကို စာသင်ဖို့ ရောက်လာရတာ မမတင်သူဇာ ရဲ့မိတ်ဆွေ အဆက်အစပ်နှင့်ပါ။





မမတင်သူဇာ မိတ်ဆွေလင်မယားရဲ့ ဘိုကျောင်းတက်သော ကလေးငယ်ကို မြန်မာစာသင်ပေးဖူးရာကနေ ကလေးအဖေက ကိုလေးညို့ဒက်ဒီနှင့် သိကျွမ်းတာမို့ စကားစပ်ဖြစ်တယ်ထင်ပါသည်။ လေးညို့ရဲ့ဒက်ဒီက လွမ်းတသက်ကို သူ့ကလေးနှစ်ယောက် မြန်မာစာသင်ပေးနိုင်မလားဟု ကမ်းလှမ်းခေါ်ယူခဲ့တာဖြစ်သည်။ အဲဒီတုန်းက စကားပြောဖူးတာကလွဲ၍ နောက်ပိုင်းမှာ လေးညို့ရဲ့ဒက်ဒီကို တော်ရုံနှင့်လည်း မတွေ့မဆုံဖြစ်တော့သလို စကားပြောစရာရှိလည်း ဒေါ်လင်းဝါဝါနှင့်သာ ပြီးစီးနိုင်တာမို့ အပြောအဆို အဆက်အဆံ မရှိလှတော့ပါ။

ဘိုဘိုက လွမ်းတသက် ပေးထားသည့် သဒ္ဒါလေ့ကျင့်ခန်း ကွက်လပ်ဖြည့် မေးခွန်းကို ခဲတံနှင့် ဖြေနေရာမှ မီမီ့ Pencil case ထဲက ခဲဖျက်လှမ်းနှိုက်လိုက်ပါသည်။ မီမီက သူ ခဲဖျက်ယူခါနီး အရင်ဦးအောင် လှမ်းယူမိသွားတဲ့ ဘိုဘို့လက်ထဲက ခဲဖျက်ကို ဖျတ်ခနဲ ပြန်လုလိုက်သည်။

ဘိုဘိုကလည်း လွှတ်မပေးဘဲ ပြန်လုရင်းက နှစ်ယောက်သား ခဲဖျက်တစ်တုံးကို အပြန်အလှန် လုနေကြလေသည်။

"မီမီ"

"………"

"ဘိုဘို အရင်ယူလိုက်တာလေ၊ ခဏလေးစောင့်လိုက်ပါလား… ပလိစ်"

"အဲဒါ မီမီ့ဟာ"

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘိုဘိုဖျက်တာ ဘယ်လောက်ကြာမှာမို့လဲ သမီး၊ လိမ္မာတယ်နော်၊ မလုနဲ့တော့"

မိမိက နှုတ်ခမ်းရဲရဲလေးကို စူထော်ထားကာ ခဲဖျက်ကိုတော့ လွှတ်ပေးလိုက်ပါသည်။

"ဒါတွေ မိမိ မဖြေတတ်တော့ဘူး"

"မဖြေတတ်တဲ့ဟာကို တီချယ် ပြောပြမှာပေါ့ သမီး၊ သမီး သိတာကိုပဲ စဉ်းစားပြီး ဖြေလေ"

"အများကြီးပဲ မသိဘူး၊ အကုန်လုံးပဲ"

ဘိုဘိုက ခဲဖျက်ကို မြန်မြန်သုံးကာ မိမိ့ထံ ပြန်ပေးလိုက်ရင်း...

"မိမိ ခုနက မာမီဆူတာ ခံထားရလို့ စိတ်ကောက်နေတာ တီချယ်"

"ဟုတ်လား... ဘာဖြစ်လို့ မာမီက ဆူတာလဲ"

"ဒက်ဒီ နေမကောင်းနေတာကို သူ ဆူညံပြီး ပြေးလွှားနေလို့လေ၊ အဲဒါနဲ့ မာမီက အော်ဆူရော"

"ဟုတ်လား၊ ဒက်ဒီ နေမကောင်းဘူးလား၊ ဒါဆို အခု အိမ်မှာရှိတာပေါ့"

"ရှိတယ် တီချယ်၊ ဒက်ဒီ သွေးအများကြီး တိုးနေတယ်၊ အရင်ကတည်းက ဟိုက်ပါတဲန်းရှင်း ရှိတာ၊ အခုတော့ ပိုဆိုးနေတာ တီချယ်"

"အခု ဘာဖြစ်လို့လဲဟင်"





လွှမ်းတသက်က အလောတကြီး မဟုတ်ဘဲ အေးအေးဆေးဆေး မေးလိုက်ပါသည်။ ဘိုဘိုနှင့် မိမိက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကာ ပြောလို့ရမရ ဖြစ်မဖြစ် တိုင်ပင်သလို အကြည့်ချင်းဆုံနေကြပါသည်။ ဘိုဘိုက ခဲတံဖင်ဖက်ကို နှုတ်ခမ်းဝမှာထောက်ရင်း ပခုံးတစ်ချက် တွန့်လိုက်စဉ် မိမိက မနေနိုင်တော့သလို ခုံကို လွှမ်းတသက်ဘက် အနည်းငယ်တိုးရွှေ့ထိုင်လိုက်ရင်းက...

"တီချယ်... တီချယ်က လေးညို့သီချင်းတွေ ကြိုက်တယ်မဟုတ်လား၊ မိမိတို့အစ်ကို လေးညို့လေ"

"အင်း... ကြိုက်တယ်"

"သူလေ... အခု ပျောက်နေတယ်"

"အာ... ပျောက်နေတယ်ဆို တီချယ် ဘယ်နားလည်မလဲ ငမိရဲ့၊ သူ့ကို နေမကောင်းလို့ ဆေးရုံတင်ထားတာ တီချယ်၊ အဲဒါ ဟိုတစ်နေ့က သူ ဆေးရုံကနေ ဘယ်ကို ထွက်သွားမှန်း မသိဘူး၊ သူ့ကိုစောင့်နေတဲ့လူကို နာ့စ်တစ်ယောက် သွားခေါ်ဖို့ သူက လွှတ်လိုက်ပြီး အဲဒီအချိန်မှာ သူက ထွက်သွားတာတဲ့ တီချယ်"

လွှမ်းတသက်သည် ဘိုဘို ပြောပြနေတာကို နားထောင်ရင်း ရင်ထဲ တဒုတ်ဒုတ် ခုန်လာသည်။ သိပြီးသားအကြောင်းအရာပေမယ့် ကလေးတွေရဲ့ အရေးတကြီး စိုးရိမ်တကြီး အမူအရာလေးတွေနှင့် ပြောပြနေပုံကြောင့် ရင်ထဲ လှုပ်ရှားရသည်။

www.burmeseclassic.com



"အဲဒီနေ့က ဆေးရုံကို မိန်းမချော်သည်တစ်ယောက် လာတယ်လို့ မာမီကို ဒက်ဒီ ပြောပြနေတာ ကြားတယ်၊ အဲဒီမိန်းမနောက်ကို လိုက်သွားတာလား မသိဘူး တီချယ်"

"အို... မဖြစ်နိုင်ပါဘူး မီမီရယ်"

"သူက ရည်းစားများတယ်လို့ မာမီက ပြောတယ်"

"မီမီရယ် သူက နာမည်သိပ်ကြီးပြီး အရမ်းအောင်မြင်တဲ့ အဆိုတော်တစ်ယောက် မဟုတ်လား၊ ကောင်မလေးတွေက သူ့ကို သည်းသည်းလှုပ် အရမ်းကြိုက်ကြတာလေ၊ မိတ်ဆက်ကြ ဖုန်းဆက်ကြ၊ အတင်းလိုက်ကြတာမျိုးလည်း ရှိတယ်၊ သူကလည်း နာမည်ကျော်ဆိုတော့ မာနကြီးသလို ကြီး ရိုင်းရိုင်းပျပျ ငြင်းလို့လည်း မရနိုင်ဘူးလေ၊ ရံဖန်ရံခါလည်း သူ ခဏတဖြုတ် တွဲမိတာမျိုး ရှိရင်ရှိမှာပေါ့၊ မိန်းကလေးတွေအပေါ် မရက်စက်ရင် အကြောမကြွရင် ပြီးတာပါပဲ"

"အကြောကြွတယ်ဆိုတာ ဘာလဲ တီချယ်"

"အဲဒါက မကြင်နာတတ် မညှာတာတတ် အသည်းခွဲတာမျိုးကိုပြောတာ၊ အဲလိုမလုပ်ရင် ပြီးတာပဲ၊ ကောင်မလေးတွေကတော့ အနည်းအကျဉ်း ရှိမှာပေါ့"

"အင်းလေ... ဒီလောက်တော့ ရှိမှာပေါ့၊ သူက လေးညို့ပဲဟာလို့၊ ဘိုဘိုက မာမီ့ကို ပြောရတယ်၊ အထူးအဆန်း မဟုတ်ပါဘူး"





"ဆေးရုံက ထွက်ပြေးသွားပြီး ပျောက်နေတယ် ဆိုတော့ သူ ရူးသွားလား မသိဘူး"

"မီမီ... You better watch your mouth"

မီမီ့စကားကို ဘိုဘိုက စိတ်တိုသလို ဟန့်လိုက်ပါသည်။ မီမီက အစ်ကို့ကို အရေးမစိုက်လှဘဲ...

"မာမီ ပြောတယ်၊ သူက ရူးမှာတဲ့၊ တစ်ခါလည်း ရူးသလို ဖြစ်ဖူးတယ်တဲ့"

"ရူးတာ မဟုတ်ပါဘူးဟာ၊ နင် အဲလို မပြောရဘူးလေ၊ သူက ငါတို့ အစ်ကိုပဲ"

"အစ်ကိုတော့ အစ်ကိုပေမယ့် မာမီ ပြောပြလို့ သိတာကို မီက ပြောတာလေ"

"မာမီက နင့်ကို အလွယ်ပြောလိုက်တာ နေမှာပေါ့၊ ကိုလေးညို့က Major depressive disorder ဆိုတဲ့ရောဂါလက္ခဏာ ဖြစ်တာပါ၊ စိတ်ကို အရမ်းထိခိုက် ခံစားရလို့ အရမ်းစိတ်ညစ် စိတ်ဓာတ်ကျသွားလို့ ဒီဝေဒနာကို ခံနိုင်ရည်မရှိဘဲ အခိုက်အတန့် ဖြစ်ရတာမျိုးပါ၊ နောက်ပိုင်း သူ လူကောင်းမို့လို့ သီချင်းတွေဆို အောင်မြင်၊ နာမည်ကျော် ဖြစ်တာပေါ့ ငမီမရဲ့"

လွမ်းတသက်က ဘိုဘို့စကားကို မျက်လုံးဝိုင်းနှင့်သာ ငေးမောနားထောင်နေမိပါသည်။

www.burmeseclassic.com



"ခုတစ်ခါလည်း အဲသလောက် မဟုတ်ပေမယ့် သူ့ စိတ်ဓာတ်ကျတာတွေ စိတ်ကိုထိခိုက်စေတာတွေ ရှိခဲ့လို့ သူ့စိတ်ဓာတ်ခွန်အားက ခံနိုင်ရည်မရှိလို့ depression ဖြစ်နေတာလို့ ဒက်ဒီက ပြောတယ် တီချယ်၊ ဒက်ဒီလည်း ကိုလေးညို့ ပျောက်နေတယ်၊ ဘယ်ထွက်သွားမှန်း မသိဘူးဆိုကတည်းက သွေးတွေတအားတိုးပြီး အိပ်ရာထဲလဲတာ၊ ဒါတွေ ဘယ်သူ့ကိုမှ မပြောရဘူးလို့ မှာထားတာ၊ တီချယ်က ကိုလေးညို့ရဲ့ fan စစ်စစ်မို့ ဘိုဘိုက သိအောင်ပြောပြတာပါ၊ တီချယ် ဒါကို လျှို့ဝှက်ထားပေးနော်"

"လျှို့ဝှက်ထားမှာပါ ဘိုဘိုရယ်၊ သူ့အတွက် မကောင်းကျိုးဖြစ်စေမှာမျိုး တီချယ် ဘယ်တော့မှ မလုပ်ပါဘူး၊ ကတိပေးပါတယ်"

လွမ်းတသက်သည် ကိုယ်ပြောချင်နေတာကို ကလေးထံမှာ အကြောင်းတိုက်ဆိုင်တုန်း ကတိကဝတ် ပြုနေမိပါသည်။ နောင် ဘယ်သောအခါမှ ရှင့်ကို ထိခိုက်နာကျင်စေမယ့် အလုပ်မျိုး မလုပ်တော့ပါဘူး၊ နောင်တ ရပါတယ်၊ ရှင့်အပေါ် အထင်မလွဲဘဲ နားလည်မှုနဲ့ အမြဲကောင်းမွန်စွာ ဆက်ဆံသွားပါမယ်လို့ ကတိပေးပါတယ် သစ္စာဆိုပါတယ်။ ဤသစ္စာစကား မှန်ကန်ခဲ့ရင် သူ့ကို အမြန်ဆုံး ပြန်ရှာတွေ့ရပါစေ ဘုရား။





လွမ်းတသက်က စိတ်ထဲမှလည်း တိတ်တခိုးဆုတောင်းနေပါသည်။

"ဟိုတစ်နေ့က ကိုလေးညို့ရဲ့ သူငယ်ချင်းလည်းဟုတ် မန်နေဂျာလည်းဟုတ်တဲ့သူ ဒက်ဒီ ခေါ်တွေ့လို့ လာတွေ့တယ်၊ အခြေအနေတွေကို ရှင်းပြသွားပါတယ်၊ ခုနောက်ပိုင်း ၄–၅–၆ လအတွင်း မိန်းကလေးတစ်ယောက်ကို ကားနဲ့တိုးမိမလို ဖြစ်တဲ့ကိစ္စကစပြီး တချို့မီဒီယာတွေက သတင်းမှားတွေ ထည့်ကြတယ်တဲ့၊ facebook ကနေလည်း တိုက်ခိုက်ဆဲဆိုခံရတယ်တဲ့၊ အဲဒီကတည်းက စိတ်အနှောင့်အယှက်တွေက စ,ရတာလို့ပြောတယ်…

နောက်မကြာခင် သူနဲ့တွဲတဲ့ ရက်ပါ အဆိုတော်တစ်ယောက် ဆေးလွန်ပြီး ဆုံးသွားတယ်တဲ့၊ အဲဒါကိုလည်း သူ တော်တော်စိတ်ထိခိုက်တဲ့အပြင် အဲဒီကိစ္စနဲ့ပတ်သက်ပြီး facebook မှာ ရေးသားကြတာတွေထဲမှာ သူက မဆီမဆိုင် ထိုးနှက်ခံရတယ်တဲ့၊ ဘိုဘို အဲဒါတွေ ဖတ်ရတယ် တီချယ်၊ အဲဒီ ရက်ပါ ရဲယံ ဆိုတာနဲ့အတူ ဆေးစွဲနေသလို ကိုလေးညို့ကိုပါ ရေးတာ၊ ရေးတာတောင်မှ ရဲယံတို့က လူငယ်၊ လေးညို့က လူလတ်ပိုင်း ဝင်နေရက်နဲ့ လူငယ်တွေနဲ့ပေါင်း လူငယ်တွေကို လမ်းမှားဆွယ်နေသယောင် ရေးတာ…

www.burmeseclassic.com



သူကျတော့ ဆေးသုံးနေပြီး သူများထောင်ကျလည်း သူက ထောင်မကျဘဲလွတ်၊ သူများသေလည်း သူကကျတော့ မသေဘူးပေါ့၊ သူလည်း မြန်မြန်သေပါစေရေးတဲ့ သူတောင်ရှိတယ်"

"ကိုလေးညို့က ဆေးစွဲနေသူ မဟုတ်ပါဘူး ဘိုဘို၊ ဟိုးအရင်က လူငယ်ဘာဝ တစ်ခါတစ်ရံ သုံးဖူးကောင်း သုံးဖူးမယ်၊ ဆေးသမား ဖြစ်နေတဲ့အထိ ဆေးသုံးစွဲသူ မဟုတ်ပါဘူး၊ ရဲယံကိုဆို သူကတောင် တားနေတာ ထိန်းနေတာလို့ ပြောတယ်၊ အဲလိုလေး ဝိုင်းတားနေ ဆုံးမနေတဲ့ကြားက ရဲယံက သူ့ဘာသာသူ မိုက်မိုက်မဲမဲ သုံးတာကတော့ ကိုလေးညို့ အပြစ်နဲ့ ဘာဆိုင်လဲ"

"တီချယ် ဘယ်လိုလုပ်သိလဲ"

ဘိုဘိုက စိတ်ဝင်တစား မေးပါသည်။

"တစ်နေရာမှာ ရဲဝင်ဖမ်းပြီး မိသွားလို့ ထောင်ကျခဲ့တာ တီချယ့် အစ်ကိုပါ"

"ဟင်... ဟုတ်လား"

"သူက တကယ်ဆေးသုံးမထားလို့ ဆရာဝန်ဆေးစစ်ချက်နဲ့ ထောက်ခံချက်နဲ့ အချုပ်ခံ အစစ်ခံရပြီးတော့ ထောင်မကျဘဲ လွတ်သွားတာပါ၊ ဒါပေမဲ့ အဲဒီတုန်းက သူ့ကို တီချယ်ကိုယ်တိုင် အထင်လွဲခဲ့ဖူးပါတယ်"





မောင်နှမနှစ်ယောက်က စိတ်ဝင်တစား အံ့အားသင့်နေကြပါသည်။

ကိုလေးညို့ရဲ့ ကုသိုလ်ကံဟာ လူချစ်လူခင် ခံရတဲ့ဘက်မှာရော လူမုန်းခံ နာမည်ပျက်ရတဲ့ဘက်မှာရော နှစ်မျိုးလုံးမှာ ရှောင်မရတဲ့ ကံဇာတာမျိုးပါ။ ချစ်တဲ့သူ ကြိုက်တဲ့သူတွေကလည်း သဲသဲလှုပ် ချစ်ကြ၊ ကြိုက်ကြ။ အမြင်ကတ်သူ မုန်းသူတွေလည်း အမနာပပြောကြ နာမည်ဖျက်ကြ။ အတိုက်အခိုက်မကင်းတဲ့ အောင်မြင်မှုမျိုးကို သူ ဆုပ်ကိုင်ထားရတာပင်။

"နောက်ပြီး သူက သူ့အမေသေတဲ့ နှစ်ပတ်လည်တွေနီးရင် စိတ်ထိခိုက် စိတ်ဆင်းရဲမှုတွေနဲ့ စိတ်ချုံးချုံးကျနေတတ်တာတဲ့၊ အဲဒါတွေ ဆက်တိုက်ခံစားနေရင်းက သူ့အာရုံထဲ စုပြုံပြီး Stress တွေများပြီး depression ရလာတာထင်တယ်နော် တီချယ်"

"အင်း... ဟုတ်မှာ ဘိုဘို၊ ဒါပေမဲ့ သူ့အမေ ဆုံးခဲ့တာလည်း ကြာပြီ မဟုတ်လား၊ ခုထိ သူ မဖြေသိမ့်နိုင်သေးတာလားဟင်"

"သူကိုယ်တိုင် မြင်လိုက်တာလို့ မာမီပြောတယ်၊ အဲဒီမှာ သူ ရူးသလို ဖြစ်သွားတာတဲ့"

မိမို့စကားကြောင့် လွမ်းတသက်က မိမို့ကို နားမလည်သလို လှည့်ကြည့်လိုက်မိပါသည်။

www.burmeseclassic.com



"နင် အဲဒီ ရူးတယ်ဆိုတဲ့ စကားကို နောက်တစ်ခေါက် ထပ်သုံးရင် ငါ ဒက်ဒီနဲ့တိုင်ပြီ"

ဘိုဘိုက မခံရပ်နိုင်သလို မိမိုကို ပြောလိုက်ပါသည်။

"အင်းပါ၊ မာမီ ပြောသလို မိက ပြောတာပါ၊ နောက်မ ပြောတော့ပါဘူး"

"သူ ဆေးရုံအကြာကြီး တက်ရတယ် တီချယ်၊ အဲဒီအဖြစ်အပျက်ကို သူ့စိတ်က အကြီးအကျယ်ဒဏ်ရာရပြီး လက်မခံနိုင်ဖြစ်တာ"

"ဟုတ်လား၊ ဒါတွေ တီချယ် မသိဘူး၊ ဘိုဘို သိသလား၊ တီချယ့်ကိုပြောပြပါလား၊ တီချယ် သူ့ကိုစိတ်ပူလို့ သိချင်တာပါ၊ ဘယ်သူမှ မသိစေရပါဘူး ကတိပေးပါတယ်"

"ဘိုဘို ကိုယ်တိုင်တော့ ဘယ်သိမလဲ၊ ဘိုဘိုမှ မမွေးသေးတာလေ"

"ဟင်... ဩော်... ဟုတ်လား"

"ဘိုဘိုတို့ မမွေးခင်ကတည်းက သူ့အမေ သေတာ၊ ဘိုဘိုတို့က မာမီပြောတာလောက်ပဲ သိရတာ၊ မာမီကလည်း အကျိုးအကြောင်း အစအဆုံး ပြောပြတာ မဟုတ်ဘူးလေ၊ ဟိုပြော ဒီပြော စကားကြုံတဲ့အခါ ပြောတာ၊ ဘိုဘိုတို့ မေးလို့ တစ်ခါတလေ ဖြေတာလောက်ကို သိရတာ၊ သူ့အမေက suiside လုပ်သွားတာ တီချယ်"

"ဟယ်... ..."





လွမ်းတသက် နှုတ်မှ ယူကျုံးမရသံလေး မချိတရိ ထွက်လာရပါသည်။

"ဆွဲကြိုးချပြီးတော့ သေတာတဲ့နော် ဘိုဘို"

"ကြိုးဆွဲချတာပါ မိမိရာ၊ ဆွဲကြိုး မဟုတ်ပါဘူးနော်... တီချယ်"

ကလေးတွေရဲ့ စကားအသုံးအနှုန်း အမှားအမှန်ကို ပြင်ဆင်ပေးနေနိုင်စွမ်း လွမ်းတသက်မှာ မရှိတော့ပါ။ ရင်ထဲ ဘယ်လိုဖြစ်သွားရမှန်းမသိ။ ရင်နာတယ်ဆိုတာမျိုး ဖြစ်ပေလိမ့်မည်။ သူ့အစား... ကိုလေးညို့အစား ရင်ထဲ နာကျင်ထိခိုက်လွန်းလှ၍ ဘာစကားမှ မပြောနိုင်တော့ပါပေ။ ကြေကွဲယူကျုံးမရခြင်း ခံစားချက်က နှလုံးသားကို ဆုပ်ညှစ်ထားသလို တင်းကျပ်နေသည်။

သူ့ကို သနားကြင်နာ ကရုဏာသက်မိတဲ့ ခံစားချက်က ကိုယ့်ကိုယ်ကိုယ်ပင် ခွင့်မလွှတ်ချင်အောင် နောင်တကြီးစွာ ရစေသည်။ ဘဝမှာ အကြီးအကျယ် ဒဏ်ရာဒဏ်ချက်မျိုးနှင့် ဝေဒနာ စိတ်အနာတရ ခံစားခဲ့ရတဲ့ လူတစ်ယောက်ကို စိတ်ဒဏ်ရာ သေးသေးကလေးတွေ ထပ်ထပ်ပေးနေခဲ့မိသူပါ။ ကိုယ့်ဘက်က တစ်ဖက်သတ် အဖုအထစ်နှင့် သူ့ကို စိတ်ညှစ်စေခဲ့သူ၊ မပျော်ရွှင်စေခဲ့သူပါ။

"သူက အဲဒါကိုမြင်ပြီး သွေးပျက်သလို ဖြစ်သွားတာ တီချယ်"

www.burmeseclassic.com



လေးညို့ရဲ့မိခင် ဘာကြောင့် မိမိကိုယ်ကို သေကြောင်းကြံသွားခဲ့သည်ကိုတော့ လွမ်းတသက်က ကလေးတွေကို မေးမနေတော့ပါ။ ဘာကြောင့်ဆိုတာ မှန်းဆကြည့်လို့ ရပါသည်။ မိခင်ကို ဆိုးဝါးအကျည်းတန်လှတဲ့ အဖြစ်အပျက်နဲ့ သေကွဲဆုံးရှုံးခဲ့ရပြီးတဲ့နောက်မှာ ဖခင်ကိုလည်း ရှင်ကွဲနှင့် ဆုံးရှုံးလက်လွှတ်လိုက်ရပြန်သလို သူ့ဘဝဟာ အင်မတန်မှ အထီးကျန်ခဲ့မှာပဲ။

သူလို ကြုံခဲ့ရသူမျိုးဟာ ပတ်ဝန်းကျင်ကို ရန်လိုအစွဲ့တိုက်ရင်း လူဆိုးလူမိုက်လည်း ဖြစ်ကောင်း ဖြစ်သွားနိုင်သည်။ စိတ်ဒဏ်ရာနှင့် ချုံးချုံးကျ ဗုန်းဗုန်းလဲ စိတ်အင်အားကို ပြန်လည်မထူမတ်နိုင်ပဲ တစ်သက်တာပတ်လုံး ရေစုန်လည်း မျောကောင်း မျောသွားနိုင်သည်။ သို့ပေမယ့် သူက ဂီတလောကမှာ ထူးထူးချွန်ချွန် ထင်ရှားအောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက်အထိ ဖြစ်လာခဲ့သည်။

အဲလိုလူမျိုးဟာ အခုလည်း စိတ်ဓာတ်တွေ ပြိုပြိုင်အရှုံးပေးသွားမှာမျိုးတော့ မဖြစ်လောက်ပါဘူး။ သူ ပြန်လည်ထူမတ်မှာပါ။ သူ ပြန်လည်ဆောက်တည်မှာပါ။ သူ ခွန်အားတွေ တစ်ဖန် ပြန်လည်မွေးယူနိုင်မှာပါ။

"ဘိုဘို အဲဒီစိတ်ကျရောဂါနဲ့ ပတ်သက်ပြီး စိတ်ဝင်စားလို့ Wikiမှာ အများကြီးလိုက်ရှာဖတ်ကြည့်တယ် တီချယ်၊ family မှာ ဒီပရက်ရှင်ရပြီး ကိုယ့်ကိုယ်ကိုယ် သူဆိုဒ်လုပ်သွားတဲ့သူ တစ်ဦးဦးရှိရင် အဲဒီမိသားစုဝင်တစ်ဦးဦးဟာလည်း ဒီပရက်ရှင်ရလွယ်ပြီး ဒီပရက်ရှင်ကြောင့် ကိုယ့်ကိုယ်ကိုယ် သူဆိုဒ်လုပ်ဖို့ chance ပိုများသွားတယ်တဲ့ တီချယ်"

"အို… မဖြစ်နိုင်ပါဘူး ဘိုဘိုရယ်၊ မဖြစ်စေရပါဘူး"

ဘိုဘို့စကားကို လွမ်းတသက် ခေါင်းကလေး ခပ်ကြမ်းကြမ်း ယမ်းခါပြီး ငြင်းလိုက်မိပါသည်။

○




မိဖုရားစာပေတိုက်

www.burmeseclassic.com

## (၁၇)

အခန်းက မှောင်မည်းတိတ်ဆိတ်နေသည်။

ဒီအခန်းမှာ ဘုရားစင် မရှိသော်လည်း ဘုရားဆင်းတု မရှိသော်လည်း သူက အရပ်မျက်နှာတစ်ခုကို သူ့ဘာသာ သတ်မှတ်ပြီး မျက်နှာမူကာ တင်ပလင်ခွေ၍ ငြိမ်သက်စွာနေရင်း တရားထိုင်နေပါသည်။

ဒီအခန်းထဲမှာ ဘုရားစင်မှ မဟုတ် ဘာပရိဘောဂမှ မရှိ။ ဘာပစ္စည်း ပစ္စယမှ မရှိ။ သူဝင်ဝယ်လာခဲ့သော ဘီစကစ်မုန့်ပုံးနှစ်ပုံးနှင့် ရေသန့်ဘူး တစ်ဆွဲကလွဲပြီး ဘာဆိုဘာမှ မရှိတဲ့ ဗလာဟင်းလင်းအခန်းပါ။ မီးရှိပေမယ့် သူ မီးမထွန်းတဲ့အတွက် အခန်းက ပကတိ မှောင်မည်းလျက်။ ဝရန်တာကိုထွက်သော တံခါးကိုတော့ သူ ဖွင့်ထားတဲ့အတွက် လမ်းမပေါ်က မလှမ်းမကမ်း ခါတ်မီးတိုင်မှ အလင်းက အခန်းထဲ ရိုးတိုးရိတ်တိတ် ဖြာကျနေပါသည်။





နှာဝမှ ရှူရှိုက်သွင်းလိုက်သော ဝင်လေနှင့် နှာဝမှ ပြန်လည်ရှူထုတ်လိုက်သော ထွက်လေတို့ရဲ့ အရွေ့ကို အသေအချာ သတိနှင့် လိုက်မှတ်နေရင်းက သူ့ထံပါးမှာရှိတဲ့ ဝေဒနာခံစားချက်တို့က တဖြည်းဖြည်း လျော့ပါးလာပြီး သတိမပြုမိတော့တဲ့အထိ ကျဲပါးလွင့်စဉ်ကာ အဝေးသို့ ကွာသွားပါသည်။ သူ့ရဲ့ ခန္ဓာကိုယ်ဟာ တဖြည်းဖြည်းချင်း ပေါ့ပါးလာပြီး ငြိမ်းအေးခြင်း တရပ်ဆီသို့ သိသိသာသာ တိုးလွင့်စီးမျော ပါသွားသလိုပင်။

လေးညို့က ထွက်လေတစ်ခုကို ဖြည်းညင်းစွာ ရှူထုတ်အပြီးမှာ မှိတ်ထားသော မျက်ဝန်းအစုံကို အသာအယာ ဖွင့်လိုက်ပါသည်။ မိနစ်အတန်ကြာသွားပြီမို့ ခဏရပ်နားဖို့တော်ပြီ။ ဒီရက်တွေအတွင်း လေးညို့သည် အိပ်ချိန်မှ အပတွေမှာ အချိန်အတော်များများကို တရားထိုင်ကာ ကုန်ဆုံးခဲ့ပါသည်။ သူ့မှာ တခြားရောဂါဝေဒနာဆိုတာ မရှိ စိတ်တည်ငြိမ်ဖို့ စိတ်တွေငြိမ်းအေးချမ်းသာကာ စိတ်ကို ထိန်းချုပ်နိုင်ဖို့သာ အဓိကဆိုတာ သူ သိထားပါသည်။

အရွယ်ရောက်စ ဆယ့်ငါးနှစ်မျှသော ဆယ်ကျော်သက်ရွယ်မှာ နာကျင်ခံစားခဲ့ရသည့် စိတ်ဒဏ်ရာ အထုအထည်က ကြီးမားပြင်းထန်ခဲ့တော့ သူဟာ အခြေအနေတချို့မှာ စိတ်ကိုမထိန်းတတ် မထိန်းနိုင် ပျော့ညံ့တယ်လို့ ဆိုရမည့် စိတ်ခွန်အားမျိုးကိုသာ လက်ခံပိုင်ဆိုင်ထားရသူပင်။

www.burmeseclassic.com



သူဟာ စိတ်ဓာတ်ကျလွယ်သည်။ စိတ်ဓာတ်တက်ကြွလွယ်သည်။ သူ့ရဲ့စိတ်ဟာ ခံစားချက် တစ်ခုခုအပေါ် တည်မှီ၍ အပြောင်းအလဲ အတက်အကျလွယ်မှန်း သူ့ကိုယ်သူ သိပါသည်။ အထူးသဖြင့် မေမေ ကွယ်လွန်ခဲ့တာ နှစ်ပတ်လည်မည့် အချိန်နားနီးလျှင် မေမေ့ကို သူ သတိရကာ စိတ်ဒဏ်ရာဟောင်းက ရုန်းကြွလာတတ်တာ သူ သိတဲ့အတွက် အဲသလို ကာလမျိုးတွေမှာ အခြားသော အကြောင်းကြောင်းတွေကြောင့် သူ စိတ်အနှောင့်အယှက် မဖြစ်ရအောင် ကိုယ့်ဘာသာ ရှောင်ရှားထိန်းသိမ်းပါသည်။

သို့ပေမဲ့ ခုတလောမှာတော့ သူ့ကို ဘာကြောင့် မုန်းတီးစက်ဆုပ်နေတယ် မသိရသော လွမ်းတသက် ဆိုတဲ့ မိန်းကလေးကြောင့် သူ့မှာ စိတ်မကောင်း ဖြစ်ရခြင်း၊ စိတ်ထိခိုက်ရခြင်း၊ ဝမ်းနည်းရခြင်းတို့ နည်းနည်းချင်း တမျှဉ်းမျှဉ်းခံစားအုံဖွဲ့လာခဲ့တာ။

အဲဒီမိန်းကလေးဟာ သူ့အာရုံကို ဘာကြောင့်များ အချိန်တိုင်း စိုးမိုးခဲ့သည်ကို သူ နားမလည်ခဲ့။ သူမကို တခြားကောင်ကလေးတစ်ယောက်နှင့် တွဲတွေ့လိုက်ရချိန်မှာတော့ သူမကို သူ ချစ်နေမိခဲ့တယ်ဆိုတာ သူ အဖြေရခဲ့ပါသည်။ အချစ်ဆိုသည်မှာ အကြောင်းပြချက် တစ်စုံတစ်ရာပြလို့ ရကောင်းသောအရာမဟုတ်။ သနားခဲ့လို့လား။ တခြားမိန်းကလေးတွေလို သူ့





ကို သည်းသည်းမလှုပ်ဘဲ မတုန်မလှုပ် အေးတိအေးစက်နှင့် ဘယ်တော့မှ စကားကောင်း မပြောတတ်တဲ့ ထူးဆန်းမှုလေးကိုပဲ စွဲလမ်းခဲ့လို့လား။

သူ့မှာ ချစ်သူလို့ နာမည်တပ်လို့ ရလောက်ခဲ့တဲ့ မိန်းကလေးများ၊ ချစ်သူလို့ နာမည်တပ်လောက်အောင် မဟုတ်ပေမယ့် သူ့အနား၌ အချိန်အတိုင်းအတာ တစ်ခုထိ နီးကပ်ဆက်သွယ်နေခဲ့ဖူးတဲ့ မိန်းကလေးများ ရှိခဲ့ပါသည်။ ချစ်သူတွေဖြစ်ရလောက်အောင် နှုတ်ကထုတ်ပြီး "ချစ်တယ်"လို့ ပြောခဲ့ဖူးတာတွေ ပါပေမယ့် သူ့စိတ်ထဲ လှုပ်လှုပ်ရှားရှား လေးလေးနက်နက် မရှိခဲ့တာကိုတော့ သူသာ အသိဆုံးပါ။

လွမ်းတသက်။ သူကလေးကိုတော့ "ချစ်တယ်"လို့ စိတ်ထဲက ဝန်ခံဖို့ပင် သူ ထိတ်လန့်ခဲ့ရသည်အထိ လွမ်းတသက်က သူ့အပေါ် စိမ်းကားမာကျောခဲ့ပါသည်။ သို့ပေမဲ့ သူသိပါသည်။ ဒီမိန်းကလေးကို သူ ချစ်သည်။ မဝံ့မရဲနှင့် အံ့အားတသင့် ချစ်မိပါသည်။ ချစ်ခြင်းရဲ့နောက်မှာ တုံ့ပြန်မှုကို မျှော်လင့်ခြင်း အမြဲတမ်း ရှိပါသည်။ အဲဒီ တုံ့ပြန်ခြင်းကို ရနိုင်မည့် အရိပ်အခြေ မရှိသောအခါ သူ စိတ်ဓာတ်ကျမိပါသည်။

"ကျွန်မချစ်သူလေ… ဘာဖြစ်လို့လဲ"… ဆိုတဲ့…

မာဆတ်ဆတ်စကားက သူ့ရင်ကို သံချွန်နှင့်ထိုး၍ မွှေသလိုပင်။ ဘာဖြစ်ရမလဲ။ ရင်နာတာပေါ့ လွမ်းတသက်ရယ်။

www.burmeseclassic.com



အဲဒီသောကက တစ်ခါထပ်ဖိစီးပြန်တဲ့အခါ သူနေမကောင်းတော့ပါ။ သူ့ကို နေကောင်းအောင် သူ့စိတ်ကို ကျန်းမာအောင် သူ့ဝေဒနာတွေကို ပျောက်လွင့်အောင် စွမ်းဆောင်နိုင်မည့်သူဟာ လွမ်းတသက် တစ်ယောက်သာ လောကမှာ ရှိတာပါ။

သို့ပေမဲ့ သူ့ကို ထပ်မံဗုန်းဗုန်းလဲအောင် သူမက ထိုးနှက်ရက်စက်ခဲ့ပြန်ပါသည်။ သူ့ရဲ့စေတနာကို ဘယ်တော့မှ အကောင်းဘက်က မြင်မပေးနိုင်တော့ဘူးလား လွမ်းတသက်ရယ်။ သူ ဆေးရုံကနေ တိတ်တဆိတ် ထွက်ခွာလာတာဟာ ဘယ်သူနှင့်မှ မတွေ့ချင် မမြင်ချင် စကားမပြောချင်ပဲ တစ်ယောက်တည်း တိတ်ဆိတ်စွာ နေလို၍ဖြစ်သည်။ စိတ်ရော ကိုယ်ပါ ခဏလေး ငြိမ်းချမ်းငြိမ်သက်စွာ လူတွေနဲ့ ဝေးရာမှာ အနားယူဖို့ သွားနေဖို့ စဉ်းစားတော့ သူ ဖျတ်ခနဲ ရွေးချယ်မိသည်မှာ သူမနှင့်အနီးဆုံးနေရာဖြစ်တဲ့ ကပ်လျက်တိုက်ခန်းလေးမှာပင်။

ဟိုဘက်ကပ်လျက်အခန်းမှာ သူမ ရှိနေသည်ဆိုတဲ့ အသိကိုက နွေးထွေးပြည့်စုံခြင်း တစ်မျိုးကို ပေးပါသည်။ မှောင်နေတဲ့ ဝရန်တာကလေးမှာ မှောင်ရိပ်ခို၍ထိုင်ကာ သူမ အိမ်ပြန်အလာကို လှမ်းမျှော်စောင့်သည်။ ခေါင်းကို ငိုက်စိုက်ချပြီး လေးတွဲ့တွဲ့ လျှောက်ဝင်လာတတ်တဲ့ သူမကိုမြင်လျှင် အင်မတန်မြန်ပြီးစိပ်တဲ့ ခြေလှမ်းဆွေ့ဆွေ့ကလေးတွေကို လွမ်းဆွတ်လှပါသည်။ သူမ... မပျော်ရွှင် မကြည်လင်ဘူးဆိုတာ သူရိပ်မိသည်။





ကိုယ့်ချစ်ရသူလေးကို ကိုယ်မပိုင်ရတောင် ပိုင်ရသူက သူမအတွက် အကောင်းဆုံးလူတစ်ယောက် ဖြစ်နေစေချင်တဲ့ စေတနာဟာ အရိုးသား အသန့်စင်ဆုံး အချစ်ပါ။ ဟိုလိုလူတစ်ယောက်ကိုကျ ချစ်တတ်ပြီး သူ့လို လူတစ်ယောက်ကိုမှ မတူတန်သလို မုန်းတီး အထင်သေးသလို ပြတ်တောက်စိမ်းကားနိုင်လွန်းတာကို ရင်နာကြေကွဲရပါသည်။

သူ့မှာ အမှားအယွင်း အပြစ်အနာအဆာတွေ စိတ်ပျက်ဖို့ကောင်းလောက်အောင် ရှိနေလို့လားလို့ ကိုယ့်ကိုယ့်ကိုယ်ပင် အယုံအကြည်မဲ့ကာ စိတ်ဓာတ်ကျဆင်းမိပါသည်။ အချစ်မှာ အသွားအပြန် ရှိတယ်ဆို။ ကိုယ့်ဘက်က "အသွား"ဟာ ဘယ်လောက် စစ်မှန်သိမ်မွေ့လှသလဲ ကိုယ် အသိဆုံးမို့ သူ့ဘက်က "အပြန်"ရောက်မလာခဲ့တာကို နားမလည်နိုင်ပါ။ ကိုယ့်အပေါ် အမြင်ကောင်းတစ်ခုမှ မရှိတဲ့ အဆိုးမြင်နေတဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြောင့် ချစ်နေဦးမှာလဲလို့ ကိုယ့်စိတ်ကို ကိုယ်တားမြစ်ကန့်ကွက်နေတဲ့ ကြားကပင် သူမကို ပြန်ဖျက်ဖို့မဖြစ်နိုင်တော့တဲ့ မှန်ကန်ခြင်းတစ်ရပ်နှင့် ချစ်မြတ်နိုးနေဆဲ။ အဲဒီစိတ်ပဋိပက္ခက သူ့ကို အိပ်စက်မရအောင် နှိပ်စက်သည်။

အိပ်မပျော်ခြင်းတွေ များပြားလာတဲ့အခါ သူ့အနေအထားကို သူ စိုးရိမ်ကြောက်ရွံ့သည်။ ဒီလိုအချိန်မျိုးမှာ ဟိုးအရင်ကလို သူ့စိတ်တွေ ပြိုကွဲနာလန်မထူနိုင်ဖြစ်မှာ ပူပန်ပါသည်။

www.burmeseclassic.com



အဲဒါဟာ သူ့ကြောင့်များလား။ သူမ စိတ်ညစ်နေသလား။ စိတ်မကောင်းဖြစ်နေသလား။ သူ့အပေါ် ကရုဏာစိတ်မျိုး အနည်းအကျဉ်းများ ရှိမလား။ သူ့ကြောင့် စိတ်ညစ် စိတ်ဆင်းရဲနေရတာမျိုးတော့ မဖြစ်စေလိုပါ။ သူမရဲ့စိတ်နှလုံးကို ငြိမ်းချမ်းပျော်ရွှင်စေလိုပါသည်။

သူ ပျောက်ကွယ်နေတဲ့အတွက် သူမကိုယ်သူမ အပြစ်မကင်းသလို စိတ်အနှောင့်အယှက် ခံစားနေရတယ်ဆိုလျှင် အဲဒီအချိန်ကာလ အမြန်ဆုံး လွန်မြောက်ကုန်ဆုံးစေလိုပါသည်။ ဒီနေ့ဆိုရင် ဒီအခန်းငယ်ထဲ သူတစ်ယောက်တည်း အားလုံးနှင့် အဆက်ဖြတ်လျက် စိတ်ကိုတည်ငြိမ်အောင် ထိန်းသိမ်းဆောက်တည်နေခဲ့သည်မှာ ငါးရက်ရှိပြီ။ ထိန်းသိမ်းနိုင်သလောက်လည်း ထိန်းသိမ်းနိုင်ပါပြီ။

လူတွေကို ရှောင်ရှားလျက် လူတွေကြားထဲက အကြာကြီး ပြေးထွက်ပျောက်ကွယ်နေလို့လည်း မဖြစ်သေးပါ။ သူ ပျောက်ဆုံးနေလျှင် သူပျောက်ဆုံးကြောင်း နေစိုး ကြေညာမည် မဟုတ်သည်ကို လေးညို့ သိသည်။ သို့ပေမဲ့ အဲဒါဟာ အချိန်အတိုင်းအတာ တစ်ခုအထိပဲပေါ့။

သိပ်ကြာလာလျှင်တော့လည်း နေစိုး ဒီအတိုင်းငြိမ်ကာ ကျိတ်ရှာနေနိုင်တော့မည်မဟုတ်။ လူသိရှင်ကြား ကြေညာ ရှာဖွေရတော့မည်။





သူ့မှာ လုပ်စရာ အလုပ်တွေလည်း များစွာတန်းစီလျက် ရှိနေပါသည်။ ပုံမှန်လည်ပတ်နေသော သူ့နဂိုဘဝထဲ သူ ပြန်ဝင်သင့်လောက်ပြီဟု လေးညို့ ထင်ပါသည်။ အတန်ငယ် ငြိမ်သက်စပြုပြီဖြစ်တဲ့ သူ့စိတ်တို့ကို ဆက်လက်ထိန်းချုပ် တည်ဆောက်ရင်း ပျော်ရွှင်သည်ဖြစ်စေ၊ ကြေကွဲသည်ဖြစ်စေ နေ့စဉ်ဘဝကို သူ ပြန်လည်ဝင်ရောက် လှုပ်ရှားရပ်တည်ရပါဦးမည်။

○

"ဒီကောင်မလေး ပိန်သွားတယ်"

"………"

"ဟဲ့… နင် ဒိုင်းယက်လုပ်နေလား… ဟုတ်လား"

"………"

"နင်တို့က ဘယ်လောက်ထိပိန်မှ လှတယ်ထင်တာလဲဟေ၊ ပိန်ပြီးသားကိုလည်း ပိန်သထက်ပိန်အောင် ချလို့မဆုံး၊ နင်တို့ မိန်းကလေးတွေ မသိတာပါ၊ ပိန်တာရိုးမှ လူတွေ ကြိုက်တယ် ထင်နေကြတာ၊ တကယ်တော့ ယောကျ်ားလေးတွေ မျက်လုံးထဲမှာ ဝဝကစ်ကစ်ကောင်မလေးတွေကိုမှ လှတယ်ထင်တာ၊ စွတ်ချမနေနဲ့"

တတွတ်တွတ် နောက်လာသော အစ်ကိုကို ပန်းနုက နောက်ကနေ ကျောကိုဖတ်ခနဲ ရိုက်ရင်း…

www.burmeseclassic.com



"ကိုမိုး... တသက်ကို စ,မနေနဲ့"

"မစပါဘူးဟ၊ တကယ် ပြောနေတာလေ၊ ကြည့်လေ... နင့်သူငယ်ချင်းကို၊ ပိန်တာရိုး ကျနေတာ"

"တော်ပါတော့ဆို ဘာမှ မပြောနဲ့တော့"

"တကယ်ပိန်နေလို့ ဆက်မချစေချင်လို့ ပြောတာဟ၊ မကျန်းမာမှာစိုးလို့ စေတနာနဲ့ ပြောတာ၊ ဒီလောက် မြန်မြန်ဆန်ဆန် ဝိတ်ကျသွားတာ၊ ဘာလဲ... ဝိတ်ကျတဲ့ ကော်ဖီတို့ လက်ဖက်ခြောက်တို့ သောက်နေတာလား၊ မလုပ်ပါနဲ့ဟာ၊ ကျန်းမာရေး ဂရုစိုက်ဦးဟ လွမ်းတသက်"

"မပြောပါနဲ့တော့ဆို ကိုမိုး တစ်ယောက်ဟာလေ၊ ဘာဝိတ်မှ မချဘူး၊ သူ့ဟာသူ ပိန်တာ"

"ဘာလဲ... ရည်းစားပစ်သွားလို့လား၊ အသည်းကွဲပြီး မစားနိုင် မအိပ်နိုင် ပိန်သွားတာလား... ဟီး ဟီး"

"မစပါနဲ့ဆို၊ ကိုမိုး တစ်ယောက် ဘယ်လိုဖြစ်နေလဲ"

"သူ့မျက်နှာကြီးက တည်နေလို့ ရယ်အောင်စ,တာပါဟာ"

လွမ်းတသက်သည် ကိုမိုးစကားတွေကို မတုံ့ပြန်ဘဲ ခေါင်းကလေးကို စိုက်စိုက်ငုံ့ကာ လေးတွဲ့တွဲ့ လျှောက်နေပါသည်။ ကိုမိုးစကားတွေကိုလည်း ကြားတစ်ချက် မကြားတစ်ချက်။

အလုပ်ကအပြန် ဘတ်စ်ကားပေါ်မှာ ကိုမိုးနှင့်ဆုံရာက ကိုမိုးက အိမ်လိုက်လည်ကာ အိမ်မှာတစ်ခုခု အတူစားကြ





မည်ဆိုပြီး လိုက်လာခဲ့သည်။ လမ်းထိပ်ရောက်တော့ ငါးကင်တို့ အကြော်တို့ ဝယ်ယူလာခဲ့ပါသည်။ သုံးယောက်သား ရင်ဘောင်တန်း လျှောက်လာကြရာက တိုက်အနားနီးလာလျှင် ပန်းနုက တိုက်ကိုလှမ်းမော့ကြည့်လိုက်ရင်း...

"ဟယ်... ဟိုမှာ ကိုကို ထင်တယ်၊ တိုက်ခေါင်မိုးပေါ်မှာ တက်ရပ်နေတယ်၊ ဟုတ်တယ်ဟေ့၊ ငါတို့ ခေါင်မိုးပြန့်ပေါ်မှာ တက်စားကြရအောင် သိလား၊ ပျော်စရာကြီး"

ပန်းနုစကားကြောင့် လွမ်းတသက်က လှမ်း၍မော့ကြည့်လိုက်ပါသည်။ မော့ကြည့်ရင်း လျှောက်လာရာက လွမ်းတသက်ရဲ့ ခြေလှမ်းလေး အနည်းငယ် တုံ့နှေးသွားရာမှ ရုတ်တရက် ခြေစုံရပ်သွားပါသည်။ လွမ်းတသက်တို့ဘက်ခြမ်း ခေါင်မိုးထပ်ပေါ်မှာမှ မဟုတ်ဘဲ။ ဟိုဘက်ခြမ်း တိုက်ခေါင်မိုးပြန့်ပေါ် ရပ်နေတာပဲ။

"ကိုကို မဟုတ်ဘူး"

လွမ်းတသက်က တိုးတိုးကလေး ရေရွတ်လိုက်ပါသည်။ ရင်တွေ တဒိတ်ဒိတ် ခုန်လာကာ ခေါင်မိုးပေါ်က လူအရိပ်မည်းမည်းကို မမှိတ်မသုန် ရပ်ကြည့်နေမိကာ...

"အဲဒါ ကိုကို မဟုတ်ဘူး"

နောက်တစ်ကြိမ် ခပ်ကျယ်ကျယ် ရေရွတ်လိုက်ပြီးလျှင်...

www.burmeseclassic.com



“ကိုလေးညို့”

“တသက်”

“အဲဒါ… အဲဒါ ကိုလေးညို့”

လွမ်းတသက်သည် ရုတ်တရက် အရူးမလေးတစ်ယောက်ကို တိုက်ရိုက်ရာသို့ သုတ်ခြေတင်၍ ပြေးလေသည်။

“ဟဲ့… တသက်”

နောက်က ပန်းနုက ခေါ်သံနှင့်အတူ ပြေးလိုက်လာသည်။ ကိုမိုးကတော့ ကြောင်တောင်တောင်နှင့် ဆက်လက်မော့ငေးနေမိသေးသည်။ လွမ်းတသက်သည် တိုက်ရှေ့ရောက်လျှင် လှေကားခွင်သို့ အရူးတစ်ပိုင်း ပြေးဝင်လိုက်ရင်း လှေကားထစ်များကို တစ်ထစ်ကျော်၍ အပြေးတက်လေသည်။

“ကိုလေးညို့… အဲဒါ… အဲဒါ…”

“တသက်… ဟဲ့… တသက်”

လွမ်းတသက်သည် လှေကားထစ်များကိုကျော်ကာကျော်ကာ အမောတကောတက်ရင်း နှုတ်ကလည်း ဒီနာမည်ကိုသာ တိုးတိုးတစ်လှည့် ကျယ်ကျယ်တစ်လှည့် ရေရွတ်လာမိသည်။ သေချာတယ်။ အဲဒါ ကိုလေးညို့လေ။ ဟိုဘက်ခန်းရဲ့ခေါင်မိုးပေါ်မှာ။ ဟိုဘက်ခန်းကလည်း ကိုလေးညို့ရဲ့ အခန်းပဲ။ ကိုနေစိုးစကားထဲမှာ နှစ်ခန်းတွဲကို ဝယ်တာလို့ သိထားဖူးသည်။ ဟိုဘက်ခန်းကို ဘာကြောင့် ခေါင်းထဲမစဉ်းစားမိတာလဲ။ သူပဲပိုင်ဆိုင်တဲ့





ဟိုဘက်တစ်ခန်းမှာ ကိုလေးညို့ ရှိကောင်း ရှိနေနိုင်တယ်လို့ ဘာကြောင့်များ တစ်စိကလေးတောင် မတွေးမိတာလဲ။

ခုနစ်ထပ် ခုနစ်လွှာ ရောက်တဲ့အထိ အရူးတစ်ယောက်လို အသိစိတ်ကင်းမဲ့ကာ ပြေးတက်လာသော လွမ်းတသက်သည် အပေါ်ဆုံးထပ် အခန်းနှစ်ခုအလယ်၌ ရပ်မိလျှင် ဟိုဘက်ခန်းကို တွေတွေကြီး ခဏရပ်ကြည့်မိသည်။ အတွင်းသစ်သားတံခါး လော့ခ်ချထားကာ အပြင်သံတံခါးကို အပြင်မှ သော့ခလောက် ခတ်ထားပါသည်။ သစ်သားတံခါးရဲ့ တံခါးသော့လက်ကိုင်ဘုကို လှမ်းကိုင်ကာ သုံးလေးချက် ဟိုဘက် ဒီဘက် လှည့်ကြည့်မိသည်။ သော့ချထားတယ်ဆိုတာ သေချာလျှင် ကိုယ့်အခန်းဘက် ပြန်လှည့်ကာ တံခါးကို တဝုန်းဝုန်း တဒုန်းဒုန်း ထုလိုက်ပါသည်။

“တသက်… တသက်… နင် ဘာဖြစ်တာလဲ”

အဆက်မပြတ် ထုရိုက်မှုကြောင့် လင်းထက်ကိုက တံခါးကို အတွင်းမှ ကမန်းကတန်း ဖွင့်လိုက်ရင်း…

“ဟ… ဖြည်းဖြည်းလုပ်ပါဟ၊ ဘာဖြစ်တာလဲ”

“မြန်မြန်… မြန်မြန် ဖွင့်ပေးပါ၊ ကိုလေးညို့… ကိုလေးညို့ ရှိတယ်”

“ဘာပြောတာလဲ ညီမလေး”

“ဖွင့်ပါ… ဖွင့်ပါ… ဖွင့်ပါ ကိုကိုရယ်”

www.burmeseclassic.com



လွမ်းတသက် အသံက တုန်ယင်ကာ လှုကလည်း တဆတ်ဆတ် တုန်ခိုက်လာပါသည်။ လင်းထက်ကိုက အယောင်ယောင် အမှားမှားနှင့် သံတံခါးတွေကို ခါတိုင်းထက်ကြာအောင် အထစ်ထစ် အငေါ့ငေါ့ ဖွင့်နေမိကာ...

"ဘာလဲ... ဘာဖြစ်တာလဲ... တသက်... အလန့်တကြား ဟာ"

"တသက်... နင်... ဘာဖြစ်တာလဲလို့"

"အပေါ်မှာ... ခေါင်မိုးပေါ်မှာ... ခေါင်မိုးပေါ်မှာ..."

"ဘာဖြစ်လဲ... ခေါင်မိုးပေါ်မှာ..."

"ကို... ကိုလေးညို့... သူ... သူ ခုန်ချတော့မှာ..."

ဖွင့်သွားသော တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး လွမ်းတသက်က ဝင်လိုက်သည်။ လက်ထဲက အိတ်တို့ ထမင်းချိုင့်တို့ကို ဘယ်နေရာ ဘယ်လိုပစ်ချခဲ့မိမှန်းပင် မသိတော့ဘဲ မီးဖိုခန်းနားက ခေါင်မိုးပေါ်တက်တဲ့ လှေကားယော်ကလေးကို အပြေးတက်သွားကာ လှေကားထိပ်က တံခါးကို ချက်(ဂျက်)ဆွဲဖြုတ်ပြီး ဖွင့်ထွက်လိုက်ပါသည်။

မီးရောင်မရှိတဲ့ ခေါင်မိုးပြင်ပေါ်မှာ လွမ်းတသက်တို့ အခန်းဆီက ဆန်တက်အန်ကျလာတဲ့ မသဲမကွဲ အလင်းရိပ်ကြောင့် အနည်းငယ် မြင်သာ ထင်သာ ဖြစ်ကာ လေတွေက တဟူးဟူး တရဟော တိုက်ခတ်လျက် ရှိလေသည်။ အခန်းနှစ်ခု





ရဲ့ အလယ်နေရာက ခြားထားတဲ့ ဒူးလောက်အမြင့်ရှိသော အုတ်လှာအရံအတား အလျားလိုက်လေးရဲ့ ဟိုတစ်ဖက် ပိုမိုမှောင်မိုက်နေတဲ့ အမိုးပြန့်ရဲ့ ထောင့်စွန်းတစ်နေရာမှာ ရပ်နေသူသည် ဖျတ်ခနဲ တံခါးဖွင့်သံနှင့် အလင်းရောင် အန်ကျလာခြင်းတို့ကြောင့် အလန့်တကြား ဖြစ်သွားသလို လှစ်ခနဲ လှည့်ကြည့်လာသည်။

လွမ်းတသက်သည် လက်ဝါးလေးနှစ်ဖက် ဖြန့်၍ ထောင်ကာ,ကာ...

"မလှုပ်နဲ့... မလှုပ်နဲ့နော်... ရှင်... လုံးဝမလှုပ်နဲ့ ကိုလေးညို့"

သူ့ဆံပင်တွေက ရှုပ်ပွနေသည်။ အတွင်းတီရှပ်ပေါ်က ကြယ်သီးတပ်မထားတဲ့ ရှပ်လက်ရှည်ဟာ တိုက်ခတ်နေတဲ့ လေရှိန်မှာ တဖျပ်ဖျပ် လှုပ်ခတ်လွင့်နေပါသည်။

"လွမ်းတသက်"

"ကျွန်မ... ကျွန်မလေ... ရှင့်ကို စိတ်မကောင်းဖြစ်အောင် စိတ်ဆင်းရဲအောင် စိတ်ညစ်အောင် နောင် ဘယ်တော့မှ မလုပ်တော့ပါဘူး ကိုလေးညို့၊ ကျွန်မ ကတိပေးပါတယ်၊ တကယ်ပါ... ကတိပေးပါတယ် ကိုလေးညို့"

"လွမ်းတသက်"

လေးညို့က ဘယ်လိုခံစားလိုက်ရမှန်း မသိဘဲ ရင်ထဲ လှိုက်ခနဲဖြစ်ကာ သူမနာမည်လေးကိုသာ ခပ်ဖွဖွ ရေရွတ်နေမိသည်။

www.burmeseclassic.com



"ကျွန်မ ရှင့်ကို အထင်လွဲမိတာပါ၊ အထင်လွဲမိလို့ ကျွန်မ ရှင့်ကို မုန်းမိတာပါ၊ အခု ကျွန်မ ရှင့်ကို အထင်လည်း မလွဲတော့ပါဘူး ကိုလေးညို့ရယ်၊ ပြီးတော့ ရှင့်ကို ကျွန်မ ကျွန်မ မမုန်းတော့ပါဘူး...

ဟို... ကိုမိုးနဲ့လည်း ကျွန်မ ဘာမှ မပတ်သက်ပါဘူး၊ ကျွန်မ ရှင့်ကို သက်သက်မဲ့ စိတ်အနှောင့်အယှက် ဖြစ်အောင် ပြောမိတာပါ၊ ကျွန်မ ရှင့်အပေါ် ဆိုးမိပါတယ်၊ ကျွန်မနဲ့ ပတ်သက်လို့ ကောင်းတာလေးတွေ ပြန်တွေး စရာ မရှိဘူးဆိုရင်တောင် တခြားကောင်းတဲ့ အဖြစ်အပျက် လေးတွေ ရှင် ပြန်စဉ်းစားကြည့်ပါဦး၊ လူ့ဘဝကြီးက ရှင်ထင်သလောက်လည်း အကျည်းမတန်ပါဘူး၊ စိတ်ပျက် စရာ မကောင်းပါဘူးနော် ကိုလေးညို့၊ စိတ်ညစ်စရာတွေ ရှိတတ်ပေမယ့် ပျော်စရာတွေလည်း အများကြီးရှိပါတယ်၊ စိတ်ဓာတ်ကျစရာဆိုတာကလေ အိပ်မက်ဆိုး မက်သလိုဟာ မျိုးပါ၊ အိပ်မက်ဆိုး ဆိုတာ အိပ်ရာက နိုးလာရင် ပျောက် ကွယ်သွားတာပဲလေ၊ တစ်သက်လုံး လက်တွေ့ဘဝထဲပါ လာမှာ မဟုတ်ပါဘူး"

"တကယ်လား"

"တကယ်ပေါ့၊ ဟုတ်တယ်လေ၊ လူတွေအများကြီး စိတ် မကောင်း ဖြစ်နေကြတယ်၊ ရှင့်ကို စိတ်ပူနေကြတာ မျှော်





နေကြတာ ရှာနေကြတာလေ၊ ရှင့်အဘွား၊ ရှင့်အဖေ၊ ရှင့် အဖေဆိုရင် အခု နေမကောင်း ဖြစ်နေတယ်၊ ပြီးတော့ ရှင့်ညီ၊ညီမလေးတွေလည်း ရှင်ပျောက်နေလို့ စိတ်မကောင်း ဖြစ်နေကြတာ၊ ပြီးတော့... ကိုနေစိုး၊ ပြီးတော့ ကျွန်မ အစ်ကို၊ ရှင့်ကို လိုအပ်တဲ့သူတွေ အများကြီး"

"ပြီးတော့ရော"

"ပြီးတော့... ရှင့်ကို ရှင့်သီချင်းတွေကို အရမ်းနှစ်သက်တဲ့ ချစ်ခင်ကြတဲ့ ရှင့်ရဲ့ပရိသတ်တွေလေ"

"မင်းရော ! "

"ရှင်..."

"မင်းရော !၊ မင်းကတော့ ကိုယ့်ကို မလိုအပ်ဘူး မဟုတ် လား လွမ်းတသက်၊ မနှစ်သက်ဘူး မဟုတ်လား၊ မရှာဘူး မမျှော်ဘူး မဟုတ်လား၊ စိတ်မကောင်းလည်း မဖြစ်ဘူး မဟုတ်လား"

လွမ်းတသက်က ပါးပြင်ပေါ်က မျက်ရည်စက်က လေးကို လက်စုံလေးနှင့် ပွတ်သုတ်လိုက်ပါသည်။

"ဟင့်အင်း... အဲလိုမဟုတ်ပါဘူး ကိုလေးညို့ရယ်၊ တသက် ရှင့်ကို စိတ်ပူနေပါတယ်၊ ရှင့်အတွက် တစ်ချိန်လုံး စိုးရိမ် နေမိတယ်၊ ရှင်... ရှင် ခုလို တစ်ခုခု လုပ်သွားမှာမျိုး၊ ဟင့်အင်း... ရှင် ဘာမှ မလုပ်ရဘူး၊ မလုပ်ပါနဲ့နော်"

www.burmeseclassic.com



လေးညို့က လွမ်းတသက်ကို ငြိမ်၍စိုက်ကြည့်နေမိပါသည်။ လွမ်းတသက် ရင်ထဲက အပူသောကကိုလည်း သူနားလည်လိုက်ရပါသည်။ သူ့ရင်ထဲ ပူဇွေး၍ တသိမ့်သိမ့် ကြည်နူးလှုပ်ခတ်သွားရကာ ရက်ပေါင်းများစွာ လျော့ရဲဆုတ်နစ်နေတဲ့ စိတ်ရဲ့ခွန်အားတို့ပင် တစ်မုဟုတ်ချင်း လန်းဆန်းအင်အားပြည့်လာသလို ခံစားရသည်။ နှုတ်ခမ်းမှာလည်း အပြုံးတစ်ခု ချိတ်တွယ်ကာ...

"ဒါဆိုရင် ကိုယ့်ကို လာခေါ်လေ"

"ရှင့်ကို... ! "

လေးညို့က သူ့ရဲ့လက်နှစ်ဖက်ကို ရှေ့ကို ဆန့်တန်းပေးလိုက်ပါသည်။ တွေတွေဝေဝေလေး ရှိနေတဲ့ လွမ်းတသက်ကိုကြည့်ကာ နောက်ဘက်ကို ခြေလှမ်းတစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်လျှင်...

"ကိုလေးညို့"

လွမ်းတသက်ရဲ့ အသံလေးက အသည်းခိုက်ခိုက် တုန်သွားသလို ဆတ်ဆတ်ခါလေး ထွက်ပေါ်လာကာ...

"ရှင် ဒီအတိုင်း ရပ်နေ၊ မလှုပ်နဲ့"

"မင်းလာခေါ်လေ"

"လာခေါ်မယ်... ရှင် ငြိမ်နေပါနော်"

လွမ်းတသက်သည် ရှေ့တိုးကာ နှစ်ခုကြား အလယ်ကောင် အရံအတားလေးကို လက်နှင့်ထောက်ကိုင်ရင်း သတိထား





ခွကျော်လိုက်ပါသည်။ ဒူးကျော်ရဲ့ ယူနီဖောင်းစကတ်လေးက တုပ်နေကာ သတိထားနေတဲ့ကြားက ရှေ့ကို ငိုက်ခနဲ အားလွန်လဲမလို ဖြစ်သွားသော လွမ်းတသက်ထံ လေးညို့က စိုးရိမ်တကြီးရွှားခနဲ တိုးကပ်ရောက်လာရင်း ပခုံးကလေးမှကိုင်၍ ထိန်းပေးလိုက်ရသည်။

"ကိုယ် ဘာမှ မလုပ်ပါဘူး တသက်ရယ်၊ ပြီးတော့ အခုကိုယ် နေကောင်းနေပါပြီ၊ မင်းဆီက နားလည်မှုနဲ့ ဂရုစိုက်မှုကို မမျှော်လင့်ဘဲ ခုလိုထပ်ပြီး ရလိုက်တော့ ကိုယ်ဘာမှမဖြစ်တော့ဘူး၊ စိတ်ဓာတ်လည်း မကျတော့ဘူး၊ ကိုယ် ဒီပေါ်ကနေ မင်းပြန်အလာကို တက်ကြည့်နေတာပါ၊ ဒီည မိုးချုပ်ရင် ကိုယ် ဒီကနေ အိမ်ပြန်တော့မယ်လို့ စိတ်ကူးလို့ ဒီအပေါ်အထိ မင်းကို တက်မျှော်ကြည့်နေတာပါ၊ ဒီပေါ်ကနေဆိုရင် ဟိုးလမ်းထိပ်က ဝင်လာကတည်းကစပြီး အကွယ်အကာမရှိ အကြာကြီး မြင်ရတွေ့ရမယ်လေ၊ အကြာကြီး မြင်ချင်လို့ ဒီအပေါ်ထိ တက်လာတာပါ၊ အခုတော့ ဒီပေါ်ထိ တက်လာမိတာ မှန်သွားတာ၊ ကိုယ် ဝမ်းသာလိုက်တာ လွမ်းတသက်ရယ်"

လွမ်းတသက်ရဲ့ ခန္ဓာကိုယ်လေးဟာ ခုမှ စိတ်ဒုန်းဒုန်းကျသွားသလို အရပ်ကြိုးပြတ်လေး ခွေယိုင်သွား၍ လေးညို့က အသာအယာ ထွေးဖက်ထိန်းပွေ့ထားလိုက်ရပါသည်။ အဖြစ်

www.burmeseclassic.com



အပျက်နှင့် မြင်ကွင်းကို ကြက်သေ သေနေသော လေ့ကားထိပ်က လူတစ်စုဟာလည်း တစ်ယောက်မျက်နှာ တစ်ယောက် အမ်းတမ်းတမ်းကြည့်ရင်း လေ့ကားဘက်သို့လှည့်၍ ရှောင်ခွာထွက်သွားကြတဲ့အခါ လေးညို့ရဲ့လက်အစုံဟာ ရှက်သွေးဖြာနေသော မိန်းကလေးရဲ့ခန္ဓာကိုယ်ပေါ်မှာ တိုး၍ တင်းတင်းကျပ်ကျပ် ရစ်ပတ်ထွေးပွေ့မိလေသည်။

○

လမင်းမိုမို

BURMESE CLASSIC